တက္ကသိုလ်များ-ရန်ကုန် မွန်-နှစ်လည်မဂ္ဂဇင်းကို အောင်မြင်စွာဖြင့် ထုတ်ဝေနိုင်ခဲ့ပြန်ပြီ ဖြစ်သည်။

တဖက်က မိမိတို့နှင့်သက်ဆိုင်ရာ သင်ခန်းစာများကို လေ့လာကျက်မှတ်ရန် စသည်တို့အတွက် အချိန်ပေးနေရရင်းကပင် တချို့သော အချိန်များကို မိမိတို့ မြတ်နိုးသော မိမိတို့၏ "မွန်စာပေယဉ်ကျေးမှု" လုပ်ငန်းရပ်များကို ထိန်းသိမ်းဖေါ်ထုတ် မြှင့်တင်ခြင်းတွင် မွန်ကျောင်းသူ ကျောင်းသား အများတို့က ပါဝင် လုပ်ကိုင်နေကြပြီဖြစ်ရာ အထူးပင် အားရလှပါသည်။

ပို၍ပို၍ အားရစရာ ဖြစ်လာရန်မှာ- မိမိတို့ ယခုကျင်လည်နေရသော ဤနယ်မြေမှ သင်ယူနေကြသော ပညာ ပြီးပြည့်စုံ၍ ပြင်ပ လောကသို့ ခြေစုံချသော အခါတွင်လည်း ဤနယ်မြေမှာကျင်လည်ရင်း ထက်သန်ခဲ့ကြသော စိတ်ဓါတ်ကို ဆက်လက် ထိန်းသိမ်းသွားကြရန်ပင် ဖြစ်သည်။

ကျရောက်သော မည်သည့်အခြေအနေမျိုးတွင်မဆို အမျိုးဂုဏ်သိက္ခာကို ပိုမိုမြင့်မားစေမည့် လုပ်ရပ်များကိုသာ အစဉ်တစိုက်လုပ်ဆောင်သွားကြရန်ပင် ဖြစ်သည်။

ပြင်ပလောက၌ ဘက်စုံ ကဏ္ဍတိုင်း ကဏ္ဍတိုင်းတွင် မွန်အသိပညာရှင်-အတတ်ပညာရှင်များ ခြေချပြီး ဖြစ်သည်။

တက္ကသိုလ် ပေါင်းစုံတွင်လည်း မွန် ကျောင်းသူကျောင်းသားများ သက်ဆိုင်ရာ သင်တန်း များကို တက်ရောက်သင်ကြားနေကြသည်မှာ ကြာမြင့်ခဲ့ပါပြီ၊ နောင်အခါတွင် အရေအတွက် အားဖြင့်ရင်း၊ အရည်အချင်းအားဖြင့်ရင်း၊ လက်ရှိအနေအထားထက် ပိုလာပေတော့မည်ဖြစ်သည်။

"နောင်" ဆိုသော အနာဂါတ်ကို ပြောတိုင်း"တိုးတက်" ကြမည့် အခြေအနေမျိုးကိုသာ မျှော်မှန်းပြီး ပြောဆိုတွက်ဆတတ်ကြပါသည်။ သို့ကြောင့် စိတ်ဓါတ်ရေးရာမှာလည်း ယခုလက်ရှိ မိမိတို့ အမျိုးသာကို မြတ်နိုးခင်တွယ်သည့် စိတ်ဓါတ်သည် "နောင်"အခါတွင် ယခုထက်ပိုမိုလာကြရန်ပင် ဖြစ်ပါကြောင်း။

နိုင်ထွန်းလှိုင်
ဥက္ကဋ္ဌ
မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီ
တက္ကသိုလ်များ-ရန်ကုန်။

# မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီ

## တက္ကသိုလ်များ၊ ရန်ကုန် (၁၉၇၀-၁၉၇၂)

— အတွင်းရေးမှူး အစီရင်ခံစာ —

တိုင်းရင်းသားများ ပေါင်းဆုံရာ ဤတက္ကသိုလ်နယ်မြေတွင်မိမိတို့၏စာပေယဉ်ကျေးမှုကို ဖေါ်ထုတ်ပြသပြီးတဦးနှင့်တဦး ရင်းနှီးနားလည်မှုဖြင့် ပြည်ထောင်စုတည်တန့်ခိုင်မြဲမှုကို တည်ဆောက် သွားရန် အတွက်ပညာရေးဌာနမှ ဗဟို၏ ဦးဆောင်မှုအောက်တွင်တိုင်းရင်းသား ဆပ်ကော်မီတီများကို ဖွဲ့စည်းစေခဲ့သည်။

### မွန်ဆပ်ကော်မီတီဖွဲ့စည်းခြင်း

အမှုဆောင်(၁၃)ဦးပါဝင်သော မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မီတီ (၁၉၇၀-၁၉၇၂) ကို ဗိန္ဒာနှင့်သိပ္ပံ တက္ကသိုလ် ရာမညဆောင်အခန်း(R-7)တွင် ၁၉၇၀ ခုနှစ် စက်တင်ဘာလ (၂၆)ရက်နေ့၌ တက္ကသိုလ် ပေါင်းစုံမှ မွန်ကျောင်းသူကျောင်းသားများတက်ရောက် ဖွဲ့စည်းပေးခဲ့သည်။

### သစ်လွင်ကြိုဆိုပွဲ

အောက်တိုဘာလ (၁၈)ရက် နေ့တွင် ဗိန္ဒာခန်းမ၌ တက္ကသိုလ်ရောက် မွန်ကျောင်းသူ ကျောင်းသားသစ်များအားအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ယင်းသစ်လွင်ကြိုဆိုပွဲတွင် အခြေခံပညာရေးအထက်တန်း၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ခြင်း။ ကျောင်းသူ-ကျောင်းသားသစ်များအား မိတ်ဆက်ပေးခြင်း။ နာယကလူကြီးများ၏ ဩဝါဒခံယူခြင်းနှင့် အတူ မွန်သုခုမ အနုပညာဖြင့် ဧည့်ခံခဲ့သည်။

### မွန်စာပေသင်တန်း

မွန်ကျောင်းသူ ကျောင်းသားတိုင်း မွန်စာတတ်မြောက်ရေးအတွက် စာပေသင်တန်းကို(၂၄-၁၀-၇၀)စနေနေ့မှစ၍ အပတ်စဉ် စနေနေ့တိုင်း ရာမညဆောင်(R-3) (ဝ/သ တက္ကသိုလ်)တွင် ဖွင့်လှစ်ခဲ့ပြီး၊မင်းရွှေလွင်၊မညားအောင်မိုးတို့က ဦးစီးသင်ကြားပေးသည်။ သင်တန်းသား ၅၇ယောက် တက်ရောက်ကြသည်၊

### အနုပညာသင်တန်း

အဆိုအက သင်တန်းကို စနေ တနင်္ဂနွေနေ့များတွင် နိုင်ခင်မောင်ကြီးနှင့် မင်းထောပိုင်တို့က သင်ကြားပြသပေးသည်။

### အကူအညီတောင်းခံခြင်း

ပထမအကြိမ်ထုတ်ဝေသော တက္ကသိုလ် မွန်မဂ္ဂဇင်းနှင့်နှစ်၅၀ပြည့် တက္ကသိုလ် ရွှေရတုသဘင် အခမ်းအနားတွင် အများနည်းတူ ပါဝင် ဆင်နွှဲနိုင်ရေးအတွက် အပြင်မှမွန်လူကြီးများထံမှ အကူအညီများ တောင်းခံ ခဲ့ရသည်။ ကူညီခဲ့ကြသော စေတနာရှင်များ အား (၂၉-၁၁-၇၀) ရက်နေ့တွင် စက်မှုတက္ကသိုလ်ခန်းမ၌ မွန်ရိုးရာ အဆိုအကများဖြင့် ပြန်လည် တုံ့ပြန်ခဲ့ပါသည်။

### နှစ်၅၀ရွှေရတုသဘင်

အခြား တိုင်းရင်းသားများ နည်းတူ တက္ကသိုလ်နှစ်၅၀ပြည့် အခမ်းအနားတွင် မွန်တပင်တိုင်အက၊ နှစ်ပါးသွားနှင့်ကျောင်းသူ ၃၂ယောက်ပါဝင်သော ယိမ်းနှင့် ရိုးရာတေးဂီတများဖြင့် ပါဝင်ခဲ့သည်။ မွန်တိုင်းရင်းသားဆိုင်ခန်းတခုကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး၊ မွန်တို့၏ လက်ရာအဖြစ် မွန်ဒေသထွက် မွန်အနုပညာလက်ရာများကို ပြသရောင်းချခဲ့သည်။

၁၉၇၁ ခုနှစ် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်နှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များအားသွါးရောက်တွေ့ဆုံပြီး တက္ကသိုလ် မွန်မဂ္ဂဇင်းလက်ဆောင်များ ပေးအပ်ခဲ့၏။

**ဆပ်ကော်မီတီတိုးချဲ့ဖွဲ့စည်းခြင်း**

ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် အမျိုးသား အပန်းဖြေရိပ်သာ၌ ဗဟို၏ ခွင့်ပြုချက်အရ လုပ်ငန်းများတွင် ကျယ်စွာ လုပ်ဆောင်နိုင်ရန်အတွက် ဆပ်ကော်မီတီကိုအမှုဆောင်၁၈ယောက်ဖြင့် တိုးချဲ့ ဖွဲ့စည်းခဲ့သည်။

ယမန်နှစ်ကကဲ့သို့ သစ်လွင်ကြိုဆိုပွဲကို (၁၀-၁၀-၇၁) ရက်နေ့တွင် ကျင်းပခဲ့သည်။

**စာပေနှင့်အနုပညာသင်တန်း**

စာပေသင်တန်းကိုယခင်နှစ်ထက်ပို၍ အောင်မြင်စေရန်အတွက်ကြိုပမ်းခဲ့သည်။ သင်တန်းသား (၆၂) ယောက် စတင်တက်ရောက်ခဲ့ပြီး မင်းထွန်းစိန်၊ မင်းစိန်သောင်း၊ ဗညား အောင်မိုးတို့က သင်ပြသည်။ (၂၆-၂-၇၂) ရက်နေ့တွင် သင်တန်းဆင်း စာမေးပွဲကိုလည်းစတင်ကျင်းပခဲ့သည်။ စာပေသင်တန်းဆင်းပွဲကိုလိဝ်ခုံးခန်းမတွင် (၂၈-၅-၇၂) ရက်တွင် ကျင်းပပြီးထူးချွန်သူများနှင့်အောင်မြင်သူများအား ဆုများချီးမြှင့်ခဲ့သည်။ စာပေသင်တန်း ဆင်းပွဲနှင့် အတူနောက်ဆုံးနှစ် ကျောင်းသူ-ကျောင်းသား များအား ဂုဏ်ပြုပွဲကိုပါပူးတွဲကျင်းပခဲ့သည်။

အခက် အခဲ အမျိုးမျိုးကြောင့် ယခုနှစ်တွင်အနုပညာသင်တန်းကို သီးသန့် မဖွင့်လှစ်တော့ဘဲ၊ သစ်လွင်ကြိုဆိုပွဲ၊ပြည်ထောင်စုနေ့၊စာပေသင်တန်းဆင်းပွဲ စသည့် အခမ်းအနားများ ကျင်းပချိန်၌သာ မွန်အဆိုအကများကိုပူးတွဲသင်ကြားပေးခဲ့သည်။

**တက္ကသိုလ်မွန်ပြက္ခဒိန်**

(၁၉၇၂) ခုနှစ်အတွက်တက္ကသိုလ် မွန်ပြက္ခဒိန်ကို အခက်အခဲပေါင်းများအကြားမှ အောင်မြင်စွာထွက်ပေါ်လါရေးအတွက်ကော်မီတီဖွဲ့စည်းပြီးကြိုးပမ်းခဲ့၏။

**အမျိုးသား ဝတ်စုံ**

အမျိုးသားဝတ်စုံသည် မရှိမဖြစ်ဟု ဆပ်ကော်မီတီမှယုံကြည်သည့် အားလျော်စွာ မန္တလေး၊တောင်ကြီး၊မော်လမြိုင်ရှိ ဆပ်ကော်မီတီများနှင့် ညှိနှိုင်းပြီး အမျိုးသားဝတ်စုံ သတ်မှတ် နိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်။

**ပဲခူးသို့ခရီးထွက်ခြင်း**

၃၁-၁-၇၂ နေ့တွင်ကျရောက်မည့် မွန်အမျိုးသားနေ့ အကြိုအဖြစ် (၃၀-၁-၇၂) နေ့တွင် ပဲခူးသို့ စုပေါင်းခရီးထွက်ခဲ့ပြီး၊ ပဲခူးမြို့တွင်မွန်ရိုးရာအကများကို နှစ်နေရာခွဲ၍ တင်ပြခဲ့သည်။

**ဂီတပဒေသာပွဲ**

ဗဟိုကော်မီတီမှ ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ ဂီတပဒေသာ ကပွဲကို နိဝင်ဘာလ (၁၃) ရက်နေ့တွင် လိပ်ခုံးခန်းမ၌ကျင်းပခဲ့ရာ ဆပ်ကော်မီတီမှလည်းရိုးရာနှင့်ခေတ်ပေါ်တေးသီချင်း (၄) ပုဒ် တင်ဆက်ခဲ့သည်။

**ပြည်ထောင်စုနေ့**

(၁၉၇၂) ခုနှစ် ပြည်ထောင်စုနေ့ အကြို ပဒေသာကပွဲကိုဗဟိုမှဦးစီးကျင်းပခဲ့ရာ ဆပ်ကော်မီတီအနေဖြင့်ရိုးရာဇိုးပတ်နှင့် ယိမ်းအကများကို တင်ဆက်ခဲ့သည်။ တခြားတိုင်းရင်းသား ဆပ်ကော်မီတီများနည်းတူသံလျင်မြို့သို့လည်း သွားရောက်ကပြခဲ့သည်။

**အမျိုးသားအထိမ်းအမှတ်**

မွန်အမျိုးသား အထိမ်း အမှတ် "ဟင်္သာရုပ်" စ်အဖြစ် အတည်ပြု သတ်မှတ်နိုင်ရေး အတွက် ဆပ်ကော်မီတီသည် အခြားတက္ကသိုလ်များရှိ ဆပ်ကော်မီတီများနှင့် မွန်လူထုများထံမှ အကူ အညီ အကြံဉာဏ်များကိုတောင်းခံထားဆဲဖြစ်သည်။

**မွန်မဂ္ဂဇင်း**

ဒုတိယ အကြိမ်အတွက် တက္ကသိုလ် မွန်မဂ္ဂဇင်းကို ကော်မီတီဖွဲ့ပြီး ထုတ်ဝေခဲ့သည်။

**ဆက်ဆံရေး**

မန္တလေးတက္ကသိုလ်ရှိ မွန်ဆပ်ကော်မီတီ၏ "ရိုးရာမိတ်ဆုံစားပွဲ" အတွက် အကူအညီများ ပေးခဲ့ပြီး မော်လမြိုင်ကောလိပ် မွန်မဂ္ဂဇင်းထုတ်ဝေနိုင်ရေး အတွက် လိုအပ်သော အကူအညီများကို ပေးခဲ့သည်။

မင်းမြင့်ဆွေ

အတွင်းရေးမှူး

မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဆပ်ကော်မီတီ

တက္ကသိုလ်များ၊ ရန်ကုန်။



# ရာမည သာစွမြေ

စစ်တောင်းကိုလွန်
မွန်တို့ရာမည။

တောတန်းပြာညို့ကာမှိုင်းလို့
ရှုတိုင်းသာသည်မြေကြောမှာ
သာမောပေစွ။

ကျိုက်ထီးရိုး, ရွှေစာရံ
ကျိုက်သန်လန်ဦးဇိန
ကျိုက်မရောဆုတောင်းပြည့်နဲ့
ရေလယ်တည့် ကျိုက္ခမီ
ကြည်ညိုမဝ။

မောရဝတီ
သာစည်တဲ့မြို့ကြီး
မြစ်သံလွင်ရစ်ခွေဝိုင်းလို့
ညို့မှိုင်းမှိုင်းတောင်ပြာဘေးမှာ
ရှုငေးဘွယ်တည်း။

ရွှေမြိုင်မှမျှော်
အနောက်သော်ဘီလူးကျွန်း
ကျောက်သင်ပုန်းကျောက်တံနဲ့
ဆေးတံ၊ ဘာယာစုံအောင်ထွက်တယ်
စက်မှုတွေထွန်း။

စိမ်းညို့မှိုင်းဝေ
တောင်ခြေကရာဘာခင်း
စေးထွက်ရယ်သန်လို့
ဒို့မြန်ပြည်ဝင်ငွေတိုးအောင်
ကျိုးဆောင်ဘိခြင်း။

အပန်းရယ်ပြေစေမည်
ကျိုက္ခမီ စက်ဝဲ။
ပင်လယ်ပြာပြာနဲ့
ရှုခင်းသာသောင်ခုံလွှမှာ
မွေ့ရမည်မလွဲ။

ဟန်ဆောင်ခြင်းကင်းကွာ
ရိုးတာတဲ့သွေးချင်းများ။
နှလုံးကြည်သာသာကွဲ့
အပြုံးတီတာတာနဲ့
အလည်လာလျှင်၊ ဘဝင်ငြိမ့်အောင်
ကြိုလိမ့်တကား။

(မင်း • သက်ဆွေ)



## ကျားရိုးနှင့် စည်းခက်ချိန်

ခေတ်အဆက်ဆက်ပင်၊ ကမ္ဘည်း တွင်အောင်
ဖခင်ဆင့်ဆင့်၊ ရဲမာန်ဝင့်ပြီး
သွေးနှင့်အသက်၊ စတေးဆက်၍
စည်းခက်ထားသောပဒေသာပင်ကြီးတပင်။
တိုင်းရင်းသားတွေ၊ ပဒေသာပင်ရိပ်
ချွေးသိပ်လိုကသိပ်၊ အိပ်လိုကအိပ်
အရိပ်,အာဝါသကောင်းလွန်းပေစွ။
တိုင်းရင်းသားတွေ၊ ပဒေသာပင်ရဲ့အပွင့်အသီး
စားသောက်သုံးမှီး၊ ပန်းလည်းပန်ဆင်
အလှပြင်မို့၊ ဝိဥာဉ်အသက်ရှည်ခဲ့သည်။
တိုင်းရင်းသားတွေ၊ ပဒေသာပင်
နံ့သါဆင်သည့်လှဝတ်ရည်၊ သောက်လေကသောက်
သုံးလေကသုံး၊ ချိုးလေကချိုးနဲ့ဘဲ
ကျုမ္ဘာဝဖြိုး၊ အလှတိုးဆဲ
ကမျိုးတရာ၊ ဝေဆာဖြာလို့။
ပဒေသာပင်ကို၊ လိုချင်ရမက်
ပြင်းပြချက်နဲ့၊ နေ့ရက်များစွာ
ချောင်းမြောင်းကာ
သွားရေကျနေရှာတဲ့ကျားဆိုးတကောင်
အမှောင်ထဲမှာ
ဒီတော့....ဖခင်တို့ရဲ့အမွေ
ဒီပဒေသာပင်ကြီးကို
တထီးတနန်း၊ ဒို့အစွမ်းနဲ့
မွှမ်းမံစည်းခက်၊ ချည်နှောင်စွက်မှ
ဒို့တွက်တာဝန်ကျေမှာမို့။
မွန်,မြန်မာ,ချင်း,ကချင်
ကရင်,ရခိုင်,ရှမ်း,ကယား
မခွဲခြားဘဲ၊ တသွေးထဲ
တရောင်ထဲ၊ လက်ချင်းတွဲလို့
တုတ်ဆွဲဓါးလှံဆွဲ
ကျားဆိုးသတ်ပွဲကျင်းပစို့။

ဖျာပုံ-ခင်လေး (ခေါင်ရှမ်းနီ)



# ပုဂံ၏ တနေရာ၌

* ရှေးကမင်းများ
တည်ထားရှာသော၊ ကျောက်စာတော်၌
မြေစိုက်မိုးမတ် စာတချပ်။

* ရာဇဝင်မှာ
မြန်မာမွန်ရေး၊ စည်းရုံးပေး၍
နောင်ရေးရည်သန်၊ ကျန်စစ်မင်းမှာ
ချစ်စွာသောသား၊ ရှိပါငြားလည်း
ထီးနန်းနှင့်ဝေး၊ ကျေးကြီးပေးခဲ့။

* ဖခင်ကျေးဇူး၊ ဂုဏ်တထူးကို
ရည်စူးစိတ်ဝယ်၊ ဖြစ်ဘွယ်အားလုံး
သီကုံးပြီးလျှင်၊ ကမ္ပည်းတင်ခဲ့။

* တင်ခဲ့သောစာ၊ အဖြာဖြာကို
မျက်နှာလေးဘက်၊ ကျောက်ပြားထက်၌
အက္ခရာထွင်း၊ လေးမျိုးသွင်းခဲ့။

* မွန် ပျူ မြန်မာ
တဘက်မှာမူ၊ ပြည်သူတတ်သိ
ပါဠိစာလည်း ပါဝင်သေး။

* သည်စာချပ်သည်
သည်တိုင်းသည်ပြည်၊ တည်ငြိမ်ချမ်း
သုခပန်းလည်း ရှိနိုင်သေး။

* သည်စာချပ်သည်
ပြည်သူပြည်သား၊ လူအများ၏
စွမ်းအားကိုလည်း သိနိုင်သေး။

* သည်စာချပ်သည်
သီကုံးနှုန်းဖွဲ့၊ ပြုခဲ့ထွေထွေ
စာပေကိုလည်း တွေ့နိုင်သေး။

* ဖြစ်ဘွယ်တရပ်၊ သည်စာချပ်ဖြင့်
သင့်မြတ်စေကြောင်း၊ လူအပေါင်းကို
သွန်းလောင်း ဖန်တီးခဲ့လေပြီ။ ။

မောင်သန်းနိုင် (ကျိုက်မရော)




● သံလွင်မြစ်ဝှမ်း၊ ဆိပ်ကမ်းသာယာ
တနေရာဝယ်၊ ကျောက်စာတတိုင်
မယိုင်မလဲ၊ တည်ရှိဆဲတည့်။

● ထိုကျောက်စာမှာ၊ မွန်ဘာသာဖြင့်
စာလွှာမှတ်တမ်း၊ အပြည့်လွှမ်း၏။
သို့ဖြစ်ဘိလည်း၊ လူသိနည်းပါး
မထင်ရှားချေ။

● ထိုကျောက်စာတိုင်၊ မယိုင်မလဲ
တည်ခိုင်မြဲရန်၊ မွမ်းမံမရှိ
ကင်းမဲ့ဘိ၏။

● ရွက်ကြွေသောသော၊ ဖုံပေါ်ပေါ်နှင့်
ခြုံတောမြက်ကြား၊ မြေသားဖုံးလျက်
ရေညှိတက်၍၊ ကွဲအက်ယိုယွင်း
အဆင်းမညီ၊ စာမပီတော့။

● အဆင်းမညီ၊ စာမပီလည်း
တည်ကြည်ကြံ့ခိုင်၊ မယိမ်းယိုင်သေး
ခုတိုင် ထင်ရှား ရှိပါ၏။

အော်....
မွန်ယဉ်ကျေးမှု၊ အစုရှုလည်း
ယခုခါတွင်၊ နေဝင်ဆည်းဆာ
ပုံပမာသို့၊ ရောင်လွှာမဝင်း
အဆင်းမလှ၊ မှုံပျဝေမှိုင်း
မြူခြေဆိုင်းလျက်၊ မျှော်တိုင်းရာရာ
မှိန်ခဲ့ပါ၏။

● မျှော်တိုင်းရာရာ၊ မှိန်ခဲ့ပါလည်း
ရောင်လွှာမကွယ်၊ ဆင်းမပြယ်သေး
ဝင့်ထယ်လျက်သာ ရှိပါ၏။

အို....အချင်းတို့....
အဆင်းမပီ၊ စာမညီသော
တည်ကြည်ကြံ့ခိုင်၊ ကျောက်စာတိုင်ကို
တူပြိုင်ယခု၊ ဝိုင်းဝန်းမှုဖြင့်
ပြုစုထိန်းသိမ်းကြပါစို့။

● ဤကျောက်စာသည်၊ ကမ္ဘာကြေတိုင်
မယိုင်မလဲ တည်ရမည်။ ။

ရာမည-မိုးငွေ
ခေတ္တ-သံလွင်မြစ်ဝှမ်း



## ပန်းစုံတောမှ

ဂန္ဓဝေါ်တခိုင်၊ မွှေးပျံ့ကြိုင်၍
လှိုင်အေးရင်ဝယ်၊ ပျောက်မပျယ်တည့်။

နှင်းဆီတပွင့်၊ နီကျင့်ကျင့်နှင့်
ဝင့်ကြွားဂုဏ်ဝါ၊ ရနံ့ဖြာ၏။

စိန်ပန်းတခက်၊ မိုးသို့တက်မျှ
ပွင့်လျက်မာန်ထောင်၊ လှဂုဏ်ဆောင်၏။

စပါယ်တဖူး၊ ရနံ့ကြူး၍
မြူးတူးဝေဆာ၊ ပြိုင်ဘက်ရှာ၏။

မြတ်လေးခတ္တာ၊ ငုဝါ အင်ကြင်း
ပျဉ်းမ ခရေ၊ ပန်းထွေထွေသင်း

ဖန်ဆင်းအလှ၊ အေးကြည်မြ၍
စွမ်းစကိုယ်စီ ရှိမည်တည့်။

အို….ပန်းပေါင်းစုံငဲ့….
မင်းရဲ့အဆင်း၊ ငါ့အဆင်းဟု
မာန်တင်းစိတ်မှာ၊ မဝင့်ဝါဘဲ
သူငါစုပေါင်း၊ ရနံ့လောင်းကာ
သင့်ကြောင်းသင့်ရာ၊ နည်းလမ်းရှာ၍
ကမ္ဘာ အလှ ဆင်ကြစို့။ ။

(တိုင်းရင်းသား ချစ်ကြည်ရေးသို့)

တက္ကသိုလ်-ရဲကျော်ဇွာ
(စီးပွားရေး)



# တပ်လှန်သည်

သက်ငယ်ရွှေမြိုင်

ငါတို့လက်မှာ
လက်နက်ကိုယ်စီရှိပါသည်။

တောက်ပပြိုးပျက်၊ အသွားထက်သည့်
သွေးစက်စွန်းထား၊ ဒါးလှံမြှားမဟုတ်
သိပ္ပံပါရဂူ၊ အနုမြူနှင့်
သူတို့ထွင်ထားလက်နက်များမဟုတ်
မဟုတ်မခံ
ဇာတိမာန်နှင့်၊ တော်လှန်လက်တွဲ
တိုက်ရဲခိုက်ရဲ၊ ငတ်ရဲပြတ်ရဲ
နေရဲသေရဲ၊ သတ္တိခဲနှင့်
ဇွဲမာန်ကိုရင်း၊ အံကိုတင်း၍
ထန်ပြင်းသည့်စိတ်၊ ခေါင်းမညိတ်ဘဲ
အနိမ့်အမြင့်၊ မျက်စိဖွင့်သည့်
ရင့်ကျက်နီသွေး၊ ဦးနှောက်ဆေးနှင့်
အတွေးအခေါ်လက်နက်များ။

အို....ပြည်သူတို့၊ ရန်ရှိသမျှ
ဒါးမချနှင့်၊ စိတ်ချလက်ချ
ထွန်ယက်ကြရန်
မုချစစ်ပြင်ရလိမ့်မည်။

စိတ်ချလက်ချ၊ ကုန်ထုတ်ကြရန်
တိုက်ကြခိုက်ကြရဦးမည်။

အို....ပြည်သူများ၊ မတရားစစ်
ကျူးကျော်စစ်ကို၊ စစ်ဖြင့်ဆန့်ကျင်
တိုက်ပွဲဝင်ရန်
စစ်ပြင်ကြရပေဦးမည်။

သမိုင်းအရိပ်
အတိတ်တံခါး၊ ဖွင့်ပြီးသားမို့
ဘာများတွေးစရာရှိသလဲ။

ဒို့ဘေးဒို့ဘိုး၊ တပ်လှန့်ရိုး၏
မျိုးရိုးစဉ်ဆက်၊ သည်လက်နက်နှင့်
ပြည့်တွက်အောင်ပွဲခံခဲ့သည်၊

ခေတ်အဆက်ဆက်၊ ယုံကြည်ချက်နှင့်
ဆက်လက်တိုက်ပွဲဝင်ကြစို့။

(သက်ငယ်-ရွှေမြိုင်)




ဒို့များရဲ့အမွေ၊ ဘာလေတဲ့မေး။
ဒို့ခေါင်းဆောင်များ၊ ကြီးမားဆောင်ရွက်
အသက်သွေးနှင့်၊ စတေးခဲ့သည့်
လွတ်လပ်ရေးကြီး၊ မပျက်စီးအောင်
သွေးစည်းကာကွယ်၊ ပြည့်ရန်စွယ်အား
ဖယ်ရှားတွန်းလှန်၊ ချေမှုန်းရန်သာ
ဖြစ်ပါတယ်လေး။

ဒို့များရဲ့အမွေ၊ ဘာလေတဲ့မေး။
အနာဂါတ်၏၊ သားမြတ်အမွန်
လူရည်ချွန်ဟု၊ ပြည့်ဝှန်ကျော်ကြား
ပြည့်သားတယောက်၊ထွန်းထွန်းပေါက်ပေါက်
ဖြစ်မြောက်ရေးတွက်၊ ဆောင်ရွက်ရန်သာ
ဖြစ်ပါတယ်လေး။

ဒို့များရဲ့အမွေ၊ ဘာလေတဲ့မေး။
စာနာတရား၊ လွန်ခေါင်းပါးသည့်
လက်ဝါးကြီးအုပ်၊ စာဂယုတ်သည့်
အုပ်ချုပ်မှုခံ နယ်ချဲ့ရန်မှ
ဖယ်ရှားတွန်းလှန်၊ တိုက်ထုတ်ရန်သာ
ဖြစ်ပါတယ်လေး။

ဒို့များရဲ့အမွေ၊ ဘာလေတဲ့မေး။
ရှေးဟောင်းစာပေ၊ ဘိုးဘွားမွေနှင့်
မသွေညီလှ၊ မြန်မာ့မှုဟန်
သွင်သဏ္ဌာန်ကို၊ မှုဟန်မပျက်
သံမှိုနှက်သို့
ဆက်လက်တဖန်၊ ထိန်းသိမ်းရန်သာ
ဖြစ်ပါတယ်လေး။

ဒို့များရဲ့အမွေ၊ ဘာလေတဲ့မေး။
ဒို့တိုင်းပြည်တွက်၊ သံချေးတက်သည့်
သရုပ်ပျက်စာပေ၊ တိုက်ဖျက်စေ၍
တိုင်းပြည်ကျိုးပြု၊ ပြည်သူ့စာပေ
ထွန်းပြောင်စေလျက်
ကောင်းမွေဆက်ခံ၊ ဖေါ်ထုတ်ရန်သာ
ဖြစ်ပါတယ်လေး။ ။

မင်းအေးမွန် (သကြော)

# မွန်မှု

ဦးလှဖေဝင်း

မြန်မာ လူမျိုးတို့၌ မြန်မာမှုရှိသလိုပင်၊ မွန်လူမျိုးတို့၌လည်း မွန်မှု ရှိဘိ၏။ မွန်အမျိုးသား မှန်သမျှ မွန်မှု အစုစုကို သိကြ၊ နားလည်ကြ၊ လိုက်စားလေ့လာကြဘို့လို၏။ ယင်းသို့ လေ့လာ လိုက်စား ရာ၌ စိတ်ထားသဘောထား မှန်ဘို့လို၏။ ယင်းသို့ စိတ်ထားသဘောထား မှန်ကန်ရန် ပြည်ထောင်စု စိတ်ဓါတ်နှင့် ပြည့်စုံဘို့ လို၏။ မွန်မျက်စိဖြင့်ကြည့်ရုံနှင့် အားရတင်းတိမ် ရောင့်ရဲခြင်း မရှိသေးမူ၍ ကမ္ဘာ့မျက်စိနှင့်ကြည့်ဘို့ မြင်ဘို့လိုလေသည်။

ကမ္ဘာ့အရပ်ရပ်၌ ယခုခေတ် နေထိုင်လျက် ရှိကြကုန်သော လူမျိုး အသီးသီးတို့သည် မိမိတို့၏ မူလအိုးအိမ်ကို သုတေသန ပြုကြကုန်၏။ ယင်းသို့ မူလအိုးအိမ်များကို သုတေသန ပြုကြရာဝယ် အမေရိကန်ပြည်ထောင်စုသားတို့အဖို့မှာ အလွယ်ကူဆုံး ဖြစ်ဘိ၏။ အဘယ်ကြောင့်နည်းဟု စောဒနာပါလျှင် ထိုပြည်ထောင်စုသားများသည် မိမိတို့၏ မူလအိုးအိမ်ဖြစ်ကြသော အင်္ဂလန်၊ ဥရောပတိုက်၊ အာဖရိကတိုက်တို့မှ ထွက်ခွာခဲ့ကြသော နှစ်ပေါင်း သုံးရာကျော်လေးရာ နီးပါး အများဆုံးကြာသေးသည်သာ ဖြစ်ပါသောကြောင့်တည်း။

မြန်မာလူမျိုးတို့သည် မိမိတို့၏ မူလအိုးအိမ်တည်ရှိရာကို မိမိတို့၏ အရပ်လေးမျက်နှာဆိုင်ရာ စာလေးလုံးတို့အနက်၊ ၂ လုံးတို့မှ သဲလွန်စကို ရကြ၏။ မြောက်သည် (မြစ်အောက်လျှင် ရင်းမြစ်ဖြစ်သည့်အတိုင်း) စိန ဘာသာဖြင့်၊ ဟွန်ဟိုဟု ခေါ်သော မြစ်ဝါမြစ်ဖျားခံရာသည့် မြောက်ဘက် နယ်နိမိတ်ဖြစ်၏။ တရုတ်ဘာသာဖြင့် ထ<sup></sup>ယန်ရှန်ဟု ခေါ်သော မိုးထိအောင် မြင့်သော တောင်မြင့်သည်၊ တောင်ဘက်နယ်နိမိတ် ဖြစ်ခဲ့ချေသည်။ မွန်တို့၏ မူလအိုးအိမ်ကိုကား၊ **"သျှင်ကျာ"** ဟူသောလေညာအရပ်နှင့် **"သွစ်ကျာ"** ဟူသော လေအောက် အရပ်တို့က သဲလွန်စပြကြ၏။ အမြဲတမ်းလိုလို တနှစ်တွင် ၉ လ အနည်းဆုံးသဲပါလာသော လေ၏ဒဏ်ကို ခံရသော အရပ်ကို ရည်ညွှန်းရကား၊ ဂိုဗီသဲကန္တာရ၏ မြောက်ဘက်အရပ်၊ အထက်အရပ်၊ လေအောက်အရပ်၌မွန်တို့မဆွက နှစ်ပေါင်းသောင်းနှင့်ချီ၍ ရေထွက်ရမည့် ရှေးကာလအခါဝယ် နေထိုင်ခဲ့ကြချေသည်။

ထိုသဲပါလာသော လေ၏ဒဏ်ကို မခံနိုင်တော့သော ရှေးမွန်အမျိုးသား အမျိုးသမီးပေါင်းသောင်းသိန်းသန်းကုဋေတို့သည်၊ ဂိုဗီသဲကန္တာရကြီးကို အရှေ့ဘက်မှ ပတ်ကွေ့၍၎င်း၊ အနောက်ဘက်မှ ပတ်လှည့်၍၎င်း၊ လေအောက်ဘက်သို့ စုန်ဆင်းလာခဲ့ကြရရှာလေသည်။ ထိုစဉ်က ဂိုဗီသဲကန္တာရကို အရှေ့ဘက်မှ ပတ်၍ ဆင်းလာကြသော လမ်းခရီးသည် ဖူးကင်း၊ အမွိုင်၊ ဆွာတောင်၊ ကန်တုံနယ်များကို ဖြတ်လာခဲ့ကြောင်း၊ ထိုနယ်များ၌ ယခုတိုင်အောင် တည်မြဲလျက် ကျန်နေသေးသော ထမင်းစား ရေသောက်၊ စကားလုံးများက၊ သက်သေ ခံနေလေသည်။ ပစိဖိတ် သမုဒ္ဒရာ ကမ်းပါးတလျှောက် ဆင်းလာခဲ့ရာ အန်နန်ပြည်သို့ ရောက်ခဲ့ကြသော မွန်တို့ကို မွန်အန်နန်ဟု ခေါ်ခဲ့ကြ၏။ ကမ္ဘောဒီးယားသို့ ရောက်သော မွန်တို့ကို မွန်ခမာဟုခေါ်ကြ၏။ ရေဝတီမြစ်ကို အမှီပြုကာ မြန်မာပြည်တွင်းသို့ ဆင်းလာခဲ့ကြသော မွန်တို့သည်၊ အချို့အဝက်ကွဲလျက် ရေဝတီမြစ်၏ အထက်ပိုင်း မြေပြင်ချိုင့်ဝှမ်း ကုန်းမြင့်

တောင်ရိုးတို့၌ နေခဲ့ကြရကား၊ ယခုအခါ ဝ-လူမျိုး၊ ရိယန်လူမျိုး၊ ပလောင်လူမျိုးတို့ ဖြစ်နေကြလေသည်။ ဆက်လက်၍ ဧရာဝတီမြစ်ရိုးအတိုင်း ဆင်းလာခဲ့ကြသော ရှေးမွန်တို့သည် ယခုအခါ ပုသိမ်ဟု ဆိုအပ်သော ကုသိမ-မဏ္ဍလ၊ ပဲခူးဒေသဟု ဆိုအပ်သော ဟံသာဝတီမဏ္ဍလ၊ မုတ္တမ မော်လမြိုင်ဒေသဟု ဆိုအပ်သော မုတ္တမ မဏ္ဍလဟု မပေါ်ထွန်းမီ အိန္ဒိယ သမုဒ္ဒရာ ပင်လယ်ကမ်းရိုးတန်းတလျှောက်၊ နေထိုင်လာခဲ့ကြသည်သာမက မြိတ်၊ တနင်္သာရီ ကမ်းခြေအနီး ကျွန်းစုများသို့ပင် ဝင်ရောက် နေကြလေသည်။ ထိုမွန်တို့ကို ယခုအခါ ဆလုံ လူမျိုးဟု ခေါ်ကြလေသည်။ ထိုဒေသများသို့ ရောက်ရှိနှင့် အားမရသေး ယခုအခါ မလေးရှားဟု ခေါ်ကြသော မလယဒေသ၌၎င်း၊ ထိုဒေသထက် ကျော်လွန်၍ ယခုအခါ အင်ဒိုနီးရှားဟု ခေါ်ဆိုကြသော သုဝဏ္ဏဒီပ၊ ယဝဒီပတို့သို့လည်း ရောက်အောင် သွားကြကာ နေထိုင်ခဲ့ကြလေသည်။

ဂိုဒီသဲကန္တာရ၏ အနောက်ဘက်မှ လေအောက်သို့ ကွေ့ဆင်းခဲ့ကြသော မွန်လူမျိုးတို့သည် မြတ်ဗုဒ္ဓပုတြ မြစ်ကြောင်းကိုအမှီပြုကာ ယခုအခါ အိန္ဒိယအရှေ့ပိုင်းဟုခေါ်ကြသော ရှေးအခါက အင်္ဂတိုင်း၊ မဂဓတိုင်းတို့သို့ ရောက်ကြသည်သာမက အနောက်ဘက်အစွန်ဆုံး အိန္ဒိယကို ကျော်လွန်ကာ အာဖရိကတိုက်အနီး မဒဂစကာ ကျွန်းကြီးသို့ပင် ရောက်ခဲ့ကြ၊ နေထိုင်ခဲ့ကြသည်ဟု လူမျိုးအပါးပါးဆိုင်ရာ သုတေသနပညာရှင်တို့က မွန်ဘာသာ ဝေါဟာရ စာလုံးများနှင့် အသွင်တူသော ယခု အိန္ဒိယအရှေ့ဖျားမုန္ဒာဘာသာ၊ ခါဆီဘာသာတို့ကို သာဓကအထောက်အထားပြုကြလေသည်။ ပါမောက္ခဒေါက်တာလုစ်၏ သုတေသနအရ အချို့သော မွန်စကားနှင့် မဒဂစကာ ကျွန်းသားစကားများ တူကြသည်ဆို၏။ ထိုနည်းတူ ရှေးဟောင်းမလေးစကားများ၊ ရှေးဟောင်းအင်ဒိုနီးရှား ကျောက်စာ များသည်၊ ရှေးဟောင်းမွန်ဝေါဟာရနှင့် ရှေးကျသော မွန် ကျောက်စာများ ပါအလားတူ ဖြစ်ကြ၏။ ထိုမျှမကသေး ယခုတိုင် ယိုးဒယားတို့၏ တိုင်းပြည်၌လည်း၊ မွန်တို့သည် မိမိတို့၏ ထီးနန်းစည်းစိမ်နှင့်တကွ နေထိုင်ခဲ့ကြသေးသည်ကို မြန်မာပြည်၏ ရှေးအကျဆုံး အနော်ရထာ အုဋ်ခွက်စာ၊ ကျန်စစ်သား ကျောက်စာများထက် နှစ်ငါးရာနီးပါး ပိုမိုရှေးကျသော ဖရာဖထုံ ရှေးမွန်ကျောက်စာ၊ နှစ်ပေါင်းလေးရာကျော် ပိုမိုရှေးကျသော လောပ္ပုရီမွန်ကျောက်စာ၊ နှစ်ပေါင်း သုံးရာကျော် ပိုမိုရှေးကျသော လင်ပုန်ရှေးမွန်ကျောက်စာတို့က၎င်း၊ သက်သေအခိုင်အမာ ခံကြလေသည်။

အဆိုပါ ကျောက်စာများလာ စာသားများကို ဘတ်ကြည့်လိုက်လျှင် အိန္ဒိယ ယဉ်ကျေးမှုဟုဆိုအပ်သော ထေရဝါဒ ဗုဒ္ဓသာသနာ၊ ပါဠိဘာသာနှင့် သသ်ကရိုဋ္ဌ ဘာသာတို့၏ လွှမ်းမိုးထားမှုကို မြင်ရတွေ့ရပေလိမ့်မည်။

ယခုတိုင်အောင် မွန် အမျိုးသားများ သုံးစွဲရေးသား ဘတ်ရှုတ်လာခဲ့ကြသော စာလုံးများတွင် မွန်စကားရင်း ပျောက်ကွယ်ကာ ပါဠိသက်၊ သက္ကတသက်မွန်ဝေါဟာရများချည်းသက်သက်ဖြစ်နေသည်ကို မြင်ရတွေ့ရ ဘတ်ရှုရ၏။ ကရာန်၊ ဇုိင်၊ မုက်၊ အဒိုတ်၊ စန်၊ သိုက်၊ ဒိုက် စသော ဝေါဟာရတို့သည် တောရဏ၊ ဇဿ၊ မုခ၊ အဒိက္ခ၊ အာဒိန္န၊ စန္ဒ၊ သုက၊ သုကြ၊ သုခ၊ ဒုက္ခစသော ပါဠိပုဒ် သသ်ကရိုဋ္ဌပုဒ်တို့မှ ဆင်းသက်လာခဲ့ကြသော စာလုံးများ ဖြစ်ကြလေသည်။

ထို့ကြောင့် မွန်မှု၊ သုတေသန ပြုလုပ်သူတို့သည်၊ ထိုပါဠိသက်၊ သက္ကတသက် ဝေါဟာရများ အတွက် မွန်စကားစစ်စစ်ကို လိုက်ရှာလိုကြပါလျှင် မိမိတို့၏ မိရိုးဖလာ၊ မွန်စာပေ၊ ဘာသာဝေါဟာရကိုသာလျှင်မက မိမိတို့၏ မိသားစု ဘာသန္တရများ ဖြစ်ကြသော မြန်မာနိုင်ငံအတွင်း၌ဆိုလျှင် ပလောင်ဘာသာ၊ ဝ-ဘာသာ၊ ရိယန်ဘာသာ၊ ဆလုံဘာသာ၊ ပိုးကရင်ဘာသာတို့ကို၎င်း၊ ပြည်ပ၌ဆိုလျှင် အန်နန်ဘာသာ၊ ခမာ-ဘာသာတို့ကို၎င်း၊ လေ့လာလိုက်စား ကျက်မှတ် စုဆောင်းကြရာသည်။

ယင်းသို့ လိုက်စား လေ့လာစုဆောင်းခြင်းတို့ဖြင့် သုတေသနပြုကြမည်ဆိုပါလျှင် ထိုဘာသာဝေါဟာရကို ပြောဆိုအသုံးပြုကြသော စာပေသိမ်္မိး ဘတ်ရှုကြသော အရပ်ဒေသများဘို့ သွားရောက်ကာ ထိုမိသားစု သားချင်းများနှင့် တွေ့ဆုံနှီးနှော ပြောဆိုမှတ်သားကြပါမှ ယထာဘူတ အမှန်အစစ် ဇစ်မြစ်မူလ စာလုံးတို့ကို အဟုတ်ဖြစ်သော အသံထွက်နှင့်တကွ ရကြမည် ဖြစ်ပါသတည်း။

မွန်သက် မြန်မာ စာလုံးတို့သည် မြန်မာမှု၌ များစွာ ဝင်ရောက်နေခဲ့ကြသည်လည်း ဖြစ်ဘိရာ မြန်မာမှုကို ပြည့်ပြည့်ဝဝ မလေ့လာ မလိုက်စားကြပါမူ မွန်မှုသုတေသနသည် ပြည့်စုံလိမ့်မည် မဟုတ်ချေ။

ပုံစံ သာဓက အထောက်အထားကို တင်ပြရပါမူ မြို့ရွာအရပ် ဒေသ နာမည်များကိုပင် ကြည့်ကြပါစို့။ အနီးကပ်ဆုံး၊ အသုံးအများဆုံး မြို့နာမည်သည် ရန်ကုန်ဖြစ်၏။ ရန်ကုန်သည် မြို့အမည် ဖြစ်ဘိသော်ငြားလည်း၊ ယင်းမြို့၌တည်ရှိသော ကမ္ဘာကျော်၊ တန်ခိုးကြီး စေတီ ပုထိုးသည် ဒဂုန် ဆံတော်ရှင် ဖြစ်ဘိ၏။ ကျိုက္ကမီရေလယ်ဘုရားကို အကြောင်းပြု၍ အနီးရှိ ကျိုက္ကမီမြို့ဟု အမည် ပေးခဲ့ပါလျှင် ထိုနည်းမြို့ကို ကျိုက္ကမီမြို့ဟု အမည် ပေးခဲ့ပါလျှင် ထိုနည်းတူစွာ ခြေတွဲလွဲချ၍ ထိုင်တော်မူနေသော ကျိုက်မရောဘုရား ဆင်းတုတော်ကို အစွဲပြု၍ ထိုဆင်းတုသီတင်းသုံးသောမြို့ကို ကျိုက်မရောဟု ခေါ်ဆိုကြပါလျှင် ဒဂုန် ဆံတော်ရှင်၏ ကိန်းအောင်းတည်ရှိရာမြို့ကို ဒဂုန်မြို့ဟု ခေါ်ဆိုသင့်သည် မဟုတ်ပါလောဟု တွေးတော မြော်ခေါ်ခြင်းဖြင့် ရင်းမြစ်မူလ မွန်ဝေါဟာရဖြစ်သော“ဍုင်ဒဂုင်”သို့မဟုတ်“ဍုင်လဂုင်”ကို ရနိုင်ချေသည်။

ပုစွန်တောင်၊ တောင်လုံးပြန်၊ ဒေါပုန်ဟု ဆိုအပ်သော ရပ်ကွက်အမည်များသည်လည်း၊ မွန်သက်မြန်မာဝေါဟာရများဖြစ်ကြရာ ထိုရပ်ကွက်တို့နှင့် နီးစပ်သော မင်္ဂလာတောင်ညွန့်က သဲလွန်စ ပြနေလေသည်။ ကုန်းမြင့်မြင့် ခင်ရိုးခင်တန်း ငယ်ငယ်ကို မွန်တို့က ဒိုင်ဟုရေးသားကြကာ ဒေဟူ၍၎င်း၊ ဒေါင်ဟူ၍၎င်း ရွတ်ကြဘတ်ကြ၏။ အရေအတွက် ဖြစ်ကြသော လေးနှင့် ငါးကို“ပန်”နှင့်“မသုန်”ဟုရေးသားကြကာ ပေါန်၊ပစုန်ဟု ရွတ်ဘတ်ကြရာဝယ် မြန်မာတို့၏နား၌ ပုန်ဟု၎င်း၊ ပစွန်ဟု၎င်း ကြားလိုက်ကြလေသည်။ ထိုကြောင့် တောင်ကုန်း ၅ ကုန်းဟု မြန်မာစာလုံးစစ်စစ်ဖြင့် ခေါ်ရမည့် ရပ်ကွက်ကို မွန်အသံထွက်အတိုင်း မြန်မာလို လိုက်ရေးပြီးလျှင် ဒိုင်ကို တောင်ဟု ပုစွန်တောင်၊ တောင်လုံးပြန်တို့၌ မြန်မာလို ဘာသာပြန် ဆိုလိုက်သော်လည်း၊ ဒေါပုန်၌မူ မွန်အသံထွက်အတိုင်း မြန်မာလို ရေးကြ၊ ရွတ်ကြ၊ ဘတ်လိုက်ကြလေသည်။ ယင်းသို့ မြန်မာမှုတို့နှင့် မွန်မှုတို့ တခုနှင့်တခု ဆက်စပ်နေကြသည်ကို သဲလွန်စရသွားသော မွန်မှု သုတေသန လိုက်စားလေ့လာသူသည် ရန်ကုန်မြို့ရှိ အခြား ရပ်ကွက် အမည်များ၌ အောက်ပါအတိုင်း မြန်မာမှုနှင့် မွန်မှုတို့ ဆက်စပ်နေကြပုံများကို သိလာချေမည် ဖြစ်ပါသတည်း။

တာမွေသည် မူလမွန်“တာမွဲ”ဖြစ်၏။ ထန်းတပင်ဟု မြန်မာလိုအဓိပ္ပါယ်ရ၏။

ကြည့်မြင်တိုင်သည်မူလမွန်“**ကၠာင်ဍုင်**” ဖြစ်၏။ ‘မြို့ရိုး’ မြန်မာလိုအဓိပ္ပါယ်ရ၏။ ဒဂုန်ဆံတော်ရှင်စေတီကို ငယ်သောစေတီဘဝမှ ယခုအခါမြင်ကြ၊ ဖူးကြရသလို၊ မြင့်မား ကြီးကျယ်ရှိမကာ ရင်ပြင်တော်ခိုင်ခံ့ ကျယ်ဝန်း သပ်ယပ်အောင်၎င်း၊ မဟာရံတံတိုင်းနှင့်တကွ ဖြစ်လာရန်၎င်း၊ ထန်းပင်၊ အုန်းပင်၊ သရက်ပင်များနှင့် စိမ်းလန်း စိုပြေအောင်၎င်း၊ ဆောင်ရွက်ခြင်းတည်းဟူသော ဗုဒ္ဓဝေယျာဝစ္စ ပြုလုပ်ဘို့ ဘုရင်မအဖြစ်ကို စွန့်လွှတ်လျက် သမက်တော်ကို ဟံသာဝတီပဲခူးထီးနန်းကိုအပ်ကာ ယာယီမြို့နှင့် ယာယီနန်းဆောက်လုပ်ကာ ဒဂုန်ဆံတော်ရှင်၏ ခြေရင်းဟု ဆိုအပ်သော ယခုမြေနီကုန်းဟု ခေါ်ကြသော ရပ်ကွက်အရပ်ဒေသ၌ နေထိုင်သွားသည် ဖြစ်ရာ ဘုရင်မ ရှင်စောပုတူးသွားသော ကျုံးများအနီး တည်ရှိသော မြို့ရိုးကုန်းမြင့်တန်းများကြောင့် “**ကၠာင်ဍုင်**”ကြည့်မြင်တိုင်ဟု ထိုအရပ်ဒေသကို ခေါ်ဆိုကြလေသည်။

ကမာရွတ်သည် မူလမွန် “**ကၠာရတ်**” ဖြစ်၏။ ရတနာရေကန်ဟု အဓိပ္ပါယ်ရ၏။

ကို့ကိုင်း သို့မဟုတ် ကုတ်ကိုင်းသည်၊ မူလမွန် "ကိုပ်ကိုန်" "ဒကိုပ်ဒကိုန်"ဖြစ်၏။ ကြာပန်း ကြာပွင့်များဟု အဓိပ္ပါယ်ရ၏။

အင်းယား သို့မဟုတ် အင်းလျားသည် မူလ မွန် "အင်လ္ဂာ"ဖြစ်၏။ကျယ်ပြန့်ကြီးမားသောရေကန်ကြီးဟု အဓိပ္ပါယ်ရ၏။

အင်းစိန်သည် မူလမွန် "အင်စိင်"ဖြစ်၏။ ဆင်အင်း သို့မဟုတ် ဆင်ရေကန်ဟု အဓိပ္ပါယ်ရ၏။

မင်္ဂလာဒုံသည် မူလမွန်"**မင်ဂြာဃ်ဍုင်**"ဖြစ်၏။ သမင်ဒရယ် ပေါသောမြို့ဟု အဓိပ္ပါယ်ရ၏။

ရန်ကုန်မှ ပဲခူးသွားရာကားလမ်းရှိ အင်းတိုင်နှင့် အင်းတကော်တို့သည် မူလမွန်"အင်ဒကိုန်"နှင့်"အင်ဒကိုပ်"တို့ဖြစ်ကြ၏။ကြာအင်းကြာအိုင်ဟု အဓိပ္ပါယ်ရကြ၏။

ပဲခူး မုတ္တမမီးရထားလမ်း၌ နောင်ပတ္တရားသည် မူလမွန် "နံင်ပေါက္ခရ"ဖြစ်၏။နံင်သည်ဌင်း၊နင်သည်ဌင်း၊ အင်သည်ဌင်း၊ ရေကန် အင်းအိုင်ကိုဟော၏။ ပေါက္ခရသည် ပါဠိမှမွန်တို့က သိမ်းသွင်းထားသော စကားဖြစ်၏။ ကြာကိုဟော၏။ ထို့ကြောင့် နောင်ပတ္တရား"နံင်ပေါက္ခရ"သည် ကြာအင်းဟုအဓိပ္ပါယ်ရပါသတည်း။

ယင်းသို့လျှင် မြို့ရွာ ဒေသအမည်များနှင့် ပတ်သက်၍ မြန်မာမှုကို လေ့လာလိုက်စားခြင်းဖြင့် မွန်မှုသုတေသနကို ပြုလုပ်နိုင်ပါသတည်း။

တိုမှတပါး မြန်မာ့ထီးနန်းနှင့်ပတ်သက်သော မြန်မာမှုကို လေ့လာလိုက်စားခြင်းဖြင့်လည်း မွန်မှုဆိုင်ရာ သုတေသနပြုလုပ်နိုင်ကြသည်ကား မြန်မာတို့က ရွှေဘုံရွှေနန်းနှင့် ရွှေထောင်ဟုခေါ်ကြသည်တွင် နန်းသည် မူလမဆွက မိသဇ် ၂ လုံးပေါက် မပါသော မွန်ဝေါဟာရ"နန်"ဖြစ်ချေသည်။"နန်ပြာသာဒ်"ဟုလည်းခေါ်ကြသည်။ နန်းတော်နှင့်တကွ မြို့ရိုးကိုဝန်းရံနေသော ကျုံးသည် မူလမွန် ဝေါဟာရ "ကြုင်" ဖြစ်၏။ ချောင်းမြစ်ဟု အဓိပ္ပါယ်ရ၏။ မြို့ရိုးပေါ်ရှိပြအိုးသည် မူလမွန် "နုင်ပြ" ဖြစ်၏။ နန်းတော်၏ အဆောင်တခုဖြစ်သော မြဲတိုက်သည် မူလမွန် ဝေါဟာရ "**တိုက်ဗ္ဍဲ**" ဖြစ်၏။ လူပျိုတို့၏ တိုက်ခန်းဆောင်ဟု အဓိပ္ပါယ်ရ၏။

အိမ်အသုံးအဆောင်တို့၌လည်း မြန်မာတို့၏ ခွက်ယောက်ဇွန်းပန်းကန်တို့တွင် ပန်းကန်သည် မူလမွန် ဝေါဟာရ "**မှါန်**"ဖြစ်၏။ ရခိုင်နှင့် ထားဝယ်တို့က ဟင်းစားဟုရေးကြကာ ဟန်းဇား ဟု ရွတ်ဘတ်ကြ၏။ ဇွန်းသည် မူလမွန် ဝေါဟာရ "ဇန်" ဖြစ်လေသည်။

မြန်မာမှုကိုသာမက ပြည်ထောင်စု ယဉ်ကျေးမှုဟုဆိုအပ်သော ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်းအမျိုးသားတို့၏ ဘာသာ ဝေါဟာရစာပေ၊ တတ်နိုင်ပါလျှင် မွန်တို့၏ သားချင်းများ ဖြစ်ခဲ့ကြသော ပလောင်၊ ဝ၊ ရိယန်၊ ဆလုံတို့၏ ဘာသာဝေါဟာရစာပေများ၊ မလေးရှားရှိ ရှေးဟောင်း ပသျှူးဘာသာ စာပေ ဝေါဟာရများ၊ အင်ဒိုနီးရှား ရှေးဟောင်း ဘာသာ ဝေါဟာရ စာပေနှင့် အိန္ဒိယအရှေ့ပိုင်းရှိ မုန္ဒနှင့် ခါဆိ-ဘာသာ ဝေါဟာရ စာပေများကို လေ့လာ လိုက်စား သင့်ကြချေသည်။

ဆိုအပ်ခဲ့ပြီးသည့် အတိုင်း မွန်အမျိုးသား မွန်အမျိုးသမီး အပေါင်းတို့သည် ကျဉ်းမြောင်းသော စဉ်းစားတွေးခေါ်မှုကို မပြုမူ၍ ပြည်ထောင်စု စိတ်ဓါတ်ကမ္ဘာ့ ယဉ်ကျေးမှု စိတ်ဓါတ်တို့နှင့် ပြည့်စုံရာ မွန်မှုကို ကြွယ်ဝ ပြည့်စုံလာအောင် ဆောင်ရွက်ပြုလုပ်ကြရာသတည်း။ ။

လူဖေဝင်း

၂၇-၉-၇၁



တက္ကသိုလ် မွန်မဂ္ဂဇင်း ကော်မီတီ (၁၉၇၁-၁၉၇၂)

ရှေ့တန်း ဝဲ မှ ယာ....မိအေးယဉ်(စာတည်း-မြန်မာ)၊ မိသန်းသန်းအေး(စာတည်း-မွန်)၊ မိတင်တင်ဝေ၊ ဒေါ်ငံစီသန်း (စာရင်းစစ်)၊ နိုင်ထွန်းရွှေ (အတိုင်ပင်ခံစာတည်း-မွန်)၊ မင်းသန်းသောင်း(ဥက္ကဋ္ဌ)၊ မိကွန်းချစ်(အတိုင်ပင်ခံစာတည်း-မြန်မာ)၊ မိခင်ချိုသက်(တာဝန်ခံ စာတည်း-မြန်မာ)၊ မိစန်းငွေ(စာတည်း-မွန်)၊ မိလှရီ။

နောက်တန်း....မင်းအောင်မြင့်၊ မင်းစိုးမြင့်၊ မင်းမောင်တိုး(အတိုင်ပင်ခံ စာတည်း-မြန်မာ)၊ မင်းအောင်တင်၊ မင်းစိန်သောင်း (တွဲဘက် အတွင်းရေးမှူး)၊ မင်းဝင်းတီ၊ မင်းထွန်းစိန် (တာဝန်ခံစာတည်း-မွန်)၊ မင်းလွန်းကြည်၊ မင်းနွယ်စိုး(အတွင်းရေးမှူး)။

မတက်ရောက်နိုင်သူများ....နိုင်တင်လတ်ဝေ (ဒု-ဥက္ကဋ္ဌ)၊ ဒေါ်ခင်ဆွေသောင်း (ဘဏ္ဍာရေးမှူး)၊ မိတင်ထွေး (စာတည်း-မြန်မာ)၊ မိကျင်အေး(စာတည်း-မွန်)၊ မင်းထွန်းသောင်း၊မင်းစိန်ထွန်း။

# မွန်တွေကို တကယ်တန်း ချစ်တယ်ဆိုရင်

မွန်အသျှင်ကောသလ္လ

မွန်အမျိုးအနွယ်တွင်မှ ပေါက်ဖွားဆင်းသက်လာရသည်ပင် စာရေးသူအနေနှင့် ဂုဏ်ယူစရာတရပ်ဟု ထင်မိပါသည်။ အကြောင်းသော်ကား မွန်လူမျိုးသည် မွန်ခမာအနွယ်မှ ဆင်းသက်လာသော လူမျိုးကြီးတရပ်ဖြစ်သည့်ပြင် ဂေါတမဘုရားရှင် ပွင့်တော်မူစအချိန်မှစ၍ ရတနာသုံးပါးလေးစားရမှန်း၊ တဦးနှင့် တဦး ဆက်ဆံရာတွင် ယဉ်ကျေး သိမ်မွေ့ရမှန်း တစတစသိလာကာ ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်တိုင်းပြည်၊ ကိုယ့် စာပေ၊ ကိုယ်ပိုင် ယဉ်ကျေးမှု အဆင့်အထိ တိုးတက် လာသောကြောင့် ဖြစ်ပါသည်။ ဤသို့ ခေတ်အဆက်ဆက် ချီတက် လာရသော်လည်း စာပေ ယဉ်ကျေးမှုများ မပျောက်ကွယ်ဘဲ ယခုထက်တိုင် တည်ရှိနိုင်ခြင်းမှာ ရှေးမွန်မျိုးချစ်များ ဖြစ်ကြသော ဘဘေးဘိုးဘီဘင် ဘောင်ဘော ဆွေမျိုးစဉ်ဆက်တို့၏ ကျေးဇူးကြောင့်ဟု ဆိုလျှင် မှားနိုင်မည်မထင်။ မွန် ခမာနောက်မှ မြန်မာပြည်ထဲသို့ ဝင်ရောက်လာသော ပြူ, ကမ်းယံ, သက် လူမျိုးတို့မှာ ယခုအခါ ကျောက်စာအချို့မှလွဲ၍ လူမျိုး တရပ်အနေဖြင့် လက်ဆုတ် လက်ကိုင်ပြစရာ မရှိလောက်အောင်ပင် ဤနိုင်ငံမှ ဆိတ်သုဉ်းသွားရသည်။ ဤသို့ လူမျိုး ပျောက်ကွယ်ရခြင်းမှာ ငါးကြီးက ငါးငယ်ကိုစား၊ ငါးငယ်ကပုဇွန်ဆိပ်ကိုစား၊ ပုဇွန်ဆိပ်က ရေညှိစားသကဲ့သို့ လူမျိုးကြီးတရပ်က လူမျိုးစု၊ လူနည်းစုကို ဝါးမျိုသောကြောင့် ၎င်း၊ လူမျိုး အချင်းချင်း ရောနှော ဆက်ဆံခြင်းကြောင့်၎င်း၊ စာပေ ယဉ်ကျေးမှု ခိုင်ခိုင်မြဲမြဲမရှိခြင်းကြောင့်၎င်း၊ မိမိ၏ စာပေယဉ်ကျေးမှုထက် တပါး အမျိုးအနွယ်တို့၏ စာပေ ယဉ်ကျေးမှုကို အထင်ကြီးသောကြောင့်၎င်း အစရှိသော အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေလိမ့်မည်။

### ဘာသာစကားသည် ပထမ

အမျိုးသားတိုင်း မိမိ၏အမျိုး ပျောက်ကွယ်မသွားအောင် အရှည်တည်တံ့အောင် အမျိုးအပေါ်တွင် သစ္စာရှိရသည်၊ စောင့်ထိန်းရမည့် တာဝန် ကိုယ်စီရှိရသည်၊ မိမိအမျိုးကို ချစ်ခင် လေးစားရသည်။ ဤကမ္ဘာလောကတွင် ဤအမျိုးအနွယ်ကမြတ်သည်၊ ဤအမျိုးအနွယ်က ယုတ်သည်ဟူ၍ အတိအကျ တိုင်းတာ၍ ရမည်မဟုတ်ပါ။ မိမိ၏လူမျိုး ဘယ်အခြေအနေ ရောက်စေကာမူ မိမိ၏လူမျိုး ရှေ့တန်းရောက်အောင် တိုးတက်လာအောင် ကြိုးစားရမည်မှာ လူတိုင်းရှောင်ဖယ်၍မရသော အဓိကတာဝန်တရပ် ဖြစ်ပေသည်။

လူမျိုးတရပ်၏ အဓိက လက္ခဏာမှာ ဘာသာစကားပင်ဖြစ်၏။ ကိုယ်ပိုင်ဘာသာ စကားမရှိသော လူမျိုးစုတခုအနေဖြင့် ရပ်တည်ဘို့ ခဲယဉ်းလှပေသည်။ လူမျိုးတိုင်း ကိုယ့်ဘာသာ စကားရှိသရွေ့ လူမျိုးတရပ်အဖြစ် တည်တံ့နိုင်သေးသည်သာဖြစ်၏။ ဘာသာစကားသာ ပျောက်ကွယ် သွားလျှင် "ဒါမွန်လူမျိုးဘဲ၊ ဒါမြန်မာလူမျိုးဘဲ"ဟူ ညွှန်ပြစရာပင် ရှိမည်မဟုတ်။ ထို့ကြောင့် မွန်မျိုးချစ်ပုဂ္ဂိုလ်တိုင်း မွန်ဘာသာစကားကို သင်ကြားရမည်၊ လေးစားရမည်၊ နေရာတကာ ပြောကြားရပေမည်။

စာရေးသူတို့ ငယ်စဉ်က အစိုးရ စာသင်ကျောင်းတွင်နေရသဖြင့် ကျောင်းမှာ အချင်းချင်း မြန်မာလို

ပြောရ၊ အိမ်ရောက်လျှင်လည်း မြန်မာလို ပြောကြသည်။ အဘိုးလုပ်သူက မြင်ပြင်းကပ်၍ "အိမ်မှာတော့ ကိုယ့်အချင်းချင်း မွန်လို ပြောကြပါ"ဟု မိမိတို့ ညီအစ်ကိုများကို တိုက်တွန်းခဲ့ဘူးသည်။ ကလေးဘဝမှစ၍ မိမိဘာသာစကားနှင့် ထိတွေ့မှုမရှိလျှင် ကြီးကောင်ငင်လာသောအခါ ပိုဆိုးဘို့သာ ရှိတော့သည်။ မိမိဘာသာစကားကို လေးစားရမှန်း မသိတော့ဘဲ သူများ၏ ဘာသာစကားကိုသာ အထင်ကြီးလာပေလိမ့်မည်။ မိမိ လူမျိုး၏ ဘာသာစကား သားသမီးတို့အား လက်ဆင့်ကမ်း ပေးရန် ပုခက်လွှဲသော လက်ပိုင်ရှင် မွန်မိဘတိုင်း၏ တာဝန်ပင် ဖြစ်ပေသည်။

## စာပေသည် ဒုတိယ

လူ့ယဉ်ကျေးမှု စတင်ကတည်းက ဘာသာစကားသည် တဦးနှင့်တဦး နားလည်အောင် ဆက်သွယ်ရာတွင် ပဓာနကျသော လက်နက်ကိရိယာတခုပင် ဖြစ်သည်။ ဘာသာစကား ပေါ်ပေါက်ပြီးမှသာ ဘာသာစကားကို မှတ်တမ်းတင်သည့် စာအရေးအသားပေါ်ပေါက်လာရသည်။ ဘယ်လူမျိုးတွင်မှ စာအရေးအသားက ဦးစွာပေါ်၍ ဘာသာစကား နောက်မှပေါ်သည်ဟူ၍မရှိပေ။ လူတိုင်းလူတိုင်း ရှေးဦးစွာ "ဒိင်ဏင်" (ချိုင်မိုင်) သင်ရသည့် ကာလမှစ၍ စာသင်ကျောင်းသို့ မရောက်မီကာလအတွင်း၊ "ပုဗ္ဗာစရိယ မိနှင့်ဘ" တို့၏ လက်ထဲတွင် ဘာသာစကားကို သင်ကြားခဲ့ရသည်။ ဘာသာစကားတတ်မြောက်ပြီးမှ စာပေ သင်ရသည့် ဘဝ စတော့သည်။ ထို့ကြောင့်စာပေသည် လူမျိုး တည်တံ့ရေး၏ ဒုတိယမှတ်ကျောက်ဖြစ်ပေသည်။

ယခုအခါ မွန်အမျိုးသား၊ အမျိုးသမီးတိုင်း မွန်ဘာသာ ပြောတတ်သည် ထားဘိဦး။ မွန် ဘာသာဖြင့် ရေးတတ်, ဘတ်တတ်ရန် ခပ်ရှားရှား ဖြစ်လာသည်မှာ စာရေးသူ အနေဖြင့် အလွန် ဝမ်းနည်းမိသည်။ ဤကဲ့သို့ မွန်ဘာသာကိုသာ ပြောတတ်၍ မရေးတတ် မဖတ်တတ်ရခြင်းမှာ စာသင်ချိန် အရွယ်ရောက်သည်နှင့် အစိုးရ စာသင်ကျောင်း ပို့ကြသောကြောင့်ပင် ဖြစ်သည်။ စာရေးသူ အနေနှင့် မွန်ကလေးငယ်များကို အစိုးရကျောင်း မပို့ရမဆိုလိုပါ။ သို့သော် အစိုးရကျောင်းမှာ နေရင်း မိဘလုပ်သူက အားလျှင်အားသလို သင့်တော်သည့် အချိန်မှာ မွန်စာသင်ကြားပေးသင့်သည်။ မျိုးချစ်စိတ်ဓါတ် သွင်းပေးသင့်သည်။

စာရေးသူအနေဖြင့် အစိုးရ မူလတန်းကျောင်းနေကတည်းက မွန်စာကို ကောင်းကောင်း ရေးတတ်ဘတ်တတ်နေပေပြီ။ အကြောင်းမှာ အစိုးရကျောင်းတွင်နေရင်း အဘိုးက ကျောင်းပိတ်ရက် (အဇိတ်၊ ဥပုသ်နေ့) တိုင်း ဘုန်းကြီးကျောင်းတက်ခိုင်း၍ မွန်စာသင်စေသည်။ နွေရာသီ ကျောင်းနှစ်လ ပိတ်ချိန်တွင်လည်း နှစ်လလုံးလုံး ဘုန်းကြီးကျောင်းမှာ အချိန်ကုန်ရပြန်သည်။ စာရေးသူ အနေဖြင့်ဆယ့်နှစ်လပတ်လုံး စာသင်နေရသည်မှာ အလွန်ငြီးငွေ့ခဲ့သည်။ အဘိုးဖြစ်သူ၏ အမိန့် ပညတ်ချက်ကို မလွန်ဆန်ဝံ့။ အဘိုးကို ကြောက်နေရသဖြင့် အစိုးရကျောင်း နှင့် ဘုန်းကြီးကျောင်းတွင် သံသရာလည်ခဲ့ရသည်။ အဘိုး ကွယ်လွန်သော အခါမှ အမြော် အမြင် ကြီးသော အဘိုး၏ကျေးဇူးကို ဆပ်၍မကုန်နိုင်အောင် ကြီးမား ကြောင်း သိရသည်။

ကျွန်ုပ်တို့လူမျိုးများမှာ မွန်စာမတတ်လျှင် နေ... မည်။ ဘာသာခြား တရုပ်ကုလားတို့မှာ အမျိုးသ... ကျောင်း အသီးသီးဖွင့်ကာ အချိန်ပိုင်းသော်၎င်း၊ ... ချိန်ပြည့်သော်၎င်း မိမိတို့စာပေကို သင်ပေးကြသည် ... တို့ကြောင့် တရုပ်လူမျိုး၊ ကုလားလူမျိုးတိုင်း လို... မိမိတို့၏ ဘာသာ စကားကို ပြောတတ် သည့်ပြ... ကောင်းမွန်စွာ ရေးတတ်ဘတ်တတ်ကြသည်မှာ အ... ယူစရာ ကောင်းလှပေသည်။ မွန်လူမျိုးအနေဖြင့် မွ... စာတတ်ရန် ဘုန်းကြီးကျောင်း ကိုသာ အားကို... သည်။ မွန်အမျိုးသား စာသင်ကျောင်းဟူ၍ အ... အခြား မရှိခဲ့။ ဘုန်း ကြီး ကျောင်း ဆိုရာ၌ လ... ကျောင်းသူများကို လက်ခံသည်မဟုတ်။ ထို့ကြေ... မွန်စာဖတ်တတ်စရာရှိလျှင် ယောကျ်ားများသာတ... ၍ မိန်းမများ မတတ်ဘဲ ရှိကြရသည်။ မွန်ဒေသ... အချို့သော မူလတန်း စာသင်ကျောင်း၌ မွန်စာ... သင်ကြားပေးသည် ဆိုသော်လည်း ထိထိ ရော... ရောက်မရှိ။ မတောက်တခေါက်နှင့်သာ အချိန်ကုန်...

ရသည်။ တချိန်က မော်လမြိုင်ကောလိပ်တွင် မွန်ဘာသာကို (OPtional subject) စိတ်ကြိုက်ဘာသာရပ်တခု အနေဖြင့် သင်ကြားပေးခဲ့ သော်လည်း နောက်ပိုင်းတွင် "ဖုတ်လေသည့်ငပိ၊ ရှိသည်"ဟုပင် မကြားမိတော့။ အချုပ်အားဖြင့် ဘာသာခြားစာပေကို တတ်သင့်သလို ကိုယ့်စာပေကို မသင်မနေရ၊ တတ်အောင်သင်ရမည်။ ဘာသာခြားစာပေကိုတော့ တတ်ပါလျက် မိမိစာပေကိုတော့ မတတ်ဘူးဆိုလျှင် ရှက်စရာပင် ကောင်းလှသည်။ သို့သော် ဤရှက်စရာကိုပင် အချို့က ဂုဏ်ယူစရာအဖြစ် ပြောနေသည်ကို ကြားရတိုင်း စာရေးသူအနေဖြင့် ဆတ်ဆတ်ခါ နာကျည်းလှသည်။ မိမိစာပေကိုတော့ ဘယ်နည်းနှင့်မဆို ဆရာကောင်းရှာ၍ တတ်မြောက်အောင် သင်ကြားရပေလိမ့်မည်။

## ယဉ်ကျေးမှုသည် တတိယ

ဘာသာစကားနှင့် စာပေတိုးတက်လေလေ ယဉ်ကျေးမှုမြင့်မားလေလေပင် ဖြစ်သည်။ ဘာသာစကားနှင့်စာပေကို ကြည့်ကာမျှဖြင့် လူမျိုးတရပ်၏ ယဉ်ကျေးမှု အဘယ်မျှ အဆင့်အတန်းရှိသည်ကို ခန့်မှန်းနိုင်ပေသည်။ ဘာသာစကား နှင့် စာပေမှာ ယဉ်ကျေးမှု၏ ပင်ရင်းမူလ (သို့မဟုတ်) အခက်အလက်များ ဖြစ်သော်လည်း ၎င်းတို့ကို သီးခြားတင်ပြရခြင်းမှာ ၎င်းတို့သည် ယဉ်ကျေးမှု၏ ဝိသေသ လက္ခဏာများဖြစ်သောကြောင့်ပင် ဖြစ်၏။ ယဉ်ကျေးမှုဟု ဆိုရာ၌ လူမျိုးတမျိုး၏ ဓလေ့ထုံးစံ၊ အသက်မွေးမှု၊ ဘာသာရေး၊ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ အနုပညာ စ သည်ဖြင့် အလွန် ကျယ် ဝန်း လှ သည်။ (R.W. Emenson) အာ ဒဗလျူ အီမာဆင်က "ယဉ်ကျေးမှု၏ အတိုင်းအတာအစစ်မည်သည် သန်းခေါင်စာရင်းအရ လူဦးရေများခြင်း,နည်းခြင်းမဟုတ်၊ တိုင်းပြည် ပမာဏ၊ ထွက်ကုန် ထုတ်လုပ်မှု ပမာဏလည်းမဟုတ်။ တိုင်းပြည်က မွေးထုတ်သော လူ၏ အမျိုးအစားသာ ဖြစ်သည်"ဟု ဆိုပါသည်။ မှန်၏။ ယဉ်ကျေးမှုသည် သဘာဝလောကကြီး၏ တိုးတက်ပြောင်းလဲမှုကို တိုင်းတာသည့် ပြဒါးတိုင်ပင် ဖြစ်ပေသည်။

ခေတ်ဟောင်း ယဉ်ကျေးမှုရော၊ ခေတ်သစ် ယဉ်ကျေးမှုပါ အဆိုးအကောင်း ဒွန်တွဲလျက် ရှိကြပါသည်။ ခေတ်ဟောင်း ယဉ်ကျေးမှုတိုင်း ခေတ်မမှီတော့ဟုဆိုပြီး မပစ်ပယ်သင့်။ ကောင်းသည်လည်းများစွာရှိသည်။ ကောင်းသည်ကို ဆက်လက် ထိန်းသိမ်း ပြီး မ ကောင်း သည် ကို လည်း ပြု ပြင် သင့်သလောက် ပြုပြင်ပြီး အသုံးပြုသင့်သည်။ တိုးတက်သော ခေတ်ကြီးနှင့် အမှီဆိုပြီး ရှေ့လောကြီး နေ၍မပြီး။ "အရင်လို လမ်းအိုလိုက်" ဆိုသကဲ့သို့ လိုက်သင့်သော နေရာတွင် လိုက် ရ သည်။ "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်" ဟူသကဲ့သို့ ထွင်သင့်သောနေရာတွင် ထွင်ရသည်။

ဥပမာပြရသော်၊ အနုပညာနှင့် ကဗျာ လင်္ကာဘက်တွင် အသစ်တည်ထွင်၍ ဖြည့်စွက်စရာ များစွာလိုသေးသည်။ ဤမျှနှင့် ပြည့်စုံပြီဟူ၍ ကျေနပ် မနေသင့်။ အနုပညာဆိုရာ၌ အက,တေးသီချင်းနှင့် တူရိယာတို့ကို အထူးဆိုလိုသည်။ တူရိယာ ဘက်တွင် ဗုံ,မောင်း,ခြေ,နှဲ,ပတ္တလား စသည်တို့ကို ဆက်လက် ထိန်းသိမ်း သင့်သလို ခေတ်ပေါ် တူရိယာများ ဖြစ်သော စန္ဒယား၊ ဘင်ဂျို၊ မယ်ဒလင်၊ ဘာဂျာ၊ အကော်ဒီယံ၊ ဂီတာစသည်တို့ကိုလည်း မွန်တူရိယာအတွင်းသို့ မွေးစား သင့်သည်ဟု မြင်သည်။ အကဘက်၌လည်း ရှေးမွန် နှစ်ပါးသွား၊ အငြိမ့် စသည်မျှဖြင့်အားရမနေဘဲ ခေတ်ပေါ် ကကြိုးကကွက်များကို ပညာရှင်တို့ မွေးထုတ်သင့်သည်။ တေးသီချင်းအရာတွင် ဆယ့်နှစ်ရာသီသီချင်း၊ သားချော့သီချင်းစသည်ဖြင့် အားရမနေဘဲ ယခု ခေတ်ပေါ် မြန်မာ သီချင်းများကဲ့သို့ အတုယူသင့်သော နေရာတွင် အတုယူ၍ ဖွဲ့ဆိုသင့်သည်။ ကဗျာလင်္ကာအရာတွင် မွန်တို့သည် မြန်မာတို့ထက် စာပေအရာစောသော်လည်း ရေရှည်တွင် မြန်မာတို့နောက် ပြတ်ကျန်ရစ်ခဲ့သည်ကို ဝန်ခံရပေမည်။ မွန်ကဗျာလင်္ကာ၌ ဆိုခဲ့ပြီးသော သီချင်းများနှင့် အမိက အားဖြင့် ဂိုဏ်း (၉) ဂိုဏ်း၊ သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့ စသည်တို့သာ တွေ့ရသည်။ မြန်မာတို့ကဲ့သို့ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ တျာချင်း၊ အိုင်ချင်း၊ အဲချင်းစသော စပ်နည်းများ ဝေဝေဆာဆာ, မြိုင်မြိုင်ဆိုင်ဆိုင် မရှိလှဘဲ ရေ

## ဒို့ပြည်ကောင်းအောင်

* ဒို့မြေသည်ကား၊ ဆန်စပါးနှင့်
ကျွန်း,ဝါး,သတ္တု၊ အစုစုတို့
ပံသုမြေလွှာ၊ ပြမျက်နှာမှ
ဝေဖြာရွှန်းတောက်၊ ပန်းပေါက်ပေါက်တည့်။

* ဒို့ရေသည်ကား၊ သား,ငါးများနှင့်
ငွေသားပုလဲ၊ ရွှေ,ငွေ,ခဲ,တို့
ပြန့်ကြဲနှံ့စပ်၊ အထပ်ထပ်တည့်။

* ဒို့ပြည်သည်ကား၊ အူမ,မတောင့်
ကျင့်မမြောက်ဟု၊ မိဋ္ဌာန်ပြု၍
ပေါင်းစုတက်လှမ်း၊ ဆိုရှယ်လမ်းမှ
ကြွမြန်းချီရာ၊ ပြည်သာယာသို့
တည်ကာဖွင့်ထား၊ မြတ်တံခါးတည့်။

* ဒို့တွေသည်ကား၊ ဤပြည်သားမို့
ခွဲခြားမပြု၊ မျှားပေါင်းစု၍
စက်မှုကုန်ထုတ်၊ အလုပ်လုပ်စို့
လက်မှုကုန်ထုတ်၊ အလုပ်လုပ်စို့
ကြိုးကုတ်သည်ပိုး၊ တိုင်းပြည်ကျိုးတွက်
အဘက်ဘက်မှ၊ တက်ကိုယ်ငှဖြင့်
လှော်ကြ,ခတ်ကြ၊ ကြိုးပမ်းကြမှ
မုချဒို့ပြည်၊ အမွန့်ရှည်စွာ
စည်သာယာလိမ့်။

* နွားအုပ်ကွဲတော့၊ ကျားဆွဲသည့်ထုံး
နှလုံးပြုကာ၊ အုပ်စုမကွဲ
ကျားမဆွဲအောင်
တခဲနက်တည်း၊ တလုံးတည်းဖြင့်
သွေးစည်းညီညွတ်ကြပါစို့။ ။

မောင်စပါယ်နီ(လေးမျက်နှာ)

---

နည်းငါးပမာ ဖြစ်နေသည်ကို ပညာရှင်တို့ သတိပြုသင့်လှပေသည်။ ပြီးနောက် မွန်ကဗျာ ဥယျာဉ်ကြီး စည်စည် ကားကား ဖြစ်လာရန်၊ မွန်ကဝိစာဆိုတို့သည် မိမိတတ်နိုင်သည့်ဘက်က စိုက်ပျိုး၊ ရေလောင်း၊ မြေတောင် မြှောက်ပေးသင့်သည်။

ဆင်ယင်ထုံးဖွဲ့မှု၌ မိမိရိုးရာအတိုင်း ဝတ်စားဆင်ယင် ထုံးဖွဲ့ခြင်းသာလျှင် "ဘယ်မမုန်းနိုင် စပယ်ကုံးနိုင်"ဖြစ်တော့သည်။

### ပေါင်းသင်းဆက်ဆံရေးသည် စတုတ္ထ

မိမိအမျိုးကို စောင့်ထိန်းလိုလျှင် မည်သည့်အမျိုးသား,အမျိုးသမီးမဆို မိမိလူမျိုး အချင်းချင်း နှင့်သာ ထိမ်းမြားမင်္ဂလာပြုသင့်သည်။

ဘာသာခြားနှင့် ထိမ်းမြားခြင်းမှာ မည်သည့် လူမျိုး၌မဆို မလိုလားအပ်သော ကိစ္စတရပ်သာဖြစ်၏ ထိုကဲ့သို့ လူမျိုးစပ်၍မွေးဖွားလာသူတို့မှာ မည်သည့် လူမျိုးကိုမှ ကိုယ်စား မပြုနိုင်။ ပေါက်ဖော်လည်း မစစ်၊ ပန်းသေးသာဖြစ်၍ မွန်တို့အနေဖြင့် "တလိုင်း" (ဗ္ဗတလေင် = ဖအေပျက်သား) ဟူ၍ ရှုတ်ချအပ် သောအမျိုးအဖြစ်သို့ ရောက်လိမ့်မည်။ အချုပ်အား ဖြင့် သင်သည်မွန်အမျိုးသား မွန်အမျိုးသမီးတဦးဖြစ်၍ "မွန်တွေကို တကယ်တမ်း ချစ်တယ်ဆိုရင်" မွန်ဘာ သာ စကားကိုပြော၊ မွန်စာကိုတတ်ရန် သင်,ရေး ဖတ်၊ မွန်ယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ထိန်းသိမ်းခြင်းဖြ မိမိတို့ အမျိုးဂုဏ် စောင့်စည်းသင့်ကြောင်း တို တွန်းလိုက်ရပေသတည်း။ ။

မွန်အသျှင်ကောသလ
(ဘီအေ၊ ဝမ္မာစရိယ)

# ဘာသာစကားနှင့် ဘာသာစကား လေ့လာခြင်း

ရေးသူ - မင်းကိုကိုဦး

ဘာသာစကားသည် လူတို့ပိုင်ဆိုင်သော ပစ္စည်းဖြစ်သည်။ သတ္တလောကတွင် သတ္တဝါပေါင်း များစွာရှိ၏။ သို့ရာတွင်လူမှအပ အခြားအခြားသောသတ္တဝါများသည် ဘာသာစကားကို မပိုင်ဆိုင်ပေ။

လူအားလုံးသည် ကိုယ်ပိုင် ဘာသာစကားရှိ၏။ လူ့အဖွဲ့ အစည်း တခုသည် ယဉ်ကျေးမှု အားဖြင့် ခေတ် နောက်ကျနေမည် ဖြစ်သော်လည်း ယင်းအဖွဲ့ အစည်းတွင် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကိုယ်ပိုင် ဘာသာစကား ရှိနေမည်သာ ဖြစ်နေသည်။

လူတို့သည် ဘာသာစကား ပိုင်ဆိုင်သောကြောင့် ယဉ်ကျေးမှု အမွေပစ္စည်းများကို တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ ဖြန့်ချီရာတွင် များစွာ ခရီးရောက်လေသည်။ လူ့လောကအတွင်း၌ လူတဦးနှင့်တဦးဖြစ်စေ၊ တဖွဲ့နှင့်တဖွဲ့ဖြစ်စေ၊ တနယ်နှင့်တနယ်ဖြစ်စေ၊ တနိုင်ငံနှင့်တနိုင်ငံဖြစ်စေ၊ ဘာသာရေး, နိုင်ငံရေး, အုပ်ချုပ်ရေး, သိပ္ပံပညာသင်ကြားရေးနှင့်ယဉ်ကျေးမှုပြန့်ပွားရေး စသည်တို့ကိုကိုလုပ်ဆောင်လျက်ရှိ၏။ ဤသို့ လုပ်ဆောင်ရာတွင်ဘာသာစကားဖြင့် ဆက်သွယ် ဖြန့်ဖြူး နိုင်သောကြောင့် ခရီးရောက်ခြင်း ဖြစ်ပေသည်။ အကယ်၍ လူသားတို့၌ဘာသာစကား ပိုင်ဆိုင်မှု မရှိလျှင် ဖေါ်ပြပါ နိုင်ငံရေး, အုပ်ချုပ်ရေးစသော အကြောင်း အရာများကို လက်တွေ့ဖြန့်ချီဝေငှ နိုင်မည်မဟုတ်ပေ။

ဘာသာစကားသည်ယဉ်ကျေးမှု၏ တစိတ်တပိုင်းဖြစ်သည်သာမက ဘာသာစကားသည် ယဉ်ကျေးမှုပြန့်ပွားရေးအတွက်လုပ်ဆောင်ရာတွင်အဓိကမဏ္ဍိုင်ကြီးလည်းဖြစ်ပေသည်။

လူတဦးတယောက်သည် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင် တဦးတယောက်အဖြစ် ဘာသာစကားကို သင်ကြားနာယူရသည်။ လူ့အဖွဲ့အစည်း တခု အတွင်းမှာပင်ဘာသာစကားသည် မွမ်းမံပြင်ဆင်မှုအမျိုးမျိုးကို တွေ့ကြုံရပေသည်။

ကမ္ဘာပေါ်၌ ဘာသာစကား သင်ကြားမှုသည် ယခုအခါတွင် ခေတ်စားလျက် ရှိ၏။ အချို့သော ပညာရှင်တို့သည် ဘာသာစကား သင်ကြားရေးသည် "လူမှုရေးသိပ္ပံပညာ" (Social Science) ဖြစ်သည်ဟုယူဆ၍ အချို့သောပညာရှင်တို့သည် ဘာသာစကား သင်ကြားရေးသည် "သက်ရှိ သိပ္ပံ" (Biological Science) ဆန်သည်ဟု အဖြေပေးလျက်ရှိပေသည်။ လူ့အပြုအမူ သိပ္ပံ ပညာရှင်များကလည်း ဘာသာစကား သင်ကြား ခြင်းသည် "လူ့ အပြု အမူ သိပ္ပံ ပညာ" (Behavioral Science) ဖြစ်သည်ဟု ပြောဆိုလျက် ရှိပေသည်။ ၁၉-ရာစုခေတ်, ခေတ်ဦး ပိုင်းတွင် ဘာသာ ဗေဒ ပညာ ရှင်များသည် ဘာသာ စကား၏ နောက်ခံ သမိုင်းနှင့် ဘာသာစကား နှိုင်းယှဉ် လေ့လာရေး အကြောင်းများကို စုံစမ်းလျက်ရှိပေသည်။

အသံနှင့် စပ် ဆိုင်သော ဘာသာ စကား အကြောင်းကို လေ့လာ နိုင်သောကြောင့် ဘာသာ စကားတွင်ရှိသော အသံများသည် တခုနှင့်တခု ကူးပြောင်းနိုင်သည်ဟူသောအဖြစ်ကိုလည်း ရှာဖွေ တွေ့ရှိရလေသည်။ အသံများသည် တခုနှင့်တခု ကူးလူး ရွှေ့ပြောင်း နိုင်သောကြောင့် ပင်မ မွန် ဘာသာ စကားမှ မြန်မာအသံသို့ ပြောင်းရွှေ့ယူလာနိုင်ခြင်း ဖြစ်သည်။ ဥပမာ "ကျောက်နှင့်ကျိုက်။ခေတ်နှင့်ခေတ်"

စကားများကိုတွေ့ရှိနိုင်သည်။ အသံ ပြောင်းရွှေ့နိုင်ခြင်းကို ဂရင်း (မ်) နည်းဥပဒေ (**Grimm's Law**) ဟုခေါ်ပေသည်။

အမေရိကန် ပြည်ထောင်စုတွင် "ကရိဘာ" ဟု အမည်ရှိသော မနုဿဗေဒပညာရှင်တဦးရှိသည်။ သူသည်လူသိများ၍ ထင်ပေါ်ကျော်ကြားသော ပညာရှင်တဦးဖြစ်၏။ သူသည် "ယဉ်ကျေးမှု မှန်သမျှသည် ကူးပြောင်းပျံ့လွင့်နိုင်သော စွမ်းအင်သတ္တိ" ရှိသည်ဟု ဖေါ်ပြခဲ့ဘူးသည်။

အသံသည် တခုနှင့်တခု ကူးပြောင်းရာတွင်အနည်းငယ် ပြောင်းလဲမှုရှိ၏။

အမှန် စင်စစ် ဘာသာ စကား တခု၏ အကြောင်းအရာ အဖြစ်အပျက်များကို လေ့လာရာတွင် နည်းဥပဒေများ တည်ထွင်၍ လေ့လာ သင့်ကြောင်း တွေ့ရှိရပေသည်။ အမှန်စင်စစ် ဘာသာစကားတခုအကြောင်းကိုမလေ့လာမီ ဘာသာဗေဒပညာရှင်များသည် မိမိတို့၏ ဘာသာ စကား အကြောင်းကို စေ့စုံစွာ နားလည် သဘောပေါက်ရန် လေ့လာထားသင့်သည်။ မိမိတို့ပိုင် ဘာသာစကား၏ ပုံသဏ္ဍာန်တည်ဆောက်မှု၊ အသံထွက်အဓိပ္ပါယ် ဆက်စပ်မှု စသည်တို့ကို ဂဃနဏ လေ့လာထားသော် အခြားဘာသာများနှင့်မိမိတို့၏ ဘာသာစကားသည် မည်၍မည်မျှ တူညီသည် မည်မျှ ကွဲပြားခြားနားသည် စသည်တို့ကိုလည်း လေ့လာသင်ကြားနိုင်မည် ဖြစ်ပေသည်။ ဤသို့ပြုစု လေ့လာမှသာလျှင် ဘာသာစကား လေ့လာရာတွင် ပေါ်ပေါက် လာ သော ပြဿနာများကို ကူညီဖြေရှင်းနိုင်မည် ဖြစ်သည်။

ဘာသာစကား လေ့လာရေးနှင့် ပတ်သက်၍လူမှုဆက်ဆံရေးတွင် ဘာသာစကား ပြောဆိုမှုသည် အသုံးဝင်ပုံ ဘာသာစကားသည် အခြားအခြားသော လူတို့၏ ယဉ်ကျေးမှုများနှင့် ဆက်သွယ်နေပုံ စသည်တို့ အကြောင်း ကိုလည်း လေ့လာ ရမည် ဖြစ်ပေသည်။ ဘာသာစကား၏ အသုံးဝင်ပုံကို လေ့လာခြင်း၊ အခြားသော ဘာသာစကားများကို တတ်သိနားလည်အောင် ပြုလုပ်ခြင်း စသည်တို့ ပြုဆောင်သော် လူအချင်းချင်း၊ လူမျိုး အချင်းချင်းနှင့် တိုင်းပြည်အချင်းချင်းသည် ချစ်ကြည်ရင်းနှီးမှု ရရှိနိုင်မည် ဖြစ်ပေသည်။ ဘာသာစကား သင်ကြားရေး သည် များစွာအရေးပါ အရာရောက် ကြောင်းကို အမေရိကန် ပြည်ထောင်စုတွင် သိရှိပြီး ဖြစ်သည်။ ဘာသာစကားသင်ကြားရေးသည် လူ၏ ရုပ်ပိုင်းထက် ယဉ်ကျေးမှုပိုင်းနှင့် ပို၍ဆိုင်သောကြောင့် ဘာသာစကား သင်ကြားရေးကို ယဉ်ကျေးမှုမနုဿဗေဒတွင် တွဲဖက် သင်ကြားစေလျက် ရှိ၏။ အမေရိကန် ပြည်ထောင်စုရှိ တက္ကသိုလ်များ၌ ဘာသာစကား သင်ကြားရေးကို မနုဿဗေဒ ဘာသာသင်ကြားရေးနှင့် အတူ ဖွံ့ဖွံ့ဖြိုးဖြိုး သင်ကြားလျက် ရှိပေသည်။ ဘာသာဗေဒခေါ် ဘာသာ စကားပညာကို ထိရောက် အောင်မြင်စွာ သင်ကြားနိုင်ရေး အတွက် အမေရိကန် ပြည်ထောင်စု၌ အတွေ့အကြုံရှိပြီး ပုဂ္ဂိုလ် များကို ရွေးချယ် ခန့်ထားလျက်ရှိပေပြီ။

သင်္ချာဘာသာတွင် ကိန်းသေရှိသကဲ့သို့၊ တက္ကဗေဒဘာသာတွင် သတ်မှတ်ထားချက်များ ရှိသကဲ့သို့ ဘာသာစကားနှင့် သဒ္ဒါ တည်ဆောက်မှု တွင်လည်း သတ်မှတ်ထားသော ကိန်းသေနည်းများ ရှိပေသည်။ ဘာသာဗေဒစကားတခု၏ အဓိပ္ပါယ် ဖေါ်ခြင်းပညာကို အမေရိကန်ပြည်ထောင်စုတွင် ဝိုင်းဝန်းလေ့လာလျက်ရှိပေသည်။ ဤသို့ လေ့လာရာတွင် ဘာသာဗေဒပညာရှင်များသည် တက္ကဗေဒပညာရှင်များ၊ လူ့အပြုအမူသိပ္ပံပညာရှင်များနှင့် အခြား ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီကို ရယူလျက် ရှိပေသည်။ ဘာသာစကားတခု၏ နောက်ခံသမိုင်းကြောင်းကို လေ့လာမည်ဆိုလျှင်လည်း ယင်းလေ့လာမှုသည် အကျိုးသက်ရောက်မှု များစွာရှိနိုင်ပေသည်။ ဘာသာ စကားတခု၏ သမိုင်းကြောင်းကိုလေ့လာသောကြောင့် ပျောက်ကွယ် တိမ်မြုပ်နေပြီးဖြစ်သော ဘာသာစကား အသုံးများကို ပြန်လည်၍ တွေ့ရှိနိုင်မည်ဖြစ်ပေသည်။ တိမ်မြုပ်နေသော ဘာသာစကား အသုံးအနှုန်းများကို စေ့စပ် သေချာစွာ လေ့လာခြင်းအားဖြင့်၎င်း၊ ပင်မ ဘာသာမှ ခွဲထွက်

## ငါ့မာန်နှင့် ငါ့လူမျိုး

* ငါ့စိတ်ငါပိုင်၊ မဆိုင်ကြနဲ့
ပေးဟဲ့ယူဟဲ့၊ ငါလှည့်မကြည့်
ဖြစ်သမျှကြံ၊ ငါ့ဆန္ဒကို
ဖျက်လိုသူတိုင်း၊ မဆိုင်းမတွ
တားမြစ်ချေက၊ ငါဇောကြွ၏။

* အချိန်အခါ၊ ကျရောက်လာက
လက်မနှေးတမ်း၊ ငါ့စွမ်းငါကိုး
ငါ့လူမျိုးအတွက်၊ အသက်သေသေ
ကြာလေစေးလေ၊ စိတ်အေးသွားမယ်
တကယ်ကြိုးစား၊ ကြီးပွားသေချာ
မင်းသိပါက၊ ခုသာစတော့။

* မိနစ်ခရာ၊ နာရီနေ့ရက်
တွက်ချက်မနေနဲ့ သူငယ်ချင်း။ ။

ဗညားဗရမ်း(ရေးမြေ)

---

လာသော စကားများနှင့် စပ်ဟပ် နိုင်းနှိုင်း၍သော်၎င်း၊ လေ့လာသော် တိမ်မြုပ်နေသော ဘာသာစကားများကို ဖေါ်ထုတ်နိုင်ပေသည်။

အမေရိကန် ပြည်ထောင်စုတွင် ပညာရှင်များ စုပေါင်း၍ ပျောက်ဆုံးနေသော ဘာသာ စကားများ ဖေါ်ထုတ်ခြင်း၊ ဘာသာစကားများ ပြန်လည် တည်ဆောက်ခြင်းနှင့် ဘာသာ စကားများအတွက် ရက်စွဲတပ်ပေးခြင်းစသည်တို့ ပြုလုပ်နိုင်ခဲ့ပေသည်။ ပျောက်ဆုံးနေသော ဘာသာစကားများကို ပြန်လည် ဖေါ်ထုတ်နိုင်သောကြောင့်၎င်း၊ ရက်စွဲ တပ်ပေး နိုင်သောကြောင့်၎င်း၊ သမိုင်းမတိုင်မီ ခေတ်အကြောင်း လေ့လာရာတွင် များစွာ အထောက်အထားရပေသည်။

"ဘာသာစကား များကို ထောက်ထား၍ သက်တမ်းဖေါ်နည်း" (Glottochronology) သည် အမေရိကန်ပြည်ထောင်စုတွင် ထွန်းကားလျက် ရှိပေသည်။ ယင်းသက်တမ်းဖေါ်နည်းစနစ်ပေါ်ပေါက်လာသောကြောင့် ရှေးဟောင်းသုတေသန ပညာရှင်များ၊ ယဉ်ကျေးမှုမနုဿဗေဒပညာရှင်များနှင့် ဘာသာဗေဒပညာရှင်များ အတွက် များစွာ အကျိုးရှိ၏။ အမေရိကန်ပြည်ထောင်စုတွင် စကားအသံ၏ လေလှိုင်းနှုန်းကို တွက်ဆပြီး လေ့လာဆန်းစစ်လျက် ရှိပေသည်။ လေလှိုင်းနှုန်းကိုတွက်ချက်သောကိရိယာကို "ဆောင်းစပက်တိုဂရမ်စ်" ( Sound Spectograms ) ဟု ခေါ်ဆိုလေသည်။ ယင်းကိရိယာဖြင့် စကားအသံ၏လေလှိုင်းနှုန်းကိုမှန်ကန်စွာ တွက်ချက်နိုင်လေသည်၊ စကားအသံ၏ လေလှိုင်း နှုန်းကို တွက် ချက် သော ကိရိယာပေါ်ပေါက်လာသောကြောင့် တဦးနှင့် တဦး စကားပြောဆို ဆက်သွယ်ရာတွင်၎င်း၊ ဆွံ့အ နားမကြားသော ပုဂ္ဂိုလ်များကို သင်ကြားရာတွင် ၎င်း။ များစွာ အသုံးဝင်လေသည်။ စကားအသံ လေလှိုင်းတိုင်း ကိရိယာကို ဘဲလ်ဓါတ်ခွဲခန်းများ၌ တီထွင်ခဲ့ခဲ့သည်။

လူမျိုးအသီးသီး၏ ဘာသာ စကားအမျိုးမျိုး များကို လေ့လာကြည့်ခြင်းအားဖြင့်လူအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်သွယ်မှု ပြုကြပုံကိုလည်း အလွယ်တကူနှင့် လေ့လာနိုင်မည်ဟု၍ လူ့အပြုအမူ သိပ္ပံပညာရှင်များက ယူဆလျက်ရှိပေသည်။ ယင်းသို့ ယူဆလျက်ရှိသောကြောင့်ပင် လူ့ အပြုအမူ သိပ္ပံပညာရှင်များသည် ဘာသာ စကားနှင့် ဘာသာစကားနှင့် ဘာသာစကား လေ့လာခြင်းအကြောင်းများကို လေ့လာဆန်းစစ်လျက် ရှိကြောင်း။ ။

စုဆောင်းတင်ပြသူ
ရာမည-မင်းကိုကိုဦး

# သမိုင်းပေးတာဝန်

ချစ်နွယ်သွင်

နိုင်ငံတနိုင်ငံ၏ စာပေနှင့် ယဉ်ကျေးမှု တိုးတက် ဖွံ့ဖြိုးရေးသည် ထိုနိုင်ငံရှိ တိုင်းရင်းသား လူမျိုးများပေါ်တွင် တည်နေသည်။ တိုင်းရင်းသား လူမျိုးများသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် မိရိုးဖလာ ရိုးရာ ဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်း၊ ကျင့်သုံးခြင်း၊ ဖေါ်ထုတ် မြှင့်တင်ခြင်း စသည်တို့ကို နှစ်နှစ်ကာကာ ပြုလုပ်မှသာလျှင် နိုင်ငံ၏ စာပေနှင့် ယဉ်ကျေးမှုသည် တိုးတက် ဖွံ့ဖြိုးနိုင်မည် ဖြစ်သည်။

ထို့အတူ မြန်မာ နိုင်ငံရှိ တိုင်းရင်းသား လူမျိုးများများ၏ စာပေနှင့် ယဉ်ကျေးမှုများ တိုးတက်ဖွံ့ဖြိုးမှသာလျှင် မြန်မာနိုင်ငံ၏ စာပေနှင့်ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးအသီးသီးတို့ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုး များသည် မိမိတို့၏စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်း၊ ကျင့်သုံးခြင်း၊ ဖေါ်ထုတ် မြှင့်တင်ခြင်းစသည်တို့ကို အစဉ် သဖြင့် ပြုလုပ် ရမည် ဖြစ်သည်။

မွန်တိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ထုံးစံများကို ထိန်းသိမ်း မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်ရှိ "မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီ"၏ လုပ်ဆောင်ချက်သည် အားရဝမ်းသာဘွယ် ကောင်းသည်။

မွန် တိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းဖေါ်ထုတ်ရေး၊ တိုင်းရင်းသားအသီးသီးတို့သည် အခြားတိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို နားလည်သိရှိနိုင်ရေး၊ ကျဉ်းမြောင်းသော လူမျိုးရေး စိတ်ဓါတ်များ ကွယ်ပျောက်ရေး၊ မွန်တိုင်းရင်းသားတို့သည် အခြား တိုင်းရင်းသားများနှင့် သွေးစည်း ညီညွတ်စွာဖြင့် ခေတ်ပြောင်း တော်လှန်ရေးကြီးကို ပါဝင်ဆင်နွှဲရေး စသည်တို့ကို ရှေ့ရှုလျက် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်နယ်မြေ၌ "မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီ"ကို ဖွဲ့စည်းခဲ့သည်။

ဆပ်ကော်မီတီ၏ လုပ်ဆောင်ချက်သည် အားရဘွယ် ကောင်းသည်။ ရန်ကုန် တက္ကသိုလ် နယ်မြေတွင် မွန်စာပေ သင်တန်းကို ဖွင့်လှစ်၍ မွန်စာပေကို သင်ကြားပို့ချခြင်း၊ မွန်မိရိုးဖလာ အဆိုအက သင်တန်းမှ မွန်တိုင်းရင်းသားတို့၏ အဆိုအကကို သင်ပြခြင်း၊ မွန်စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ ထုံးစံ များကို ဖေါ်ထုတ် မြှင့်တင်သည့် ဟောပြောပွဲများ ကျင်းပခဲ့ခြင်း၊ ယဉ်ကျေးမှု မြူးပွဲနှင့် ကပွဲများကို ပြုလုပ်ခဲ့ခြင်း စသော လုပ်ဆောင်ချက်များသည် မွန်တိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ထုံးစံများထိန်းသိမ်းဖေါ်ထုတ်ရေး အပိုင်း၌ ထိရောက် ကျယ်ပြန့်သော လုပ်ဆောင်ချက်များ ဖြစ်ပါဖြစ်သဖြင့် ဂုဏ်ယူဘွယ် ကောင်းပါသည်။

မွန် စာပေ၊ ယဉ်ကျေးမှု နှင့် ရိုးရာ ဓလေ့ထုံးစံများထိန်း သိမ်းမြှင့်တင်ရေးသည် မွန်အမျိုးသား တိုင်း၏ သမိုင်းပေးတာဝန်ဖြစ်သည်။ သမိုင်းပေး တာဝန်ကို ရန် ကုန် တက္ကသိုလ်နယ်မြေရှိ မွန် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီအနေဖြင့် အားကြိုး မာန်တက် ထမ်းဆောင် နေချိန်တွင် မွန်အမျိုးသားတို့သည် မိမိတို့၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သင့်ပြီဖြစ်သည်။

မွန်အမျိုးသားများသည် မိမိတို့စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့် ပတ်သက်၍ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပြုလုပ်ရပေမည်။ မိမိအမျိုးကိုချစ်ခြင်း၊ မိမိဘာသာစကားကို လေးစားခြင်း၊ မိမိယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကျင့်သုံး ပြုလုပ်မှသာလျှင် မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုသည် ကမ္ဘာတည်သရွေ့ တည်တံ့သွားမည်ဖြစ်သည်။

တိုင်းရင်းသား လူမျိုးများအရေးနှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့်ခံယူချက် အပိုင်းရ

တွင် "တိုင်းရင်းသား လူမျိုးအသီးသီး၏ ထူးခြားသော အခြေ အနေအရ သီးခြား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရမည့် အချက်များဆိုရာ၌ တိုင်းရင်းသား လူမျိုးအသီးသီးတို့သည် မိမိတို့ချစ်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာနှင့် စောင့်ထိန်းအပ်သည့် ဓလေ့ ထုံးတမ်းများကို သီးခြားဆောင်ရွက်ခွင့် ရှိရပါမည်"ဟု အတိအလင်း ဖေါ်ပြထားသဖြင့် မွန် အမျိုးသား တိုင်းသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်း မြှင့်တင်ရေး လုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်ဆောင် နေမည် ဖြစ်သည်။

အပိုဒ် ၈ နှင့် ၉ တွင်လည်း "သို့ရာတွင် ထိုသို့ သီးခြား ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြီးတခု လုံးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သော စည်းလုံး ညီညွတ်ရေးကို ထိပါးရာ ရောက်ပါက လုံး၀ ရှောင်ကြဉ်သင့်ပါသည်"၊ "ထို့အပြင် မိမိတို့၏ သီးခြားဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတမျိုး၊ သို့မဟုတ် အများအား ထိခိုက်နစ်နာမည်ဆိုပါက ပြန်လည်ညှိနှိုင်း၍ ပြေလည်မှုရပြီးမှသာ ဆောင်ရွက်ရပါမည်"ဟု ဖေါ်ပြထားသည်။

ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓါတ်ကို ပယ်ဖျောက်၍ ပြည်ထောင်စု စိတ်ဓါတ်ဖြင့် လုပ်ဆောင်ခြင်းသည် အကောင်းမွန်ဆုံးပင် ဖြစ်လေသည်။ မွန်တိုင်းရင်းသားများနည်းတူ အခြား တိုင်းရင်းသားများလည်း သူတို့၏စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကို လုပ်ဆောင်ကြသည် ဖြစ်ရာ ဦးတည်ချက်ခြင်း တူညီနေသည်။ သို့ဖြစ်၍ အချင်းချင်း ပြေလည်မှု၊ လေးစားမှု၊ ချစ်ကြည်မှု၊ စည်းလုံးမှုများဖြင့် လုပ်ဆောင်မှသာ တိုင်းရင်းသား အချင်းချင်း သွေးစည်းညီညွတ်ရေးကို အထောက်အကူ ပြုပေမည်။

အမျိုး၏ ဂုဏ်သိက္ခာ မြင့်မားရေး၌ မိမိအမျိုးကို ချစ်ခြင်းသည် အဓိကအရေးပါပေသည်။ တိုင်းရင်းသားများသည် မိမိအမျိုးကိုချစ်ရာ၌ တခြားတိုင်းရင်းသားလူမျိုးများအား မုန်းတီးရန်မလိုပေ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် တမြေထဲနေ တရေထဲသောက်၍ တအူတုံဆင်း မောင်နှမ အရင်းများသာ ဖြစ်ကြသည်။

အမျိုးကိုချစ်ခြင်းနှင့် စပ်လျဉ်း၍ လွတ်လပ်ရေး ဗိသုကာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "အမျိုးဆိုရာမှာ ဘယ်လို အမျိုးကို တည်ရမလဲ ဗမာ၊ ကရင်၊ ချင်းနှင့် အခြားအမျိုးများလဲ ရှိသေးတယ်၊ တခြား နိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသား လူမျိုးအများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်၊ ရုရှားပြည်တို့မှာလဲ သည်အတိုင်းပဲ၊ အမေရိကန်ပြည်မှာ အင်္ဂလိပ် စကားကို ပြောကြသော်လဲ အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးတို့စုပေါင်းပြီး လူမျိုးတမျိုးဖြစ်အောင် ထူထောင်ပြီး သူတို့ ကိုယ်ကို အမေရိကန်လို့ ဆိုကြတာပဲ၊ ဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် တမျိုးထဲကို လိပ်ခဲတင်းလင်းစွဲပြီး ယူဆလို့မဖြစ်နိုင်ဘူး၊ လူမျိုးရေး တရားဟာလဲ ငါ့မှ ငါ့လူမျိုး၊ အခြား လူမျိုးတွေဟာ ငါ့လောက်မမြင့်မြတ်၊ ငါ့လူမျိုးသာ ကမ္ဘာမှာ ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်း သေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ပဲ ကိုယ့်လူမျိုး ကိုယ်ချစ်ခင်သော်လဲ တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ပဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တဦးအကျိုး တဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးဖြစ်ရမယ်" ဟု မိန့်ကြားခဲ့သည်။

ဗိုလ်ချုပ်၏မိန့်ကြားချက်သည် နိုင်ငံတကာရှိ လူမျိုးအသီးသီးတို့၏ ချစ်ကြည်သွေးစည်းမှု၊ မိမိအမျိုးကို ချစ်ခင်မှုတို့အတွက် များစွာ အထောက်အပံ့ဖြစ်သကဲ့သို့ မြန်မာပြည်ရှိ တိုင်းရင်းသားများ အတွက်လည်း မိမိအမျိုးကိုချစ်ခြင်း၊ တခြား တိုင်းရင်းသားများကို လေးစားချစ်ခင်ခြင်းတို့၌ ဗိုလ်ချုပ်၏မိန့်ကြားချက်သည် စံနမူနာထားဘွယ် ဖြစ်၏။ ဗိုလ်ချုပ်၏ မိန့်ကြားချက်အတိုင်း တသွေ မတိမ်း လိုက်နာကျင့်သုံးမှသာလျှင် မှန်ကန်သောမျိုးချစ်စိတ်ဓါတ်ကို မွေးမြူနိုင်မည် ဖြစ်သည်။

အမျိုးကိုချစ်သည်ဆိုရာ၌ မွန်အမျိုးသားများသည် ဗိုလ်ချုပ်၏ မိန့်ကြားချက်ကို အထူး သတိပြုသင့်ပါသည်။ ကျဉ်းမြောင်း သေးသိမ်သော လူမျိုးရေးစိတ်ဓါတ်များ ပပျောက်ရေး အတွက် ဗိုလ်ချုပ်၏ မိန့်ကြားချက်သည် များစွာအဘိုးတန်သည်။ မြန်မာနိုင်ငံ

ရှိ တိုင်းရင်းသား များအား လေးစားခြင်း၊ အားကိုး အားထားပြုခြင်း၊ လက်တွဲ လုပ်ကိုင်ခြင်းနှင့်အတူ မိမိ လူမျိုးကို ချစ်ခြင်းသည်သာ ပျော်ကန် သင့်မြတ်ပါ သည်။

မိမိအမျိုးကို အထင်သေးပြီး အမေကျော် ဒွေး ဒေါ်လွှမ်းလိုသော စိတ်ဓါတ်များ ရှိနေခြင်းသည် လူ မျိုး၏စာပေနှင့် ယဉ်ကျေးမှု တဖြေးဖြေးမှေးမှိန်ကွယ် ပျောက်ခြင်း၏ ရေသောက်မြစ်ဖြစ်သည်။ သို့ဖြစ်၍ ထို စိတ်ဓါတ်များ ကင်းစင် ပပျောက်ရေးအတွက် မွန်အ မျိုးသားတိုင်းပြုလုပ်ရမည်ဖြစ်သည်။

ပညာတတ် မွန်လူငယ် အချို့နှင့် လူကြီး အရွယ် အချို့တို့သည် ခရီးသွားလာရာ၌ မွန်စကားကို ပြော ဆိုရန် ဝန်လေး တတ်သည်ကို တွေ့မြင်နေရသည်။ ဝမ်းနည်းဘွယ်ကောင်းလေစွ။ ထိုထိုသော မွန်အမျိုး သားများမှာ မှားယွင်းသော အတွေး အခေါ်နှင့် ဖေါက်ပြန်သော ခံယူချက်များ ရှိနေခြင်းကြောင့် ဖြစ် သည်။ မိမိအမျိုးကို မိမိ ဂုဏ်ယူ ချစ်ခင်ရမည့်အစား အထင်သေး အမြင်သေး ဖြစ်နေခြင်းသည် မိမိအမျိုး ၏ စာပေနှင့်ယဉ်ကျေးမှု တည်တံ့ဖွံ့ဖြိုးမှု၌ ကြီးမား သော အဖျက်အဆီးဖြစ်သည်။ မွန်လူမျိုးတို့၏ စာ ပေနှင့်ယဉ်ကျေးမှု ထာဝရ တည်တံ့ဖွံ့ဖြိုးရေးကို ရှေ့ ရှုလျက် မှားယွင်းသော အတွေးအခေါ်နှင့် ခံယူချက် များကို ပယ်ဖျောက်ပစ်ရန်မှာ မွန် အမျိုးသားတိုင်း အရေးတကြီး ပြုလုပ်ရမည့် တာဝန်ဖြစ်သည်။

အများအတွက် အများ လုပ်ဆောင်ခြင်း သည် သဘာဝကျပါသည်။ မွန်လူမျိုးတို့၏ စာပေနှင့် ယဉ် ကျေးမှု ထိန်းသိမ်း မြှင့်တင်ရေး သမိုင်းပေးတာဝန် ကို မွန်အမျိုးသားတိုင်း အင်တိုက် အားတိုက် လုပ် ဆောင်မှသာလျှင် တိုးတက်ပေမည်။

သို့ဖြစ်၍ မွန်အမျိုးသားတိုင်းသည် နိုးကြားခြင်း၊ ကြိုးစားခြင်း၊ စည်းလုံးခြင်း၊ အမြင် ကျယ်ခြင်းဖြင့် ခေတ်ပြောင်း တော်လှန်ရေးကြီးတွင် တိုင်းရင်းသား များနှင့် လက်တွဲပါဝင်ရင်း မွန်စာပေ၊ ယဉ်ကျေးမှု နှင့် မိရိုးဖလာ ရိုးရာ ဓလေ့ထုံးစံများကို ထိန်းသိမ်း မြှင့်တင်ရေးဟူသော သမိုင်းပေးတာဝန်ကို ကျေပွန် စွာ ထမ်းဆောင်သင့်ပြီဖြစ်သည်။ ။

ချစ်နွယ်သွင်
ကလော့သော့ရွာ

# ““လူ””

* လူဟူသည်ကား၊ သတ္တဝါတွင်
ပညာရှင်ကြီး ဖြစ်သတည်း။

* လူသည်သာလျှင်၊ မြတ်ဆုံးပင်ဟု
ရှင်တော်ဘုရား ဟောခဲ့သား။

* လူသည်သာပင်၊ ဓိကရှင်ဟု
ထင်မှတ်ပြုကြ၊ ပြောဆိုကြလည်း
သင်လည်းလူသား၊ သင့်စွမ်းအားဖြင့်
ရန်ပွားလေအောင်၊ သင်လုပ်ဆောင်လဲ
လုပ်ဆောင်မသင့်၊ စိတ်ကိုချင့်ရန်
ကျင့်ကြံနေထိုင်၊ သင်လုပ်ကိုင်လော့။

* သင့်သတ္တိအား၊ စွမ်းပကားကို
မျှားကျိုးဆောင်ရွက်၊ ကောင်းသည့်ဘက်တွင်
တာဝန်ကျေအောင်၊ သင်လုပ်ဆောင်လော့။

* မလျော့အားမာန်၊ ဇွဲစိတ်သန်ဖြင့်
အများနှင့်သင်၊ သင်နှင့်အများ
အကျိုးပွားရန်၊ သင်ကျင့်ကြံလော့။

* သို့မှသင်သည်၊ ဤလူ့ပြည်တွင်
လူစင်စစ်ဖြစ်၊ လူ့စနစ်နှင့်
လူ့ကျင့်ဝတ်ကျေ၊ လူ့ဖြစ်ပေမည်
လူသည်လူသာ မဟုတ်ပါ။

* လ,နှစ်ချောင်းငင်
လူ,ဖြစ်လျှင်
အသင်ဘာကြောင့် မိုက်မည်နည်း။ ။

မောင်မိုးဆောင်း (သံလွင်မြေ)

# မွန်အမျိုးသားဝတ်စုံ

● ဗညားအောင်မိုး ●

ကျွန်ုပ်တို့ မွန်လူမျိုး၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှု အခြေခိုင်ခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီ၍ ကြာခဲ့ပေပြီ။ မွန်လူမျိုးတို့၏ သမိုင်းရှေးပိုင်းတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကို မည်သူ၏ စာပေနှင့် ယဉ်ကျေးမှုကမှ မလွှမ်းမိုးနိုင်ခဲ့။ စာပေနှင့် ယဉ်ကျေးမှုသည် မွန်လူမျိုးတွင် တင့်တယ်လွတ်လပ်စွာ တိုးတက်ခဲ့၏။ ထိုမျှပင် မကသေးပေ။ မွန်လူမျိုးနှင့် နီးစပ်ရင်းနှီးသော အခြား ညီအကို တိုင်းရင်းသားလူမျိုးများ၏ စာပေ ယဉ်ကျေးမှု တိုးတက်ရေး အတွက် အထောက်အကူ ပြုပေးခဲ့သည်။

သို့သော် ကျဉ်းမြောင်းသော လူမျိုးရေး ဝါဒီ-ပဒေသရာဇ် မင်းကြမ်းတို့ ဓါးမိုးအုပ်စိုးသော ခေတ်နှင့် နယ်ချဲ့တို့၏ လက်အောက်သို့ ရောက်ရသော ခေတ်တို့တွင် မွန်အမျိုးသားတို့၏ စာပေနှင့် ယဉ်ကျေးမှုသည် လွှမ်းမိုး နှောက်ယှက်ခြင်း ခံခဲ့ရသည်။

သို့နှင့်ပင် မွန် ယဉ်ကျေးမှု၏ အရေးကြီးသော အစိတ်အပိုင်း တခုဖြစ်သော မွန်တို့၏ ဝတ်စားဆင်ယင်မှုသည် မေ့မှိန်သွားသည့် အခြေသို့ ရောက်ခဲ့ရသည်။

တာဝန်သိသော မွန် တောင်သူလယ်သမား အလုပ်သမား ဆင်းရဲသားများ၏ ဇွဲရှိရှိ ထိန်းသိမ်းခဲ့မှု ကြောင့် လုံးဝ ပျောက်ကွယ်သွားသည့် အခြေသို့ မရောက်ခဲ့ပေ။

မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် ပိုင်းတွင် မွန်ဒေသမှ ယက္ကန်း လုပ်ငန်းရှင်များသည် စီးပွားရေး အမြင်ဖြင့် ပိုမို တွင်ကျယ်စွာ ရောင်းချနိုင်သော မြန်မာ အဝတ် အထည်ကိုသာ ယက်လုပ်ကြပြီး မွန်အမျိုးသား တို့၏ ဝတ်စား ဆင်ယင်မှု



အမျိုးသားဝတ်စုံအတွက် ရင်နှီးစွာ တိုင်ပင်ဆွေးနွေးနေကြစဉ်။

ကို လျစ်လျူရှုခဲ့ကြသည်။ ရာမညတိုင်းသားများသည်လည်း လွယ်ကူစွာရနိုင်သော မြန်မာအဝတ်အထည်များကိုသာ ဝယ်ယူသုံးစွဲကြသဖြင့် မွန်တို့၏ အဝတ်အထည်များကို ပိုမို၍ အဝတ်နည်းလာကြသည်။

ယခုအခါ အမျိုးသားဝတ်စုံကို ဝတ်ဆင်ရန် လိုအပ်လာသည့် အခါတွင် မည်သည့်ဝတ်စုံကို ဝတ်ရမည်ကိုပင် မဝေခွဲနိုင်သော အခြေအနေသို့ ရောက်ရှိခဲ့လေသည်။ တစုံတခုသော အခမ်း အနားတွင် ပြည်ထောင်စု တိုင်းရင်းသား ညီအကိုများနှင့် အတူ မိမိတို့ အမှတ်အသား ပြုသောဝတ်စုံကို မဝတ်ဆင်နိုင်သော အခြေသို့ ရောက်ခဲ့၏။ လူမျိုးတိုင်းတွင် မိမိတို့၏ ယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးစံမှ ဆင်းသက်ပေါက်ဖွားလာသော အမျိုးသားဝတ်စုံများ ရှိကြလေသည်။ ထို့ကြောင့်ပင် လူမျိုးစုံ တက်ရောက်သော အခမ်းအနား ပွဲများတွင် ယင်းတို့၏ ဝတ်စုံများကိုကြည့်ပြီး၊ မည်သူသည် မည်သည့် လူမျိုးဖြစ်သည်ကို ခွဲခြား သိနိုင်ကြ၏။ ထို့ကြောင့် လူမျိုးတမျိုး၏ အမျိုးသားဝတ်စုံသည် ယင်းလူမျိုး အတွက် အမှတ်အသားသင်္ကေတခုဖြစ်သည်ဟုဆိုလျှင်မှားမည် မဟုတ်ပေ။

ဤသို့ ခိုင်မာထင်ရှားသော အမျိုးသားဝတ်စုံ မရှိခြင်းကြောင့်ပင် တိုင်းရင်းသား ညီအကိုများ တွေ့ဆုံပွဲများတွင် မွန်လူမျိုးကိုခွဲခြားသိမြင်နိုင်ရန်မလွယ်ကူပေ။ မွန်လူမျိုးကို လူမြင်နဲကြသည်။ ကျွန်ုပ်တို့ မွန်အမျိုးသားများအနေဖြင့် အခြားသော ညီအကိုမောင်ဘွား တိုင်းရင်းသားများ အကြားတွင် ကိုယ်ပိုင် အမျိုးသားဝတ်စုံကို မဝတ်ဆင် နိုင်သောကြောင့် ဟာဒယနှလုံး မရွှင်မပြုံးနိုင်သော အခြေအနေနဲ့ ကြုံတွေ့ ခဲ့သော ကြိမ်ဖန်ပေါင်းလည်းများလှပေပြီ။

ဤသို့သောအဖြစ်အပျက်ကိုတက္ကသိုလ်လောကတွင် အကြိမ်ကြိမ် ဆုံစည်းခဲ့ရ၏။ ကောလိပ်တက္ကသိုလ်များရှိ တိုင်းရင်းသားလူမျိုးတိုင်းတွင် မိမိတို့တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီများ ရှိကြ၏။ ကော်မီတီတခုနှင့်တခု တွေ့ဆုံပွဲများ၊ စုပေါင်း ကျင်းပသော ပွဲများရှိကြ၏။ (ဥပမာ ပြည်ထောင်စုနေ့ပွဲတော် တက္ကသိုလ် နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ပွဲတော်) ဤသို့သောပွဲများတွင် ကျွန်ုပ်တို့ ကျောင်းသူ ကျောင်းသားများသည် အခြား ညီအကို တိုင်းရင်းသားများ နည်းတူ မိမိတို့ဝတ်စုံကို မဝတ်ဆင်နိုင် ခဲ့ပေ။ အမျိုးသား ဝတ်စုံ မရေရာသောကြောင့် အချို့သော ပွဲများကို ပါဝင်မဆင်နွှဲနိုင်သော အခြေ သို့ ရောက်ခဲ့၏။ (ဥပမာ ၁၉၇၁ ခုနှစ်ရန်ကုန် တက္ကသိုလ် ပြည်ထောင်စုအလံ သယ်ပွဲ)



အမျိုးသမီးဝတ်စုံအတွက်လည်း ဤနှယ် ဆွေး နွေးခဲ့ကြသည်။

ထို မပြည့်စုံ မှု ကြောင့် ရင်ဆိုင် ရ သော အခက် အခဲ

အတွေ့အကြုံများကို သိသော မွန်အမျိုးသားများသည်
၎င်း၊ မွန်အမျိုးသားဝတ်စုံကို ရှိစေလိုသည့် မွန်ရဟန်း
သံဃာတော် များသည်၎င်း၊ အထက်တန်း ကျောင်း
များမှ ကျောင်းသူကျောင်းသားများနှင့် ရပ်ရွာဒေသ
အနှံ့အပြားမှ မွန်လူငယ်လူလတ်များသည်၎င်း၊ မွန်အ
မျိုးသားဝတ်စုံ ဖြစ်မြောက်လာအောင် ဖန်တီးပေးရန်
တက္ကသိုလ်မွန်ကျောင်းသူကျောင်းသားများသို့ စာနှင့်
တဖုံ၊ လူနှင့် တမျိုး၊ အမျိုးမျိုးအဖုံဖုံ တောင်းဆိုလာ
ကြသည်။ ယင်းတို့၏တောင်းဆိုမှုကိုလွန်ခဲ့သောနှစ်က
ထုတ်ဝေလိုက်သော တက္ကသိုလ်များ ရန်ကုန် မွန်မဂ္ဂ
ဇင်းတွင် ဆောင်းပါး အဖြစ်၎င်း၊ ကဗျာအဖြစ်၎င်း။
ပါရှိသည်ကိုတွေ့ရပေမည်။ ညီအကိုမောင်ဘွား တိုင်း
ရင်းသားများနည်းတူ အမျိုးသားဝတ်စုံကို ဝင့်ကြွား
စွာ မဝတ်ဆင်နိုင်၍ စိတ်ထိခိုက်နေသော တက္ကသိုလ်
ကောလိပ်ပေါင်းစုံမှ မွန်ကျောင်းသူကျောင်းသားများ
အဖို့ မွန်တမျိုးသားလုံး၏ဆန္ဒကို သိရှိလာသောအခါ
အထူးအားတက်မိပါသည်။ မွန်အမျိုးသားဝတ်စုံတခု
ပေါ်ပေါက်လာရန်အတွက် ကြိုးစားမည်ဟု သံဒိဋ္ဌာန်
ချကြ၏။ စိတ်ထက်သန်သူမွန်ကျောင်းသူကျောင်းသား
များသည် အချင်းချင်းတွေ့ဆုံကြလေတိုင်းမွန်လူမျိုးတို့
၏ ဝတ်စားဆင်ယင်မှု အကြောင်းကို ဆွေးနွေးကြ၏။
နည်းလမ်းများရှာဖွေကြ၊ ကျောင်းပိတ်ရက်၌ မိဘရပ်
ရွာနေကို ရောက်လေတိုင်း မွန် ဝတ်စား ဆင်ယင်မှုကို
စေ့စေ့ စပ်စပ် လေ့လာကြ၏။ မွန် လူကြီးများ၊
ရဟန်း သံဃာတော်များထံမှ မေးမြန်း လေ့လာကြ
၏။ အချင်းချင်း ဆုံစည်းမိသောအခါတွင် မွန်ဝတ်
စုံကို မည်သို့ သတ်မှတ်လျှင် ကောင်းမည်ကို ဆွေး
နွေးကြ၏။ ဤသို့ဖြင့် မျက်မြင် အထောက်အထား
ပစ္စည်းများမရှိလျှင် မလွယ်ကူကြောင်း သိလာကြ၏။

တဖန် အထောက်အထား ပစ္စည်းများ ရရှိသော်
ကောလိပ်တက္ကသိုလ်များရှိ မွန်စာပေနှင့် ယဉ်ကျေး
မှုဆပ်ကော်မတီများမှ သတ်မှတ် ဖေါ်ထုတ်မည်ဟု
စဉ်းစားကြပြန်သည်။ သို့သော် ဤသို့ လုပ်ဆောင်ပါ
မူ စိတ်ပါဝင်စားသူ မွန် အမျိုးသားတိုင်း ပါဝင်နိုင်
သောအခွင့်အရေး နည်းပါးသွားပေမည်။ ဤသို့ဖြင့်
ကျွန်ုပ်တို့ ပြည်ထောင်စုတွင် တိုင်းရင်းသားများသည်
မိမိတို့ စာပေနှင့် ယဉ်ကျေးမှုကို လွတ်လပ်စွာ ထုတ်
ဖေါ်နိုင်သည့် အခွင့်အရေး ရှိသည်နှင့် အညီ အမျိုး
သားဝတ်စုံ ထုတ်ဖေါ် ဖြစ်မြောက်ရေး ကော်မီတီကို
၁၉၇၁ ခုနှစ် ဩဂုတ်လ ၂၁ ရက် စနေနေ့တွင် ရွှေ
တိဂုံဘုရားလမ်း မွန် ပိဋကတ်တိုက်တွင် ကောလိပ်
တက္ကသိုလ် ကျောင်းသူကျောင်းသားများ၊ ကျောင်း
သားဟောင်းများ ဦးစီး၍ ဖွဲ့စည်းလိုက်သည်။

မွန်အမျိုးသားဝတ်စုံ ထုတ်ဖေါ် ဖြစ်မြောက်ရေး
ကော်မီတီတွင် ပါဝင်သူများသည် အများအားဖြင့်
ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်ကောလိပ်၊ မန္တလေး
တက္ကသိုလ်၊ တောင်ကြီးကောလိပ်မှ မွန်ကျောင်းသူ
ကျောင်းသားများ၊ တက္ကသိုလ်များမှ ဘွဲ့ရပြီးသော
မွန်ကျောင်းသူ ကျောင်းသား ဟောင်းများ၊ ရန်ကုန်
တက္ကသိုလ်မှ ဆရာ၊ ဆရာမများ ဖြစ်ကြ၏။ ကျန်ရှိ
သော ကော်မီတီဝင် များမှာ စိတ်ပါဝင်စားသော
အထက်တန်း ကျောင်းသားများ၊ မွန် လူငယ်
လူလတ်ပိုင်းများပင် ဖြစ်၏။ ထိုကော်မီတီ၏ ရည်ရွယ်
ချက်မှာ မွန်အမျိုးသားဝတ်စုံ တိတိကျကျ မားမား
မတ်မတ် ပေါ်ထွက်လာရန် ဖြစ်၏။

ထိုကော်မီတီကို ဖွဲ့စည်းလိုက်သောနေ့ (၂၁-၈-
၇၁) တွင် မွန်ပိဋကတ်တိုက်၌ ပထမအကြိမ် အ
စည်းဝေး ခေါ်ယူသည်။ ယင်းအစည်းဝေးတွင်....

(၁) မွန်အမျိုးသားများ၏ ရှေးဟောင်းအဝတ်
အစားနှင့် ယနေ့အဝတ်အစားများကို အထောက်
အထား ပစ္စည်းများအဖြစ် အသုံးပြုနိုင်ရန် မွန်ဒေသ
နယ်စုံသို့ သွား၍ စုဆောင်းရန်။

(၂) မွန်ဒေသသို့ ရောက်ရာတွင် တွေ့ရှိသော
ပစ္စည်းများ၏ အကြောင်းအရာကို သိရှိသော ပုဂ္ဂိုလ်
များထံတွင် မေးမြန်းလေ့လာရန်။

(၃) မွန်တို့၏ ဝတ်စား ဆင်ယင်မှု အကြောင်း
နှင့် ပတ်သက်၍ သိရှိသော ပုဂ္ဂိုလ်များနှင့် ဆွေး
နွေးရန်။

(၄) ၅-၉-၇၁ ရက်နေ့တွင် မွန်ပိဋကတ်တိုက်
၌ ပြန်လည်အစည်းဝေးခေါ်ပြီး အတွေ့အကြုံနှင့် ရရှိ
လာသော ပစ္စည်းများ အကြောင်းကို အချင်းချင်း
ဆွေးနွေးကြရန်။

(၅) ထိုနေ့မှာပင် အတွေ့အကြုံ အကြားအမြင်
ဗဟုသုတများ၊ အထောက်ပစ္စည်းပေါ်မှ လေ့လာ၍
ရရှိသော အဖြေများကို ပေါင်းစပ်ပြီး မွန်အမျိုးသား

ဝတ်စုံ ပုံသဏ္ဌာန် အဆင် အကွက် များကို အကြမ်း သဘော ရွေးချယ်သတ်မှတ်ရန်။

(၆) တဖန် ၁၂-၉-၇၁ ရက်နေ့ (တနင်္ဂနွေနေ့) တွင် စိတ်ပါဝင်စားကြသော မွန်လူကြီးများ၊ လူငယ် လူလတ်များ၊ ရဟန်း သံဃာတော်များ၊ တက္ကသိုလ်များ အသီးသီးမှ ဆရာ - ဆရာမ၊ ကျောင်းသူ- ကျောင်းသား များကို ဖိတ်ခေါ်ပြီး မွန်အမျိုးသား ဝတ်စုံကို သတ်မှတ် အတည်ပြုနိုင်ရန်အတွက် ကျယ်ပြန့်သော ဆွေးနွေးပွဲတရပ် ကျင်းပ ပေးရန်။



အတည်ပြုသတ်မှတ်ကြသည့် အမျိုးသားဝတ်စုံ။

အစရှိသော လုပ်ငန်းစဉ်တို့ကို ၂၁-၈-၇၁ အစည်းအဝေးတွင် ကော်မီတီက ချမှတ်လိုက်သည်။

အထက်ပါ လုပ်ငန်းစဉ်အတိုင်း မွန် အမျိုးသား ဝတ်စုံ ထုတ်ဖော် ဖြစ်မြောက်ရေး ကော်မီတီသည် အဖွဲ့ခွဲများကို တာဝန်ခွဲဝေ၍ မွန် နယ်စုံသို့ ဆင်းခဲ့သည်။ ကော်မီတီဝင်များသည် တာဝန်ကျေပြွန်စွာ ရန်ကုန်၊ မော်လမြိုင်၊ ပဲခူး၊ ပေါင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ကော်သူးလေပြည်နယ်မှ ပစ္စည်း အထောက်အထားများနှင့် မွန်လူကြီး လူငယ်များထံမှ ဆည်းပူးလေ့လာခဲ့သော အကြားအမြင် ဗဟုသုတများကို ရရှိခဲ့လေသည်။

ကော်မီတီဝင်များ၏ ကြိုးပမ်းမှု၊ မွန်အမျိုးသားတို့၏ စိတ်ပါဝင်းစားစွာ ကူညီမှုများကြောင့်၊ ရှေးမွန်အဝတ်အထည် ပစ္စည်းများဖြစ်သော ရိုးရာနတ်ဝတ်နတ်စားများ၊ ရှေးမွန်အမျိုးသမီး၊ ထမီ၊ အင်္ကျီ၊ ရှေးမွန်အမျိုးသား တိုက်ပုံအင်္ကျီများအပြင် ရှေးခေတ်မွန် အမျိုးသမီးများ သုံးခဲ့သော ပုဝါများကိုလည်း ရခဲ့သည်။ ယခုခေတ် မွန် နယ်ဒေသအများအပြား မွန်နှစ်နံစပ်လုံ ချည်ထမီများ အမြောက်အမြား ရရှိခဲ့သည်။ ထို့ပြင် မွန်တို့၏ ဝတ်စားဆင်ယင်မှုကို အထောက်အထားပြုနိုင်သော ဓါတ်ပုံများကိုလည်း ရရှိခဲ့သည်။

ဤသို့ စုဆောင်းပြီးနောက် စက်တင်သာလ ၅ ရက် တနင်္ဂနွေနေ့တွင် မွန်ပိဋကတ်တိုက်၌ ဒုတိယအကြိမ် ကော်မီတီ အစည်းအဝေးကို ခေါ်ယူသည်။ ထိုအစည်းဝေးတွင် ကော်မီတီဝင်များအဖြစ်၊ စိတ်ဝင်စားဘူး လေ့လာသူများလည်း တက်ရောက်ကြသည်။

ထိုအစည်းဝေးတွင် ကော်မီတီဝင်များသည် အတွေ့အကြုံ အကြားမြင်များကို ရှင်းလင်း တင်ပြကြသည်။ ရရှိလာသော၊ ရှေးခေတ်-ယခုခေတ်မွန်တို့၏ အဝတ်အစားနှင့် ဓါတ်ပုံများကို လေ့လာဆွေးနွေးကြသည်။ ရှေးခေတ်ယခုခေတ် မွန်လုံချည် ထမီများကို သုတေသန ပြုလုပ်ရာတွင် အနီရောင်သည် အပေါ်လွင်ဆုံးအရောင် (အမိက လွှမ်းမိုးနေသော အရောင်) ဖြစ်သည်ကို တွေ့ရ၏။ လုံချည်တွင် အနီရောင်ခံပေါ်တွင် အဖြူရောင်အစင်းဖြင့် အကွက်များ

ဖေါ်ထားခြင်း နှင့် ထမီတွင် အနီရောင်ခံပေါ်တွင် အနက်ရောင် အစင်းများဖြင့် အကွက်ဖေါ်ထားသည် ကို တွေ့ရသည်။

မွန်တို့၏ လုံချည်ထမီများတွင် အခြား တိုင်းရင်း သားများ၏ လုံချည်ထမီနှင့်မတူ ထူးခြားကွဲပြားသော အချက်လက်များလည်း တွေ့ရ၏။ ဥပမာ ယခုခေတ် နယ်စုံမွန်လုံချည်များသည် အထက်အဖြူရောင် အနား ၏ အောက်ဘက်တွင် တလက်မခွဲခန့်ရှိသော အနီ ရောင်အနားကြီးတခုနှင့် အောက်အဖြူအနား၏ အ ထက်ဘက်တွင် အလားတူ အနီရောင်အနားကြီးတခု ရှိသည်ကို တွေ့ရှိရသည်။

ယခုခေတ် ထမီ အကွက်အစင်းဟန်သည် လုံ ချည်နှင့်ဆင်သော်လည်း၊ ရှေးခေတ် မွန်ထမီများတွင် ထူးခြားကွဲပြားသော အချက်များကို တွေ့ရှိရ ပြန် သည်။ ဥပမာ (၁) ထမီတွင် ထက်ဆင့်သည် တပေ မျှကျယ်ခြင်း၊ (၂) နှစ်နံစပ် ဖြစ်၍ အောက်အနံနှင့် အထက်အနံ၏ အကွက် အစင်းသည် သဘောချင်း မတူညီကြ၊ (၃) အထက်အနံတွင် အနီရောင်ခံ ပေါ်တွင် အနက်ရောင်စင်းဖြင့် အကွက်ဆင် တမျိုး မျိုးကို ယက်လုပ်ထားသော်လည်း အောက်အနံ၏ အထက်ပိုင်း ၆ လက်မခန့်သည် အရောင်အမျိုးမျိုး ဖြင့် ပတ်လည် အစင်းများ ဖေါ်ထားခြင်း၊ (၄) ပတ်လည် အစင်း၏ အောက်ဘက်တွင် အထက်အနံ ၏ အခံရောင်ဖြစ်သော အနီရောင်မြောင် အောက် နားအပြားကြီး ရှိခြင်း။

ဆက်လက်၍ လေ့လာ ဆွေးနွေးခြင်းကြောင့် ရှေးခေတ်တွင် မွန်အမျိုးသားတို့ ရှပ်အင်္ကျီကိုလက်ခံ မဝတ်ဆင်မီတွင် တိုက်ပုံနှင့်ဆင်သော အင်္ကျီတမျိုး ကိုဝတ်ဆင်သည်ကို တွေ့ရသည်။ ထိုအင်္ကျီ၏ လက် သည် တိုက်ပုံ၏ လက်ကဲ့သို့ပွကျယ်၍ အဆုံးလက် ကောက်ဝတ်တွင် တိုက်ပုံမှာကဲ့သို့ လက်ခေါက် ထားခြင်းမရှိပေ။ လည်ပင်းတွင် ယနေ့ခေတ် စတစ် ကော်လာ တို့ကဲ့သို့ ဝတ်ဆင်ကြရာ အထက်သို့ ထောင်နေသော ကော်လာတိုတခုရှိ၏။ ယင်းအင်္ကျီ ကို ဝတ်ဆင်ရာတွင် **ယနေ့** တိုက်ပုံအင်္ကျီများကဲ့သို့ ကြယ်သီးမတတ် ရင်ဖွင့်ဝတ်ဆင်၍ မရသဖြင့် အမြဲ တစေ ကြိုးချည်၍ စိထားရ၏။ ယင်း တိုက်ပုံတွင် အောက်အိတ် နှစ်လုံးသာ ပါသည်။

တဖန် မွန်တို့တိုက်ပုံဝတ်ဆင်သော ခေတ်သို့ ရောက်သော် တိုက်ပုံကိုမွန်တို့က မြန်မာအမျိုးသား ကဲ့သို့ ပင်နီစဖျင်ဖြင့် ချုပ်ဝတ်သည်ကို မတွေ့ရပေ။ အဖြူရောင်ပေါ်တွင် အရောင်အမျိုးမျိုးရှိသော အစင်း ကြောင်းငယ်ကလေးဖြင့် လေးထောင့်ကွက်ကြီး ဖေါ် ထားသော မွန်တို့ကိုယ်တိုင် လက်ယက်အထည်ဖြင့် ချုပ်ဝတ်သည်ကို တွေ့ရသည်။ ယင်း တိုက်ပုံတွင် ရင်ဖုံးပါ၍ ထိုးကြယ်သီးအစား ကြိုးဖြင့် ချည်နှောင် ခြင်း၊ ကြောချုပ်ရိုးအောက်၏ အဆုံးနှင့် ဘယ်ညာ



အတည်ပြုသတ်မှတ်ကြသည့် အမျိုးသမီး ဝတ်စုံ။

ဂျိုင်းအောက်ချုပ်ရိုး၏ အောက်အဆုံးတွင် တလက်မခန့်ခွဲထားသည်ကို တွေ့ရသည်။ ယနေ့ မွန်တိုက်ပုံသည် မြန်မာတိုက်ပုံ နှင့် တူညီသော်လည်း အရောင်ကိုမူ၊ ရရာ အရောင်ဖြင့် ချုပ်ကြ၏။ ထူးခြားချက်မှာ ယနေ့တိုင် မြန်မာတို့ဝတ်ဆင်သော ပင်နီကို ခုံမင်စွာ မဝတ်ဆင်ကြ။

မွန်အမျိုးသမီးဝတ်စုံများကို လေ့လာသောအခါ ရှေးခေတ်မှ ယခုခေတ်အထိ အများဆုံး အဖြူရောင်ကိုဝတ်ဆင်ကြ၏။ ယနေ့ မွန်အမျိုးသမီး၏ အင်္ကျီသည် မြန်မာအမျိုးသမီးအင်္ကျီနှင့် တူသော်လည်း ရှေးခေတ်ကမွန်အမျိုးသ္မီးအင်္ကျီမှာမူ ကွဲပြားခြားနားမှု ရှိသည်ကို တွေ့ရ၏။ ရှေးခေတ် အင်္ကျီသည် အဖြူရောင်ဖြစ်ပြီး၊ ရင်ခွဲမဟုတ်ဘဲ ခေါင်းမှစွပ်၍ ဝတ်ဆင်ရ၏။ လည်ပိုက်သည် ( **V** ) ပုံသဏ္ဍာန် ညောင်ရွက် လည်ပင်းပိုက်သည် (**ကံသ္ဂဇြ**) ဖြစ်၏။ ထို့ကြောင့် ကြယ်သီးနှင့် ချည်စရာ ကြိုးများ မလိုချေ။ ကရင်အမျိုးသ္မီးအင်္ကျီများကဲ့သို့ အစင်းကြောင်း ဖေါ်ထားခြင်းမရှိချေ။ လက်မှာ လက်ရှည်ဖြစ်၏။

ယင်းသို့ တွေ့ရှိချက်များကို စုပေါင်းညှိနှိုင်းပြီး ထိုနေ့မှာပင် ရိုးရာဝတ်စားဆင်ယင်မှုကို အခြေခံ၍ နယ်စုံ၊ ခေတ်စုံမှ အဓိက တူညီချက်များပေါ်တွင် မူတည်၍ တမျိုးသားလုံး လူတန်းစားမရွေး ဝတ်ဆင်နိုင်ရန် တန်ဘိုး မကြီးလွန်းသော ခေတ်မှီ၍ မွန်အမျိုးသားတို့ လက်ခံနိုင်သော မွန်အမျိုးသားဝတ်စုံကို ကော်မီတီဝင်များနှင့် လေ့လာတက်ရောက်လာသော ပုဂ္ဂိုလ်များက အစမ်းသဘောဖြင့် ရွေးချယ်သတ်မှတ်ကြသည်။

တဖန် ၁၂-၉-၇၁ (တနင်္ဂနွေနေ့) တွင် ကော်မီတီဝင်နှင့် စိတ်ပါဝင်စားသူများ တက်ရောက်သည့် ကျယ်ပြန့်သော အစည်းဝေး တရပ်ကို မွန်ပိဋကတ်တိုက်တွင် ကျင်းပပြန်၏။ ယင်း အစည်းဝေးတွင် ရဟန်း သံဃာတော်များ၊ မွန်လူကြီးများ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံ မွန်ကျောင်းသူ ကျောင်းသားများ၊ ဆရာ- ဆရာမများနှင့် စိတ်ပါဝင်စားသူ မွန်လူကြီး၊ လူငယ် လူသတ်များ တက်ရောက် ကြသည်။ ထိုအစည်းဝေးတွင် ရှာဖွေ ရရှိလာသော သက်သေခံပစ္စည်းနှင့် ရှေးခေတ်နှင့် ယခုခေတ် ဝတ်စားဆင်ယင်မှုကို ဆွေးနွေးတင်ပြကြပြန်သည်။ ကော်မီတီက အစမ်းသဘောဖြင့် ရွေးချယ် သတ်မှတ် လိုက်သော ဝတ်စုံကို တက်ရောက်သော ပုဂ္ဂိုလ်အများက လက်ခံကြ၏။ သို့သော် အစမ်းသဘောဖြင့် သတ်မှတ်ထားသော အမျိုးသား တိုက်ပုံ၏ ပုံသဏ္ဍာန်ကို မကန့်ကွက်လိုသော်လည်းအသွေးအရောင်ကိုမူရဟန်းသံဃာတော်များနှင့် မွန်လူကြီးများက ကန့်ကွက်ကြ၏။ ကန့်ကွက်ချက်မှာ သတ်မှတ်ထားသော အနက်သည် မွန်တို့၏ အယူအဆအရ၊ အမင်္ဂလာရောင်ဖြစ်သည်။ ထို့ကြောင့်ပင် ရှေး မွန်တိုက်ပုံကဲ့သို့ အဖြူရောင် တွင် အနီရောင် စင်းဖြင့် လေးထောင့်အကွက်ကြီး ဖေါ်ထားသော အစဖြင့် ချုပ်လုပ်ဝတ်ဆင်ရန် သဘောတူကြသည်။

ထိုနေ့ အစည်းအဝေးတွင် နောက်ဆုံး အတည်ပြုသတ်မှတ်လိုက်သော အမျိုးသား ဝတ်စုံမှာ....

### "မွန်အမျိုးသားဝတ်စုံ"

**အင်္ကျီ** - အတွင်း ရှပ်အင်္ကျီယူပြီး အပြင်တိုက်ပုံအတွက်....

၁။ အဖြူရောင် ပေါ်တွင် အနီတ ကြောင်း တလက်မ အကွက်။

၂။ လည်တွင် လက်မဝက်ခန့် ဗျက်ချုပ်မည်။

၃။ လက်ကို မခေါက်သိမ်းဘဲဆန့်ထားသည်။

၄။ အောက်အိတ် (၂) လုံးသာ ပါမည်။

၅။ ကြိုးလေးချောင်း တပ်မည်။ (အင်္ကျီတွင် ၂ လက်မရှိပြီး ၃ လက်မကိုချိရန် အသုံးပြုမည်)။

၆။ လျှာမပါချေ။

**လုံချည်-**

၁။ အနီရောင်ခံမည်။

၂။ အဖြူအကွက်ဖေါ်မည်။

၃။ အောက်အဆုံး အနားအဖြူ ၁/၄လက်မ

၄။ နံပါတ် (၃)အနား၏ အပေါ်တွင် အနီကွက် တလက်မခွဲခန့် ပတ်ထားမည်။

၅။ အလယ်တွင် နှစ်နံစပ် သဘော ဆောင်ရန် အောက် အနားအဖြူစင်း လက်မ ဝက်ခန့် ပတ်ထားမည်။

## "မွန်အမျိုးသမီးဝတ်စုံ"

**အင်္ကျီ** - ၅-၉-၇၁ နေ့ အစည်းအဝေးမှ ပဏာမ ရွေးချယ်ခဲ့သည့်အတိုင်း....

၁။ အဖြူရောင်

၂။ V ပွဲ ပုံသဏ္ဌာန် လည်ပိုက် (**ကံသူဖြူ**)

၃။ ရင်စေ့

၄။ ကြိုး ၅ ချောင်းတပ်ရန်

၅။ လက်ရှည်

၆။ အောက်အနားအနည်းငယ်ပိုရှည်ရန်

**ထမီ**-

၁။ အနီရောင်ခံ

၂။ ကြက်ခြေခတ်အနက်ကွက်

၃။ ရောင်စုံအစင်းပတ် ၆ လက်မ

၄။ အနီနှင့် အဖြူရောယှက်ထားသော ပြောင် ၁၅ လက်မ အောက်ဆုံးအနား

၅။ (အနီခံ အနက်ကွက် ၂၁လက်မ၊ ရောင်စုံအစင်း ၆ လက်မ၊ အနီဖြူရောင်ပြောင် ၁၅ လက်မ = စုစုပေါင်း ၄၂ လက်မ)

၆။ ထက်ဆင့်။

အထက်ပါ အတိုင်း မွန် အမျိုးသားဝတ်စုံကို အစည်းဝေးတက်သူအားလုံးက သတ်မှတ် အတည်ပြုပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့၏။

ယင်းသို့ ၁၂-၉-၇၁ ရက်နေ့တွင် ကော်မီတီနှင့် စိတ်ပါဝင်စားသူများ သတ်မှတ် လိုက်သော အမျိုးသားဝတ်စုံကို ရန်ကုန် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ တက္ကသိုလ် ကောလိပ်များမှ မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီများက လက်ခံ၍ စတင် ဝတ်ဆင်နေကြပြီ။ ၁၀-၁၀-၇၁ တနင်္ဂနွေနေ့တွင် ရန်ကုန်တက္ကသိုလ်များ မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီက ကျင်းပသော မွန်မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်း အနားတွင် စတင်ဝတ်ဆင်ကြပေပြီ။ ယင်းကြိုဆိုပွဲတွင် အမျိုးသားဝတ်စုံကို ဝင့်ကြွားစွာဝတ်ဆင်ပြီး၊ မွန်အမျိုးသား ဝတ်စုံကို ထိန်းသိမ်းဝတ်ဆင်ရန် တိုက်တွန်းသော ဝတ်စုံတေးသီချင်းကို မြူးတူး ပျော်ရွှင်စွာ သီဆိုကြသည်။ ၁၂-၁၀-၇၁ ရက်နေ့တွင် ရန်ကုန်သို့ ရောက်လာသော ကမ္ဘာလှည့်ဂျပန်လူငယ်များ ကြိုဆိုတွေ့ဆုံပွဲတွင် ယင်း သတ်မှတ်ထားသော ဝတ်စုံဖြင့် မွန်ကျောင်းသူ ကျောင်းသားများ သွားရောက် တွေ့ဆုံကြသည်။

၂၃-၁၀-၇၁ ရက်နေ့တွင် တက္ကသိုလ်တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီများပေါင်းစုံ၏ ကော်မီတီအမှုဆောင်များ မိတ်ဆက်ပွဲ အခမ်းအနားကို မွန်ကျောင်းသူ ကျောင်းသား၊ ဆရာ- ဆရာမများသည် အမျိုးသား ဝတ်စုံကို တင့်တယ်စွာ ဝတ်ဆင်နိုင်ခဲ့သည်။ ညီရင်း အကိုများနှင့် မိတ်ဆက်နိုင်ခဲ့သည်။ နောင်လာမည့် အခမ်းအနား များတွင်လည်း၊ ဤ အမျိုးသားဝတ်စုံနှင့် တက်ရောက်ရန် မွန်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မီတီက ဆုံးဖြတ်ထားပြီး ဖြစ်၏။

မော်လမြိုင်ကောလိပ် မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီသည် ရန်ကုန်နည်းတူ မွန်ကျောင်းသူ ကျောင်းသားများ ထိုဝတ်စုံကို ဝတ်ဆင်နေကြပေပြီး ဖြစ်သည်။

မန္တလေး-တောင်ကြီး တက္ကသိုလ် ကောလိပ်များမှ မွန်ကျောင်းသား ကျောင်းသူများလည်း အများနည်းတူ အကောင်အထည် ဖော်နေကြပေပြီ။

ရန်ကုန် တက္ကသိုလ် မွန်စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မီတီမှ ထုတ်ဝေသော ၁၉၇၂ နှစ် တက္ကသိုလ် မွန်ပြက္ခဒိန် တွင်လည်း ယင်းမွန်ဝတ်စုံကို ဝတ်ဆင်ထားသော မွန်ကျောင်းသူကျောင်းသားများ ၏ပုံကို ထည့်သွင်း ခဲ့သည်။ ထို့ပြင် တက္ကသိုလ် များ အုပ်ချုပ်ရေးရုံးမှ ထုတ်ဝေသော တက္ကသိုလ် ပြက္ခဒိန်တွင် မွန်စာပေနှင့် ယဉ်ကျေးမှု ကော်မီတီ၏ တာဝန်ဖြစ်သော ပြက္ခဒိန်၏ မျက်နှာဖုံး၌လည်း ၎င်း မွန်ဝတ်စုံကို ဝတ်ဆင်ထားသော မွန် အမျိုးသမီး တဦး၏ ယဉ်ကျေးမှု အကဟန်ဖြင့် ထည့်သွင်းခဲ့လေ သည်။

စိတ်ပါဝင်စားသော အထက်တန်း မွန်ကျောင်း သူ ကျောင်းသား များနှင့် မွန်လူကြီး၊ လူငယ်၊ လူ လတ်များကလဲ မွန် အမျိုးသား ဝတ်စုံကို ဝတ်ဆင် နိုင်ရန် အထူးကြိုးစားနေကြပေပြီ။

၎င်းလှုပ်ရှားမှုတို့သည် ရေရာ ခိုင်မာသော အမျိုး သားဝတ်စုံမရှိသည့် မွန်အမျိုးသား အတွက် အမျိုး သားဝတ်စုံတစုံ မားမားမတ်မတ် ပေါ်ပေါက်လာ ရန် အလားအလာ ကောင်းပင် ဖြစ်၏။ တည်တန့် ခိုင်မြဲသော ဝတ်စုံပေါ်ပေါက်ခဲ့သော် မွန်တို့၏ ယဉ် ကျေးမှုတွင် ခင်တွယ်စရာ၊ မြတ်နိုးစရာ တခုတိုးလာ ပေမည်။ မွန် အမျိုးသားစိတ် ပိုမို မြင့်မားလာရန် အထောက်အကူတခု ပိုလာပေမည်။ ရှေးယခင်ကဝတ် စုံကြောင့် ပေါ်ပေါက် ခဲ့သော သောက စိတ်များ လည်း ကွယ်ပျောက်ကြရပေမည်။

မွန်အမျိုးသားထု တရပ်လုံးသည်လည်း တာဝန် သိသိနှင့် မွန်အမျိုးသားဝတ်စုံကို ကျယ်ပြန့်စွာ ဝတ် ဆင်လာရန် ဆောင်ရွက်ခြင်း၊ မပျောက်ပျက်သွား အောင် ထိန်းသိမ်းခြင်းတို့သည်၊ ပစ္စုပ္ပန်နှင့် အနာ ဂတ်ခေတ် မွန်အမျိုးသားအတွက် မည်မျှ တန်ဘိုးရှိ သည်။ အကျိုးရှိသည်ကို နားလည်ရန် အထူး လို အပ်လှပေသည်။ ။

ဗညားအောင်မိုး
(ဆေးတက္ကသိုလ်)

## ကမာမြေမှ မွန်အလှ

- သာစွဋ္ဌာနေ၊ ကမာမြေတွင်
  အသွင်သဏ္ဍာန်၊ မျိုးရိုးမှန်၍
  ကြည်မွေ့ရွှင်ပျ၊ တိမ်စင်လသို့
  ဒေါသစိတ်များ၊ သိမထားဘဲ
  လိုက်လှဲခေါ်ယူ၊ စိတ်ကြည်ဖြူသည်
  မွန်လူမျိုးများ နေပါသည်။
- ရှင်ပြုအခါ၊ မင်္ဂလာတွင်
  ကေသာဆံစ၊ ဆံမြိတ်ချ၍
  ပျော်မွေ့ကြည်ရွှင်၊ အားသစ်ဝင်ကာ
  ရုပ်သွင်မြူးကြွ၊ ချောလုံမ၏
  အကတပင်တိုင်၊ တေးမဏ္ဍိုင်နှင့်
  ပိုင်နိုင်လှသည့် မွန်အက။
- မွန်တို့လုပ်ငန်း၊ ပြည့်တက်လမ်းတည့်။
- မွန်တို့ရိုးရာ၊ ပြည့်ရတနာတည့်။
- မွန်တို့အက၊ ပြည့်အလှတည့်။
- မွန်တို့နေမှု၊ အင်အားစုသည်
  ပြည်ထောင်စုသား၊ ရှမ်း,ကရင်များနှင့်
  ကယားပျိုဖြူ၊ ဝ,လားဟူနှင့်
  ကြည်ဖြူစိတ်ရင်း၊ ကချင်,ချင်းနှင့်
  ဂျင်းဖေါလှခေါင်၊ ရွှေပလောင်နှင့်
  များမြောင်ပြည်သား၊ ဗမာများ၏
  အင်အားသာလျှင် ဖြစ်ပါသည်။
- နိုင်ငံခြားဖြစ်၊ အမွေနှစ်ကို
  ထုတ်လှစ်ဖွေရှာ၊ မနေပါဘဲ
  ရိုးရာထုံးစံ၊ မွန့်ဟန်ပန်ကို
  နာခံတတ်သည့် လူမျိုးများ။
- ထို့ကြောင့်တမူ
  သူတို့ကြည်မွေ့၊ ထုံးဓလေ့နှင့်
  မမေ့နိုင်ပါ၊ မြတ်ရိုးရာအား
  အခါကြာရှည်၊ တည်ရှိလေဘို့
  တို့တွေသားချင်း၊ ဖော်တသင်းက
  ယိုင်းပင်း ထိန်းသိမ်းကြပါစို့။ ။

မြဝတ်လွှာ (ကမာမြေ)

# ရာမညသားစစ် တေလင်္ဂနတိုင်းက မဖြစ်

မင်းမောင်တိုး

စာပေသည် လူမျိုး၏အသက်သွေးခဲ ဖြစ်သကဲ့သို့ သမိုင်းသည်လည်း မျိုးချစ်စိတ်ဓါတ်၏ မိခင်ဖြစ်သည်။ လူမျိုးတမျိုး၏ စာပေသည် တည်တံ့ခိုင်မြဲလျှင် ထိုလူမျိုး၏ ယဉ်ကျေးမှုသည်လည်း ခိုင်မြဲမည်။ ယင်း၏စာပေ တိုးတက် ကြီးပွားလျှင် ယဉ်ကျေးမှုသည် တိုးတက် ထွန်းကားမည်မှာ ရေမြင့်လျှင် ကြာမြင့်သကဲ့သို့ပင် ဖြစ်သည်။ အကယ်၍ ထိုလူမျိုး၏စာပေသည် ဆိတ်သုဉ်းစ ပြုလာလျှင်လည်း ယဉ်ကျေးမှုသည် ယိုယွင်းစ ပြုလာသည်မှာ ဓမ္မတာတည်း။ နောက်ဆုံး စာပေ ပျက်ပြုန်းလျှင် ယဉ်ကျေးမှုသည်လည်း ရှုံးချေတော့မည်။ ယဉ်ကျေးမှုရှုံးလျှင် လူမျိုးသည်လည်း ပျောက်ဆုံးရန် မခဲယဉ်းတော့ချေ။ အမှန်တကယ်အားဖြင့် နှစ်ပေါင်းများစွာ စုစည်း သိမ်းထားခဲ့သော စာပေနှင့် ယဉ်ကျေးမှု တရပ်သည် မပျောက်ဆုံးစကောင်းချေ။ ဤသို့ ပျောက်ဆုံးသွားမည်ဆိုလျှင် ထိုလူမျိုးနှင့်တကွ ယဉ်ကျေးမှုကို မြတ်နိုးလိုသော ကမ္ဘာသူ ကမ္ဘာသား တရပ်လုံး၏ ဆုံးရှုံးမှုတရပ်ဟု ဆိုရပေမည်။ ဤတွင် အဓိက တာဝန်ကျသည်မှာ ထိုလူမျိုး၏ တာဝန်ပင်ဖြစ်သည်၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ့သဘောပင် ဖြစ်သည်။

သမိုင်းသည်လည်း အထက်ပါကဲ့သို့ပင်ဖြစ်သည်။ လူမျိုးတမျိုး၏ သမိုင်းကို ထိုလူမျိုးကမှ စိတ်ဝင်စား လေ့လာမှုမရှိလျှင် လူမျိုးအပေါ် ထားရှိအပ်သော စိတ်ထားသည် နည်းပါးမည်ဟု ထင်ပါသည်။ သမိုင်းကို လေ့လာလိုက်စားခြင်းအားဖြင့် မိမိတို့၏ လူမျိုးသည် သမိုင်းတွင် မည်သို့ အတက်အကျ ရှိသည်ကို လေ့လာ ခန့်မှန်းနိုင်မည်။ ကမ္ဘာနှင့်တကွ တခြားလူမျိုးတို့၏ သမိုင်းနှင့်လည်း ယှဉ်ပြီးလေ့လာနိုင်ပေသည်။

ဤတွင် သမိုင်း လေ့လာမှုနှင့်ပတ်သက်၍ တင်ပြလိုပါသည်။ သမိုင်းကို လေ့လာခြင်းအားဖြင့် မိမိလူမျိုးကို ချစ်ပါသည်ဆိုရာ၌ တခြားလူမျိုးကို မုန်းဖို့မဟုတ်ချေ။ သမိုင်းကိုလေ့လာရာ၌ ဓမ္မဓိဋ္ဌာန်ကျသော (ဝါ) သိပ္ပံနည်းကျ သမိုင်း လေ့လာမှုသည် လိုအပ်ပေသည်။ ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းကိုလေ့လာနိုင်ရန် လူမျိုးရေး အစွဲအလန်းကို မထားရချေ။ ပုဂ္ဂိုလ်ကိုးကွယ်ဆည်းကပ်မှု၊ ဒေသစွဲများ၊ ဖက်လိုက်မှုများ မရှိအပ်ချေ။ အမြင်ကို အမြင်အတိုင်း၊ အရှိကိုအရှိအတိုင်း အမှန်ကို အမှန်အတိုင်းသာ တင်ပြအပ်ပါသည်။

ထို့အပြင် သမိုင်းသည် အတိတ်၏ဖြစ်ရပ်ကြောင်းမှန်ကိုရှာဖွေပြီး ကောက်ချက် ချရသော ပညာတရပ်ဖြစ်သည်ဟု ဆိုရမည်။ သမိုင်း၏ ဖြစ်ရပ်မှန်ကို ရှာဖွေရာ၌ ကိုယ်တွေ့မျက်မြင်ရှိမှ မှန်ကန်ခြင်း(Theory of correspondent truth) အနေမျိုး တခုတည်းနှင့် စံထား၍မရချေ။ ဤအချက်ကိုလည်း ပယ်ထား၍မဖြစ်ချေ။ ထို့ပြင် သမိုင်း၏ဖြစ်ရပ် အချက်အလက်များသည် အကြောင်းအကျိုး ဆီလျော်မှု ရှိလျှင် မှန်ကန်ခြင်း (Theory of coherence truth) ကိုလည်း လက်ခံရပေမည်။ ဤသို့ ဆိုမှသာလျှင် မည်သည့်လူမျိုး၏ သမိုင်းမဆို ဓမ္မဓိဋ္ဌာန်ကျမည်မှာ အမှန်ပင်ဖြစ်သည်။

ဤတွင် တချို့ သမိုင်းသုတေသီ အမည်ခံတို့သည် မွန်သမိုင်းနှင့်ပတ်သက်ပြီး ထိပ်တန်းအင်္ဂလိပ်၊ မြန်မာသတင်းစာများမှ နေပြီး တင်ပြသွားရာတွင် လူမျိုးရေးအစွဲအလန်း၊ ပုဂ္ဂိုလ်ရေးအစွဲအလန်းနှင့် မကင်းဘဲ တင်ပြသွားသည်မှာ လွန်စွာမှ ဝမ်းနည်းဘွယ်ပင်ဖြစ်သည်။ ဤအချက်နှင့် တဆက်တည်းပင် လူမျိုးတမျိုး၏ စာပေယဉ်ကျေးမှု လုပ်ဆောင်ရာတွင် မွန်လူမျိုးတို့သည် မိမိတို့၏စာပေယဉ်ကျေးမှုအကြောင်းကိုပင် ဒေါ်ထုတ်လိုလျှင် အထက်အာဏာပိုင်များသို့ အစစ်ဆေးခံရန် အဆင့်ဆင့်တင်ပြရသည်။ ခွင့်ပြုချက်ရ

မှသာလျှင် လုပ်ဆောင်ခဲ့ရသည်။ ဤအချက်သည် လုပ်သင့် လုပ်ထိုက် လုပ်အပ်သောအချက်ဖြစ်သောကြောင့် ဆိုလျော်ပေသည်။ သို့သော် မွန်သမိုင်း(သတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့သော ကိစ္စ)၊ မွန်လူမျိုး နှင့် ဒေသကို နောက်ခံထားသော ဝတ္ထုနှင့်တကွ စာနယ်ဇင်း များကို ဖော်ပြသော အခါ၌ မွန်စာပေနှင့် ယဉ်ကျေးမှုကို ကိုယ်စားပြုသော အဖွဲ့အစည်းသို့ အစစ်ဆေးခံရန်မလိုဘဲ ပြည်သူလူထုသို့ တင်ပြနိုင်သည်မှာ မွန်လူမျိုးတို့၏ စာပေနှင့် ယဉ်ကျေးမှုကို ကိုယ်စားပြုသော အဖွဲ့အစည်းတရပ်သည် မရှိလေလောဟု သံသယဖြစ်မိပါသည်။

ဤတွင် မွန်သမိုင်းနှင့် ပတ်သက်ပြီး တင်ပြခဲ့သော တချို့ သူတို့၏ မတင်မကျ ဖြစ်နေသော အချက်အလက်အချို့မှုကို ထပ်ဖြည့်သော သဘောအားဖြင့်သာ တင်ပြလိုပေသည်။ သို့သော် ကျွန်တော်သည် သမိုင်းသုတေသီ တယောက်မဟုတ်ပါ။ သမိုင်းပညာရပ်ကို စိတ်ဝင်စားပြီး လေ့လာပညာယူနေဆဲ၊ သာမန်တယောက်မျှသာ ဖြစ်သည်။ ဤတင်ပြချက်သည် မွန်သမိုင်း တခုလုံးနှင့် စာလျှင် မုန်တိုင်းကြားမှ ငြီးတွားသံမျှလောက်သာ မြည်နိုင်သည်ဟု ယူဆမိပါသည်။

"မြန်မာပြည်တွင် ယဉ်ကျေးမှုကို စတွင်သူများကား ပျူများဖြစ်ကြသည်။ ထိုမှတပါး မွန်တို့သည် အိန္ဒိယမှ မြန်မာပြည် မော်ဇာမင်းပိုင် ကုသိမ်မြို့သို့ ရောက်လာ ခွင့်တောင်း နေထိုင်သည်မှာ ဘုရင်မမျက်ပလာလက်ထက် (အေဒီဂ၉၂-၉၁၉) ဖြစ်လေသည်။"ဟု ဆိုထားလေတည်။ အမှန် တကယ်အားဖြင့် မြန်မာပြည်တွင် ယဉ်ကျေးမှုကို စတွင်သူများကား ပျူလား၊ မွန်လားဆိုသည်ကို သမိုင်းသုတေသီများကသာ သိနိုင်သည်။ သို့သော် စာပေအရာ၌ မွန်တို့သည် မြန်မာတို့၏ ဆရာဖြစ်ကြောင်းကို သုတေသီများကပင် ဝန်ခံကြပေသည်။ ထို့ပြင် မြန်မာ့ ယဉ်ကျေးမှုအပေါ်တွင် မွန်လူမျိုးတို့၏ ယဉ်ကျေးမှု ဩဇာမကင်းကြောင်းကို မည်သူမျှမငြင်းကွယ်နိုင်ချေ။

မွန်လူမျိုးတို့သည် အိန္ဒိယ ပြည်မှနေပြီး မြန်မာပြည်သို့ ရောက်လာကာ အခြေချသည်ဟု ဆိုပြန်သည်။ ဤအချက်သည် လုံးဝ အခြေအမြစ်မရှိပါ။ မွန်တို့သည် အိန္ဒိယအနွယ်များ ဖြစ်လေယောင်တင်ပြကြသည်မှာ လုံးဝမဟုတ်ပါ။ ဤအချက်နှင့် ပတ်သက်၍ တင်ပြရသော် မွန် လူမျိုးတို့သည် အိန္ဒိယပြည်မှ ကူးလာသောသူများ မဟုတ်ချေ။ မြန်မာပြည်မြောက်ပိုင်းမှ ခမာ (ကမ္ဘောဒီးယား) တို့နှင့် အတူ မြောက်ဖက်မှ ဆင်းသက်လာသည်။ မွန်ခမာဘာသာအနွယ်ဝင်လူများ ဖြစ်ကြသည်။ ထို့ကြောင့် မွန်လူမျိုးတို့၏ နေရင်းဒေသမှာ မြောက်အရပ်ဖြစ်ပြီး အိန္ဒိယကဲ့သို့သော အနောက်အရပ်က မဟုတ်ချေ။ သို့သော် စာပေနှင့် ယဉ်ကျေးမှုကိုမူ အိန္ဒိယပြည်မှ တဆင့် ရရှိသည်ဟုဝန်ခံရမည်။

အထက်ပါအချက်တို့ကို တင်ပြရလျှင် မည်သည့် လူမျိုးတွင်မဆို ယင်းလူမျိုးတို့၏ ကိုယ်ပိုင် ထုံးဓလေ့သည် ရှိကြစမြဲပင် ဖြစ်သည်။ ကိုယ်ပိုင် ထုံးဓလေ့တို့သည် တဖြည်းဖြည်း နှင့် အဆင့် မြင့်လာသော အခါ ကိုယ်ပိုင်ယဉ်ကျေးမှုသည် ဖြစ်ပေါ်လာသည်။ ယဉ်ကျေးမှု၏ အခြေခံသည် ထုံးဓလေ့ပင်ဖြစ်သည်ဟု ဆိုရမည်။ ထို့ကြောင့်လည်း မိမိ၏ ယဉ်ကျေးမှုကိုမြတ်နိုးလျှင် မိမိ၏ထုံးဓလေ့ကို ခင်တွယ်ရမည်။ ကျွန်တော်တို့သည် လူမျိုးတမျိုး၏ ထုံးဓလေ့ကို လေ့လာ ဆန်းစစ်ကြည့်သော အခါ ထိုလူမျိုးအဖို့ ဘာ့ကြောင့် ဤထုံးဓလေ့များကို လုပ်ဆောင်နေရသနည်း။ ဘာ့ကြောင့်လိုက်နာနေရသနည်း။ အရင်းအမြစ်ကို လိုက်ကြည့်သော အခါ ထိုဓလေ့တို့၏ နောက်ကြောင်းတွင် ယင်းလူမျိုး၏ အယူအဆရှိ၍သာဖြစ်ရမည်။ ယင်းလူမျိုး၏ သမိုင်းဆိုင်ရာအချက်အလက်များကြောင့်လည်း ထုံးဓလေ့များကို လုပ်ဆောင်ရခြင်း ဖြစ်သည်။

မွန်လူမျိုးတို့၏ ရိုးရာ ထုံးဓလေ့များကို လေ့လာမိသောအခါ အိမ်ဆောက်လုပ် နေထိုင်မှုနှင့် သင်္ဂြိုဟ်မြှုပ်နှံမှု ဓလေ့နှစ်ခုမျှကိုသာ တင်ပြလိုပေသည်။ မွန်လူမျိုးတို့သည် အများအားဖြင့် အိမ်တိုင်ရှည်များကိုသာ ဆောက်လုပ်သည်ကို တွေ့ရသည်။ ဤအချက်သည် ခမာ(ကမ္ဘောဒီယား)တို့နှင့် တူပေသည်။ ထို့အပြင် အိမ်ကို အများအားဖြင့် မြောက်ဖက်သို့ လှည့်ထားသည်ကို တွေ့ရတတ်သည်။ ဤတွင် စောဒက တက်နိုင်သည်မှာ မွန်လူမျိုးတို့သည် မြန်မာပြည်တောင်ပိုင်း ပင်လယ်ကမ်းစပ်တွင် နေကြသဖြင့် အနောက်တောင် မုတ်သုန်ရာသီ၏ ဒဏ်ကို

ခံနိုင်ရန်အတွက် အိမ်များကို မြောက်ဖက်သို့ မျက်နှာမူပြီးလှည့်ထားသည်ဟု ဆိုနိုင်သည်။ သို့သော် မွန်လူမျိုးတို့ခံယူသည်မှာ ဤအချက် တခုတည်းကြောင့် မဟုတ်ပေ။

ထို့ပြင် သဂြိုဟ်မြှုပ်နှံမှုနှင့် ပတ်လက်၍ ထုံးစလေ့ကို ကြည့်သောအခါ မွန်လူမျိုးတို့သည် လူသေအလောင်းကို မီးသဂြိုဟ်သော အခါ၌သော်၎င်း၊ မြေမြှုပ်သော အခါ၌ သော်၎င်း၊ ဦးခေါင်းပိုင်းကို မြောက်ဖက်သို့လှည့်ပြီး သဂြိုဟ်မြေမြှုပ်ကြသည်။ ဤဓလေ့ နှစ်ခုတွင် အဘယ့်ကြောင့် မြောက်ဖက်သို့ လှည့်ထားကြရ သနည်းဟု အရင်းအမြစ်ကို စုံစမ်းမေးကြည့်သောအခါ မွန်လူမျိုးတို့သည် မြောက်အရပ်ဖက်သို့ အိမ်ကိုလှည့်ထားသည်မှာ ဇာတိရပ်မြေကို မျှော်ခေါ်ခြင်းပင် ဖြစ်သည်။ ထို့ပြင် သေသော်မှ ကိုယ့်မူရင်း ရပ်ဌာနကို ပြန်လည် သတိရစေခြင်းဖြင့် မြောက်ဖက်သို့ ဦးခေါင်းလှည့်ပြီး မြှုပ်နှံသဂြိုဟ်ခြင်း ဖြစ်သည်။ ဤအချက်များအရ ဆိုလျှင် မွန်လူမျိုးတို့သည် မြောက်အရပ်ဖက်မှ ဆင်းသက်ခဲ့သည်ဟု ဆိုရမည်။ မွန်တို့သည် အိန္ဒိယပြည်မှ ဆင်းသက်သည်ဟူသော အယူအဆနှင့် သဘောချင်းမတိုက်ဆိုင်ဟု ဆိုရမည်။ ကျွန်တော့်အနေအားဖြင့် တင်ပြရသော် မည်သည့်လူမျိုးတွင်မဆို သူတို့၏လက်ခံထားသော ရိုးရာထုံးတမ်းဓလေ့စဉ်လာများ၏ နောက်ကြောင်းတွင် ယင်းလူမျိုးတို့၏ အတွေးအခေါ် အယူအဆနှင့် တကွ သမိုင်းကြောင်းသည်လည်း ပါဝင်ရမည်ဟု ယုံကြည်မိပါသည်။

ထို့ပြင် မွန်လူမျိုးတို့သည် တောလင်္ကနတိုင်းမှဆင်းသက်ပြီး မြန်မာပြည်ဖက်သို့ ရောက်လာသည့် လူမျိုးလည်း မဟုတ်ပါ။ သို့သော် မွန်လူမျိုးတို့သည် အိန္ဒိယပြည်မှ မကူးလာသော်လည်း အိန္ဒိယမှ ယဉ်ကျေးမှုကို လက်ခံခဲ့ကြောင်းကို ဝန်ခံရပေမည်။ ထို့ပြင် မွန်လူမျိုးတို့နှင့် ခမာ (ကမ္ဘောဒီးယား) တို့သည် ဘာသာစကားနှင့် ယဉ်ကျေးမှုသည် နီးစပ်ကြောင်းကို မြန်မာနိုင်ငံရှေးဟောင်း သုတေသန ဌာနမှ ၁၉၆၁ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေသော ရှေးဟောင်း မြန်မာအက္ခရာ စာတမ်းစာအုပ်တွင် သိရိပျံချိဦးမြ (အထူးအရာရှိ၊ ရှေးဟောင်း သုတေသနဌာန) က စာမျက်နှာ ၁၇ တွင် ဖေါ်ပြထားသည်မှာ "ကမ္ဘောဇနယ်၊ အခြားကျောက်စာတရပ် ရှိသေး၏ ၎င်း ကျောက်စာကို ဆန်ပေါလ် ကျောက်စာဟု အမည်ပေးထား၏ ထိုကျောက်စာ စာမျက်နှာဖက်တွင် ခမယ်ဘာသာဖြင့် ပိဿကိုး ဖုရားကျောင်း၏ အရံအစောင့် အလုပ်အကျွေးအဖြစ်ဖြင့် ယောကျ်ားနှစ်ယောက် အမျိုးသာသာခွဲ၍ အမျိုး အမည်ဖြင့် ခေါ်ဆိုမှတ်သားလျက် ပါယှ^ိ၏။ ၄ ဦးမှာ တဦးက "ရမဉ်"ယောကျ်ား ၁။ တဦးက "ဋ္ဌဝိင်"ယောကျ်ား ၁ ဟု ပါယှ^ိ၏။ "ရမဉ်"ဆိုသည်မှာ မွန်လူမျိုး ဘာသာ ပြန်ဆို၏။ အိန္ဒိယလူမျိုး အမြောက် အများအနက် "ဋ္ဌဝိင်"ဟု ခွဲခြား ခေါ်ဆိုပုံထောက်သော် "ဋ္ဌဝိင်" ဆိုသည်မှာ တလိင်္ဂတိုင်းသားကို ခွဲခြား ခေါ်ဆိုဟန်တူသည်။ တလိင်္ဂတိုင်းဆိုသည်မှာ မဒရပ်နယ် မြောက်ပိုင်းကို ခေါ်ဆိုသည်။ ကျောက်စာထွင် ခုနှစ် သက္ကရာဇ်ကားမပါချေ။ သို့သော် အက္ခရာစာလုံးတို့၏ ပုံသဏ္ဌာန်ကို ထောက်ခြင့်ရခြင်း အားဖြင့် အေဒီ ၇ ရာစု ခုနှစ် လောက်က ကျောက်စာ ဖြစ်သည်ဟု ခန့်မှန်းရသည်။ ၎င်းစကား နှစ်ရပ်လုံး၏ အဓိပ္ပါယ်ကိုကောက်၍ မွန်လူမျိုးနှင့် ခမာ လူမျိုးတို့သည် မည်မျှလောက် နီးစပ်နေထိုင်ကြကြောင်းကို သိရှိနိုင်ကြပေလိမ့်မည်။

ဦးမြ၏ သုတေသီပီသလှသော အထက်ပါတင်ပြချက်များကို ကြည့်သော် ဦးမြသည် ကျောက်စာပါ စကားလုံးများ ခွဲခြမ်း စိပ်ဖြာပြီး၊ ဘာသာ ဗေဒ၊ အက္ခရာဝေါဟာရတို့ကို သုတေသနပြုကာ ကောက်ချက်ချသွားခြင်း ဖြစ်သည်။ လူမျိုးရေး စိတ်ဓါတ် အလျဉ်းမပါပဲ၊ ဓမ္မဓိဋ္ဌာန်ကျသော ကောက်ချက်များ ချသွားသည်ဟု ဆိုရမည်။ ဤအချက် တို့ကိုကြည့်သော် မွန်လူမျိုးတို့သည် အိန္ဒိယပြည် တောလင်္ကနတိုင်းမှ ဆင်းသက်သော လူမျိုးမဟုတ်သည့်ပြင် ခမာ (ကမ္ဘောဒီးယား) ယဉ်ကျေးမှုနှင့်လည်း နီးစပ်မှု ရှိကြောင်း သိရသဖြင့် မွန်ခမာ အနွယ်ဝင် တို့သည် မြောက် အရပ်ဖက်မှ ဆင်းသက်သည်ဟု ယူဆနိုင်သည်။ ဟိန္ဒူမင်းများ နှိပ်စက်ညှဉ်းပန်း၍ တောလင်္ကနတိုင်းမှ မွန်တို့သည် ထွက်ပြေးကာ ပဲကူးနှင့် သထုံတွင် ဝင်ရောက်ခိုလှုံသည်မှာ အေဒီနှစ် ၉၀၀ ခန့်က

ဖြစ်လေသည်ဟု ယူဆချက်သည် အခြေအမြစ် မရှိလှပါ။ အဘယ့်ကြောင့်ဆိုသော် ကျောက်စာဝန်မစ္စတာတော်စိန်ခိုသည် ယခု ကော်သူလေးပြည်နယ် ဖားအံခရိုင် ကော့ဂွန်းဂူ၌ မွန် ကျောက်စာများကို တွေ့ရှိခဲ့သည် ထိုကျောက်စာသည် အေဒီ စာဂနှင့်၉ ရာစုတွင် ထိုးထားသော ကျောက်စာ ဖြစ်သည်ဟု တင်ပြခဲ့ခြင်းဖြင့် အထက်ပါ တင်ပြခဲ့သော ဟိန္ဒူမင်းများ နှိပ်စက်ပြီး ထွက်ပြေးလာသော နှစ်ထက်စောသောကြောင့် ဤအဆိုသည် မခိုင်လုံပါ။ မူလကပင် မွန်တို့သည် သထုံတွင် အခြေချခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ၁၉၆၀ခုနှစ် ဧပြီနှင့် မေလထုတ် ရှုမဝ မဂ္ဂဇင်းမှ ဒေါက်တာသန်းထွန်းရေး "မြန်မာ နိုင်ငံရောက် မွန်လူမျိုးများအကြောင်း" ဆောင်းပါးတွင် ဒေါက်တာသန်းထွန်းက "မွန်တို့သည် သုဝဏ္ဏဘူမိအရပ်တွင် အကြမ်းအားဖြင့် ခန့်မှန်းရသည်မှ ဘီစီ ၂၅၀ ခန့်တွင် ရက္ခ(ရက်ဖ) လူမျိုးတို့ကို တိုက်ထုတ်၍ နေထိုင်ကြသည်။ မွန်တို့၏ ယဉ်ကျေးမှုသည် အခြားသော လူမျိုးများအပေါ်တွင် လွှမ်းမိုးသည်ကိုတွေ့ရတတ်သည်။ မွန်တို့သည် ရက္ခတို့ကို နိုင်လိုက်ပြီး မြန်မာပြည် အရှေ့တောင်ပိုင်း၌ အနေများသည်။ ဘီစီ ၂၀၀ ခန့်တွင် ယိုးဒယားနိုင်ငံကား မွန်တို့၏ အချက်အချာမြို့များ ဖြစ်ခဲ့သည်။ ဒွါရဝတီနှင့် လဝပုရီသည်၊ နောင်အခါတွင် အယုဒ္ဓယမြို့နှင့် သိတ်မကွာဝေးချေ။ ၎င်းမှတဆင့် အရိပုဥ္ဇယ (ယခု လဖုန်) တည်ထောင်ကြသည်။ မွန်တို့သည် ၁၁ရာစု အေဒီတွင် ကံခေခဲ့သည်။ ယိုးဒယားနိုင်ငံ ဒွါရဝတီ၊ ပုရိပုဥ္ဇယနှင့် မြန်မာပြည်ရှိ သထုံမြို့ပျက်ခဲ့သည်။

မွန်တို့၏ အနုပညာ လက်ရာနှင့် ပတ်သက်၍ ဒေါက်တာသန်းထွန်းက အထက်ပါ မဂ္ဂဇင်းတွင်ပင် တင်ပြသည်မှာ "မွန်တို့၏ ဂူကျောင်းကား တထပ်တည်းဖြစ်သည်။ မှောင်၏။အညာအရပ်အနေနှင့် ပူပြင်းသည်။ သို့သော် အတွင်းသို့ ဝင်ရောက်လျှင် အတွင်းကျကျ၌ ကောင်းကင် ပေါက်မှကျသော နေရောင် ပျော့ပျော့တွင် ရုပ်ပွားတော်ကို ဖူးမျော်ရသောအခါ အေးချမ်းသာယာ ကြည်နူးခြင်း ပီတိကို ရစေသည်။ ထို့ပြင် အတွင်းနံရံ၌ ဆေးရေး ပန်းချီများရှိသည်။ အပြင်ဘက်၌ ဇာတ်တော်ပြ အစိမ်းရောင်စဉ့်ခွက်များ ကပ်ထားလေ့ရှိသည်။ အကောင်းဆုံး နမူနာ လက်ရာကား၊ မြင်းကဗာဂူဖျောက်ကြီး၊ နာဂရုံ၊ အပယ်ရတနာ၊ အလိုပြည့်နှင့် ပထိုးသပြုတို့ ဖြစ်သည်။ ၁၁၆၅ ခုနှစ်တွင် တည်သော ဣန္ဒမိတ်လျှင်၏ ဓမ္မရံကြီးဘုရားမှာ မွန်ပုံစံဖြင့် နောက်ဆုံးတည်ထားသော ဘုရားဖြစ်သည်။ အနန္ဒာ ဘုရား၌လည်း မွန်လက်ရာများရှိသည်။

ဆက်လက်၍ ပုဂံပျက်ချိန်၌ မွန်တို့ဖက်မှ မင်းဆက်ပြန်၍ ထူထောင်ရေးသော်၎င်း၊ စာပေ ယဉ်ကျေးမှုဆိုင်ရာ ထွန်းကားအောင်၎င်း၊ ပြန်လည် ပြုလုပ်ဆောင်ရွက်ခြင်း မပြုခဲ့ချေ။ အနှစ် တရာမျှ ယဉ်ကျေးမှု မြုပ်နေခဲ့သည်။ ထို့ပြင် ၁၅ ရာစုခေတ်၊ အောက်မြန်မာပြည် ဓမ္မစေတီခေတ်၌ ရှေးမွန်တို့နှင့် မတူတော့ချေ။ ရှေးမွန်ကား အရိပုဥ္ဇယ၌ လက်ကျန်ရှိသည်။ သို့သော် မွန်ဂိုရန်ကြောင့် ၁၃ ရာစုတွင် အရိပုဥ္ဇယလည်းပျက်၍ ရှေးမွန်လည်း ပျောက်ပျက်ခဲ့သည်။

အချုပ်အားဖြင့် တင်ပြရသော် မွန်လူမျိုးတို့သည် အိန္ဒိယပြည် တေလင်္ဂနတိုင်းမှလာပြီး တလိုင်း ဖြစ်နေသော လူမျိုးများ မဟုတ်ပါ။ ရမဉ်ဟု ဆိုအပ်သော ယဉ်ကျေး သိမ်မွေ့သည့် ရာမည တိုင်းသား မွန်လူမျိုးများ ဖြစ်ကြလေသည်။ ဤသို့သော အကြောင်းများကို သိရှိရန်မှာ သမိုင်းကိုလေ့လာမှသိနိုင်မည်။ ထိုနည်းတူ မွန်စာပေသည်လည်း လေးနက်မှု ရှိကြောင်းကိုလည်း ခံစားရပေမည်။ မွန်လူမျိုးတယောက်အဖို့ မွန်စာပေနှင့် မွန်သမိုင်းကိုလေ့လာရာ၌ ခံစားရသော ခံစားချက်ကို ဥပမာပြ၍ တင်စားရသော် အရှေ့ တိုင်းတွင် မျိုးချစ် စိတ်ဓါတ် အရှိဆုံးသော လူမျိုးကို ညွှန်ပြပါဟု ဆိုလျှင် ဂျပန်လူမျိုးကိုသာ လက်ညှိုးထိုးရမည်။ နှစ်ရှည် လများ ဂျပန်တိုင်းပြည်မှ ထွက်ခွာနေရသော ဂျပန်တယောက်သည် ဂျပန်မြေပေါ်သို့ ခြေချပြန်ရောက်သောအခါ ခံစားရသော ခံစားခြင်းမျိုးနှင့် တူသည်ဟု ဆိုရပေမည်။ ။

မင်းမောင်တိုး

၁၂-၉-၇၁




စာရေးသူသည် ပရိယတ္တိ လောကုတ္တရာ စာပေကို သင်ကြားစဉ်က သံဃာ့ တက္ကသိုလ် မန်းနေပြည်တော်သို့ ဆန်တက်ကာ တောင်ပြင် ဘုရားကြီးတိုက် ဦးရန်ကုန်ကျောင်းတွင် (၇)ဝါ တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည်။

ထို(၇)ဝါပတ်ဝန်းကျင်မှာ အနယ်နယ် အရပ်ရပ်တို့မှ ဘုရားဖူး ဧည့်သည်တော်များသည် သူ့အဆက် သူ အကွက်ဆင်ယူကာ ဦးရန်ကုန်ကျောင်းသို့ လာရောက်တည်းခိုကြလေသည်။ အာဝါသိက ကျောင်းတွင်းရှိ သံဃာတော်များနှင့် တွေ့ကြုံဆုံကွဲ ဟူသော လက်သုံး စကားကဲ့သို့ ဘဝတကွေ့ သံသရာ ခရီးသည်အဖြစ်ဖြင့် ဆုံတွေ့ကြမှာ မလွဲပင်တည်း။

ဦးပဉ္ဇင်းတို့ မဟာကျေးဇူးတော်ရှင် ဘုရားကြီးက "ကျီးသာသည် မွန်ဆောရဲ့" "ကျီးသာလျှင် ဧည့်လာတာပေါ့ဘုရား" ဟု ဟာသနှောကာ လျှောက်ထားလေ တော့သည်။

ပြောရင်းဆိုရင်း ထိုခဏ မှာပင်လျှင် ရန်ကုန်မှ ရွှေမန်းမေ မီးရထားလည်း ဥဩသံ အချက်ပေးကာ ဆိုက်ရောက်လာတော့သည်။ ရွှေမန်းမေရထားဆိုက်ရောက်လာပြီး နာရီဝက်ခန့် အချိန်ပိုင်း ကလေးမှာ ဒေါ့ဂျစ်သံ၊ မြင်းလှည်းသံများကို ကြားစမြဲမို့ ဧည့်သည်တော်များ ရောက်ကြချိန်ဘဲဟု တတိုက်လုံးရှိ သံဃာတော်များက နှလုံးစွဲကာ မှတ်တမ်းတင်ထားလေသည်။

ဒေါ့ဂျစ်ကား တစီးသည် အမှတ်မထင် စာရေးသူ၏ ရွှေမှော်ဝယ် ရပ်တန့်ပြီး ကားဒရိုင်ဘာက အကူအညီများအကောင်းဆို၍ လိပ်စာပြပါသည်။ ထိုလိပ်စာတွင် စာရေးသူတို့၏ ဆရာတော် ဘွဲ့နာမနှင့် ကျောင်းတိုက်နာမည်များကိုပါ ထုံလောက်စွာ ပါရှိသောကြောင့် စာရေးသူကိုယ်တိုင် ဦးဆောင်လမ်းပြ၍ ဆရာတော်ဘုရား ခြေတော်ဦးထံ အရောက်ပို့ကာ ဧည့်သည် ရောက်ရှိ လာကြောင်း ကိုလည်း လျှောက်ထားတော်မူလေသည်။

စာရေးသူသည် ကျီးသာသည် ဟူသော အကြောင်းကြောင့် ဧည့်သည် ရောက်ရှိလာသော အကျိုးပါကလားဟု ကြံဆ မျှော်တွေးကာ ကျီး တပွနဖေဒင်တမျိုးပါဘဲဟု မှတ်တမ်းတင်ခဲ့သည်။ ည ၈ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက စာရေးသူအားခေါ်၍ ပြင်ခရိုင် ဧည့်သည်တော်များတို့နှင့် ခင်မင်ရင်းနှီးစေခြင်း အလို့ငှာ ချစ်ကြည်ရေး မေတ္တာပေါင်းကူးခင်းစေကာ ထွေရာလေးပါးစကားများ နှီးနှောကြပါသည်။

သို့စေကာမူ ဆရာတော်ဘုရားကြီးသည် စာရေးသူ၏ အပေါ်ဝယ် မူလဇစ်မြစ် ထုတ်ဖော်စေလိုသောဆန္ဒဖြင့် ဒီကိုယ်တော်လေးသည် မွန်လူမျိုးပါဘဲဟု လက်ညှိုး ညွှန်ကာ ကြားညှပ်စကား ကမ်းလှမ်းလေတော့သည်။

ပြင်ခရိုင်ဧည့်သည်ထုများသည် တပည့်တော်တို့ကလည်း မွန်လူမျိုးပါဘဲ ဘုရားဟူ၍ တညီသံသာ ထွက်ပေါ်လာလေသည်။ ဒါဖြင့်ရင် မွန်လို တခွန်း တလေလောက် ပြောကြစမ်းပါဟု ဆရာတော်ဘုရားကြီးက နှိုးဆော်တိုက်တွန်းသဖြင့် ပြင်ခရိုင်ဧည့်သည်ထုများက ဦးစွာဉီကဲ့သို့ မွန်ဘာသာဖြင့် မေးမြန်းပါသည်။(**တွဂုဏ်တံရဲကွာန်လိုရော–အဲဂှ်ရဲဍုင် မတ်မလိုက္ကုံခိုုင်ကွာန်မဟေဲတံရကလော**)

မွန်စကား နီးနီးကပ်ကပ် တခါတရံမျှ မကြားဘူးသေးသော ဆရာတော်ဘုရားကြီးသည် ပီတိဖျန်းကာ မျက်နှာတော် လန်းဆန်းလျက် အပြုံးပန်းကလေးမှာ ကျက်သရေရှိပါဘိတည်း။

ဒါဖြင့်ရင် ကိုယ်တော်လေးတို့ သွေးချင်း သားချင်းဖြစ်သောကြောင့် အထက်ရွှေညာတခွင် တန်ခိုးကြီးသော ဘုရားဟူသရွေ့ ဦးဆောင်ပို့ပေးရမည်ဟု မိန့်ကြားတော်မူလေသည်။ ဆရာတော်ဘုရား မိန့်ကြားသော ဩဝါဒတော်ကို လေးလေးနက်နက်ကျင့်သုံး၍ ဦးထိပ်တွင် ကန်တော့ပန်းဆင်လျက် ပြင်ခရိုင်မွန်ဧည့်ထု မပြန်ကြခင် တရက်အလိုတွင်မှာ စာရေးသူနှင့်တကွ အကြောင်းစုံ ဆွေးနွေး မေးမြန်းကြလေသည်။ အရှင်ဘုရားတို့ ရပ်မြေတွင် မွန်လူမျိုးတွေ ချည်းပါဘဲဟု ဘွင်း ဘွင်း ကြီး ဖြေကြားလိုက်လေတော့သည်။ ဧည့်သည်များတို့က အံ့ဩသံသာ ပဲ့တင်ထပ်လျက် နေပေသည်။

ပြင်ခရိုင်ခေါ်ပုံ ဗျုပ္ပတ်တွေနှင့် လက်လှမ်းမှီသော ပတ်ဝန်းကျင်ရွာစုများကိုပါ စာရေးသူ၏ အကြောင်းစုံမေးမြန်းရာဘွင် ဤပုံဖြင့် ဖြေကြားကြသည်။ ပြာခရိုင်-ပြင်ခရိုင်လို့ အများပြည်သူဘို့က ခေါ်ဝေါ်နေကြတာကိုတော့ ကဗျာ ဆန်နေတာဘဲဟု ထင်မှတ်ကြပေသည်။ ကဗျာဆန်ယုံသာဖြစ်သည်။ အမှန်စင်စစ်ကတော့ လုံးဝ အဓိပ္ပါယ်မရပါ။

မွန်လိုခေါ်တော့ (ခရိုင်ပြေင်) ခရိုင်သည် ကာထားပြီးသောခြံ။ (ပြေင်) ပြင်သည် ကျွဲဖြစ်သည်။ ကျနစွာ ပေါ်လွင်စေအောင် အဓိပ္ပါယ်ပြန်လျှင် ကျွဲများမွေးမြူထားသော ခြံဖြစ်သည်ဟု အသက်(၃၆) နှစ်ကျော်ရှိ အဖွားဒွတ်က ရှင်းပြပါသည်။

ထို့နောက် တပည့်တော်မတို့ သိတတ်စ အရွယ်ကဆိုလျှင် ဖိုးအေဖွားအေတို့က မြန်မာစကား လုံးဝမပြောတတ်ကြပါ။ လက်လှမ်းမှီသော ပတ်ဝန်းကျင်ရွာစုတွေမှာလည်း ထိုနည်းငင်းပါဘဲဘုရား တပည့်တော်မအရွယ်ရှိ မွန်စကားတတ် လက်ကျန်တစုတို့၏ မြေးတို့မြစ်တို့က ခါးမှာလက်ညှိုးနှင့် ကလိတို့ထိုးလျှင်(ဩယာဲ)အိုက်ယွားမွန်လို ယောင်ယမ်းလာသောအသံကို ဟားတိုက်ကာရယ်မောပြောင်လှောင်ကြပါသည်ဘုရား ထိုထို အကြောင်းစုံ တို့ကို စာရေးသူ ကြားနာသိရှိရ၍ အဖွားဒွတ်တို့ရပ်မြေ ပြင်ခရိုင်ရွာကြီးသည် လဆုပ်(၁၃) ရက်နေ့ အလင်းရောင်နှင့် တူပေသည်ဟူ၍ မှတ်ချက်ချကာ အဖွားဒွတ်၏ကိုယ်စား ဝမ်းနည်းမိပါသည်။

ကောဇာသက္ကရာဇ် ၅၃၂ ခုနှစ် ပုသိမ်သား ဖြစ်သော ဆပဒမည်သောရွာကို အကြောင်းပြု၍ ဆပဒသာမဏေလေးသည် သီဟိုဠ်ကျွန်းသို့ ပရိယတ္တိလောကုတ္တရာစာပေကို သွားရောက် လေ့လာ သင်ကြားတော်မူလေသည်။ ထိုသာမဏေလေးသည် သီဟိုဠ်ကျွန်းမှာပင်လျှင် ရဟန်းခံ ပြန်ပါသည်။ ရဟန်းဝါတော် ဆယ်ဝါရပြီးသည့်နောက် မိမိတို့၏ ဂုဏ်ရှိန်ပုသိမ်ဌာနေတော်သို့ ရွှင်ပျော် ခန့်ညားစွာ ပြန်လည် ကြွရောက်လာလေတော့သည်။

မိမိသည် တတ်မြောက်ထားသော ပညာအဝဝတို့တွင် မိမိတို့၏ တိုင်းရင်းသား အပေါ်ဝယ် ပြန်လည်ကာ သင်ကြားပြသရမည့် တာဝန်ရှိသည်အားလျော်စွာ ထိုအချိန် အခါသမယမှာ ဆဗဒ ရဟန်းတော်ကိုယ်တော်တိုင် ကွပ်ကဲကြီးမှူး၍ ပုသိမ်ခရိုင်လုံးတွင် သာသနာ့ ရောင်ခြည်လွှမ်းပြီး မွန်ရဟန်းတော် ဆပဒထေရ်ဟု ကျော်ကြားလျက်နေပေသည်။

ယနေ့ လက်ရှိအခြေအနေများနှင့် စံချိန်ထိုးကြည့်ပါမူကား အဖွားဒွတ်တို့ရပ်မြေ ပုသိမ်ခရိုင်တွင် ဘိုး

ဘွားဘီဘင် လက်ငုပ်လက်စ လက်ကျန်အမွေအနှစ်များကို မည်သူ့မည်ဝါ ပြန်လည့်ကာ ထမ်းဆောင်ရမည့်တာဝန်ကိုတော့ အဖွားဒွတ်တို့ အသိပင် ဖြစ်ပါသည်။

စာရေးသူသည် ထိုထိုသာဓကကိုဆောင်၍ ရှင်းလင်းပြောကြားရာတွင် ဧည့်သည်တော်များတို့သည် မရှင်ပြနိုင်သော မျက်နှာထားဖြင့် မှန်ချပ်ပေါ်တွင် လှုရိပ်ထင်နေသကဲ့သို့ စာရေးသူ၏ ခင်းထားသော ဝံသာနု ရက္ခိတဇာတ်ကြောင်းကို မသိမသာဟန်မူ ချုပ်၍ ဇာတ်ရုပ်သိမ်းခဲ့ နေပေသည်။

အချက်ကျင်းမိုးလင်းလေတော့ ပြင်ခရိုင်ဧည့်သည်များသည် မှိုင်ပေါ်တွင် အငိုင်ရုပ်ဆင့်ပြန်တော့ နှစ်ထပ်ကွမ်း ဒုက္ခ ခံစားနေရရှာသောကြောင့် စာရေးသူက မေးမြန်းပါသည်။ အခြားသော အကြောင်းမဟုတ်ပါဘုရား ညဦးယံတွင် အရှင်ဘုရားသာဓကဆောင်ပြီး ရှင်းလင်း ဖေါ်ထုတ်ပြသော အမျိုး အနွယ် အတိတ် ဇာတ်ကြောင်းများတို့ကို တပည့်တော်တို့က ကြားနာ သိရှိကြပြီးတော့ ရေစုံ မျောပါပြီးသော ပိတောက်ပင် တဖန်ပြန်၍ ဆယ်ရန်မလွယ်ကူသလို ထိုအဖြစ်ကို တွေးတော ကြံဆ နေတာက တကြောင်း။

ဝေးမြေရပ်ခြား ဖြစ်နေပါလျက်နှင့် ယခုလို ဆုံတွေ့ကြတာကိုတော့ အတိတ်ကပါလာသော ထောက်ပံ့ကံအမှန်ပင်ဖြစ်သည်။ ယခု အချိန်ပိုင်းမှာ ပြင်ခရိုင်ဧည့်ထု မွန်များတို့က ပြန်ကြလျှင်၊ တပါးသာ မျက်နှာငယ်ရှာသော သွေးချင်း ဦးပဉ္ဇင်းလေး အရေးကို ရှေ့သို့ မျှော်တွေးပြီး ပူဆွေးကြပါသည် ဘုရားဟု ဘွင်းဘွင်းကြီး ပြောပြ ပြန်ပါတော့သည်။

စကား၏အဆုံးတွင် ကျွန်ုပ်အရေး မပူဆွေးကြပါနှင့် စိတ်အေးချမ်းသာစွာ ပြန်ကြပေတော့ မိမိတို့၏ ရွာပြန်ရောက်ကြလျှင်လည်း ဘိုးဘာခင် အမွေခံစဉ်နှင့် နတ်ကွန်းဂေဟာမှာ ရိုးရာစလေ့သည် ငါဟာငါဘဲ ဘယ်လူမျိုးလည်းဟု ပြန်လည်ကာ သတိအမြဲရကြစေရန် မိန့်ကြားလိုက်ရပါသည်။ ။

ယက္ခကျွန်း - မင်းဘုန်းမောင်

## မျိုးချစ်ခေါ်သံ

* အိုဘယ့်သက်ကြား၊ ရှယ်အိုများတို့
ခုချိန်ခါတွင်၊ ထီးစည်တို့မင်း
ပျက်ယွင်းသွား၍၊ အားလျော့ချေပြီ။
စိတ်ပုတီးဖြင့်၊ ငြီးတွားဘမ်းတ
ဆိုရုံမျှဖြင့်၊ မျိုးချစ်မအိုမဆိုသင့်။ ။

* ဒို့ပြည်ဒို့နန်း၊ ဒို့ကြငှာန်းနှင့်
တိဘ်ခန်းဘောင်တွင်၊ ဆန်းစစ်လျှင်မူ
ရှေးစဉ်ပိုင်းက၊ ဘယ်တိုင်းပြည်ဝယ်
ဘယ်မွန်မင်းက၊ ရာဇဝင်တွင်
တင်ကျန်ထွန်းပြောင်၊ ကျိုးဆောင်ခဲ့သည်
ဤသို့ဖြစ်ပျက်၊ မမေ့အပ်သင့်၊ စွဲမှတ်စေချင်
မော်ကွန်းတင်။

* တက်ခေတ်ကျောင်းသား၊ လူရှယ်များတို့
နှမမောင်ဘွား၊ ဒို့များဆွေမှာ၊
မွန်စာဂီတ၊ အာဂုံရလည်း၊
ဒို့ကတာဝန်၊ ကျေပြွန်စုံပြီ၊ တော်ရုံအခြင်
မထင်လေနှင့်။ ။

* ဒို့ရဲဆွေသွေး၊ လုံမလေးတို့-
တုံ့နှေးတွေးဆ၊ မိန်းမသားဟု
အားနွဲ့နေ၍၊ ရေသာခိုလိုက်
လူ့မိုက်သားဟု၊ ဒို့များသည်ခေတ်
စင်စစ်မသွေ၊ ဆိုပေလိမ့်မည်။ ။
လူသားမည်မှာ၊ အထိုက်အလျောက်
အရေးရောက်သည်၊ စွမ်းပေါက်နိုင်သူချည်း
သာတည်း။

* ကြီးငယ်မဟူ၊ ညီတူလှမ်းစို့၊
ဒို့မျိုးဒို့သွေး၊ ဒို့အရေးမို့၊
သွေးစည်းမကွဲ၊ ဇွဲနှင့်လုံ့လ
ဖေါ်ပြုကြလျှင်၊ မုချဒို့မှန်း အောင်ဘိုလမ်း
တည်း။ ။

(မှတ်ချက်။ ။အ-ပ-ထ မှ ကဗျာကိုမှီးလျက်)
ရာမည- မိမွန် (ရေးမြို့) ခေတ္တ၊ ရန်ကုန်။

# မွန်စာပေ ယဉ်ကျေးမှု တိုးပွါး ခိုင်မြဲ စေဘို့

◀ ရေးသူ–နိုင်စိုးထွန်း ▶

ပုဂံခေတ်တွင် အနော်ရထာမင်းသည် သက္ကရာဇ် ၄၁၉ ၌ သထုံပြည်ကို တိုက်ခိုက်အောင်မြင်၍ မင်း၊ ပညာသည်များနှင့် တကွ ပိဋကတ်ကျမ်းဂန် ယဉ်ကျေးမှုများကို သိမ်းယူပြီး မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားစေခဲ့သည်။

ယခုတိုင် ထင်ရှားတည်ရှိနေသေးသော ကျန်စစ်သားမင်း၏ သားတော် ရာဇကုမာရ တည်ထားခဲ့သည့် မြစေတီကျောက်စာတွင် ထိုခေတ်ကထွန်းကားနေသောပါဠိ၊ မြန်မာ၊ မွန်၊ ပြူဘာသာ ၄ မျိုးဖြင့် တမျက်နှာစီ ရေးသားစေခဲ့သည်။ ၁၁၁၃–ခုနှစ်တွင် ဟံသာဝတီမွန်မင်း၏ညီတော် ဥပရာဇာသည် အင်းဝကို တိုက်ခိုက် အောင်မြင်သောအခါ ပိဋကတ်စာပေယဉ်ကျေးမှုများကို သိမ်းယူခဲ့လေသည်။

အထက်ပါ အကြောင်းအရာများသည် ထင်ရှားသော အဖြစ်အပျက်မှတ်တမ်းများအဖြစ် မြန်မာနိုင်ငံသမိုင်းတွင် တွေ့ရှိနိုင်ပေသည်။ ယင်းသမိုင်းကြောင်းများကို ဖေါ်ပြခြင်းမှာ ၎င်း အကြောင်းအရာများအား ဝေဖန်ရန်မဟုတ်ပါ၊ သုတေသန ပြုလုပ်ခြင်းလည်း မဟုတ်ပါပေ၊ ထိုခေတ်က စာပေယဉ်ကျေးမှု မြတ်နိုးခြင်းနှင့် တိုးတက် ထွန်းကားစေလိုသော မွန်မြတ်သည့် စိတ်သဘောထားကို နှစ်သက်မိ၍ ရေးသားဖေါ်ထုတ်ခြင်းဖြစ်၏။ ယင်း အကြောင်းရပ်များအရ ထိုခေတ်ကလူများသည်လည်း စာပေယဉ်ကျေးမှုကို အလွန် ဂရုပြုတန်ဘိုးထားကြောင်း လေ့လာသိရှိနိုင်ပေသည်။

ထိုခေတ်ကထက် အနေ အထား အား လုံး ပင် ပြောင်းလဲတိုးတက်နေသော ယခုအချိန်တွင် စာပေဘာသာစကား တတ်မြောက်စေရန် လုပ်ဆောင်ရာ၌ များစွာခဲယဉ်းမည် မဟုတ်ချေ။ စိတ်ဓါတ်နှင့် ဆန္ဒသာ ပဓာနဖြစ်ချေသည်။

ယခု အခါတွင် မွန်စာပေနှင့် ဘာသာစကားသည် လေတိုက်ခံနေရသော ဖယောင်းတိုင်မီးကဲ့သို့ အရှိန်အင်အား နည်းပါးလျက် ရှိသည်။ ကာကွယ်ပြုပြင်ခြင်း မရှိပါက ငြိမ်းပျောက်သွားရန်ပင် ရှိချေတော့မည်။ ဆက်လက်တောက်လောင်နိုင်ရန် ထိန်းသိမ်းပြုပြင်ပါမူ နောက် ဖယောင်းတိုင် များစွာတို့ကို အစဉ်မပြတ် မီးကူးစေနိုင်သကဲ့သို့ ပျောက်ကွယ်ခြင်းခရီးသို့ ခြေလှမ်းပြင်နေသော မွန်စာပေနှင့် ဘာသာစကားကို အချိန်မှီ အားထုတ် ထိန်းသိမ်း နိုင်ပြီးလျှင် ဆက်လက်၍ ကျယ်ပြန့် ပွားများလာနိုင်မည် ဖြစ်သည်။ တိုင်းရင်းသား ဘာသာယဉ်ကျေးမှုများ အလယ်တွင် ထင်ရှားပေါ်လွင်စွာ ရပ်တည် သွားနိုင်မည်။

ဤသို့ဖြစ်ရန် မည်သူတို့၏ တာဝန် ဖြစ်လေသနည်း၊ ကျွန်ုပ်တို့ တိုင်းရင်းသား မွန်လူမျိုးများ၏ တာဝန်ဖြစ်ပေသည်။ အထူးသဖြင့် တက္ကသိုလ်ရောက် မွန် အမျိုးသားများ၏ မွန် စာပေနှင့် ယဉ်ကျေးမှုကော်မီတီမှ ဦးဆောင် ကြိုးပမ်းသွားရန် လိုအပ်ပေသည်။ အခြားသော တိုင်းရင်းသားတို့ သည်လည်း မိမိတို့၏ ဘာသာစာပေ ဖြစ်ပွားရန်အတွက် အသီးသီး ကြိုးပမ်းလျက်ရှိသည်ဟု သိရှိရသည်။ ဤသို့စာပေများ တိုးတက်လာခြင်းဖြင့် ရှေးခေတ်နှင့် မျက်မှောက်ခေတ် ယဉ်ကျေးမှုများ ဖေါ်ထုတ် တည့်တံ့စေနိုင်မည်ဖြစ်၍ အလွန် အားရဘွယ် ကောင်းပေသည်။

မဝေးလှသေးသော အတိတ် ကာလ အချိန်တွင်

မွန်စာပေသည် ယခုထက်များစွာ တန်ဘိုးထားအသုံး ပြုခဲ့သည်ဟု ခန့်မှန်းမိသည်။ သက်ကြီး ရွယ်အိုများ နှင့် ယခုခေတ် လူငယ်များ ပြောပုံဆိုဟန်များ ကွာ ခြားမှုရှိကြသည်။ အဘိုးအို အဖွားအိုတို့သည် အများ အားဖြင့် မွန်စာကို တတ်မြောက်ကြသည်။ ယခုအ ချိန်၌မူ ဘုန်းကြီးကျောင်းများနှင့် အချို့ ဘာသာ ရေးဆိုင်ရာ အဖွဲ့အစည်းငယ်များအတွင်း၌သာ မွန် စာကို ရေးသားအသုံးပြုကြသည်ကို တွေ့ရှိနိုင်သည်။ ဘုန်းကြီးကျောင်းများ သည် သာ မွန် စာပေ ယဉ် ကျေးမှု ခိုနားရာ ဌာနဖြစ်လျက် ရှိသည်။ ဘုန်းကြီး ကျောင်းများတွင်လည်း အစိုးရမှ ပြုလုပ်ကျင်းပသည့် ပထမငယ်၊ ပထမလတ်၊ ပထမကြီးစသော စာမေး ပွဲများဖြေဆိုမည့် သံဃာတော် အချို့တို့သာ အား ပါးတရ သင်ကြားခြင်း ပြုကြသည်။ ကျောင်းတွင်းရှိ ဘုန်းကြီးကျောင်းသားများ ပင်လျှင် ကောင်းစွာသင် ကြားတတ်မြောက်ခြင်း မရှိကြချေ။ ပြင်ပအရပ်သား များမှာကား ပြောဘွယ်ရာ မရှိတော့ပေ။ မည်သည့် နေရာတွင်မှ မွန်စာ သင်ကြားခြင်းကို မတွေ့ရပါ၊ သို့ဖြစ်ရာ မွန်စာမတတ်သူမှာ ရာနှုန်းပြည့်လောက် ပင် ရှိမည်ဖြစ်ပေသည်။

ဤအခြေအနေများ အရဆိုလျှင် ဘုန်းကြီးကျောင်း များအတွင်းမှ မွန်စာပေသည် နယ်ပယ် ကျယ်ဝန်း လာနိုင်မည် မဟုတ်ဘဲ ကျောင်းဝင်း အတွင်း၌သာ သံသရာလည်နိုင်သည့်အဆင့်မှာပင် ရှိနေလေဦးမည်၊ ခေတ်ပြိုင် တွင် မှေးမှိန် နေဦးမည်။

မော်လမြိုင်ခရိုင်ရှိ မူလတန်းကျောင်းနှင့် အလယ် တန်းကျောင်းများတွင် တိုင်းရင်းသား မွန်သားသမီး များသာ အများစုဖြစ်ကြသည်။ သို့ဖြစ်သော်လည်း အမျိုးမျိုးသောအကြောင်းချင်းရာ များကြောင့် အစိုးရ ကျောင်းများတွင် မွန်စာ သင်ကြားခြင်းကို ရပ်ဆိုင်း လိုက်ရလေသည်။ ကျောင်းလွှတ်ချိန်တွင် မွန်စာသင် ကြားခြင်းကို ခွင့်ပြုသော်လည်း သင်ကြားရန် အခြေ နေမရှိခဲ့ပေ။ အလွန်ဝမ်းနည်းဘွယ်ရာကောင်းလှပေ၏၊ ထိုလူငယ် ကျောင်းသားများ တတ်မြောက်ကြ ခြင်းအားအင်ဖြင့် တိမ်မြုပ်စ ပြုနေသော မွန်စာပေ သည် ပြန်လည်၍အားသစ်လောင်း နုပျိုလာနိုင်မည် မဟုတ်ပါလား၊ ယင်းတို့သည် လူငယ်ကလေးများ ဖြစ်ကြ၍ သင်ကြား တတ်မြောက်ရန် အချိန် ရှိပေ သေးသည်။ တတ်မြောက်ပြီးဖြစ်သော လူကြီးများက စာပေကိုချစ်မြတ်နိုးသောစိတ်ဖြင့် လှုံ့လပြုကြရန် လို သည်၊ စိတ်စေတနာနှင့် ကြိုးစား အားထုတ်မှုသည် အဓိကလိုအပ်ချက် ဖြစ်ပေမည်။ သို့ဖြစ်သည့်တိုင်ကျ ဆင်းနေသည့် လက်ရှိ အနေအထားအရ အလွန် ကြိုးစားရဦးမည်ဖြစ်သည်၊ လွယ်လွယ်ကူကူဖြင့် ပြည့်စုံ နိုင်မည်ကား မဟုတ်ချေ။ လက်လှမ်းမှီသည့် အတိုင်း အတာအရ အဆင့်ဆင့် ဆောင်ရွက် သွားရဦးမည်၊ လူတန်းစားမရွေး သင်ကြားခြင်း သင်ယူခြင်းတို့တွင် စိတ်ဝင်စားကြရန်လိုသည်၊ လုပ်အားပြဖို့ လိုချေပြီ။

တကက္ကသိုလ်များ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မီ တီမှ စီစဉ်ရေးသားမည့် မွန်ဖတ်စာ သစ်ကဲ့သို့သော စာအုပ်မျိုးကို ကျေးရွာများထိ အနှံ့အပြား ရောက် ရှိစေခြင်းအားဖြင့် မွန်စာ ပွါးများခြင်းကို အထောက် အကူပြုနိုင်ပေမည်၊ ယင်းသို့သော စာအုပ်များဖြင့် အတော်အသင့် အခြေခံရှိသူတို့ လေ့လာ တတ် မြောက်နိုင်မည်ဟု ယုံကြည်ရသည်။ ဇင်းပြင် နွေရာ သီကျောင်းပိတ်ရက်များတွင် စုရုံး၍ သင်ကြားနိုင်ပါ က အလွန်ခရီးရောက်မည်။ မြန်မာစာကို ကောင်း စွာ တတ်မြောက်ပြီးဖြစ်လျှင် မွန်စာကို အလွန်လွယ် ကူစွာ တတ်မြောက်နိုင်မည်၊ နွေရာသီ ကျောင်းပိတ် ချိန်အတွင်းမှာပင် မွန်စာကို ကောင်းစွာ ရေးတတ် ဘတ်တတ်နိုင်ကြမည် ဖြစ်သည်။

မွန်စာပေ တိုးတက် ပွားများ လာနိုင် စေရန်မှာ ယခုခေတ်တွင် မွန်စာပေ ယဉ်ကျေးမှုများ ကိန်း အောင်းရာဌာနဖြစ်သော ဘုန်းကြီး ကျောင်းများသာ လျှင် အခြေခံထားရန် ဌာန ဖြစ်ပေသည်။ ထိုမှ တဆင့် လူကြီးလူငယ်များ တတ်အားသမျှ ကူညီ သင်ကြားနိုင်ပေသည်၊ မတတ်သေးသော သူများ လေ့လာ သင်ယူနိုင်ပေသည်။ ဤသို့ တဖြည်းဖြည်း နှင့် မှန်ကန်စွာ ကြိုးပမ်း မွေးထုတ်သွားကြခြင်းအား ဖြင့် နှစ်အနည်းငယ်အတွင်းတွင် မွန်စာပေယဉ်ကျေး မှုသည် ထို ဘုန်းကြီး ကျောင်းဝင်းများမှသည် လှိုင်း အသိုင်းအဝိုင်းသို့မှချ ပြန့်ပွားလာနိုင်မည်၊ ပြည်ထောင် စု မြန်မာနိုင်ငံတွင် ပြန်လည် ဆန်းသစ်လာနိုင်မည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ အစဉ် အဆက်အားဖြင့် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ခဲ့သည့်အလျောက် ၎င်းတို့၏ ဓလေ့ ဘာသာစကား ယဉ်ကျေးမှုများကိုလည်း ပြောကြထိန်းသိမ်းကြမည် ဖြစ်ပေသည်။ ရခိုင်၊ ကရင်၊ ရှမ်း၊ ကချင်၊ ချင်း၊ ကယားစသော တိုင်းရင်းသား အသီးသီးတို့သည် မိမိတို့၏ သက်ဆိုင်ရာ ယဉ်ကျေးမှု ဘာသာစကားများကို ထိန်းသိမ်းလျက် ရှိကြသည်။ မွန်တို့၏ ဘာသာစကားကို မွန်လူမျိုးတို့က အားပေး ထိန်းသိမ်းရန် တာဝန် ရှိပေသည်။ မွန်စကားကို မည်သည့် လူမျိုးခြားတို့ကမျှ ပြောဆိုရန် စိတ်ပါကြမည် မဟုတ်ချေ။ ရှိလျှင်လည်း အလွန် နည်းပါမည်။ မွန်စကားသည် မွန်လူမျိုးတို့ပြောရန် အဓိကဖြစ်၏။ မွန်စာသည် မွန်တို့ရေးရန်-ဖတ်ရန်ဖြစ်၏။ မူလ အရင်းခံဖြစ်သော မွန်တို့က မပြောမဆို မရေးသားလေလျှင် မည်သူတို့က ပြောဆို ရေးသား ကြမည်နည်း၊ စိတ်ပါဝင်စားကြမည်နည်း၊ သို့ဖြစ်ရကား ကျွန်ုပ်တို့သည် ပြည်ထောင်စုကြီး အတွင်း အဓိက ဖြစ်သော မြန်မာဘာသာအပြင် မိမိတို့၏ မိခင်ဘာသာ စာပေ စကားကိုလည်း အပြည့်အစုံ တတ်မြောက်ရန် ကြိုးစားကြပါစို့။

ခေတ်လူဖြစ်သော မွန်လူငယ် - လူရွယ်များသည် မွန်စကားကို လွတ်လွတ် လပ်လပ် ပြောရန်ပင် တွန့်တိုနေကြသည်ကို အများအပြား တွေ့ရှိရသည်၊ မွန်စကားသည် မွန် အမျိုးသားများ ပြောရန်ပင် သင့်လျော်၏။ အခြား တိုင်းရင်းသားများ အတွက် အလွန်အပြောရခက်သည်။ မည်သို့ပင် ဖြစ်စေ စကားတတ်စ လူမှန်းသိစမှ အတော်အသင့် ကြီးမြောက်သည်ထိ မွန်စကားကိုသာ တတ်သိ နားလည်ခဲ့ရသော မွန်အမျိုးသားများသည် မွန်စကားပြောရန် စိတ်မသန်ခြင်းမှာ အဓိပ္ပါယ် မရှိပါ။ မွန် စကားကို ရည်လည်စွာ ပြောနိုင်ခြင်းမရှိ၍ မပြောလိုဟုဆိုသည်မှာ ယုတ္တိမတန်ပါ။ ဂုဏ်မရှိ၍ လူတကာ ရှေ့တွင် ပြောရန် ရှက်ရွံ့သည်ဟု ဆိုခြင်းမှာ အဆိုးဆုံးဖြစ်၏။ မွန်ကျေးရွာရပ်ကွက် မွန်အမိအဖတို့မှ မွေးဖွား လာသော ကလေးငယ်များကို ရိုးရာနှင့်ပတ်ဝန်းကျင်ကိုဆန့်ကျင်၍ တခြား ဘာသာစကားကို သင်ကြားခြင်းဖြင့် မိမိတို့ကလေး မွန်စကားမတတ်ကြောင်းကို ကြွားဝါ ဂုဏ်ယူနေကြသူများသည် စိတ္တဇဆန်သော ဘဝင်ကိုင်သူများ ဖြစ်ကြသည်။ မြန်မာဘာသာ၊ အင်္ဂလိပ် ဘာသာ စသည်များကို ပြောဆို ရေးသားခြင်း များပြားလွန်း၍လည်း မွန်စကားကို မေ့လျော့သွားနိုင်မည် မဟုတ်ချေ။ စာပေ အရေးအသားသာလျှင်မေ့ကောင်းမေ့သွားနိုင်ပေမည်၊ မွန်စကားတတ်ခဲ့ပြီးသောမွန်များသည်မွန်စကားကို မေ့သွားနိုင်မည် မထင်ပါ၊ မေ့နိုင်မည် မဟုတ်ပါ။ မှတ်ဉာဏ်သည် အစဉ်အမြဲ ရှိနေမည်သာတည်း။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၇၀ လောက်က မွန်တို့ တည်ထောင်စိုးစံခဲ့သော သထုံပြည်သည် မြန်မာနိုင်ငံတွင် ရှေးကျသော ခေတ်တခေတ်ဖြစ်သည်။ ထိုခေတ်မှာပင် မွန်စာပေယဉ်ကျေးမှုများ ထွန်းကားခဲ့လေသည်။ ၁၁ ရာစုသို့ ရောက်သောအခါ ပုဂံခေတ်အနော်ရထာမင်းသည် သာသနာ-စာပေ-ယဉ်ကျေးမှုတို့ကို မြတ်နိုးသဖြင့် မြန်မာ စာပေကို ရှိပြီး ထွန်းကားပြီးဖြစ်သော မွန်တို့၏ စာခပ ယဉ်ကျေးမှုနှင့် ပေါင်းစပ်ကာ ဒီရင် ဆောင်ရွက်ခဲ့၍ အမျိုးသားစာပေနှင့် ယဉ်ကျေးမှုများ ထွန်းကား လာခဲ့လေသည်။ မြန်မာစာပေနှင့် မွန်စာတို့သည် များစွာ ဆင်တူလျက် ရှိသည်ကို တွေ့ရှိနိုင်သည်။ မွန်စာပေသည် အမျိုးသား စာပေ ယဉ်ကျေးမှု၏ ရေသောက်မြစ်ဟု ဆိုနိုင်ပေသည်။ ဤသို့ အမျိုးသားစာပေယဉ်ကျေးမှုကို မွေးထုတ်ပေါက်ပွားစေခဲ့သော မွန်စာပေယဉ်ကျေးမှုသည် မြန်မာနိုင်ငံမှ မထင်မရှားဖြင့် မပျောက်ကွယ်သွားသင့်ပေ။ တချိန်က ခေတ်ပြိုင်တွင် ထွန်းကားခဲ့သော ပြူ စာပေသည် မြန်မာပြည်မှ ပျောက်ကွယ်သွားချေပြီ။ မွန်ဘာသာ စာပေများ ခိုင်မာ တည်မြဲစေနိုင်ရန် အတွက် အမျိုးသား အပေါင်းတို့က ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်သင့်ပေသည်။

စာပေသည် ဘာသာစကား ယဉ်ကျေးမှု၏ မှတ်တိုင်ဖြစ်သည်။ စာပေ ပျောက်ကွယ်လျှင် ဘာသာစကားတိမ်းပါးကာ လူမျိုးလည်း ပျောက်ကွယ်ရ၏။ ရှေးဟောင်းလူတို့သည် ယခုခေတ်သစ်မှာကဲ့သို့ စာရွက်၊ စာတမ်း၊ ပုံနှိပ်စက်များ မရှိသော်လည်း သားစဉ်မြေးဆက် အနာဂါတ်လူများ ခံယူ သိရှိနိုင်ရန် အတွက် ခက်ခက်ခဲခဲ ရေးသား ထားခဲ့လေသည်။

ကျောက်ပြား၊ သစ်ဝါး၊ ပေရွက်၊ ထန်းရွက်စသည့်တို့တွင် အမျိုးအပြား ရေးသားခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ခဲ့ခြင်းအတွက် အလွန် ဂုဏ်ယူချီးကျူးဘွယ်ရာပင် ဖြစ်ပေတော့သည်။ ၎င်းတို့သည် ယင်းခေတ်အတွက် တာဝန်ကျေခဲ့ပေပြီ။

ပေရွက်ဖြင့် ရေးသားခဲ့သော လက်ရေးမူ မွန်စာပေဟောင်းများကို ယခုခေတ် လူတို့များစွာ တွေ့ရှိကြရသည်။ အချို့တို့မှာ ပေရွက်များ ဆွေးမြေ့ပြီး စာလုံးများလည်း အလွန် မှေးမှိန်သဖြင့် နှစ်ပေါင်းအတော်ကြာညောင်းခဲ့ပြီ ဖြစ်လေမည်။ တန်ဘိုးထား ပြုပြင်ခြင်းကင်းသဖြင့် ၎င်းတို့ထက် ရင့်ရော်ပြီး ယခုခေတ်လူများ လက်ထက်တွင် ပျက်စီးဆုံးပါးခဲ့ပြီးသည်လည်း အမျိုးအပြားရှိပေဦးမည်။ ထို့ကြောင့် အဘိုးတန်သော အမွေအနှစ် အစစ်အမှန်များကို လက်လှမ်းမှီသူတိုင်း ထိန်းသိမ်း သင့်ကြသည်။ တတ်နိုင်သည့်အဖွဲ့အစည်းများသည် စာဟောင်း ပေဟောင်းများကို ဒေသအနှံ့ တောင်းခံရယူပြီး ပုံနှိပ် ပွားများသင့်ပေသည်။

ဤခေတ်တွင် မွန် ဘာသာစကား နယ်ပယ်သည် အလွန် ကျဉ်းမြောင်းနေချေပြီ၊ ရှေးနှစ်ပေါင်းများစွာ အချိန်က ထွန်းကား တည်တံ့လာခဲ့သည်ကို ယခုခေတ်တွင်မှ တိမ်မြုပ် အားနည်း ရသည် ဖြစ်သဖြင့် ယခုခေတ်လူများ၏ ပျင်းရိညံ့ဖျင်းမှုဟု ဆိုရပါမည်။ အနာဂါတ် ခေတ်သမိုင်း ဆရာတို့၏ ရှုံ့ချရေးသားခြင်းကို ခံရပေမည်။ အဘယ်သို့ပြုကြလေမည်နည်း။

မွန်ဘာသာ ဖယောင်းတိုင်မီးငယ်မှတဆင့် နယ်ပယ်အနှံ့ ထွန်းလင်းတောက်ပစေရန် ပွားများယူနိုင်ပါသေးသည်။ သို့ဖြစ်သောကြောင့် ရှေး ဘိုးဘွား၊ ဘိဘင် လူကြီးသူအိုများ၏ အမွေ အနှစ်ကို ထိန်းသိမ်းတည်တံ့စေပြီး ဆထက်တန်ပိုး တိုးပွား ထွန်းကားလာနိုင်ရန် စွမ်းအား ရှိသမျှ ကြိုးပမ်းကြလျက် နောင်လာ နောက်သားများအတွက် ခေတ်၏တာဝန်ကျေပြွန် သူ များ ဖြစ် နိုင် ကြ စေ ဟု ဆန္ဒ ပြုရပေသတည်း။ ။

နိုင်စိုက်ထွန်း

ကလော့သော့ရွာ

## အာမေသို့

အမေ
သင်္ချိုအနန္တ၊ နှိုင်းမရသည့်
မိဘမေတ္တာ၊ စမ်းသီတာသို့
ကြည်သာငြိမ်းချမ်း၊ စိတ်ရွှင်လန်းစွ
သားလှယုံကြည်မိပါသည်။

ငယ်စဉ်ဘဝ၊ နုတ်စစ်နှင့်
ဝန်းပစန္ဒာ၊ ရွှန်းမျက်နှာက
သဲလွှာရင်တွင်း၊ ငြိမ့်ငြိမ့်ဆင်းအောင်
ညှဉ်းညှဉ်းလျှံကြွေး၊ သံချိုတေးနှင့်
အေ့အေးအိုအို၊ အမေဆိုတော့
လှပျို့နွေးထွေး၊ သားလှလေးလျှင်
ကြည်ရွှင်လန်းဆန်း၊ နှင်းရည်ဖျန်းသို့
ချမ်းမြေ့ခဲ့ရပါသည်အမေ။

သက်ရွယ်အိုရင့်၊ အခြေလင့်တော့
နွမ်းဖျော့အိုစာ၊ အမေ့မှာလျှင်
တွန့်လာပါးပြင်၊ လှမဆင်လည်း
ကြည်ရွှင်လန်းဆန်း၊ မိုးသောက်ပန်းသို့
စိတ်ဝမ်းသဲပြင်၊ သားရင်ခွင်မှာ
အသွင်ထင်ဟပ်နေဆဲပါအမေ။

ကောင်းရာ ကောင်းကြောင်း သတိလောင်း၍
သောင်းသောင်းဖျဖျ၊ အမေပြောပြသည့်
ဆုံးမစကား၊ နုတ်ချိုပျားကို
သားလှနားဆင်၊ နှလုံးယှဉ်၍
အစဉ်သတိရ၊ မေ့မရပါအမေ။

လောကမဏ္ဍိုင်၊ သွေဖါယ်ယိုင်လည်း
ခိုင်ချည်မြဲနှောင်၊ ဤလူ့ဘောင်၌
ရင်၌သစ္စာ၊ အမေ့မေတ္တာလျှင်
မဟာမြေကြီး၊ ထုသိပ်သည်းသို့
စုစည်းကြွယ်ဝ၊ ဆပ်မရနိုင်
သားလှရိုကျိုး၊ လက်စုံမိုး၍
ရှိခိုးဦးတင်၊ ထိပ်ပန်ဆင်သည့်
အစဉ်ထာဝရ၊ သတိရနေပါမည်အမေ။

အလီ

စီးပွါးရေးတက္ကသိုလ်

# ရှေးမြန်မာနိုင်ငံ ပုဂံခေတ်ဦး စာအုပ်နှင့် မွန်ယဉ်ကျေးမှု

~~~ နိုင်ပန်းလှ ~~~



ပါမောက္ခ လု(စ်)သည် "ရှေးမြန်မာနိုင်ငံ-ပုဂံခေတ်ဦး"ဆိုင်ရာသမိုင်းကို စာအုပ်ကြီး(၃)အုပ်ဖြင့် နှစ်ပေါင်း များစွာ အပတ်တကုတ် ကြိုးစား အား ထုတ်၍ပြုစုခဲ့သည်။ ၎င်း၏ တသက်တာတွင် ထင်ရှားစွာ ကျန်ရစ်ခဲ့မည့် လုပ်ငန်းကြီး တရပ် ဖြစ်ပေသည်။ ဤစာအုပ်၏တန်ဘိုးမှာ ၇၀၀ိ/ တိတိဖြစ်၍ ဝယ်ရန်ပင်မလွယ်ကူပါ။ ပါမောက္ခကြီးသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း၅၀ကျော် နေထိုင်ခဲ့သည်။ မြန်မာလူမျိုးအစစ်ဖြစ်သော ပါမောက္ခဒေါက်တာဦးဖေမောင်တင်၏ နှမအရင်း ဒေါ်တီတီနှင့် အိမ်ထောင်ပြုခဲ့သည်။ မြန်မာနိုင်ငံ အထူးသဖြင့် ပုဂံဂူဘုရားများကို အလွန့်အလွန် ချစ်မြတ်နိုးသော အင်္ဂလိပ် ဖြစ်သည်။ အင်္ဂလိပ်ပင် ဖြစ်သော်လည်း မြန်မာ နိုင်ငံ၌ သူ၏ သက်တန်း ထက်ဝက် ကျော်နေခဲ့သဖြင့် မြန်မာတပိုင်းဖြစ်နေပါသည်။ မြန်မာကျောက်စာ အချပ်ပေါင်း ၅၀၀ ကျော်ကို ဓါတ်ပုံကောင်းကောင်း စာရွက် ကောင်းကောင်းဖြင့် စာအုပ်ကြီး (၅)အုပ်ကို ၎င်း၊ မှန်နန်း မြန်မာရာဇဝင်ကို၎င်း၊ မြန်မာသုတေသီများ အဆင်သင့်လေ့လာနိုင်ရန် အင်္ဂလိပ်ခေတ်ကဆရာကြီးဦးဖေမောင်တင်နှင့် တွဲဖက်ကာ စုဆောင်းပြန်ဆို၍ ပုံနှိပ်ထုတ်ဝေခဲ့သူဖြစ်သည်။ မြန်မာပြည်ကို အလွန်ချစ်သော စာပေသမား တဦးဖြစ်သည်။ သမိုင်းဆရာ တဦးလည်းဖြစ်သည်။ သူသည် ပုဂံကို အလွန်ချစ်လွန်းသဖြင့် ပုဂံ၌ပင် အရိုးထုတ်လိုသည်ဟု ပြောဘူးသည်။ ပုဂံသူ ပုဂံသားများကလည်း သူ့ကို ပါပါကြီးဟု ချစ်စနိုး ခေါ်ကြသည်။ သူ့ကို အလွန် ကြည်ညို ချစ်ခင်ကြသည်။ ပုဂံသို့ ကျွန်ုပ် ရောက်တိုင်းပင် ဝါရင့်၍ အသက် ကြီးပြင်းသည့် ဘုရားစောင့် လူကြီးများ.... ဦးခ၊ ဦးဘရှိန်၊ ဦး လှကြွယ်၊ စသော ပုဂ္ဂိုလ်များသည် ပါမောက္ခလုစ်နှင့် ဗိုလ်မှူးဘရှင်တို့ကို သတိရကြောင်း မျက်ရည် လည်၍ပင်
~~~

ပြောဆိုကြသည်။ ပါမောက္ခလု(စ်)သည် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကို မည်၍မည်မျှ ချစ်ခင်မြတ်နိုး၍ ရှိသေသမှု ပြုသည်ကို ပုဂံ ဘုရားစောင့်သော့ကိုင်များမှတပါး အခြားလူများ ဗို၍မသိပါ။ ၁၉၆၄ ခုနှစ်တွင် နိုင်ငံခြားသို့အပြီးအပိုင် ရုတ်တရက်ပြန်သွားရတော့မည်ဟု ကျွန်ုပ်ကြားရ၍ တနေ့သောအခါ သွားရောက် နှုတ်ဆက်စဉ်က သူသည် ဝမ်းနည်း၍ တကာယ်ပင်ငိုသည်။ မြန်မာနိုင်ငံမှ လုံးဝ မခွါလိုသော ပုဂ္ဂိုလ်ဖြစ်သည်။ ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်များ၊ သမိုင်း ကော်မရှင်နှင့် ရန်ကုန်တက္ကသိုလ်မှပုဂ္ဂိုလ်များလည်း ပါမောက္ခလု(စ်)၏ သစ္စာတရားနှင့် စိတ်ထားမြင့်မြတ်ပုံကို ကောင်းစွာ သိကြပါပေသည်။

ပါမောက္ခ လုစ် ပြုစုသော (Old Burma-Early pagan)ရှေးမြန်မာနိုင်ငံပုဂံခေတ်ဦး စာအုပ်တွင် အတွဲကြီး ၃ တွဲပါဝင်သည်။ ပထမတွဲတွင် စာသက်သက် (Text) ရေးသည်။ ဒုတိယ တွဲတွင် အညွှန်း (Index) သာ ပါဝင်ပြီး တတိယ တွဲတွင် ဓါတ်ပုံ (Plates)ပေါင်း နှစ်ထောင်နီးပါးခန့် ပါဝင်ပါသည်။ အမေရိကန်ပြည် နယူးယောက် တက္ကသိုလ် အနုပညာဌာနမှ ထုတ်ဝေသော အာရှတိုက် အနုပညာဂျာနယ် (Artibus Asiae) အထူးထုတ်အမှတ်စဉ် (၂၅) အဖြစ် အနောက် ဂျာမနီပြည်တွင် ဂျေဂျေအော်ဂက်စတင်(J.J.Augustin) က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

စာအုပ်ကြီးကို ပြုစုရာ၌ ဆရာကြီး၏ လုပ်ဖေါ်ကိုင်ဘက် ဖြစ်သော သမိုင်း ကော်မရှင်မှ ကွယ်လွန်သူဗိုလ်မှူးဘရှင်သည် ၁၉၅၅ ခုနှစ်မှစ၍ အများဆုံး ကူညီခဲ့သော်လည်း စာအုပ်တွင်ပါရှိသည့် အယူအဆများသည် ပြုစုသူ ဒေါက်တာလု(စ်) တဦး၏ တာဝန်သာ ဖြစ်ပါသည်။

ဆရာကြီး လု(စ်)သည် ရှေးမြန်မာနိုင်ငံ ပုဂံခေတ်ဦးဟူသော စာအုပ်ကိုပြုစုရာ၌ ခေါင်းမပါ ခြေမရှိသော ကိုယ်ထည်ချည်းနှင့် တူသည်ဟု ပြုစုသူက ကြိုတင်ပြောထားပါသည်။ မြန်မာပြည် အလယ်ပိုင်း မိုးခေါင်ရေရှား အရပ်တွင် မြန်မာတို့၏ ပုဂံမြို့တော်ကြီး ထွန်းကားတိုးတက်လာပုံ၊ အေဒီ ၁၀၆၀ ခုနှစ်တွင် မွန်နှင့်မြန်မာတို့ပူးပေါင်းပြီး ပထမပြည်ထောင်စုကို တည်ထောင်ခဲ့ပုံနှင့် မွန်ယဉ်ကျေးမှုနှင့် မြန်မာယဉ်ကျေးမှုတို့သည် ထိုစဉ်က ပန်းချီယဉ်ပမာ သာယာ မွေးကြိုင်ခဲ့ပုံများကို တင်ပြထားသည်။

ခေါင်းပိုင်းနှင့်တူသော ပုဂံမတိုင်မီက သမိုင်းကို နီဂရက်ကို (ကပ္ပလီ) လူမျိုးတို့ ခြေချခဲ့သည့် ရှေးခေတ် မြန်မာနိုင်ငံသမိုင်းကို ရေးပါက အလွန် ရှည်လျားလိမ့်မည်။ သမိုင်းမတင်မီ ခေတ်ဆိုင်ရာ အထောက် အထားတွေလည်း မစုံလင်သဖြင့် မရေးသားသေးဘဲ ကျော်လွှားခဲ့သည်ဟု ဆိုပါသည်။

ခြေနှင့် တူသော ပုဂံ နှောင်းခေတ် သမိုင်းမှာလည်း မြန်မာဘာသာ ကျောက်စာ ၅၀၀ ကျော်ကို အခြေပြု၍ ရေးသားထားသည် ဖြစ်၍ ပုဂံခေတ်ဦးတွင် တွေ့ရသော မွန်ကျောက်စာ အထောက်အထားနှင့် မတူသဖြင့် သီးခြား စာအုပ်ကြီး တအုပ်အဖြစ် ဆက်လက် ထုတ်ဝေရန် လျာထား ပါသောကြောင့် ဤစာအုပ်တွင် မဖေါ်ပြနိုင်ပါဟု ဆိုပါသည်။

ယခု ဝေဖန်သုံးသပ်နေသော ပါမောက္ခလု(စ်)၏ စာအုပ်ကြီးမှာ အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ပထမပိုင်းတွင် သမိုင်းဆိုင်ရာ အကြောင်းအရာများကို အကျဉ်းအားဖြင့် တင်ပြထားသည်။ မွန်ရင်းကျောက်စာနှင့် နောက်တိုး ကျောက်စာနှစ်မျိုးစလုံးကို အထောက်အထား ပြုပါသည်။ ဒုတိယအပိုင်းတွင် သွန်းလောင်း ထုလုပ်ထားသည့် ဆင်းတုရုပ်ပွားတော်များ ဆေးရေးပန်းချီများအကြောင်း သမိုင်းကို တင်ပြီး၊ တတိယပိုင်းတွင် ပုဂံခေတ် ဗိသုကာ ပညာဆိုင်ရာ သမိုင်းများကို တင်ပြထားပါသည်။

သူ၏ အမှာစာစကားတွင် ဖော်ပြသကဲ့ မြန်မာနိုင်ငံနှင့် ရှေးယိုးဒယားနိုင်ငံတွင် ယဉ်ကျေးမှုအနုပညာဖက်တွင် ဦးဆောင်တီထွင် လမ်းပြသူများမှာ မွန်တွေဖြစ်သည်။ မွန်တို့သည် အလွန် ရှေးကျသော အချိန်ကာလကပင် အိန္ဒိယနှင့် အဆက်အသွယ်ရရှိခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် အင်အား ကြီးမား၍ ဆန်စပါးလယ်ယာကိုင်းကျွန်းကို စိုက်ပျိုးစားသောက်သူများ ဖြစ်သည်။ မွန်တို့သည် ဘာသာစကားတွင် အာနံတောင်တန်း တလျှောက်ရှိ ရှေးတိဗက်နံဘာသာစုများနှင့်၎င်း၊ ကမ္ဘောဒီးယားရှိခမာဘာသာတို့နှင့် ၎င်းအနွယ် တူကြသည်။ အင်ဒိုနီးရှား

ဘာသာ စကားနှင့်လည်း ဆက်သွယ်မှု ရှိကြသည်။ သို့သော် တိဗက် မြန်မာအနွယ်ဝင် ပျူဘာသာနှင့်၎င်း၊ မြန်မာဘာသာစကားနှင့်၎င်း မတူညီဘဲ ခြားနားကြသည်။ အေဒီ ၆၃၈တွင် ပျူတို့သည် သရေခေတ္တရာပြည်ကြီးကို တည်ထောင်ခဲ့ကြသည်။ အေဒီ ၈၃၂ နှင့် ၈၃၅ တွင် အနောက်ယူနန်မှ နန်ချောင် (Nanchao)တို့သည် ပျူမြို့တမြို့နှင့် မွန်မြို့တမြို့ကို ဖျက်ဆီး တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့သည် ထိုစဉ်က နန်ချောင်နှင့်အတူ စစ်တိုက်ခိုက်ခဲ့ကြသည်။ နန်ချောင်နှင့်လည်း သာသာစကား အနွယ်တူ ဖြစ်ကြသည်။ စစ်တိုက်မှုတွင် ကျွမ်းကျင် လိမ်မာသော မြန်မာတို့သည် အခွင့်ကောင်းအခါကောင်း ရသည်နှင့်တပြိုင်နက် နန်ချောင်နှင့် ခွဲထွက်ကာ ကျောက်ဆည်နှင့် မင်းဘူး ခရိုင်သို့ ဆင်း လာ ကြ သည်။ ကျောက်ဆည် “၁၁-ခရိုင်”ဟူ၍၎င်း၊ မင်းဘူး“၆-ခရိုင်” ဟူ၍၎င်း ခေါ်ကြသည်။ အေဒီ ၈၅၀ တွင် အစွမ်းထက်မြက်၍ တိုးတက်မှုလျင်မြန်သော မြန်မာတို့သည် ပုဂံမြို့တော်ကြီးကို တည်ထောင် ဆောက်လုပ်ခဲ့ကြသည်....ဟူ၍ ဒေါက်တာလု (စ်) က နိဒါန်းပျိုးသည်။

ဤကိစ္စနှင့် ပတ်သက်၍ စာဖတ်သူ များအား ၁၉၅၈-ခုနှစ်တွင် အမေရိကန်ပြည် ဟားဗတ်တက္ကသိုလ်တွင် ကျင်းပသော. အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး၌ ကျွန်တော်ဖတ်ကြားခဲ့သည့် စာတန်းတစောင်ကို ထောက်ပြ လိုပါသည်။ စာတန်းအမည်မှာ (Man Literature Culture over Thailand and Burma)ဖြစ်ပြီး မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်အတွဲ-၄၁တွင် ထိုနှစ်ကပင် ပုံနှိပ်ခဲ့သည်။ ထိုစာတန်း၌ ပါရှိသော အချက်အလက်များမှာ ဆရာလု (စ်) စာအုပ်၌ ပါဝင်သော အချက်တို့နှင့် ကိုက်ညီမှု များစွာရှိသဖြင့် အချို့ အချက်အလက်များကို တင်ပြလိုပါသည်။

ရှေးဟောင်း ကျောက်စာခေတ်ကို မျှော်ကြည့်လိုက်လျှင် ယခု ယိုးဒယားပြည်သည် မွန် လူမျိုးတို့ ရှေးဦးစွာ အခြေစိုက်ခဲ့ကြ ပါသည်။ ထိုစဉ်က ယိုးဒယားလူမျိုးများသည် မြောက်ဖက် အရပ်ဒေသတို့၌ ရှိနေကြ၍ အောက်သို့ မဆင်းခဲ့ကြသေးဟု ခိုင်လုံစွာသော အထောက်အထားများ ရှိပါသည်။ ယိုးဒယားပြည်ဟောင်း၌ ထွန်းကား ခဲ့သော မွန်နိုင်ငံမှာ ဒွါရဝတီပြည်ဟု သိရသည်။ အေဒီ ၆၀၀ မှ ၁၁၀၀ အတွင်း အထွတ် အထိပ်သို့ ရောက်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ မွန်နိုင်ငံဖြစ်သည်။ မြို့တော်မှာ ယခုဖရပထုံခေါ် နခုံပထုံ ဖြစ်ပြီး ဘန်ကောက်မြို့၏ အနောက်ဖက် မိုင် ၃၀ အကွာ၌တည်ရှိသည်။ ရှေးအကျဆုံး မွန်ကျောက်စာကို မြန်မာနိုင်ငံ၌ မတွေ့ရဘဲ ယိုးဒယားပြည်၌ တွေ့ရသည်။

ထိုကျောက်စာကို ကွယ်လွန်သူ ပြင်သစ်ပါမောက္ခ ကျောက်စာပါရဂူဂျော့စေဒီး(GeorgeCoeoles) က အက္ခရာ ဖလှယ်ပြီး ဘာသာ ပြန်ဆိုလျက် (BEFEO)ခေါ် အရှေ့တိုင်းဆိုင်ရာ ပြင်သစ် သုတေသနဂျာနယ်၌ ဖေါ်ပြခဲ့သည်။ အက္ခရာဗေဒ ရှုထောင့်အရဆိုလျှင် ထို မွန်ကျောက်စာသည် အေဒီ ၆၀၀ စုအတွင်း ထိုးခဲ့ကြောင်း သိရသည်။ အေဒီ ၄၀၀ အတွင်း ကမ္ဗည်း ထိုးခဲ့သော ခမာ ကျောက်စာနှင့်လည်း အက္ခရာပုံသဏ္ဌာန် တူညီပါသည်။

အခြား ရှေးကျသောမွန်ကျောက်စာတိုင်ကို ဘန်ကောက်၏မြောက်ဖက် မိုင်တရာခန့်အကွာတွင်တည်ရှိသော လဝပူရခေါ် လော့ဗုရီမြို့၌ တွေ့ရသည်။ အေဒီ ၇ ရာစုနှင့် ၈ ရာစုအတွင်း ကမ္ပည်းထိုးခဲ့သည်။ ကျောက်စာတိုင်မှာ ရှစ်မြှောင့် ဖြစ်ပြီး ကျောက်ဆစ်ပန်းပုလက်ရာ အလွန်ကောင်းမွန်စွာ ထက်အောက်တို့တွင် ထုထွင်းထားသည်မှာ ထိုခေတ်က မွန်တို့၏ အနုပညာအဆင့်အတန်း မြင့်မားပုံကို ခန့်မှန်းယူနိုင်ပါသည်။ ယိုးဒယားနိုင်ငံတွင် နောက်ဆုံးထွန်းကားခဲ့သော မွန်နိုင်ငံငယ်တခုမှာ ဇင်းမယ်အနီးရှိ ယခုလန်ဖွန်းမြို့တွင် ဖြစ်သည်။ ရှေးကမွန်တို့က ဟာရိဗုဒ္ဓယဟု အမည်နာမပေးခဲ့ကြသည်။ ထိုဒေသရှိ စေတီ ဘုရားများတွင် မွန်ကျောက်စာ ခုနစ်တိုင်တို့ကို တွေ့ရှိရသည်။ သက်တမ်းမှာ ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ဖြစ်ပါသည်၊ ဘန်ကောက်မြို့၏ အနောက်တောင်ဖက် မိုင်ငါးဆယ် အကွာရှိ ပေါင်တုက် (Pong Tuk)အရပ်တွင် ၁၉၂၇ ခုနှစ်က ရှေးဟောင်းသုတေသနဌာနက ပြင်သစ်ပါရဂူများ တူးဖေါ်မှုပြုကြသည်။ တွေ့ရှိသော ရှေးဟောင်းပစ္စည်းများအနက် ကျောက်ဆစ် ပန်းပုပါသော ကျောက်တိုင်အကျိုးများ အင်္ဂတေ ပန်းများ ဖြစ်ကြပါသည်။

မြေအောက်တွင် အဆောက်အဦးများစွာတို့၏ ပန့်ကပ်ပုံများနှင့် အခြေခံ အောက်ခံများကိုလည်း တူးဖော်တွေ့ရှိသည်။ အများဆုံး အသုံးပြုသော ပစ္စည်းများမှာ ဂဝန်ကျောက်ဖြစ်သည်။ မြန်မာနိုင်ငံ အောက်ပိုင်းတွင်လည်း ဘုရားဆင်းတု စေတီပုထိုး မြို့ရိုးခံတပ်စသည်များကို ဂဝံကျောက်ဖြင့် ပြုလုပ်ကြသကဲ့သို့ဖြစ်သည်။ ရှေးအကျဆုံး ယိုးဒယား ကျောက်စာမှာ အေဒီ ၁၃ ရာစုထက် ရှေးမကျပါ။ သို့ဖြစ်ပါ၍ ရှေးကျသော ဗိသုကာလက်ရာများ ပန်းပု လက်ရာများနှင့် မွန်ကျောက်စာများကို အထောက် အထားပြုပြီး ယိုးဒယားနိုင်ငံတွင် အေဒီ ပထမနှစ်တထောင်အတွင်း ပေါ်ထွန်းခဲ့သော ဒွါရဝတီနိုင်ငံတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာ မွန်လူမျိုးများ ဖြစ်ကြောင်း ယုံကြည်စိတ်ချစွာ ပြောနိုင်ပါသည်။ ယိုးဒယားနိုင်ငံရှိ ရှေးမွန်တို့၏ သမိုင်းဝင်ဌာနများသည် ထင်ရှားသော ဘုရားသုံးဆူ တောင်ကြားလမ်းခရီး နှင့်နီးကပ်ကြောင်း ပေါ်လွင်ပါသည်။ ဘုရား သုံးဆူတောင်ကြားလမ်းခရီးဖြင့်ပင် ဒွါရဝတီ (ယိုးဒယားပြည်ပြောင်း) မွန်နှင့်သုဓမ္မဝတီ (သထုံ) မွန်တို့ကူးလူး ဆက်ဆံကြပါသည်။

ဒွါရဝတီဟူသောနိုင်ငံအမည်ကို မည်သူကတီထွင်ခဲ့ပါသနည်းဟူ၍ မေးမြန်းလိုလိမ့်မည်။ အကျဉ်းချုပ်အဖြေမှာ ခေတ်ပြိုင် တရုပ်မှတ်တမ်းတို့တွင် ဤသို့ဆို၏။ "အင်ဒိုချိုင်းနား ကျွန်းဆွယ်ဒေသတွင် သရေခေတ္တရာနှင့် ခမာမြေအကြား၌ တိုလိုပိုတီ (Tolo-poti) ဟူသော နိုင်ငံတခု ရှိပါသည်။ တိုလိုပိုတီ ဟူသော တရုပ်၏အခေါ်ကို လွန်ခဲ့သော နှစ်တရာခန့်က ယိုးဒယား သုတေသီများက ဒွါရဝတီနိုင်ငံ ဖြစ်သည် ဟူ၍ ယူမှတ်ကြသည်။ ထို့နောက် ပရပထုံတွင် တူးဖော် တွေ့ရှိသော ငွေတံဆိပ်တုံး နှစ်ခုပါ ရှေးဟောင်း ပလ္လဝအက္ခရာဖြင့် ရေးသားသည့် ဒွါရဝတီ မင်း ကောင်းမှု ဟူသော အေဒီ ၅၀၀ရ ထိုးသက္ကဋ္ဌဘာသာအရေးအသားအရ တချပ်မှတ်တမ်းပါ ဒွါရဝတီပြည်ဖြစ်ကြောင်းကို အတည်ပြုနိုင်ကြသည်။

ယိုးဒယားနိုင်ငံ အနှံ့အပြားတွင် တွေ့ရှိသော ရှေးဟောင်း ပစ္စည်းများနှင့် ကျောက်စာ အထောက်အထားများအရ ဒွါရဝတီနိုင်ငံသည် ယခု ယိုးဒယား ခေတ်လယ်နိုင်ငံ၏ အကျယ်အဝန်းမျှလောက် ကျယ်ပြန့်လိမ့်မည်ဟု အတိအကျ မပြောနိုင်သည့်တိုင် ဖြစ်နိုင်ဖွယ်ရာ များစွာ ထင်ရှားပါသည်။ ရှေးဟောင်းကျောက်စာများနှင့် ရှေးဟောင်းဗုဒ္ဓဘာသာဆင်းတုတော်များကို ထောက်ထား၍ ဒွါရဝတီ မွန်နိုင်ငံသည် ဖူနံအင်ပါယာ (*Fu Nan*) ပျက်စီးပြီးနောက် ၆-ရာစု အလယ်လောက်ကျမှ တည်ထောင်နိုင်သည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။ ဒွါရဝတီ မွန်နိုင်ငံသည် ၁၁-ရာစုတွင် ခမာတို့၏လက်အောက်သို့ ကျဆင်းခဲ့ရလေသည်။ သို့သော် ခမာလက်အောက်တွင် ရှိစေကာမူ ယဉ်ကျေးမှုအရာတွင် မွန်တို့၏ ဩဇာမှာ ၁၃-ရာစု အထိ ဆက်လက်ကာ ထိုနိုင်ငံ၌ ဩဇာညောင်းခဲ့သည်။ ဒွါရာဝတီ မွန်တို့သည် ၎င်းတို့၏ အိမ်နားနီးချင်း နိုင်ငံ ဖြစ်သော အာရှတောင်ပိုင်းရှိ အခြားနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ထူးခြားသော အကြောင်းတရပ်မှာ ကျောက်စာအရသော်၎င်း၊ အခြား အထောက် အထားများ အဖြစ်သော်၎င်း၊ မွန်တို့၏ ရှေးနိုင်ငံရေး သမိုင်းကိုသော်၎င်း၊ အုပ်စိုးသော မင်းတို့၏ အမည်များကိုသော်၎င်း၊ ဟာရိဘုဥ္ဇ နိုင်ငံ၏ မွန်ဘုရင်မ ဓမ္မဒေဝီမှတပါး အခြား အမည်များကို မသိရခြင်းပင် ဖြစ်ပါသည်။ ဓမ္မဒေဝီဘုရင်မကြီးသည် ၁၁-ရာစုတွင် ဇင်းမယ်အနီး မဟာရိဘုဥ္ဇနိုင်ငံ၌ စိုးစံခဲ့သည်ဟု သိရပါသည်။ တချိန်တခါတွင် ထိုဘုရင်မကြီးနှင့်သူ၏နောက်လိုက်များသည် ကာလဝမ်းရောဂါကပ်ဘေးမှ ရှောင်တိမ်းရင်း သထုံနှင့် ပဲခူးသို့ ထွက်ပြေးခဲ့လေသည်ဟု သိရပါသည်။ ယွန်းထည် အတတ်ပညာသည်ပင် ပဲခူးသို့ ထိုဘုရင်မနှင့်နောက်လိုက်များ ယူဆောင်ခဲ့သည်ဟူ၍၎င်း၊ ထိုနောက် ပဲခူးမှ ပုဂံသို့ ၎င်း ပျံ့နှံ့ခဲ့တန်ရာသည်ဟု ပညာရှင် အချို့က ယူဆကြသည်။

ယိုးဒယား ရှေးဟောင်း သမိုင်းနှင့် ပတ်သက်၍ ယိုးဒယားသုတေသီ ပညာရှင် များစွာတို့သည် ယိုးဒယားသုတေသနအသင်း ဂျာနယ်တွင် စာတန်းများစွာ ရေးသားခဲ့ပါသည်။ ထင်ရှားသောစာတန်းများမှာ (၁) အရှေ့အာရှတောင်ပိုင်းရှိ ဒွါရဝတီ မွန်ယဉ်ကျေးမှု သမိုင်းဆိုင်ရာ စာတန်း။ (၂) သီရိဒွါရဝတီမင်းနှင့် ၎င်း၏ နန်းတွင်းပစ္စည်းများ။ (၃) ပေါင်တုတ် (Pong Tuk) တူးဖော်မှု သုတေသနစာတန်း စသည်တို့ဖြစ်ပါသည်။ ထို့ပြင် မွန်ရှေး

ဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းများနှင့်ပတ်သက်၍ သီးခြားစာအုပ်တွေလည်း များစွာရှိပါသည်။ ယိုးဒယား သုတေသန ပညာရှင်များသည် ၎င်းတို့၏ ဘာသာစကားနှင့် မွန်တို့၏ စကားလုံး၀ မတူညီသော်လည်း ၎င်းတို့၏ နိုင်ငံတွင် ရှေးအခါက မွန်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်းကို ဂုဏ်ယူ၍ ဖေါ်ပြလေ့ ရှိသည်။ ဥပမာ ပြရသော်- (၁) ၁၉၆၅ ခုနှစ်ထုတ် ယိုးဒယား သုတေသန အသင်းဂျာနယ်တွင် ယိုးဒယား ပညာရှင်တဦးဖြစ်သော ဖလအနုမန်ရာဇမွန်ကဉ်သို့ဆို၏ "သမိုင်းအထောက်အထားအနေဖြင့်ဆိုရသော် ယိုးဒယားနိုင်ငံ အလယ်ပိုင်း မဲ့နန် မြစ်ဝှမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ကာလက မွန်လူမျိုးများ နေထိုင်ခဲ့ကြသည်။ ထိုနောက်ထိုဒေသသို့ နောက်ပိုင်းမှရောက်ရှိလာကြသော ယိုးဒယားများသည် မွန်တို့နှင့် လွတ်လပ်စွာ ရောနှောကြကုန်သည်။ သမိုင်း ပညာရှင်များ၏အဆိုတွင် ထိုခေတ်က မွန်တို့သည် အိမ်နီးချင်းနိုင်ငံရှိ ယိုးဒယားစသော အခြား လူမျိုးများနှင့် ယှဉ်လျှင် မွန်တို့က များစွာယဉ်ကျေးလျက် ရှိနေသည်ကိုသိရပါသည်။ (၂) ၁၉၆၀-ခုနှစ်တွင် ထုတ်ဝေသော ယိုးဒယား အနုပညာစာအုပ် (The Arts of Thailand)တွင် ပါရှိသော ဒွါရဝတီ နိုင်ငံနှင့် အိမ်နားနီးချင်းများ ဟူသော အခန်းတွင် ရေးသားဖေါ်ပြသည်မှာ "ရှေးအကျဆုံး အိန္ဒိယ ယဉ်ကျေးမှု ဩဇာလွှမ်းမိုးသော ဖူနန် အင်ပါယာ သည် အေဒီ ပထမရာစုမှ ပဥ္စမရာစုအထိ ထွန်းကားခဲ့ပါသည်။ ၎င်းနိုင်ငံသည် ကမ္ဘောဒီးယားနှင့် ယိုးဒယားတို့ကိုပါ လွှမ်းမိုးခဲ့ပါသည်။

ဖူနန်နိုင်ငံပျက်စီးပြီးနောက် ထွန်းကား လာသောနိုင်ငံတခုမှာ ဒွါရဝတီမွန်နိုင်ငံဖြစ်ပါသည်။ ၎င်းနိုင်ငံသည် ဘန်ကောက်မြို့နှင့် အချင်းမိုင် ၁၀၀ ခန့် ကျယ်ဝန်းသည်။ ထိုကာလတွင် ယိုးဒယားလူမျိုးများ ယိုးဒယားပြည်သို့ မရောက်ရှိကြသေးပေ။ ဒွါရဝတီနိုင်ငံကို အုပ်စိုးသောသူတို့မှာ မွန်များဖြစ်ပါသည်။ ၎င်းမွန် နိုင်ငံသည် အနောက် ဖက်တွင် သထုံသို့တိုင်ရောက်ရှိ ပါသည်။ ၁၁-ရာစုတွင် ယိုးဒယားပြည်ဟောင်း၌ရှိသော ဒွါရဝတီ နိုင်ငံသည် ခမာအင်ပါယာလက်အောက်သို့ ကျဆင်းသွားရပါသည်။

ထိုနောက် မကြာမီ မြန်မာဘုရင် အနော်ရထာမင်းသည် အနောက်ဖက်တွင် ရှိသော မွန်နိုင်ငံကို သိမ်းပိုက်ယူလိုက်သည်။ သို့သော် ဒွါရဝတီ နိုင်ငံ၏ အဆွယ်အပွားတခုဖြစ်သော ယိုးဒယားနိုင်ငံ မြောက်ပိုင်းရှိ ဟာရိဘုဉ္ဇ မွန်နိုင်ငံမှာ ၁၃-ရာစု အဆုံးတိုင်အောင် တည်တွန်းလျက်ရှိပါသည်။ ယိုးဒယားနိုင်ငံ၌ တွေ့ရသော များစွာသော ရှေးဟောင်းရုပ်ထုများမှာ ထေရဝါဒဆိုင်ရာ ဗုဒ္ဓဘာသာနှင့်ဆိုင်ပါသည်။ ၎င်းလက်ရာများကို ဒွါရဝတီ မွန်လက်ရာဟု သတ်မှတ်ပါသည်။ သို့သော် ဟာရိဘုဉ္ဇ မွန်လက်ရာကိုပါ ပေါင်းထည့်မည်ဆိုပါက ၁၃-ရာစုအဆုံးထိ မွန်လက်ရာဟု သတ်မှတ်ရပါသည်။

ယခု ယိုးဒယားသမိုင်းကို အသာထား၍ မြန်မာနိုင်ငံသမိုင်းဖက်သို့ ပြန်၍သုံးသပ်မည်ဆိုသော် မြန်မာသမိုင်း ပညာရှင်များသည် အတွေးအခေါ် ဆိုင်ရာ ဂိုဏ်းဂဏ များစွာ ရှိပါသည်။ ဂိုဏ်းတဂိုဏ်းက ရှေးပဝေသဏီအယူအဆဟောင်းများ၌သာ စွဲလန်းလျက်ရှိကြသေးသည်။ သို့သော် ခေတ်သစ် ဂိုဏ်းတခုမှာ ဦးရေနည်းပါးသော်လည်း သိပ္ပံနည်းကျသော စူးစမ်းရှာဖွေမှုပေါ်တွင် အတွေးသစ်အမြင်သစ်ကို ခံယူလျက် မြန်မာ့သမိုင်းကို စူးစမ်းလျက်ရှိကြသည်။ ယနေ့ အထိဆိုလျှင် အနောက်တိုင်းသားများနှင့် မြန်မာပညာရှင်များစွာတို့သည် မြန်မာ့သမိုင်း စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ မြန်မာများအနက် ဒေါက်တာထင်အောင် နောက်ဆုံး ဖြစ်၍ ဒေါက်တာ လုစ်က ဥရောပတိုက်သားများအနက် နောက်ဆုံးဖြစ်ပါသည်။ သမိုင်းစာအုပ် ပြုစုရာတွင် တဦးနှင့်တဦး ပြုစုပုံ ပြုစုနည်း မတူကြပါ။

သမိုင်းကိုပြုစုရာတွင် ပါမောက္ခ လုစ်သည် ကိုယ်တိုင် ကွင်းဆင်း၍ နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် နှစ်ပေါင်းများစွာ အချိန်ယူကာ ပြုစုခဲ့ပါသည်။ ယင်းသို့ ပြုစုရာတွင် အထောက်အထားများ ပေါ်တွင် တွေ့ရှိချက်အရ မိမိ၏ ကိုယ်ပိုင် အတွေးအခေါ် အမြော်အမြင်တို့ဖြင့် ထင်မြင်ယူဆချက်သစ်များကိုရေးသားတင်ပြထားပါသည်။ ၎င်း၏ အဆင့်မြင့်သော သုံးသပ်ချက်၊ ယူဆချက်၊ တင်ပြချက်တို့မှာ အချို့ လူများအတွက် သဘောပေါက်နားလည်၍ လက်ခံနိုင်သူ ရှိကောင်း ရှိမည်ဖြစ်သော်လည်း များစွာသော လူတို့

မှာ အရယာခံနိုင်ရည်ရှိမည်မဟုတ်ပါ။ မည်သို့ဆိုစေ၊ စာပြုသော ပညာရှင်များသည် ၎င်းတို့၏ စာအုပ်ကို သိပ္ပံနည်းကျသည့် သုတေသနလောကဇာတ်ခုံအဆင့်သို့ တက်လှမ်းနိုင်သည့် သုတေသီများအတွက်ကိုသာ ရည်စူးထားခြင်း ဖြစ်ပါသည်။

မွန်လူမျိုးတို့ ဆင်းသက်လာပုံနှင့် ပတ်သက်၍ ပါမောက္ခလုစ်က မွန်တို့သည်ယိုးဒယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြသည်ဟု ထင်မြင်ချက်ပေးသည်။ သို့သော် ဘုရား ၃-ဆူ တောင်ကြားလမ်းကို ဖြတ်၍ လာသည်ဟု သူက မဆိုထားပါ။ မည်သည့် လမ်းက လာသည်ကိုကား ကျွန်ုပ် အနေဖြင့် မတွေးတတ်ပါ။

ကျွန်ုပ်၏ ထင်မြင်ချက်အရဆိုရသော် မွန်တို့သည် ယိုးဒယား၊ ပြည်ပောင်း နှင့် ရှေးမြန်မာ နိုင်ငံသို့ ကျောက်ခေတ်ကာလကပင် တချိန်တည်းတွင် ၎င်းတို့၏ မူလဘူတဒေသဖြစ်သည့် တရုတ်ပြည် တောင်ပိုင်းရှိ ယန်စီကျန်မြစ်ဝှမ်းမှ တဖြည်းဖြည်း ပျံ့နှံ့ရောက်ရှိခဲ့ကြမည်ဟု ထင်မြင်ယူဆလိုပါသည်။

မွန်ခမာတို့၏ ဆင်းသက်လာပုံနှင့် ပတ်သက်၍ လွန်ခဲ့သည့် ရာစုထက်ဝက်လောက်က သုတေသနပညာရှင်များ ဝိဝါဒကွဲပြားခဲ့ဘူးပါသည်။ ယခုအခါ အသိပညာများစွာ တိုးတက်လာခဲ့ပြီဖြစ်သဖြင့်များစွာသော အရှေ့အာရှသမိုင်းဆိုင်ရာ သုတေသနပညာရှင်များသည် မွန်-မြန်မာ-ပျူ အားလုံးတို့ အရှေ့မြောက်ဒေသမှ အနောက်တောင်ဒေသသို့ ဆင်းသက်လာကြသည်ဟု ထင်ရှားစွာမြင်ကြလေပြီ။ တိမ်မြုပ် ပျောက်ကွယ်ခဲ့သော ပျူနှင့် မွန်မြန်မာစသော မြန်မာ တိုင်းရင်းသားအပေါင်းတို့သည် တခုတည်းသော မွန်ဂိုလွိုက် လူမျိုး (Mongoloid Race) အနွယ်မှ ဆင်းသက်လာကြသည်ဟု မနုဿဗေဒ ပညာရှင်များ သတ်မှတ်ထား ပါသည်။ သို့သော် ၎င်းတို့သည် ကျောက်ခေတ်မှစ၍ နေရာကွဲကွဲပြားပြားတို့တွင် နေထိုင်ခဲ့ကြသဖြင့် ပြောဆိုသော ဘာသာစကားများလည်း ခြားနားသွားကြလေသည်။

မြန်မာနှင့် အနွယ်တူ စကား၊ ပြောသောဘာသာစကားအစုကို တိဗက်မြန်မာ(Tibeto-Burman)ဟူ၍ ဘာသာဗေဒ ပညာရှင်များက အမည် ပေးပါသည်။ တိဗက်မြန်မာ စကားအစုဝင် မြန်မာ အစရှိသော လူတို့သည် တရုတ်ပြည် အနောက်မြောက်ပိုင်းရှိ ကန်စုဒေသမှ ပျံ့နှံ့လာခဲ့ဟန်တူပါသည်။ မွန်နှင့် အနွယ်တူ ပြောဆိုသော ဘာသာစကား အစုကို မွန်ခမာ (Mon-Kmar)ဟူ၍ ဘာသာဗေဒပညာရှင်များက အမည်ပေးထားပါသည်။ မွန်ခမာတို့၏မူလဘူတ ဒေသမှာကား တရုတ်ပြည်တောင်ပိုင်းရှိ ယန်စီကျန် မြစ်ဝှမ်း ဖြစ်ဟန်တူသည်ဟု ကျွန်ုပ် ယူဆပါသည်။ ထိုအချိန်အခါတွင် တရုတ်တို့သည် တရုတ်ပြည် မြောက်ပိုင်း၌သာလျှင် ရှိနေကြသေးသည်။ အဘယ့်ကြောင့် ဤသို့ ဆိုနိုင်သနည်းဟု မေးလို ကြပါလိမ့်မည်။ ကျွန်ုပ်အထောက်အထားပြုသောသာဓကတရပ်မှာ အင်္ဂလန်ပြည် ကိမ်းဘရစ် တက္ကသိုလ်မှ တရုတ်ပါမောက္ခ ဒေါက်တာပုလိဗလက်၏ စာတန်းတခု ဖြစ်ပါသည်။ ၁၉၆၆-ခုနှစ်ကပုံနှိပ်သော သူ၏ စာတန်းအမည်မှာ "တရုတ်နှင့် အင်ဒိုဥရောပ ဘာသာစကားများ (Chinese and Indo-Europeans) ဖြစ်ပါသည်။ ၎င်း၏စာတန်း၌ ပါရှိသော အရေးကြီးသည့်အချက်မှာကား ယန်စီကျန်မြစ်အမည်နှင့် ပတ်သက်၍ တင်ပြချက်ပင် ဖြစ်ပါသည်။ ၎င်းက (Kian)'ကျန်'ဟူသော အမည်မှာ မြစ်၊ ချောင်း ဟူ အနက်ရသည်။ သို့သော် ရှေးခေတ်က တရုတ်စကားတွင် 'ကျန်'ဟူ၍ မရေးမဖတ်ဘဲ 'ကြန်' (Krang) ဟူ၍ လျှာလိပ်သံ၍ အရစ်သံဖြင့် ရေးသား ဖတ်ဆိုသည်ဟု သူက အထောက်အထားစုံလင်စွာဖြင့် တင်ပြထားပါသည်။

မြောက်ပိုင်း တရုတ်တို့၏ စကားတွင် မြစ်ချောင်းကို ကျန်(Kian)ဟူ၍ လုံးဝမခေါ်ဘဲ ဟို(Hoe)ဟူ၍ခေါ်ပါသည်။ တရုတ်နိုင်ငံတွင် ရှေးက တရုတ်ဘာသာစကားနှင့် အနွယ်တူ မဟုတ်သော အနွယ်ကွဲ ဘာသာစကားပြောသူများ များစွာ နေထိုင်ခဲ့ကြသည်။ ဘာသာစကား အချင်းချင်း ဆက်သွယ်ပုံများကို သိပ္ပံနည်းကျကျ ကျွန်ုပ်တို့သုတေသနပြုထားပြီးဖြစ်သည်ဟု သူကဆိုသည်။ ကျောက်စာအထောက်အထား မရှိသည့်အခါတွင် လူတမျိုး၏ ယဉ်ကျေးမှုသမိုင်းကို စူးစမ်းရှာဖွေမည်ဆိုလျှင် အနှိုင်း သိပ္ပံဘာသာ ဗေဒနည်းဖြင့် ဆောင်ရွက်ခြင်းသည် အထူးအောင်မြင်သည့် နည်းလမ်း ဖြစ်ပါသည်။ သို့ဖြစ်၍ (Kian) ဝေါဟာရမှာ မြစ်ချောင်းအနက် ဟော တရုတ်စကားမဟုတ်၊ တိဗက် မြန်မာ စကားလည်း

မိမိတို့မှတဆင့် အိမ်နားနီးချင်း နိုင်ငံရှိ အဆွေတော်များထံ ဖြန့်ဝေပေးခဲ့ကြသည်။ ထိုသို့ ဖြန့်ဝေရာ၌ အထက်မြန်မာနိုင်ငံရှိ ပျူနှင့် မြန်မာများအားလည်း ဖြန့်ဝေပေးခဲ့လိမ့်မည်ဟု တွေးဆဖွယ် ရှိနေပါသည်။ သို့ဖြစ်၍ ရှေးမြန်မာနိုင်ငံ ပုဂံခေတ်ဦးစာအုပ်ကို ပြုစုသော ပါမောက္ခဒေါက်တာလုစ်က ရှေးမြန်မာနိုင်ငံနှင့် ယိုးဒယားနိုင်ငံတို့တွင် ယဉ်ကျေးမှုများကို ဦးဆောင် တီထွင် လမ်းပြသူများ ဖြစ်ကြပါသည်ဟူ၍ တွေးဆထင်မြင်ကြောင်း သူ၏ အမှာစာတွင် ရေးသားထားခြင်း ဖြစ်ပေလိမ့်မည်။ ရှေးက မွန်တို့သည် အိန္ဒိယ သားများထံမှ ယဉ်ကျေးမှု များကို ရရှိကြသည်။ ယနေ့ ကျွန်ုပ်တို့ မွန်များမှာမူ မြန်မာတို့ထံမှ ယဉ်ကျေးမှုစာပေများကို ပြန်လည်၍ တဆင့် ဆည်းပူးနေရသည့်အခြေသို့ ကျဆင်းခဲ့ရပေသည်။ နောင်အစဉ်အဆက် အနည်းငယ်ကြာလတ်သော် အင်အားနည်းနေသော မွန်ဘာသာစကားသည် ပျူဘာသာကဲ့သို့ ကေန်မုချတိမ်မြုပ်သွားမည်မှာ သံသယ ဖြစ်ဖွယ်မရှိပါ။ အဘယ်ကြောင့် ဆိုသော် မွန်အများစုသည် အခြေအနေအမျိုးမျိုးတို့ကြောင့်မြန်မာစကားကိုသာ တနေ့တခြားလိုလိုလားလား ပြောဆိုနေကြ၍ဖြစ်ပါသည်။ မွန်စကားပြောသူများသတိပြုရန် လိုအပ်ပေလိမ့်မည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်ပါသည်။

ရှေးအခါက ရှေးမြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော မွန်တို့၏ ယဉ်ကျေးမှုသမိုင်းနှင့် ပတ်သက်၍ မြန်မာ ပညာရှိအချို့တို့၏ အဆိုအမိန့်များကို အနည်းငယ် တင်ပြလိုပါသည်။

၁။ ၁၉၆၇-ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်အတွဲ ၅၀ တွင် ပါမောက္ခ ဒေါက်တာလုစ်ဖေကဤသို့ဆို၏ "မွန်နှင့်မြန်မာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကပင် မြန်မာနိုင်ငံ၌ အတူတကွ နေထိုင်ခဲ့ကြသည်။ မွန်နှင့်မြန်မာတို့သည် စတွေ့သည့် ကာလမှစ၍ နီးနီးကပ်ကပ် ပျော်ပျော်ရွှင်ရွှင်ဖြင့် ပေါင်းသင်းဆက်ဆံခဲ့ကြသည်။ မြန်မာတို့သည် မွန်တို့၏ ယဉ်ကျေးမှုကို လက်ခံယူငင်၍ တိုးတက်ထွန်းကားအောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ မွန်အက္ခရာကို ၁၁ ရာစုတွင်ယူငင်၍ မိမိတို့၏မြန်မာစကားကို အက္ခရာတင်ကြသည်"။

၂။ ၁၉၅၉-ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်အတွဲ ၄၂ တွင် သမိုင်း ပါမောက္ခ ဒေါက်တာ သန်းထွန်းကဆိုသည်မှာ "အေဒီ ၉၀၀ စုတွင် မြန်မာတို့သည် ကျောက်ဆည်ခရိုင်သို့ ရောက်ရှိစဉ်က ရှေးဦးစွာ ဗုဒ္ဓဘာသာ မွန်လူမျိုးများနှင့် တွေ့ဆုံကြသည်။ မွန်တို့သည် မြန်မာတို့အား ဗုဒ္ဓဘာသာအဖြစ်သို့ သွတ်သွင်းပေးခဲ့မည်မှာ မဖြစ်နိုင်ဖွယ်မရှိပါ" ဟူ၍ ဆိုပါသည်။

၃။ မြန်မာနိုင်ငံ သမိုင်း ကော်မရှင် စာပြုအရာရှိ ဗိုလ်မှူးဘရှင်က လောကထိပ်ပန် စာအုပ်စာမျက်နှာ ၃ နှင့် ၄ တွင် ပြန်ဆိုသည်မှာ "ရှေးကျသော ပုဂံခေတ် မွန်ပုံစံ ဂူဘုရားများမှာ ပုထိုးသားများ၊ နဂါးရုံ၊ အပယ်ရတနာ စသည်များ ဖြစ်ပါသည်။ မြန်မာတို့သည် ဂူဘုရားတည်ဆောက်ရာ၌ မိမိတို့၏ ဆရာဖြစ်သော မွန်တို့၏ အကြိုက်ဖြစ်သော အတွင်းဖက် မှောင်မိုက်ခြင်းကို မကြိုက်ကြပါ။ လေသာ၍ လင်းချင်းမှုကို ပို၍ နှစ်သက်ကြသည်"။

၄။ ရန်ကုန်တက္ကသိုလ် ပါမောက္ခ ချုပ်ဟောင်း ဒေါက်တာထင်အောင်ပြုစုသော မြန်မာရာဇဝင် စာအုပ်အခန်း (၂)စာမျက်နှာ ၂၅ တွင် ဤသို့ဆို၏ "မွန်တို့သည် အရှေ့အာရှတွင် အခြားသော လူမျိုးများထက်ပို၍ ယဉ်ကျေးသည်မှာ စောဒကတက်ဖွယ်မရှိပါ။ ပျူနှင့်မြန်မာတို့ပင်လျှင် အချို့သောအရာတို့တွင် မွန်တို့၏တပည့်များ ဖြစ်ခဲ့ကြသည်။ အရှေ့အာရှရှိအခြားသော လူမျိုးများ အပေါ်တွင် မွန်တို့၏ ယဉ်ကျေးမှု ဩဇာရှိခဲ့သည်မှာ ထိုဒေသတို့၌ ရှိသော လူမျိုးများ၏ ဘာသာစကားတို့တွင် မွန်တို့၏ စကားလုံးများရှိ နေခြင်းက ထင်ရှားပါသည်"စသည်ဟူ၍ များစွာ ဆိုထားကြသေးသည်။

ကျွန်ုပ်၏ အယူအဆ ထင်မြင်ချက်ကို ဆိုရပါလျှင် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ သရေခေတ္တရာ (မှော်ဇာ) ပျူနိုင်ငံနှင့် ယိုးဒယားတောင်ပိုင်းရှိ ဒွါရဝတီ မွန်နိုင်ငံတို့မှာ အေဒီ ၆၀၀ စု သို့မဟုတ်၊ ထို့ထက် စောသောကာလ တချိန်တည်း၊ တကာလတည်း ခေတ်ပြိုင်ထွန်းကားခဲ့ကြပေလိမ့်မည်ဟု ယူဆပါသည်။ ။

နိုင်ပန်းလှ



# မွန်ဂီတမိတ်ဆက်

ရာမညမိုးဇေဝ

ကျွန်တော်တို့ နိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်းများစွာရှိကြောင်း အများအသိ ဖြစ်ပါသည်။ ထိုတိုင်းရင်းသား အသီးသီးတို့တွင် ကိုယ်ပိုင် ယဉ်ကျေးမှု အမွေအနှစ်များ ရှိကြသည်ချည်း ဖြစ်သည်။ အကြောင်းကြောင်းကြောင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ မှေးမှိန်ခဲ့ကြသည်။ တချို့သော ယဉ်ကျေးမှုများ ဆိုလျှင် လုံးဝ ကွယ်ပျောက်လုနီး ဖြစ်နေကြောင်းကိုလည်း ယဉ်ကျေးမှု သုတေသီတို့ သဘောပေါက်ကြ ပါသည်။ အထူးသဖြင့် လူမျိုးစုငယ် (National Minority)တို့၏ ယဉ်ကျေးမှုများ ဆိုလျှင် တော်မဝင် နန်းမထိုက်သည့် ပန်းပမာ အများစု၏ လျစ်လျူရှုခြင်းကို ခံခဲ့ရသည်။

ဤသည်တို့မှာ ယခုမှ ဖြစ်လာသည်မဟုတ်း ရှေးနှစ်ပေါင်း များစွာကပင် ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့်လည်း တပြည်ထောင်အတွင်း တိုင်းရင်းသား အချင်းချင်းတို့ ကြားဝယ် ကွာဟမှု မြင့်မားခဲ့ရခြင်း ဖြစ်သည်။ တော်လှန်ရေး အစိုးရ လက်ထက်မှစ၍ ဤကွာဟမှုများကို ပြေလည်ရန် အထူး ဆောင်ရွက်ပေးပါသည်။ ပြီးခဲ့သော ပါတီ ညီလာခံကြီးတွင်လည်း ဗိုလ်ချုပ်ကြီးက ဤကိစ္စကို အလေးအနက် ပြောခဲ့ပါသေးသည်။

ကျွန်တော်တို့သည် တိုင်းရင်းသား တို့၏ ယဉ်ကျေးမှုများကို-အသီးသီး ဖေါ်ထုတ်ကြရမည်။ ယင်းယဉ်ကျေးမှုများ အနက် ဂီတကိစ္စကို ကျွန်တော် အနည်းငယ် တင်ပြချင်သည်။ တိုင်းရင်းသားတို့၏ ဂီတကို လေ့လာကြည့်လျှင်....

၁။ ရိုးရာသီချင်းများ (သီချင်းကြီး ဟုလည်း ခေါ်နိုင်သည်) (Classical songs)။

၂။ ကျေးလက်ဂီတ (Folk songs)ဟူ၍ နှစ်မျိုး နှစ်စား တွေ့နိုင်ပါသည်။ အထူးသဖြင့် ကျေးလက်ရိုးရာ ယဉ်ကျေးမှု (Folk Culture)တွင် ကျေးလက်ဂီတသည် အထူးအရေးပါ၏။ တိုင်းရင်းသားဂီတအတွက် ကျွန်တော်တို့ ဆောင်ရွက်ရမည့် တာဝန်နှစ်ရပ်မှာ....

၁။ ပြန်လည် ဖေါ်ထုတ်ထိန်းသိမ်းရေး နှင့်

၂။ အမျိုးသားဟန် မပျက် ချဲ့ထွင် စပ်ဆိုရေးတို့ ဖြစ်သည်။

တိုင်းရင်းသား အသီးသီးတို့၏ တေးဂီတ၊ ကဗျာ၊ ပုံပြင်၊ ဝတ္ထုစသည်တို့ကို စုဆောင်း တည်းဖြတ်ခြင်း၊ အသံသွင်းမှတ်တမ်းတင်ခြင်း၊ ခေတ်နှင့် လျော်ညီစွာ စာအုပ်စာတမ်း ပြုစု ထုတ်ဝေခြင်းစသော လုပ်ငန်းများဖြစ်ပါသည်။ (ကျေးလက်ဂီတ ကဗျာစုဆောင်းရေးနှင့် အသံသွင်း မှတ်တမ်းတင်ရေး လုပ်ငန်းစဉ်ကို တိုင်းရင်းသား ဌာနစိတ်အနေဖြင့် ၁၉၅၈-၅၉ ခုနှစ်တွင် အစပျိုးခဲ့ပါသည်။)

ထိုနည်းအတူ အမျိုးသားဟန်မပျက် ချဲ့ထွင်ရေးသည်လည်း ပို၍ အရေးကြီးပါသည်။ ဂီတစကားဖြင့် (Extend)ဟု ခေါ်ဆိုရမည် ထင်ပါသည်။ တိုင်းရင်းသား အသီးသီး၏ ဂီတဟန်(Style)ကို ယူ၍ ခေတ်နှင့်လျော်ညီစွာ ရေးစပ်သီကုံးရန် ဖြစ်ပါသည်။

ဤဆောင်းပါးတွင် တိုင်းရင်းသားဂီတ ပြန်လည် စည်ပင်ရေးအတွက် ရည်ရွယ်၍၊ လက်လှမ်း မှီသမျှ မွန်ဂီတမိတ်ဆက်ကို တင်ပြပါမည်။

မွန်လူမျိုးတိုင်းသိသော နှစ်ခြိုက်စွာ ကြည့်တတ်သော ပွဲတခုမှာ (သွာဒွက်)ခေါ်သော (သီချင်း ... ဆိုပွဲ)ဖြစ်...

တို့၏ အနုပညာလောကတွင် ထင်ရှားသော ဂီတများဖြစ်သည်။ မင်းသမီးနှင့်မင်းသား (သို့မဟုတ်-လူရှင်တော်) တို့ ကရင်း သီဆိုရသော နှစ်ပါးသွား တေးဟုလည်း ဆိုနိုင်ပါ၏။ ယင်း တေး သွား မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (တေးသွားနှစ်မျိုးကို ပုံစံပြထားပါသည်။) ပုံစံ (က) တွင် ပါသော တေးသွားမှာ တျာသံကို ချက်ခြေမပြတ် ဖွဲ့ထားသော အဖွဲ့ဖြစ်သည်။

ပုံစံ (ခ) တွင် ပြထားသော တေးသွား၏ ထူးခြားချက်မှာ တျာသံတခုဖြင့် ဖွဲ့ထား သော် လည်း ယင်းတျာသံတွင် အဆုံးမသတ်ခြင်း ဖြစ်သည်။ ဂီတစကားဖြင့်ဆိုရလျှင် (Tonic) မှ (Supertonic) သို့ အသံပြောင်းသွားခြင်းဖြစ်သည်။ (Minor) သံစဉ်နွယ်သည်ဟု ဆိုရမည်။ သို့သော်လည်း အောက်ပုံစံတွင် ရိုးရိုး (C Major) အဖြစ် ပြထားပါသည်။

ပုံစံ (က)




ပုံစံ (ခ)



(**သူ့ာဒွက်**)ပွဲတွင် ဤတေးသွားကို ထပ်တလဲလဲ သီဆို တီးမှုတ်ခြင်း ဖြစ်သည်။ သို့သော်လည်း အကြောင်းအရာမှာ ဥာဏ်ရှိသမျှ ရေးတတ်ကြသည်။ တခါတရံ သီဆိုနေသူ မင်းသား မင်းသမီးများက လက်တန်းပင် ရေးစပ်ကာ သီဆိုတတ်သည်။ ကျွန်တော့မိတ်ဆွေ မြန်မာလူမျိုး ဂီတဆရာတဦးက တေးသွား တခုကို ထပ်တလဲလဲ သီဆို တီးမှုတ်ခြင်း (Infinits) ဖြင့် ပရိသတ်အဖို့ ပျင်းစရာမကောင်းဘူးလားဟု ပြောဘူးသည်။ ကျွန်တော်တို့အမြင်တွင် (**သူ့ာဒွက်**)ကို ပရိသတ်တို့ ကြည့်ရပျင်းသည်မရှိ၊ ကြီးငယ်မရွေး တပြုံးပြုံးဖြင့် နှစ်မြို့က်ကြသည်။ ယင်းဂီတပွဲတွင် ပါဝင်သော တူရိယာများမှာ (ဗြဲ)ဟု ခေါ်သော မွန်တရော (မြန်မာတို့အခေါ် 'တရော'ဟူသောဝေါဟာရမှာ ယင်းမွန်တို့၏ "ဗြဲ" ဟူသော စကားမှ ဆင်းသက်လာခြင်း ဖြစ်သည်။) မိကျောင်း၊ ပုံနှင့် ပြွေကြီးတို့ဖြစ်သည်။ ပုံမှာ နှစ်လုံးတည်းဖြင့်ပင် စည်ကား စိုပြေစွာ တီးနိုင်ကြသည်။ တေးသွားတူသော်လည်း အကြောင်းအရာများ၏ ဆန်းသစ်ခြင်း၊ ရွှင်မြူးဘွယ်ရာ ဟာသများပါဝင်ခြင်း၊ တူရိယာ၏စိုပြေခြင်း၊ မင်းသမီး မင်းသားတို့၏ ပြောဟန် ဆိုဟန်အသက်ပါခြင်းတို့ကြောင့် ပရိသတ်တို့ကိုဆွဲဆောင်နိုင်ခြင်းဖြစ်ပါသည်။ သီချင်းသီဆိုနေရင်းကပင် မင်းသား (သို့မဟုတ်) လူရွှင်တော်က မင်းသမီးနား "ရစ်သီရစ်သီမထိတထိ" လုပ်လာလျှင် ပရိသတ်တို့က တအုံးအုံးဖြင့်ဆူညံစွာ ဩဘာ ပေးတတ်ကြသည်၊ ယင်း (**သူ့ာဒွက်**)ကို မွန်အငြိမ့်ဟုလည်း ခေါ်နိုင်ပါသည်။ မွန်အငြိမ့်လောကတွင် မသိသူမရှိ ထင်ရှားကျော်ကြားလှသော မွန်မင်းသမီးတဦးမှာ မစိန်ငုံ (ဟသာဝတီ) ဖြစ်ပါသည်။ ယခု အသက်ကြီးလာ၍ မကကမဆိုနိုင်တော့ပြီ။

မွန်တို့၏ ဂီတတွင် တခါတရံ ဖွဲ့စည်းပုံဆန်းပြားသည်ကို တွေ့ရသည်။ ၁၉၆၉ခု နွေရာသီတွင် ကျွန်တော်သည် မွန်ဂီတ သုတေသန အတွက် ရေးမြို့နယ်ကျေးရွာ အနှံ့အပြားသို့ရောက်ခဲ့သည်၊ ကော့ဒွတ်ရွာတွင် မင်းပန်းစိန်နှင့် တွေ့ဆုံခဲ့ရသည်။ သူသည် ယင်းကျေးမှု စိတ်ဝင်စားသော ဆယ်တန်း ကျောင်းသားမွန်လူငယ်တဦး ဖြစ်၏။ သူက ကျွန်တော့ကို ခေတ်ဟောင်း မွန်တေးတပုဒ်ဆိုပြပါသည်။ ယင်းတေးတွင် မွန်တို့၏ ဂီတဟန်များ ပါသည်ကို သတိပြုမိသည်။ ယင်းသီချင်းတွင်အပိုဒ်သုံးပုဒ်ပါရှိရာ ပထမနှစ်ပိုဒ်မှာ တျာသံမှန်ဖြင့် ဖွဲ့စပ်ထားသော်လည်း တတိယပိုဒ်တွင် တျာသံမှရင်း၏အမှတ်၄ဒီဂရီသို့ပြောင်းသွားပြီး မူရင်း



တျာသံသို့ ပြန်မလာဘဲ ယင်းအမှတ်၄ ဒီဂရီအသံနှင့် ပင် အဆုံးသတ် သွားသည်ကို တွေ့ရသည်၊ တနည်း အားဖြင့်ဆိုလျှင်(**Tonic**) မှ (**Subdominant**) သို့ပြောင်းလဲအဆုံးသတ်သွားခြင်းဖြစ်သည်။ တတိယ ပိုဒ်အသံပြောင်းလဲသွားသော တေးသွားမှာ အောက် ပါအတိုင်းဖြစ်သည်။

( သီချင်းမှာ မွန်တို့၏ သမိုင်းကြောင်း တခုကို သရုပ်ဖေါ်ထုတ်ထားခြင်း ဖြစ်သည်။ ဆောင်းပါးရှင် မည်စိုး၍ စာသားကိုချန်လှပ်ခဲ့ပါသည်),

အထက်ပါတေးကို မွန်တို့ပတ္တလားဖြင့် တီးသော အခါ သံမှန် **C** ဖြင့်သာ တီးကြသည်။အကယ်၍ ငါး ပေါက်(**F**)ဖြင့် တီးပါက အသံ ပြောင်းသောအခါ ပတ္တလားတွင် **F** ၏ စတုတ္ထ ဒီဂရီ နှစ်ပေါက်ခွဲ (**B Flat**) မရှိသောကြောင့် ဖြစ်၏။ (ပတ္တလား ဟူသောစကားမှာ မွန်တို့၏ "ဗါတ်ကလာ"တူသော စကား မှ ဆင်း သက် လာသည်။ ဗါတ် = တူရိယာ၊ ကလာ = သေတ္တာ။ သေတ္တာတွင်ထည့်၍ တီးရသော တူရိယာဟု အဓိပ္ပါယ်ရသည်။)

မွန်တို့၏ကျေးလက်ယဉ်ကျေးမှု၌ ထင်ရှားသောဂီတ တခုမှာ ဆယ့်နှစ်ရာသီဘွဲ့သီချင်းဖြစ်ပါသည်။မွန်ယဉ် ကျေးမှု ဌာနမှ စာအုပ်များ ထုတ်ဝေ ခဲ့သော် လည်း မပြည့်စုံသေးပါ၊ တရွာတပုဒ်ဆန်း ဆိုသည့် အတိုင်း အမျိုးမျိုး သီဆိုကြသည်။ယင်းသီချင်းများတွင် တော တောင် ရေမြေ ရာသီတို့၏ သဘာဝအလှ ကျေးလက် လုပ်ငန်းခွင်နှင့် မောင်မယ် မေတ္တာဘွဲ့တို့ကို လှပသော စကားလုံးများဖြင့် ရေးစပ် ထားပါသည်။ သီဆိုဟန် လည်း အမျိုးမျိုးရှိပါသည်။များသောအားဖြင့် စည်း ဝါးမရှိဘဲ လွတ်လပ်စွာ သီဆိုတတ်ကြသည်။ (မြန်မာ ခွန်းတောက်ဆိုဟန်နှင့်ဆင်တူပါသည်)။

တေးသွားမှာ အောက်ပါအတိုင်းဖြစ်သည်။ဝါဆို လဖွဲ့နှင့်ဥပမာပြထားသည်။ ဆောင်းပါးရှင်မည်စိုး၍ သီဆိုဟန်သဘောကိုသိရန် တေးသွား တပုဒ်ကိုသာ ပြထားပါသည်။

ယင်းသီချင်းကိုပင် စည်းလွတ်ဝါးလွတ် မဟုတ်ဘဲ စည်းဝါးအတည်တကျ သတ်မှတ်၍ တူရိယာ များဖြင့် တီးလျှင် အောက်ပါအတိုင်းဖြစ်လာသည်။

ဂီတုဇ္ဇော်





ယင်းသီချင်းများကို ညချမ်းခါ လူပျို လူရွယ်များ လမ်းတကာလှည့်၍ တပင်တိုင် (solo)အဖြစ် သီဆိုကြသည်။ ကောင်းစွာဆိုတတ်လျှင် လွမ်းဆွတ်ဘွယ်ရာကောင်း၏။ ရှေးမွန်သီချင်းစစ်စစ်ဆိုလျှင် အလွမ်းသံအနည်းနှင့်အများ ပါတတ်သည်။ အလွမ်း ဆက်နွယ်သော တေးများဟု ဆိုနိုင်ပါသည်။ မဟာဂီတဝင်ဖြစ်သော ကောင်းကြီးသိန်ခါ၊ စိန်ချယ်ညီးလင်းစသည်တို့မှာ အဆင့်မြင့်သော ဂီတများဖြစ်သည်ဟု ဂီတ ဆရာများ က မိန့်ဆို ပါသည်။ ကျွန်တော် မန္တလေးပန်တျာကျောင်းတွင် ဂီတပညာသင်ခဲ့စဉ်က ပန်တျာ သင်ရိုးညွှန်းတမ်းတွင် မွန်သံ ၂ ပုဒ်သာ ထည့်ထားသည်ကို တွေ့ရသည်။

မြဝတီမင်းကြီးရေး (သာဆန်းရဂုံဗွေ) ပတ်ပျိုး နောက်ဆုံးပိုဒ် (အို-မယ်မောင် သံစာစာ၊ ကျူးလာဖွဲ့ဖေါ်ချင်းနွဲ့) အပြီးတီးသော တီးကွက်နှင့် "ပပငယ်လေ ဝင်းဝင်း" ပတ်ပျိုး (သူဇာထင်ရှိးမှား) အပြီးတီးသော တီးကွက်တို့မှာ (မွန်သံ) ဟု ခေါ်ကြသည်။ စင်စစ် ယင်းတီးကွက်မှာ မွန်တို့ သီချင်းဆိုရာတွင် သုံးသော "အကူးအပြောင်း"စ ကားလုံး ဆိုဟန်မှ အထက်ပါ ပတ်ပျိုး များ၏ ကြားတီးကွက် (Interlude) အဖြစ် ပြောင်းလာသည်ဟု ကျွန်တော် ထင်ပါသည်။ (ကျွန်တော်၏ အထင်မျှသာဖြစ်သည်၊ ပညာရှိများ ဆုံးဖြတ် ကြပါကုန်။) မွန်တို့ဆိုသော စာသားမှာ (**အှ်ုေလဝ်နဒှ်တံဟှ်**) ဖြစ်သည်။ယင်းတေးသွားမှာ အောက်ပါအတိုင်းဖြစ်၍ အထက်ပါ ပတ်ပျိုးများ၏ အတောနှင့် တူပါသည်။



ဤသည်တို့မှာ ကျွန်တော်လက်လှမ်းမှီသမျှ တင်ပြခြင်းဖြစ်သည်။ တနည်းအားဖြင့် မွန်ဂီတ အကြောင်းကို မိတ်ဆက် တင်ပြလိုက်ခြင်း ဖြစ်သည်။ မွန်အပါအဝင် တိုင်းရင်းသား ဂီတများမှာ လွယ်သော စင်းသော သီချင်းများချည်း မဟုတ်ပါ။ (**ဇာတ် သိုင် မြဲ ထဝ်**) သီချင်းတွင် မုဆိုးကျော့ကွင်းထောင်စဉ် (Vivace)ဖြင့် ဆတ်ဆတ်ရေးထား၍ ဥဒေါင်းမင်းကို မိသောအခါ (Lento) သို့ အလွမ်းသံများသုံးလျက် ကူးပြောင်းသွားသည်ကို တွေ့ရ၏။ မွန်ဂီတ ဆရာတဦး တရောဖြင့် တီးပြဘူးသော (ညံင်ရရ်င်ရ်င်) သီချင်းတွင်ကား အစအဆုံး (Staccato) ခေါ် သံပြတ်များကို ဆန်းကျယ်စွာ သုံးထားသည်ကို တွေ့ရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မွန်ဂီတတွင် လွယ်ကူသော တေးများရှိသလို ခက်ခဲသောတေးများလည်းရှိသည်။ လွယ်ကူစွာ တီးနိုင်သော သီချင်းများရှိသလို အဆင့်မြင့်သော ဂုဏ်မြောက်တီးကွက်.... (Advanced ones in accomplished styles)များဖြင့် တန်ဆာဆင်သောဂီတများလည်းရှိပါသည်။ မျိုးကောင်းပန်းနှင့် တူသော်လည်း ဖြုစုယုယမှု ကင်းဝေးခဲ့သဖြင့်သာ ''ရနံ့မမွှေး - အသွေးမလွင်''ဖြစ်ခဲ့ရသည်။

ဤအဖိုးတန် အမွေအနှစ်များကို ဖေါ်ထုတ်ထိန်းသိမ်းကြပါစို့။ ။

**မှတ်ချက်။** ။ ကျွန်တော်သည် ဂီတ ဆရာတဦး မဟုတ်ပါ။ ဤ ဆောင်းပါးပါ သင်္ကေတများ ရေးသားမှုမှားယွင်းပါက ကျွန်တော်၏ အပြစ်သာဖြစ် ကြောင်း နှင့် ခွင့်လွှတ်ပါရန် တောင်းပန် ပါသည်။

(ရာမည-မိုးဇွ)

---

## ကျောင်း အဝင်

* နေခြည်လန်း၍
ကိုယ့်လမ်းကိုယ်ထွင်၊ ခရီးနှင်ခိုက်။

* လူလုံးမကွဲ၊ အမှောင်ထဲက
တင်းဘဲ လက်ယပ်ခေါ်သလို။

* အဆိပ်တွေလွှမ်း၊ ချိုနှုတ်ခမ်းက
နမ်းပါစုတ်ပါ၊ တစာစာနဲ့
မာယာနဲ့မြူ၊ ချူသလို။

* မရေမရာ၊ မှောင်ကမ္ဘာမှာ
ဖွေရှာလို့စမ်း၊ ခြေပြင်လှမ်းပြီး
အနမ်းလက်နက်၊ သူတို့စက်မှာ
ရမက်ပန်းပွင့်၊ အချိန်လင့်သော်
သခင့်ခရီး ဝေးတော့မည်။ ။

မြောင်းမြ-ဝင်းတင့်ဦး

# ရိုးရာပျောက်ခဲ့ ဘေဒွေးစိတ်ပူစရာပဲ

ဗ က မြ ပွှာ

ဘာသာစကား၊ ယဉ်ကျေးမှု နှင့် စာပေသည် လူမျိုးတမျိုး၏ အခြေခံ မိုခနောက်ဆိုင် အုတ်မြစ် ၃ ခုပင် ဖြစ်သည်။

ဘာသာစကားသည် လူမျိုးတမျိုး၏ မူလဖြစ်၍ ယဉ်ကျေးမှုသည် လူမျိုးတမျိုး၏ စရိုက်၊ ထုံးတမ်း ဓလေ့ပင်ဖြစ်သည်။ စာပေသည်ကား လူမျိုး၏မှတ်ကျောက်တည်း။ လူမျိုးတမျိုး အဓွန့်ရှည်စွာ တည်တန့်ခိုင်ရေးသည် ယင်းအုတ်မြစ်သုံးခု၏ ခိုင်ခိုင် ခန့်ခန့်တည်ရှိနေရေးပေါ်တွင် မူတည်သည်။

ကျောက်ခေတ်တွင် မွန်ဂိုကုန်းမြင့်၌ နေထိုင်ကြသော မွန်တို့သည် သဘာဝ၏ဒဏ်၊ လူမျိုးခြားတို့၏ဒဏ်တို့ကို တွန်းလှန် ရှောင်ရှားယင်း ရေကြည်ရာမြက်နုရာရှာကြံယင်းမြန်မာပြည်တောင်ပိုင်းတွင် B.C. နှစ်ရာစုခန့်၌ အခြေချခဲ့ကြသည်။ ယင်းသို့ သဘာဝဝန်းကျင်တွင် လှုပ်ရှားရုန်းကန်ယင်း ချစ်စရာကောင်းသော သဘာဝတရားများကို သတိပြုမိကြကာ မွန်လူမျိုးတို့သည် သဘာဝ၏ အလှအပကို ခံမင် မက်မောတတ်လာကြသည်။ အမြတ်တနိုးလည်း သိမ်းဆည်းထားတတ် လာကြသည်။ အရှေ့အရပ်ကို မွန်တို့က(**ဗုံက်**)ဟု ခေါ်ဆိုသည်။ နေမင်းကြီး ထွက်ပြူရာဟု အဓိပ္ပါယ်ရသည်။ အနောက်အရပ်ကို[illegible]ဟု ခေါ်ဆိုပြီး၊ အလင်းရောင် ချုပ်ငြိမ်းရာဟု တခုတည်း [illegible] အဓိပ္ပါယ်ရသည်။တောင်အရပ်ကိုကား(**သ္ငုင်ကျာ**) လေညာမြောက်အရပ်ကို(**သ္ငဝ်ကျာ**)လေအောက်ဟု အဓိပ္ပါယ်ဖွင့်ဆို ခေါ်ဝေါ်ကြသည်မှာလည်း သဘာဝကို အခြေခံထားခြင်း ဖြစ်ပေသည်။ သဘာဝတရား ခုံမင်ခြင်းကို မွန်ရိုးရာအကပညာတွင် အများဆုံးတွေ့ရသည်။ ငှက်၏ပျံသန်းဟန်၊ ကန္နရီ၏ လှုပ်ရှားဟန်၊ ငှက်နှုတ်သီးဟန်၊ ကြာဖူးငုံဟန်၊ ကြာဖူးငုံ ပွင့်အာဟန် ထမ်းပိုးကိုင်တွယ်လှုပ်ရှားဟန် စသည့် လှုပ်ရှားဟန်သွင်များသည် မွန်တို့၏ အခြေခံကကွက်များပင် ဖြစ်သည်။

ထို့ပြင် မွန်တို့သည် တိုင်းရင်းသား ပေါင်းစုံထဲမှ ဗုဒ္ဓဘာသာကို ဦးဦး ဖျားဖျား A.D. ၄ ရာစုတွင် လက်ခံရရှိပြီး စာရေးခြင်းအတတ်ကိုလည်း မဇ္ဈိမဒေသမှ A.D. ခြောက်ရာစုတွင် ရရှိသည်ဟု ကျောက်စာနှင့် သမိုင်းနှင့် အထောက်အထားများအရ သိရသည်။ သို့ရာတွင်မွန်တို့သည် ဗုဒ္ဓဘာသာကို ဘုရားသခင် သက်တော်ထင်ရှားရှိစဉ် B.C. ၅ ရာစုနှစ်ခန့်ကပင် လက်ခံ ရရှိသည်ဟု ယုံကြည်ကြသည်။ မည်သို့ပင်ဆိုစေ မွန်တို့၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ၏ ဩဇာနှင့်မကင်းသည်ကများသည်။

ထို့ကြောင့် မွန်တို့၏ ဓလေ့၊ စရိုက်၊ ထုံးတမ်း၊ ယဉ်ကျေးမှုအနုပညာနှင့် စာပေသည် သဘာဝတရား [illegible]ကြောင်း သို့တည်းမဟုတ် ဗုဒ္ဓဘာသာ

သာ၏ ဩဇာသက်ရောက်မှု တခုထည်းပေါ်တွင် ၎င်း၊ သို့တည်းမဟုတ် နှစ်ခုစလုံး ပေါ်တွင်၎င်း အခြေပြု ပြုပြင် ဆန်းသစ်ထားသည်ကို အများဆုံး တွေ့ရသည်။

သဘာဝတရားပေါ်တွင် အခြေခံပြီး ဗုဒ္ဓဘာသာ အယူအဆအရ ပြုပြင်ထားသော မလေ့ထုံးတမ်း ယဉ်ကျေးမှု ပွဲတခုကို တင်ပြလိုသည်။ ယင်းပွဲသည် အလွန် ပျော်ရွှင် ကြည်နူးဘွယ် ကောင်းသော မြတ်ဒါနပြုပွဲပင် ဖြစ်သည်။ မွန်ဘာသာဖြင့်(**စံင်အောဟ်ဓါန်**)ဟုခေါ်ပြီး မီးအန္တေးဓါတ်ဆက်ကပ်ပူဇော်ခြင်း ဟု အဓိပ္ပါယ်ရသည်။ မီးပုံပွဲဟုလည်း တနည်းခေါ် နိုင်သည်။ အန္တေးဓါတ်နွဇော်ပွဲကို ပရိတ်တရားတော် နာပွဲများနှင့် အတူ ဆောင်းတွင်းသမယ၌ ကျင်းပ ကြသည်။

ယင်းပျော်ရွှင်ဒါနပြုပွဲကို ရွာလယ် မြေကွက်လပ် တွင်၎င်း၊ ရွာဦးတွင်၎င်း ကျင်းပလေ့ ရှိကြသည်။ ရွာလယ်သို့မဟုတ် ရွာဦးဇရပ်များရှိခဲ့လျှင် ၎င်းဇရပ် ကို ပရိတ်တရားတော်နာ မဏ္ဍပ်အဖြစ် အသုံးပြုကြ သည်။ မရှိလျှင် မဏ္ဍပ်အသစ်ထိုးကြသည်။ ပင့်ဖိတ် ထားသော သံဃာတော်များကို မဏ္ဍပ်များတွင် စံ မြန်းစေပြီး ငါးပါးသီလ ခံယူကြသည်။ ပရိတ်တရား တော်များကို နာကြားကြသည်။ ပစ္စည်းလေးပါးကို လည်း ဆက်ကပ် လှူဒါန်းကြသည်။

ပျော်ရွှင်ဒါနပြုပွဲ၏ အထူးခြားဆုံးကား သံဃာ တော်များအား အန္တေးဓါတ်ဖြင့် ဆက်ကပ်ပူဇော် ခြင်းပင် ဖြစ်သည်။ ဆောင်းတွင်း သမယသည် နှင်း ရည်တို့ဖြင့် လောကတခုလုံးကို စိုစွတ်စေသည်၊ ချမ်း စေသည်။ ဆွမ်းခံရန် ကြွမြန်းလာသော သံဃာ တော်အသျှင်မြတ်တို့၏ ရုံတော်သင်္ကန်းတို့သည် နှင်း ရည်ဖြင့် စိုစွတ်နေရုံမျှမကသေး ခန္ဓာကိုယ်ကိုလည်း ခိုက်ခိုက်တုန်အောင် ချမ်းစေသည်။ နှင်းရည်ဖျန်း ၍ စိုစွတ်နေသော ရုံတော်သင်္ကန်းကို မီးအပူဓါတ် ဖြင့် ခြောက်သွေ့နိုင်စေသည့်ပြင် မီးအန္တေးဓါတ်သည် ခန္ဓာကိုယ် ချမ်းစေခြင်းမှလည်း ကာကွယ်ပေးသေး သည်။ ယင်းအယူအဆသည် ဗုဒ္ဓ သက်တော်ထင် ရှား ရှိတော်မူစဉ်ကထဲက ဆင်းသက်ခဲ့သည်ဟူ အဆို ရှိပေသည်။

သဘာဝတရားပေါ်တွင် အခြေခံပြီး ဘာသာ ရေးအယူအဆရ ပြုပြင်ထားသော မြတ်ဒါန ပြုပွဲကို လူငယ်လူရွယ်တို့က ပျော်ပွဲရွှင်ပွဲအဖြစ် ပြုပြင်ဖန်တီး ထားသည်မှာလည်း အလွန်ပင် ချစ်စရာကောင်းပေ သည်။

အန္တေးဓါတ် ဆက်ကပ်ပူဇော်ပွဲ မတိုင်မီရက်တွင် လူရွယ်လူငယ်တို့သည် ဝါးပိုး သုံးပင် လေးပင်ကို ခုတ်လှဲ၍ အကိုင်းအခက်များကို ရှင်းလင်းပယ်ရှား ပစ်ပြီး ပရိတ်တရားတော် နာကြားမည့်မဏ္ဍပ်အနီးရှိ မြေကွက်လပ်သို့ သယ်ယူကြသည်။ အတော်အတန် အမြင့်ရှိနိုင်အောင် ဝါးပိုးတလုံး၏ အဖျားပိုင်းကို ဖြတ်ယူပြီး စိုက်ထူ လိုက်ကြသည်။ ယင်း ဝါးပိုး၏ ဘေးပတ်လည်တွင် အတန်ငယ်နိမ့်သော ဝါးပိုးများ ကိုဝန်းရံ၍ စိုက်ထူကြသည်။ အပြင်တွင် ပို၍ပို၍ နိမ့်သောဝါးပိုးများကို နှစ်ထပ် သို့မဟုတ် သုံးထပ်မျှ ဝန်းရံစိုက်ထူကြသည်။

ပြီးလျှင် လူငယ် လူရွယ်တို့သည် အိုးစည်၊ ဗုံ မောင်း အကအခုန်များဖြင့် ရွာတွင်းသို့ လှည့်လည် ပြီး ကုသိုလ်ပါဝင်ရန် ဆော်ဩကြသည်။ သက်ကြီး ရွယ်အို များသည်၎င်း၊ လူကြီးသူမ များသည်၎င်း၊ ကလေးသူငယ်များသည်၎င်း နံ့သာတုံးသနပ်ခါးတုံး ပန်းမာလ်များဖြင့်၎င်း မွန်ဘာသာဖြင့် (**တွ့ံဩဲ**) ဟုခေါ်သော သေးသေးသွယ်သွယ်ထင်းပင်ငယ်များ ဖြင့်၎င်း လာရောက် စုပုံလှူဒါန်းကြသည် အမွှေး နံ့သာများဖြင့်လည်း ဖျန်းပက်ပူဇော်ကြသည်။

ပရိတ်တရားတော် နာကြားမည့်နေ့၏ နံနက် စောစော အာရုံမတက်မီ လူငယ် လူရွယ်များသည် အန္တေးဓါတ် ဆက်ကပ် ပူဇော်မည့်နေရာသို့ ရောက် ရှိစုဝေးလာကြပြီး ပူဇော်ပွဲကို စတင်ကျင်းပကြတော့ သည်။ လူငယ်လူရွယ်တို့၏ ကခုန် ရွှင်မြူးခြင်းသည် မီးစွဲလောင်သော ပန်းမာလ် နံ့သာတုံး သနပ်ခါး တုံးတို့၏ သင်းရနံ့နှင့်အတူ ပတ်ဝန်းကျင် တခုလုံး သို့ ပျံ့နှံ့သွားတော့သည်။

တဖြည်းဖြည်းနှင့် ဝါးပိုးကိုမီးစွဲလောင်ပြီး ဝါးပိုးသည် ကျယ်လောင်သော အသံဖြင့် ပြင်းထန်စွာ ပေါက်ကွဲတော့သည်။ ထိုအခါ လူငယ် လူရွယ်တို့သည် လက်ခုတ် လက်ဝါးတီး၍၎င်း၊ အိုးစည် ဗုံမောင်း အကအခုန်များဖြင့်၎င်း ထပ်မံ ကောင်းချီးပေးကြပြန်သည်။ ဝါးပိုး၏ ပေါက်ကွဲသံသည် လူကြီးသူမတို့အတွက် နိဗ္ဗာန်ဆော်ပင်ဖြစ်သည်။ ပေါက်ကွဲမည်ဟီးသံကို ကြားကြသော လူကြီးသူမတို့သည် သံဃာတော်အသျှင်မြတ်တို့အား ဆက်ကပ်စိမ့်သော ငှာ ဆွမ်းချက်ပြုတ်ရန် အိပ်ယာမှ ထကြတော့သည်။

နိဗ္ဗာန်ဆော်သံ ကုန်ဆုံးသောအခါ နံနက်အာရုံလင်းပေပြီ မီးပုံသည်လည်း မီးလျှံများ မရှိတော့ဘဲ မီးခဲများဖြင့်သာ တောက်လောင် နေပေသည်။ မီး အပူရှိန်ဖြင့် ကြွချီလာသော သံဃာတော်မြတ်တို့အား အနွေးဓါတ် ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ငါးပါးသီလခံယူခြင်း ပရိတ်တရားတော်မြတ် နာကြားခြင်း ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခြင်းအမှုကို ပြုကြသည်။

အနွေးဓါတ် ပူဇော်ပွဲ သို့မဟုတ် မီးပုံပွဲသည် သက်ကြီးရွယ်အိုတို့အတွက် ဘာသာရေးပွဲတခု ဖြစ်လင့်ကစား လူငယ်တို့အတွက် ဘာသာရေးပွဲဟန် တခုထည်း အသွင်ကို မဆောင်တော့ဘဲ ပျော်ရွှင်ဘွယ်ကောင်းသော ပျော်ပွဲ အသွင်ဟန် ကိုလည်း ဆောင်နေပေသည်။ ယင်းသို့ မွန်မြတ်သော မြတ်နိုးဘွယ်ရာကောင်းသော ပျော်ပွဲ ရွှင်ပွဲတခု ပျောက်ပျက်၍ မသွားလေအောင် ကျွန်ုပ်တို့ လူမျိုးနှင့်အတူ ကမ္ဘာတည်သရွေ့ ထိန်းသိမ်း စောင့်ရှောက်ထားရမည်မှာ ကျွန်ုပ်တို့လူမျိုး၏ မဟာ တာဝန်ပင် ဖြစ်ပေသည်။ ။

မက မြဘွာ

---

# ရှက်ရသူ

(ဒေါင်းယောင်ဆောင်နေသော ကျီးမိုက်များသို့)

● မြန်မာ့နှစ်စင်သည့်၊ ကောင်းကင်ပြာပြာ
ထက်ဝဋ္ဋာဝယ်၊ စန္ဒာမရောက်
သူကွယ်ပျောက်လည်း၊ မြောက်ရူးရူးဝယ်
ရုံဝံကြယ်နှင့်၊ ရွှေဝယ်ယွန်းယွန်း
သောကြာထွန်း၍၊ ဦးစွန်းထက်ထိပ်
ဖိုးဖျောက်ဆိတ်တို့၊ မှိတ်တုတ်မှိတ်တုတ်
နောက်မဆုတ်။
● လပြည့်ညလို၊ မိုးတခို၌
ရှိန်းရှိစန္ဒာ၊ ဝင်းဝင်းဖြာလည်း
တာရာထုပေါင်း၊ မပုန်းအောင်းဘဲ
သိန်းသောင်းပြိုးပျက်၊ ထွန်းတောက်လျှက်။
● သည်အဖြစ်မျိုး၊ အသွင်ဆိုးစွ
မျိုးရိုးရင်းဖြစ်၊ ဟသ်ာဖြစ်လည်း
မြစ်ယံကိုကြည့်၊ သောင်ပြင်ကိုဖွဲ
စိုမြိုင်ထဲ၌၊ ပျံ့ဖဲ့လှည့်လည်နေခဲ့သည်။
● ဥဒေါင်းမင်းသို့
အဆင်းလှလှ၊ အကကြွားကြွား
ရွှေမင်းသားနှယ်၊ မျိုးသားသွင်ဟန်
ဇာတိမှန်ကို၊ ပြရန်မမြင်
စိတ်ညံ့ဝင်ခဲ့။
● ရွက်ဟောင်းကြွေသက်၊ ဂိမာန်ရက်၌
ငှက်ဥညြသွင်၊ တေးသံရှင်ဟု
လူ့ခွင်နှံ့စပ်၊ များသိမှတ်အောင်
ဖွဲ့စပ်သီဆို၊ တေးမချီခဲ့။
● ဩော်....ငါ့ဘဝကား....
ဥဒေါင်းမင်းလား၊ ဟသ်ာလား
ကြီးကြာငှက်လား၊ ဥညြလားဟု
ခွဲခြားတိကျ၊ ဆိုခက်လှ၏။
● အယူယွင်းမှောက်၊ ကျွန်စိတ်ပေါက်၍
မေ့ပျောက်မျိုးရိုး၊ ငါ့ဖြစ်ဆိုးကို
မိုးထတ်တပြင်၊ ကြယ်သခင်တို့
အထင်သေးနှပ်၊ လွှန်စက်ဆုပ်ပြီ
တုန်လှုပ် ရှက်ကြောက်လှတကား။ ။

ဗညား-ကျော်သူ

# တိမ်မြုပ်လုသော ခေတ်မွန်စကားလုံးများ

မင်းဟံသာ (ကော့ဘိန်း)

ရှေးဟောင်းသုံးတေသန အထောက်အထားအရ၊ မွန်လူမျိုးတို့တွင် ရှေးပဝေဏီ ခေတ်ကပင် စကား စာပေ ယဉ်ကျေးမှု အထင်အရှားရှိခဲ့သည်။ သို့သော် တခေတ်မှ တခေတ်သို့ကူးပြောင်းလာသည်နှင့်အမျှ မွန်လူမျိုးတို့၏မွန်စာဓပေလေ့လာလိုက်စားမှုသည် တဖြည်းဖြည်း ယုတ်လျော့လာခဲ့သည်။ ထို့ကြောင့် မွန့်လူမျိုးပင်လျှင် မွန်စာပေကို ဂဃနဏ တတ်ကျွမ်းသူတစစလျော့နည်းလာခဲ့ရသည်။ ယနေ့ မွန်လူငယ်များကို သုတေသနပြုကြည့် လျှင် မွန့်စာပေတတ်ကျွမ်းသူအလွန့်အလွန်နည်းပါးကြောင်းတွေ့ရပေသည်။ အချို့ ဆိုလျှင် မွန်စကားကိုပင် မပြောတတ်၊ မဆိုတတ်သော အခြေသို့ ရောက်နေပြီ။ အဘယ်မျှဂမ်းနည်း ကြေကွဲစရာကောင်းအံ့နည်း– ဤအကြောင်းအချက်ကို ပြန်လည်ဆန်းစစ်ကြည့်လျှင် မွန် လူမျိုးတို့သည် မိမိတို့စာပေအပေါ် လျစ်လျူရှုမှု လွန်ကဲလာသောကြောင့် ဟုပင် မှတ်ချက် ချရပေမည်။

အများအားဖြင့် ယနေ့မွန်လူငယ်တို့သည်၊ စကားပြောရာတွင် ကိတ္တိမစကားလုံး များကို ကြားညှပ်သုံးစွဲလာကြသည်ကို တွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ မွန်စကားကိုဥ သုံး နားမလည်သောကြောင့်ဟု ယူဆပါသည်။ သာဓကပြရသော် “လက်ဆောင်”ဟု မွန့် စကာ.ဖြင့် ပြောဆိုသုံးနှုန်းနေကြ၏။ အမှန်မှာ “လက်ဆောင်”သည် မြန်မာစကားဘာ ဖြစ်၏– မွန်ဘာသာဖြင့် ပြန်ဆိုလျှင်“တမာဲ” (တမိုင်း) ဟုခေါ်ဆိုသည်။ ထိုနည်းတူပင် “ကျမ်းမာရေး၊အလုပ်သမား၊နိုင်ငံရေး”စသည့်မြန်မာစကားလုံးများကိုမွန်စကားအဖြစ် ပြောဆိုသုံးနှုန်းနေကြ၏။ ၎င်းစကားလုံးများသည်၊ မွန့်စာပေတွင် အထင်အရှား ရှိနေပါ သည်။ ဤသို့ သုံးနှုန်းနေခြင်းဖြင့် မွန်စာပေကြွယ်ဝလာမည် မဟုတ်တော့ပါ။ ထိုအပြင် ဆက်လက်သုံးနှုန်းသွားလျှင် အနာဂတ် မွန့်စာပေအဆင့်အတန်းသည် စိုးရိမ်မှတ်သို့ ရောက်မည်မှာ မလွဲကေန့်ပင်တည်း။

ထို့ကြောင့် တိမ်မြုပ်လုသော ခေတ်မွန်စကားလုံးများကို ယနေ့မွန့်လူငယ်တို့ လက်သို့ ပြန်လည် ရောက်ရှိနိုင်ရန်နှင့် မွန်စာပေယဉ်ကျေးမှုကို လေ့လာသော သုတေသီ တို့ သိစိမ့်သောငှါ အောက်ပါမွန်စကားလုံးများကို မြန်မာဘာသာဖြင့် အသံထွက်နှင့် တကွ ပြန်ဆိုထားပါသည်။ ။

| အမှတ်စဉ် | မွန်ဘာသာ | | မြန်မာအဓိပ္ပါယ် |
| --- | --- | --- | --- |
| | ရေးထုံး | အသံထွက် | |
| ၁ | ကလိင် | ကလိန် | နွားနောက် |
| ၂ | ကလုတ် | ကလု | သံတမန် |
| ၃ | ကလှ်လဖ် | ကလော့လဲ့ဖေါ့ | ပျံ့လွင့်သည် |
| ၄ | ကြတ်အရေ၀် (ဝါ) ဂွတ်အရေ၀် | ကရွတ်အရီ (ဝါ) ဂလော့အရီ | ကန့်ကွက်သည် |
| ၅ | ကွိက်ကွုန် | ကနုတ်ကမုန်း | လျှို့ဝှက်သည် (စကား) |
| ၆ | ကေွတ် | ကဝစ် | အယူဝါဒ |
| ၇ | ကေွတ်ဗိုန် | ကဝစ်ပ ိန်း | အယူသည်းသည် |
| ၈ | ခါန်ကွက် | ခန်းကနတ် | ခန့်ထားသည် |
| ၉ | ခေ၀်ပလန် | ခလဲ့ပလွန် | ပြန်လည်ချေပသည် |
| ၁၀ | ခေ၀်ရော် | ခလဲ့ရွတ် | ကျေးဇူးဆပ်သည် |
| ၁၁ | ဂကော်ကွိန်ဍုင် | ဂဲ့ကွ ကပိန်တုန်း | ပြည်ထောင်စု |
| ၁၂ | ဂကော်ဗော်သွး | ဂွဲ့ကွ ဗေါ့စဝါး | အသင်းအဖွဲ့ |
| ၁၃ | ဂေွင် | ဂွဲ့ဟိုင်း | လှည့်လည်သွားသည် |
| ၁၄ | ဂဗုတ် | ဂွဲ့ဗု | အမှု |
| ၁၅ | ဂလာန် | ဂွဲ့လန် | စကား |
| ၁၆ | ပလာန်ကမြ | ဂွဲ့လန်ကမရား | စကားဦး၊ စကားချီး |
| ၁၇ | ဍိုဍာတ် | ဂညိဂညတ် | ဆင်ယင်သည် |
| ၁၈ | စမြဗဟောက် | စမရေ့ဗဟိုက် | ခြိမ်းခြောက်သည် |
| ၁၉ | စံင်တူ | ကျောင်းတောင်း | စိုးရိမ်သည် |
| ၂၀ | စံင်ဒန် | ကျောင်းဒွန် | မီးသဂြိုဟ်သည် |
| ၂၁ | စောန်စိုတ် | ကျွန်းကျောတ် | မနာလိုသည် |
| ၂၂ | စ္ဍဲ | ကျနဲ့ဒွး | လှည့်စားသည် |
| ၂၃ | စ္ဍတ်တဲ | ကျမွတ်တွဲ | လက်မှတ် |
| ၂၄ | စ္ဍုံစ္ဍော် | ကျဲပွဲ့ကျဲပေါက် | ကိုးကွယ်ဆည်းကပ်သည် |
| ၂၅ | ဆေ၀်ဒ၀် | ချီးဒေါ | တားမြစ်သည် |
| ၂၆ | ဇရေင်ဍာန် | ဇရင်မန်း | သို့ (ထံသို့) |
| ၂၇ | ဇံသ၀် | ဂျော့စော | တုပ်ကွရှိသေသည် |
| ၂၈ | ညးဇ္ဍး | ညွဲ့ကျနဲ့ | ကိုယ်စားလှယ် |
| ၂၉ | ညးရေင်တ္ၚုင်ဂဗုတ် | ညွဲ့ရင်တလုံးဂဗု | အမှုဆောင် |
| ၃၀ | ညးရေင်တ္ၚုင်ဇို | ညွဲ့ရင်တလုံးဖေါ | အကျိုးဆောင် |

(F.9)

| အမှတ်စဉ် | မွန်ဘာသာ | | မြန်မာဘာသာ |
|---|---|---|---|
| | ရေးထုံး | အသံထွက် | |
| ၃၁ | ညုးအုပ်ကာ | ညဲ့အုကာ | အတွင်းရေးမှူး |
| ၃၂ | ဍိုက်ပေင် | တိုက်ပိန်း | ပြည့်စုံသည် |
| ၃၃ | ဍိုပ်ဍ | တောက်တား | စိမ်းစိုသည် |
| ၃၄ | တခ်ီ | တခိဳး | စာရေး |
| ၃၅ | တမၠတ် | တမိုင်တောင် | မွေးကြိုင်သည် |
| ၃၆ | တင်ဝါတ် | တန်ဝပ် | အခက်အခဲ |
| ၃၇ | တဝ်ဓွဟ် ဝါ-ပလန်ဂတး | တောကျနက်၊ဝါ·ပလွန်ဂတါး | တော်လှန်ပုန်ကန်သည် |
| ၃၈ | တ္ၚုတဲ | ထဝေါတွဲ | လက်ရုံး |
| ၃၉ | တ္ၚုရုး | တဝေါရဲ့ | တိုင်း |
| ၄၀ | ထွေန်စပ် | ထနင်းကျော့ | တပ်မက်စွဲလန်းသည် |
| ၄၁ | ဒဇိုက္လာတ် | ဒဲ့ဂျန်စကတ် | ရက်စက်ကြမ်းကြုတ်သည် |
| ၄၂ | ဒယှ်တှ် | ဒဲ့ယော့်တော့် | ကျော်ဇောသည် |
| ၄၃ | ဒှ်ဍောန် | ဒဲ့လှိုဗ့်တွန်း | ဆုံးမသည် |
| ၄၄ | ဒှောဝ်ဓါတ် | ဒငေါ်ဓါတ် | မှန်ဘီလူး |
| ၄၅ | ဓရိုဂလာန်(ဝါ)ပန့်ဆန္ဒ | ဓရုံဂလံ(ဂါ)ပနောင်ဆွံဒ | ဆွေးနွေးသည် |
| ၄၆ | နိမန် | နိမွန် | ပင့်ဘိတ်သည် |
| ၄၇ | နေရတိ | နေရတိုက် | အနောက်တောင် |
| ၄၈ | န္ဒံတွ | န္ဒံတမွဲ | အဆင်ဆင့် |
| ၄၉ | န္ဒံပိုက် | န္ဒံပမိတ် | အလိုရှိသည် |
| ၅၀ | ပညာအသဝ်ဂဏ် | ပွန်ညာအစောဂွန် | ပညာအရည်အချင်း |
| ၅၁ | ပ္တိုန်ဗြဲ | ပတောင်းကျရိုင်း | ဂုဏ်ပြုသည် |
| ၅၂ | ပရေင်ဍုင်ကွာန် | ပရင်းတုန်းကဝမ်း | နိုင်ငံရေး |
| ၅၃ | ပလာပ်ပထု | ပလပ်ပထူး | နှောက်ယှက်သည် |
| ၅၄ | ပါ်ဝါ | ပတ်ပိုင်း | ဝေဘန်သည် |
| ၅၅ | ဖျုတ်ဗွက် | ပြုပဒိုက် | ရှုံ့ချသည် |
| ၅၆ | ပြာကတ် | ပရာကွတ် | ထင်ရှားသည် |
| ၅၇ | ပွဲတုဲ(စွတ်တုဲ) | ပတောတင့်န်း(ဝါ) | နေ့စွ |
| | | စမွတ်တင့်န်း | |
| ၅၈ | ပ္ဍုက်ဗွန် | ပနုတ်ဗဲ့ဒွန် | လျှို့ဝှက်သည်(ပစ္စည်း) |
| ၅၉ | ပွောပ်ဂလာန် | ပလွတ်ဂလမ် | အဆိုသွင်းသည် |
| ၆၀ | ပ္ဍမထတ်ယုက် | ပဝမေ့ထော့ယုတ် | ကျန်းမာရေး |

| အမှတ်စဉ် | မွန်ဘာသာ | | မြန်မာဘာသာ |
|---|---|---|---|
| | ရေးထုံး | အသံထွက် | |
| ၆၁ | ဗ္ဍီဗ္ဍူ | ပဝီးပဝေါင် | ပတ်ဝန်းကျင် |
| ၆၂ | ဗ္ဍိုင်ဍုင် | ပဝိုင်တုန်း | မြို့နယ် |
| ၆၃ | ဗ္ဍိုင်ရး | ပဝိုင်းရဲ့ | တိုင်း |
| ၆၄ | ဖန်ဗ္ဒဟ် | ဖွန်ဗဒေါ့ | ဖန်တီးသည် |
| ၆၅ | ဗ္ဒဟ်အရေဝ် | ဗဒေါ့အရိ | အဆိုပြုသည် |
| ၆၆ | ဗာယဝ် | ပေးယော့ | အနောက်တောင် |
| ၆၇ | ဗျံက်ဗ္ဒေက် | ဗျောက်ဗဒိုက် | စုပ်စွဲသည် |
| ၆၈ | ဗျိုလအာက် | ဗျေလဲ့အတ် | ဂုံးချောပြောဆိုသည် |
| ၆၉ | မြိစရာဲဍုင် | ပရယ်ကျရားတုန်း | ပြည့်တန်ဆာမ |
| ၇၀ | ဗ္ဓုဟ် | ဗုဲ့နု | သတိရအောင်မေ့သည် |
| ၇၁ | ဗ္ဂဲစ္ၚတ် | ဗွဲစမွတ် | ဧကန်မုချ |
| ၇၂ | မအံက်(ဝါ)အပါ | မဲ့အောက်(ဝါ)အပါး | အဖေ |
| ၇၃ | ရမျာင်ကမြဲ | ရစိုင်းကမရောင်း | ကြွေးကြော်သံ |
| ၇၄ | ရၚ် | ရယ်ဂယ် | လေးစားသည် |
| ၇၅ | ရင်တ္ၚုင် | ရင်တလုံး | ဆောင်ရွက်သည် |
| ၇၆ | ရာင်ဆာဲ | ရိုင်ချား | တင့်တယ်သည် |
| ၇၇ | ရ္ၚဲသ္ၚဲ | ရေ့စေ့ | ရှိသေသည် |
| ၇၈ | လမိတ္ၚံဆု | လမိန္ဒံချု | ပင်စည် |
| ၇၉ | လလောင်တြး | လဲ့လုံတရား | ကြေငြာသည် |
| ၈၀ | လဟိင် | လေ့ဟိန် | မွေ့လျော်သည် |
| ၈၁ | လ္ၚိတ် | လေ့အိ | အဆုံး |
| ၈၂ | လုလောန် | လုလွန် | ပြစ်မှားကျူးလွန်သည် |
| ၈၃ | လိက်ဇ္ၚန် | လုပ်ဇမွန် | စာစီစာကုံး |
| ၈၄ | လ္ၚတ် | လေ့ငွတ် | လေ့ကျင့်သည် |
| ၈၅ | လ္ၚေတ် | လေ့မစ် | အဆုံးအမ |
| ၈၆ | လ္ၚိန်(ဝါ)ဒမိ | လမိန်(ဝါ)ဒွန်မလိ | အမြဲ |
| ၈၇ | သ္ၚာတ်မြဟ် | စကတ်မရော့ | ပြင်းထန်သည် |
| ၈၈ | သ္ဂုတ်သ္ဂာတ် | စဂုစဝပ် | ဆုံးဖြတ်သည် |
| ၈၈ | သ္ဂေဟ်သ္ဂဟ် | စဂစ်စဝေါ့ | ကြွယ်ဝချမ်းသာသည် |
| ၉၀ | သ္ဒုင်သ္ဒိုက် | ဇုံစတိုက် | ကြည်ညိုသည် |
| ၉၁ | သ္ဒိုင်ဒှ်ုင် | စဂျိုင်ဒမောင် | အခြေအနေ |

| အမှတ်စဉ် | မွန်ဘာသာ |  | မြန်မာဘာသာ |
|---|---|---|---|
|  | ရေးထုံး | အသံထွက် |  |
| ၉၂ | သ္ဂာတဲ | စပါးတွဲ | လက်မောင်း |
| ၉၃ | သ္ဂင်ကောံခရိ | စဘင်ကွန်ခရုံ | စည်းဝေးပွဲ |
| ၉၄ | သရာံပါင် | စရန်းပါတ် | မကောင်းမှု |
| ၉၅ | သေ္ဂဟ် | စလက် | ထင်သည် |
| ၉၆ | သ၁်ဒမျိင် | စိုက်ဒမယိုင်း | အညိုရောင် |
| ၉၇ | သြိန်ဂိတု | စွန်းဂိတောက် | လစာငွေ |
| ၉၈ | သ္ဂိုက်မှ္ဂိုက် | စတိုက်မလိုက် | နှစ်သက်သည် |
| ၉၉ | သ္ဂာ | စနား | ထိုင်ခင်း |
| ၁၀၀ | သေ္ဂံသ္ဂ် | စနဲ့စနောင်း | မြတ်နိုးထည် |
| ၁၀၁ | သ္ဂဲဒါ | စနားဒယ် | အရာရှိ |
| ၁၀၂ | သ္ဂာကမှောန် | စမားကမလွန်း | အလုပ်သမား |
| ၁၀၃ | သ္ဂာဗ္ဗ | စမားဗငေ့ | လယ်သမား |
| ၁၀၄ | သ္ဂဟ်ရထ | စမွတ်ရေ့ထ | စွမ်းဆောင်သည် |
| ၁၀၅ | သ္ဂဟ်န် | စမော့စမွန်း | ညီညွတ်သည် |
| ၁၀၆ | သ္ဂ္ဂိင်စိုတ် | စလိန်းကျောက် | ဖြေဖျော်သည် |
| ၁၀၇ | အခေါင်အဝ်ို | အခွန်အဝေ | အခွင့်အရေး |
| ၁၀၈ | အဂွဲ | အနွယ် | အရှေ့တောင် |
| ၁၀၉ | အလိုအာသိ | အလောအစော | အစိုးရ |
| ၁၁၀ | အဝ်ို | အဝေါ | အာဏာ |
| ၁၁၁ | အသံပါင် | အစွန်းပိုင်း | မိန့်ခွန်း |
| ၁၁၂ | အသေအဟာန် | အစေးအဟုန်း | အခန်းအနား |
| ၁၁၃ | ဨသာန် | အေးစန်း | အရှေ့မြောက် |

အထက်ပါ စကားလုံးများသည် အတိုးတန် မွန်စကားလုံးလှလှကလေးများဖြစ်၏။ ကိတ္တိမ စကားလုံးများ နေရာဝင်ယူသောကြောင့်သာ အသုံးနည်းလာရသည်။ ထိုအပြင် ယခုခေတ်တွင် အသုံးနည်းသော မွန်စကားလုံးများကို ပြန်လည်ဖေါ်ထုတ်သောအနေဖြင့် ဖြည့်စွက်ထားပါသည်။ "ပျက်အစဉ်ပြင်ခဏ"ဆိုရိုးစကားနှင့်အညီ ထိုမွန်စကားလုံး လှလှကလေးများ နေရာမှန်ရောတ်စေရန် အစားထိုး သုံးစွဲပြောဆိုကြရပေမည်။ ဤသို့သုံးစွဲ ပြောဆိုခြင်းသည် ဂုဏ်ယူစရာ အတုယူစရာကောင်း၏။ ယနေ့မွန်လူငယ်တို့အပေါ် ကျရောက်လာသော သမိုင်းပေးတာဝန်မှာ မိမိစကား၊ မိမိစာပေ၊ မိမိကဉ်ကျေးမှုကိုမပပျောက်အောင်ဆက်လက်ထိန်းသိမ်းသွားရန်ပင်ဖြစ်တော့သတည်း။

ဤဆောင်ပါး ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော မွန်စာပြဆင်စံရှိန်နိုရာအား အထူးကျေးဇူးတင်ရှိပါသည်။

မင်းဟသ်ာ(ကော့ဘိန်း)၊ မွေးမြူ-ဆေးကုတက္ကသိုလ်။



ပြက္ခဒိန်ထုတ်ဝေရေး ကော်မီတီ (၁၉၇၂)

ရှေ့တန်း ဝဲ မှ ယာ....မိသောင်းချင် (စာရင်းစစ်)၊ မီသောင်ယဉ် (စာရင်းစစ်)၊
ဒေါက်တာ နိုင်သန်းနိုင် (ဥက္ကဋ္ဌ)၊ မိခင်မေကြည်၊ မိသင်းကြည်။

နောက်တန်း....မင်းတင်မောင်၊ မင်းခင်မောင်မြင့်၊ မင်းမောင်တိုး (အတွင်းရေးမှူး)၊
မင်းနွယ်စိုး၊ မင်းဆန်းလွင်။

မတက်ရောက်နိုင်သူများ....မင်းကိုဆန်း (တွဲဘက်အတွင်းရေးမှူး)၊ ဒေါ်ယဉ်ယဉ်အုံး (ဘဏ္ဍာရေးမှူး)၊
မင်းအောင်သန်း၊ မင်းစံလွင်။

# မွန်ယဉ်ကျေးမှု

ဒေါ်စောရှင်

ရာမညဒေသမှ မွန် လူမျိုးတို့သည် ယခုကဲ့သို့ ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်မှု မပြုရသေးသော်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မွန်အခေါ် "တပူ" (ဝါ) တဖုဿ၊ "တပင်" (ဝါ) ဘလ္လိကညီနောင်နှစ်ဦးတို့ မဇ္ဈိမဒေသသို့ ကုန်သွယ် ရောင်းဝယ်ရေး ကိစ္စနှင့် ရောက်သွားပြီး မြတ်စွာဘုရား၏ ဆံတော်ရှင် (၈) ဆူကိုရခဲ့ပြီး ဥက္ကလာပမင်း၏ အကူအညီဖြင့် တြိဂုမ္ဘခေါ်ဒဂုံမြို့တွင် ဗုဒ္ဓဝါဒကိုယုံကြည်၍ စေတီတည်ပြီး ကိုးကွယ်ကြပါသည်။ ထိုကြောင့် ရွှေတိဂုံစေတီသည် နှစ်ပေါင်း ၂၅၀၀ ကျော်က ရှိနှင့်နေပါသည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလထုတ် ဂါဒီယန်မဂ္ဂဇင်း၌ ဦးဖေခင် ရေးသားသော "ရန်ကုန်မြို့သမိုင်း"တွင် မွန်ဘုရင်ဗညားဦး (၁၃၅၃-၁၃၈၅) သည် မုတ္တမမြို့တော်မှ (ပဲခူး) ဗဂိုးမြို့တော်သို့ပြောင်းရွှေ့ပြီး ရွှေတိဂုံဘုရားကို ပေ (၆၀) သို့ မြှင့်တင်ဆောက်လုပ် ခဲ့သည်ဟု မွန် မင်းဆက် သမိုင်းတွင်ဖော်ပြပါရှိသည်။ မွန်ဘုရင်အဆက်ဆက် ရွှေတိဂုံစေတီကို မြှင့်တင်မွမ်းမံသည်သာမက ငွေစ္စယံကိုပါ ပြုပြင်မွမ်းမံလေသည်။ မွန်ဘုရင်မ ရှင်စောပု လက်ထက်တော်ရောက်မှသာ ယခု ရှိရင်းပုံသဏ္ဌာန်ကဲ့သို့ ဖြစ်လာသည်။ ရှင်စောပုထက် စောပြီး ရွှေချသည်ကိုဖော်ပြခြင်း မတွေ့ရသောကြောင့်၊ ရှင်စောပုသည် ရွှေတိဂုံစေတီကို ပထမဆုံး ရွှေချသောသူဟု ဆိုရပါမည်။ ရှင်စောပု၏မြေး၊ ဓမ္မစေတီမင်း၏ သားတော်ဘုရင်ဗညာရမ်း (၁၄၉၂-၁၅၂၆) သည် လေမုန်တိုင်းကြောင့် လွင့်ကျသောစေတီ၏ထီးတော်ကို ပြန်လည်တင်ပြီး၊ ၎င်းသည် အသက် ၄၈ နှစ်ရှိသောကြောင့် စေတီ၏ ပတ်လည်အောက်ခြေ၌ စေတီ၄၈ ဆူကိုပါ တည်ထားခဲ့လေသည်။ ဒကာရွှတ်ပိ စိုးစံသော အခါတွင်လည်း ထိုစေတီကို မွမ်းမံပါသည်။ တပင်ရွှေထီးသည် ဗဂိုးကို အေဒီ ၁၅၃၉ ခုနှစ်တွင် တိုက်ခိုက် သိမ်းပိုက်လိုက်သည်။ ၁၉၆၉ ခုနှစ် ဧပြီလထုတ် ဂါဒီယန် မဂ္ဂဇင်း၌ ဦးကျော်ခိုင် ရေးသော "ရွှေနှင့်ပြီးသော ရွှေဒဂုံ" တွင် အေဒီ ၁၅ ရာစု၌ (Binnyagyan) ဗညာဂျမ်းသည် (ဗညာရမ်-၁၄၂၆-၄၆ ဖြစ်တန်ရာ၏) ရွှေဒဂုံစေတီကို ပေ ၃၀၂ အထိ မြှင့်တင်တည်ဆောက်လိုက်သည်။ အေဒီ ၁၈ ရာစု၌ ဆင်ဖြူရှင်သည် ယခုလက်ရှိပေ ၃၂၆သို့ မြှင့်တင် ဆောက်လုပ်ခဲ့သည်။

မွန်တို့ပြောရိုးဆိုရိုးစကားအရ(**ဇွှော်သကျာ်လ္ဂုင် ဍုင်သကျာ်ဗဂေါ**) အဓိပ္ပါယ်မှာ ကြီးလှသော ဒဂုန်ဘုရား မြင့်လှသောဗဂိုးဘုရား၊ တနည်း အကြီးဆုံးဒဂုံဘုရား အမြင့်ဆုံး ဗဂိုးဘုရား ဖြစ်ပါသည်။ ယနေ့တိုင် ရွှေတိဂုံစေတီသည် အမြင့် ၃၂၆ ပေရှိပြီး အောက်ခြေမှာ ၁၄၂၀ ပေ ပတ်လည်ရှိသည်။ ဗဂိုးဘုရားမှာမူ ၃၇၃ ပေရှိပါသည်။

ရွှေမော်ဓောစေတီကို မွန်စာပေအရ ဘီစီ ၃၀၄ ခုနှစ်တွင် သထုံမှ သီရိမာ သောကမင်း ဆောက်တည်သည်ဟု ဆိုပါသည်။

မွန်အက္ခရာသည် အိန္ဒိယတောင်ပိုင်း ကဒမ္ဗ၊ ပလ္လဝအက္ခရာများမှ ဖြစ်ပေါ်လာသည်ဟု သုတေသီတို့ ဆိုကြပါသည်။ သီဟိုဠ်ကျွန်းသို့သွားပြီး ပိဋကတ်တော်ကို မွန်အက္ခရာဖြင့် ကူးယူခဲ့သော သထုံမှ ရှင်ဗုဒ္ဓဃောသကို သာဓကထားပြီး မွန် စာပေသည်

အေဒီ ၄၀၀ လောက် နှစ်ပေါင်း ၁၅၀၀ထက်မနည်း ရှိနှင့်နေပါသည်။ ဗန်ကောက်မြို့ အနောက်ဘက်မိုင် ၃၀ ကွာဝေးသည့် ပရပထုံ မွန်ကျောက်စာသည် အေဒီ ၅၀၀ နှင့် ၆၀၀ စုနှစ်တိုး အစောဆုံး ယိုးဒယားပြည် မွန်ကျောက်စာ ဖြစ်သည်။ တရုတ် မှတ်တမ်းများအရ အချို့ ပညာရှိများက အောက်မြန်မာပြည် (ရာမညတိုင်း) တွင် ပိဋကတ်တိုက် ယခုအခေါ် စာကြည့်တိုက်များ အေဒီ ၃၀၀ စုကပင် ရှိသည်ဟု ဆိုကြပါသည်။ ဦးတင်လှသော် အဆိုအရ မြန်မာပြည် ကော်သူလေပြည်နယ် ဖားအံမြို့ အနီး ကော့ဂွမ်းဂူတွင် နေ့စွဲမရှိသော ကျောက်စာတခုသည် ရေးပုံရေးနည်း စာလုံးပုံသဏ္ဍာန်ကို စစ်ဆေးကြည့်ရှုခြင်းအားဖြင့် အေဒီ ၈၀၀-၉၀၀ စုလောက်က ရေးသည်ဟု ယုံကြည်သည့်ပြင်၊ ကျန်စစ်သားမွန်ကျောက်စာများနှင့်မတူ ပိုမိုစောသည်ဟု ဆိုပါသည်။

မွန်စာပေသည် ရှေးမွန်စာပေ၊ ခေတ်အလယ်စာပေနှင့် ပစ္စုပ္ပန်စာပေဟူ၍ သုံးမျိုးရှိပါသည်။

ပထမ မွန်မင်းဆက် စာရင်းတွင် ပထမဆုံး မင်းသည် သီဟရာဇာ ဖြစ်သည်။ နောက်ဆုံးမင်း ၅၇ မြောက်ဖြစ်သော မနုဟာမင်းသည်။ အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းနှင့်စစ်ဖြစ်ရာ အရေးနိမ့်သောကြောင့် ထိုနှစ်၌ပင် ၎င်းသည် ရဟန်းပညာရှိ၊ လူပညာရှိများနှင့်တကွ လူပေါင်း ၃၀၀၀၀ပါ ပုဂံပြည်သို့ လိုက်ပါသွားရ၏။ ထို့ကြောင့် မွန်စာပေ တတ်မြောက်သူများနှင့် လက်မှုပညာသည်၊ စက်မှုပညာသည်များသည် ရာမညတိုင်းတွင် မရှိသလောက် ဖြစ်သွားရပြီး၊ မွန်တို့၏ ယဉ်ကျေးမှုသည် ပုဂံပြည်တွင် သွားရောက် ထွန်းကားနေပါသည်။ ဦးသိမ်းမောင်ရေး "ရာဇသံကြီး" စာအုပ်စာမျက်နှာ ၁၁၁-၁၁၂ တွင် "ဘုရင်နှင့်တကွ ပုဂံပြည်သို့ ဆောင်ကျဉ်းလာသည်တို့ အနက် ပညာသည် လူအများလည်း ပါဝင်ခဲ့လေသည်။ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရံ၊ ပန်းတော့၊ ပန်းတိမ်၊ ပန်းဘဲ၊ ပန်းတည်း၊ ပန်းတယာ၊ ပန်းသေး၊ ဆင်ဆေးသမား၊ ဆင်တဘ်သသူ၊ မြင်းဆေးသမား၊ မြင်းဘတ်သသူ၊ ဒိုင်းလွှားကာလုပ်တတ်သသူ၊ အမြောက်သေနတ် လေးလုပ်တတ်သသူ၊ အကျော်အလျော် အပေါင်းအကျစ်တတ်သသူ၊ ဆံထုံးဂယင်တတ်သသူ၊ အထုံအမွှေး ပန်းစစ်ပန်းလျက် တတ်သသူတို့ကို ဖေါ်ပြထားပါသည်။ ဂယင် အဓိပ္ပါယ်မှာ ဆံထုံးနည်း တမျိုးဟု ဆိုပါသည်။ ဆံထုံးအကြောင်းကို တွေ့သောအခါ ရဝေရှင်ထွေးရေးသော ရှေးခေတ်ပုဂံ၏ ဆံထုံး ၅၅ မျိုး လင်္ကာကိုသွားပြီး သတိရမိပါသည်။ အနော်ရထာမင်းသည် သထုံမနုဟာမင်းကို အေဒီ ၁၀၅၇ ခုနှစ်တွင် တိုက်ခိုက်အောင်မြင်ပြီး၊ မွန်အက္ခရာကို အသုံးပြုလာသည်။ မြန်မာစာကို အေဒီ ၁၅၀၈ ခုနှစ်တွင် ပထမဆုံး ပုဂံ လက်သည်းရှည်ဘုရား ကျောက်စာတွင် အနည်းငယ်စ၍ မြင်ရပါသည်။ သို့သော်လည်း ကျန်စစ်သား (၁၀၈၄ - ၁၁၁၃) တခေတ်လုံး ၎င်း၏ ကျောက်စာအားလုံးတို့သည် မွန်ဘာသာ စာပေကို အသုံးပြုပါသည်။ အာနန္ဒာဘုရား၌ မွန်ဘာသာ စဉ့်ကွင်း ၁၀၀၀ကျော်မျှ တွေ့ရပါသည်။ ၎င်းအပြင် မြင်းပြဂူ၊ အပါယ်ရတနာ၊ ဖြတ်စရွှေဂူ၊ လောကထိပ်ပန်၊ ပုထိုးသများ၊ နဂါးရုံ၊ ဂူပြောက်ကြီးနှင့် အလိုပြည့်ဂူဘုရားများတွင် မွန်ကမ္ပည်းစာ များစွာတွေ့နိုင်ပါသည်။ အချို့သော စဉ့်ကွင်းတို့သည် စဉ့်အစိမ်းရောင်ဖြစ်နေသည်ကို တွေ့ရပါသည်။ စာရေးသူသည် ရေးမြို့ မွန်ဘုန်းတော်ကြီးကျောင်း တကျောင်း၌ စဉ့်အဝါ အဖြူနှင့် အစိမ်းရောင်ပါသော ပဲ့နေသည့် ရေတဂေါင်း တလုံးကို တွေ့ရသော အခါ၊ အနော်ရထာမင်းသည် မနုဟာမင်းနှင့် တကွ ရဟန်းပညာရှိ၊ လူပညာရှိများ ပုဂံပြည်သို့ ခေါ်ဆောင်သွားသောအခါ ဝေးကွာလှသော ရေးမြို့နယ်မှ အချို့ လက်မှုပညာသည်များ ကျန်နေသောကြောင့် ဤရေတဂေါင်းကို ပြုလုပ်သလောဟု တွေးတော မိပါသည်။ ထိုပဲ့နေသော ရေတဂေါင်းကို အလှူခံခဲ့ပြီး မော်လမြိုင်မြို့ ယဉ်ကျေးမှုပြတိုက်ခွဲတွင် ထားရှိရန် ယူဆောင်ခဲ့ပါသည်။ ကျန်စစ်သားမင်း ထီးနန်းအသစ် တည်ဆောက်တော် မူသောအခါ နန်းတည် အခမ်းအနား၌ ပျူနှင့်မွန်တို့၏ အတီးအမှုတ် အကအခုန်များပါသည်ဟု မွန်ဘာသာဖြင့် နန်းတည် ကျောက်စာတွင် ဖေါ်ပြထားပါသည်။ မြန်မာ စွယ်စုံကျမ်း အတွဲ (၁၀) စာမျက်နှာ ၁၄၃ တွင် "မြန်မာနိုင်ငံသမိုင်း တလျှောက်တွင် ပြိုင်ဖက်ကင်းသော (ပုဂံ

ခေတ်)ခေတ်ကောင်းကြီးဟု ဆိုရပေမည်။” ယင်း စာအုပ်စာမျက်နှာ ၃၅၀တွင် မွန်တို့ထံမှ စာရေးစာဖတ်အတတ်ကို ရရှိခဲ့ကြောင်း ခိုင်လုံသောအကြောင်းများရှိပေသည်။ အဆောက်အအုံ ပညာကို ပျူတို့ထံမှလည်းကောင်း၊ အဆောက်အအုံ၏ အတွင်းအပြင်တန်ဆာဆင်မှုပညာကို မွန်တို့ထံမှလည်းကောင်း ခံယူတတ်သိခဲ့ကြသည်ဟု ဆိုရပေမည်။ ထွန်းကားခဲ့ပြီးသော ပျူယဉ်ကျေးမှုနှင့် မွန်ယဉ်ကျေးမှု တည်းဟူသော အိုင်ကြီးနှစ်အိုင်မှစီးဆင်းလာသော ယဉ်ကျေးမှုရေယဉ်နှစ်သွယ်သည်၊ ရှေးမြန်မာ ယဉ်ကျေးမှုအိုင်ကြီးမှစီးဆင်းလာသော ယဉ်ကျေးမှုရေယဉ်နှင့် ပေါင်းစပ်မိသဖြင့် သောက်သုံး၍မကုန်နိုင်သော ကြီးကျယ်ခန့်ညားလှသည့် ပုဂံယဉ်ကျေးမှုတည်းဟူသော အိုင်ကြီးတခု ဖြစ်ပေါ်လာ၏” ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ရောစပ်နေသော ယဉ်ကျေးမှုမှ မွန်ယဉ်ကျေးမှုကို ပြန်လည်ခွဲထုတ်၍ ပြရန် မလွယ်ကူလှပေ။ မတူသည့် အချက်အလက် အနည်းအကျဉ်း မျှသာ ဖော်ပြနိုင်ပါသည်။ ၁၉၆၄ ခုနှစ် ၁၇ ကြိမ်မြောက် မန္တလေးမြို့၌ပြုလုပ်သော ပြည်ထောင်စု အခမ်းအနားသဘင်ကြီး၏ ယဉ်ကျေးမှုပြခန်းတနေရာတွင် “သထုံပြည်၊ သရေခေတ္တရာပြည် ထို့နောက် ပုဂံပြည်ဟူ၍ ထွန်းကားလာလေသည်။ ပျူ၊ မွန်၊ သက်စသည်တို့ စုစည်းကာ ပုဂံပြည် တည်ထောင်လေသည်။ ပုဂံခေတ်အစ ကုန်းဘောင်ခေတ်အထိ မွန်မြန်မာ ယဉ်ကျေးမှုသည်လည်း သထုံပြည်၊ သရေခေတ္တရာပြည်၊ ပုဂံပြည်တို့၏ ကူးလူးဆက်ဆံရာမှ ပေါက်ဖွားလာလေသည်။ ပေါက်ဖွားလာသော ထိုယဉ်ကျေးမှုသည် ကုန်းဘောင်ခေတ်တိုင်အောင် အစဉ်မပျက် တည်တံ့ခဲ့လေသည်။” ဟု ရေးသားထားသည်ကို တွေ့ရပေသည်။ ပုဂံခေတ် အေဒီ ၁၀၅၇-မှ-၁၁၇၀ အထိ မွန်အက္ခရာဖြင့် ရှေးမွန်စာပေနှင့် ပါဠိကို သုံးနှုန်းခဲ့ပါသည်။ နာရပတိစည်သူမင်း လက်ထက်မှစ၍ မြန်မာဘာသာစာပေ ထွန်းကားလာသည်နှင့် အမျှ မွန်ဘာသာစာပေများ ပုဂံတွင် တိမ်ကောခဲ့ရလေသည်။ သို့ပါသော်လည်း မြန်မာဝေါဟာရများတွင် မွန်ဝေါဟာရ များစွာသုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ဒုတိယမွန်မင်းဆက်စာရင်း၌ ဟံသာဝတီခေါ် ဗဂိုး (ပဲခူး) တွင် သမလ၊ ဝိမလမှစ၍ တိဿ မင်းအထိ မင်းပေါင်း (၁၇) ဆက် တလျှောက်လုံး၌ မွန်စာပေ ထွန်းကားသည်ကို မတွေ့ရပါ။ သို့သော် နောက်ဆုံးမင်းဆက်ဖြစ်သော တိဿ မင်းလက်ထက်လောက်တွင် မုတ္တမဘုရင်မဟုဆိုသော ဒူဝပ်မြို့မှ အမျိုးသမီးသည် ကော့ကွမ်းဂူရှိ ဘုရားတဆူတွင် ရှေးမွန်ကမ္ပည်းစာထိုးထားသည်ကို တွေ့ရပါသည်။ တတိယ မွန်မင်းဆက်၏ ပထမဆုံးဘုရင် ဝါရီရူး လက်ထက်တွင် ဝါရီရူးဓမ္မသတ်ကျမ်း တကျမ်း ပေါ်ထွန်းလာကြောင်း သိရပါသည်။ ထိုမင်းဆက်မှ ဗညာနွဲ့ (ရာဇာဓိရာဇ်) မိဖုရား တလမီဒေါ်ဆိုသော သုံးထောင့် အိုင်ချင်းကိုလည်း တွေ့ရပါသည်။ ရှင်စောပု ဘုရင်မလည်း ကျိုက်မရောမြို့တွင် ကမ္ပည်းကျောက်စာ ထားရှိခဲ့ပါသည်။ ပြောပလောက်အောင် မွန်စာပေထွန်းကားခြင်းမဖြစ်သော်လည်း ရှင်စော်ပု၏သမက် ဓမ္မစေတီမင်းလက်ထက် အေဒီ ၁၅ ရာစုကျမှ မွန်စာပေ ဒုတိယအကြိမ် ထွန်းကားလာလေသည်။ ထို ဒုတိယ အကြိမ် ထွန်းကားလာသော မွန်စာပေကို အလယ်ခေတ် မွန်စာပေဟု ခေါ်ပါသည်။ အဆိုပါ စာပေတွင် မြန်မာဝေါဟာရများစွာ ပါဝင်လာလေသည်။ နောက်ဆုံး မွန်မင်းဆက် ဖြစ်သော ပြမောင်မိရာဇ်သည် ရန်သူတို့အား အရေးနိမ့်ခဲ့ရာမှ မွန်မင်းဆက်ပြတ်ခဲ့သည့်ပြင် မွန်စာပေလည်း ဒုတိယ အကြိမ်တဖန် တိမ်ကောခဲ့ရပြန်လေသည်။ ပျူလူမျိုးတို့သည် မွန်လူမျိုးတို့ထက် စောပြီး မြန်မာပြည်သို့ ဝင်ရောက်လာကြစေကာမူ မွန်လူမျိုးတို့သည် ပျူလူမျိုးတို့ထက် ပိုမို ရှေးကျသော လူမျိုးဖြစ်သည့်ပြင် ယဉ်ကျေးမှု၌လည်း ပိုမို အဆင့်အတန်းမြင့်သည်ဟု ဆိုပါသည်။

၁၉၆၅-ခုနှစ် ဇူလိုင်လ ၃၀ ရက်၌ ကျင်းပသော မြန်မာနိုင်ငံ သုတေသန အသင်း၏ သာမန် အစည်းအဝေးတွင် ဝတ်လုံတော်ရ ဒေါက်တာဘဟန် ဖတ်ကြားသောစာတမ်းမှ “တရုပ်မှတ်တမ်းနှစ်ခု၌ အေဒီ ၈၀၀ ခုနှစ်တွင်၊ ပတ်ဝန်းကျင် ပန်တျာသဘင်အဖွဲ့ အပါအဝင် ပျူပန်တျာအဖွဲ့တဖွဲ့သည် တရုပ်ပြည်သို့ သွားရောက် အသုံးတော်ခံသည်ကို တရုပ်လူမျိုးတို့သည် လွန်စွာ နှစ်သက်သဘောကျခြင်းကြောင့် ပျူဘုရင်ခံကြီးသည် အေဒီ ၈၀၁-၈၀၂ ခုနှစ်တွင် ၎င်း၏သားနှင့် တကွ ပျူ ပန်တျာ အနုပညာသည် ၃၅

ယောက်တို့ကို တရုပ်ပြည်တန်ဘုရင်နန်းတော်သို့ စေလွှတ်လိုက်သည်။ ၎င်းတို့ ကပြ အသုံးတော်ခံခြင်းကို ပွဲကြည့်ပရိသတ်တို့ ထူးကဲစွာ သဘောကျ နှစ်သက်သည့်ပြင် တရုပ် တန်ဘုရင်မင်းမြတ်သည် လွန်စွာ အားကျနှစ်သက်ခြင်းကြောင့် ပွဲကြည့်နေသည့် အချိန်တွင် ဝမ်းနည်းစဖွယ်အခြေသို့ ရောက်နေသော ၎င်း၏တိုင်းသူပြည်သားနှင့် ယိမ်းယိုင်ပြိုကွဲနေသည့် ၎င်း၏တိုင်းပြည်ကို ခေတ္တမေ့လျော့သွားပါသည်"ဟုပါရှိလေသည်။ ပျူ က ချေ သည် များ ဝတ် ဆင် သော (Kun Lun)ကွန်လွန် အဝတ် အစားသည် မွန် အဝတ်အစားဖြစ်သောကြောင့် မွန်တို့၏ယဉ်ကျေးမှု ပြန့်နှံ့နေသည်ကို သိနိုင်ပါသည်။ မွန်တို့၏ အဝတ်အစားကိုအသုံးပြုခြင်းကြောင့် ဖေါ်ပြထားသော ပတ်ဝန်းကျင် သဘင် အဖွဲ့သား တို့သည် မွန်လူမျိုး ဖြစ်တန်ရာ၏။

တရုပ် မှတ်တမ်းတခု၌ (Kun Lun Ship) ကွန်လွန်သင်္ဘောခေါ် မွန်သင်္ဘောများ အိန္ဒိယပြည်သို့ ကူးလူးဆက်ဆံသွားလာခြင်း၌ အထူးအထောက်အကူ ဖြစ်သည်ဟုလည်း ဖေါ်ပြထားပါသည်။ ထုထွင်းထားသော ကွန်လွန်သင်္ဘောခေါ် မွန်သင်္ဘောရုပ်ထုများကို ကမ္ဘောဒီယားပြည် (ankor) အင်ကောမြို့နှင့် အင်ဒိုနီးရှားပြည်ရှိ(Borobudur) ဘိုရိုဘူဒါမြို့တို့၌ တွေ့နိုင်ပါသည်။

အေဒီ ၁၅၁၅ ခုနှစ်တွင် (Bolonese) ဘိုလိုနီ(စ်) ခရီးသည် တယောက်သည် ဓမ္မစေတီမင်း၏ သားတော်ဗညာရန်မင်းသို့ ဝင်ရောက်ခစားပြီး ဤကဲ့သို့ မှတ်စု ရေးသားထားပါသည်။ "ဘုရင် မင်းမြတ်သည် ပတ္တမြားကျောက်မျက်ရတနာများကို ဝတ်ဆင်ထားသည်မှာ မြို့ကြီးတမြို့၏ တန်ဘိုးထက် သာလွန်ပါသည်။ ပတ္တမြားများကဲ့ ခြေမ ခြေသန်း ခြေချောင်း အားလုံးတို့၌ ဝတ်ဆင်ထားပါသည်။ ခြေထောက်တို့၌ အထူးပင် လှပသော ပတ္တမြားတို့နှင့် ပြည့်နှက်စွာ စီထားသော ရွှေကွင်းကို ဝတ်ဆင်ထားပါသည် (ခြေကျည်းကိုဆိုလိုသည်)။ လက်မောင်းနှင့် လက်ချောင်းအားလုံးတို့၌ ပြည့်နှက်စွာဝတ်ဆင်ထားသည့်ပြင်၊ နားမှာလည်း ဝတ်ဆင်ထားသော ရတနာတို့၏အလေးကြောင့် လက်ဝါးတဝက်မျှ တွဲကျနေပါသည်။ ဘုရင်မင်းမြတ်ကို ညအခါ မီးနှင့် တွေ့မြင်ရပါလျှင် အထူးပင် ပြောင်လက်နေပါသော ကြောင့် နေကဲ့သို့ ထွန်းလင်းတောက်ပနေပါသည်။" ဤခေါ်ပြချက်ကိုဖတ်ရှုပြီး မွန်တို့၏ ယဉ်ကျေးမှုသည် အိန္ဒိယ ယဉ်ကျေးမှုနှင့် နီးစပ်ကြောင်း ရိပ်စားမိတော့သည်။

ရှင်ထွေးလှသည် ၎င်း၏ အမကြီးနှင့် မောင်ကြီး (မောင်တင့်တယ်) ကွယ်လွန်၍ အောက်ပြည်သို့လေလွင့် ရောက်လာရာတွင် ဥက္ကလာပမင်း သမိန်ထောရာမနှင့်စုံဖက်ပြီး မနဲမိ-ဝါ-မနဲလေးကို ဖွားမြင်လေသည်။ ထိုနောက် အထက် မြန်မာပြည်သို့ သွားသောအခါ တပယ်ထောက်ရစ်ရွာတွင် ဆုံးသွားပြီး သုံးပန်လှ နတ်ဖြစ်သွားသည်။ ထိုကြောင့် သုံးပန်လှနတ်သည် ပထမဦးစွာ မွန်တို့၏ အဝတ်အစားကို ဝတ်ဆင်ပြီး မွန်လိုကပါသည်။ ၎င်းနောက် မြန်မာအဝတ်အစားကို ဝတ်ဆင်ပြီး မြန်မာလို ကပါသည်။ ၎င်းဝတ်သော မွန်ဝတ်စုံမှာ ကြွေရောင်အင်္ကျီ၊ ထဘီ မဟာတကျွန်းကွက်နှင့် ရွှေစက်ပါ၊ တဘက်ပန္နန်" ဟု ဒါရိုက်တာ ဆရာမြင့်ရေးသော နတ်ပေါင်းစုံ စာအုပ်စာမျက်နှာ ၃၉ တွင် တွေ့ရပါသည်။ ရန်ကုန်မြို့ အမျိုးသား စာကြည့်တိုက်မှ လက်ရေးမူ လက်ာ စာအုပ်အမှတ် (၅) စာမျက်နှာ ၂၄၂ တွင် သုံးပန်လှနတ် ဝတ်ဆင်သည်မှာ မွန်အခေါ် "မဲတထမိ၊ တဘက်မှ ပန္နန်ဝတ်ဆင်လျက် တကျွန်း အနားပါ ထမီငွေခြယ်လှယ်သည်၊ အဖြူအပြောက်တဘက်ဝတ်ဆင်၍ကသည်"ဟု ဖေါ်ပြထားပါသည်။ မဲတထမိ ကိုသိလို၍ လိုက်လံ စုံစမ်း ကြည့်သောအခါ မွန်လိုရေးလျှင် "မတပ်" မြန်မာအသံထွက် မဲ့တော့(ပ်)၊ အဓိပ္ပါယ်မှာ မတ်တတ်ဆင် ဖြစ်ပါသည်။ ဝတ်ဆင်သော အခြားပစ္စည်းများ၏ အဓိပ္ပါယ်ကိုစုံစမ်း၍ မရသေးပါ။

၁၉၆၅-ခုနှစ် မတ်လထုတ် ဂါဒိယန်မဂ္ဂဇင်း စာမျက်နှာ ၁၀-၁၁၊ ဦးဘသာရေးသော "ရခိုင်သို့ လာရောက်သော အစ်(စ) လမ်လူမျိုး" အကြောင်းတွင် "အာရပ်နှင့် ပါရှင်လူမျိုးတို့ အေဒီ(၇) ရာစုမှ

(၁၆) ရာစုအတွင်း ရခိုင်ပြည်သို့ လာရောက်နေထိုင်ကြသည်။ ရခိုင်အမျိုးသမီးနှင့် အိမ်ထောင်ကျသော် မိမိတို့၏ ကလေးများနှင့် ရခိုင်ဇနီးတို့ကို ဥပဒေအရ မိမိတို့ တိုင်းပြည်သို့ ခေါ်ဆောင်သွားခြင်း မပြုရပါ။ အချို့သော နိုင်ငံခြားသားတို့သည် မိမိတို့၏ ဇနီးကိုသင်္ဘောတွင် သောက်သုံးရေ ထည့်သည့် မုတ္တမစဉ့်အိုးကြီးများတွင် ဖွက်ပြီး ခေါ်ဆောင် သွားကြသည်”ဟု ရေးသား ထားပါသည်။ မော်လမြိုင်မြို့ မုပွန်ရပ်၊ ဇာသပြင်ရွာနှင့် တွံတေး၌လည်း အိုးခွက်ပန်းအိုးနှင့် အခြား အသုံးအဆောင် မြေထည်ပစ္စည်းများ ယနေ့တိုင် ပြုလုပ်နေသည်ကို တွေ့ရပါသည်။ မွန်နယ်တို့၌ စဉ့် အဖြူသုတ်ထားသော ပန်းကန်နှင့်ခွက်များ တူးဖေါ်ရရှိထားပါသည်။

၁၉၆၉ ခုနှစ် ဖေဖေါ်ဝါရီလထုတ် ဂါဒီယန်မဂ္ဂဇင်းစာမျက်နှာ ၃၉ ဒေါက်တာခင်မောင်ညွန့်ရေးသော “အာရှအရှေ့တောင်ပိုင်းရှိ မြန်မာပြည် အကြောင်း”တွင် “ရေးမှတ်ထားသော သမိုင်းများနှင့် မြန်မာပြည်သို့ လာရောက်ကြသော နိုင်ငံခြား ဧည့်သည်များတို့၏ မှတ်စုများနှင့် ခရီးထွက် မှတ်တမ်းများ၌ မြန်မာပြည်သည် အာရှ အရှေ့တောင်ပိုင်းဒေသများနှင့် ကူးသန်း ရောင်းဝယ်ရေးနှင့် ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ဆက်ဆံမှုပြုလုပ်ကြပါသည်။ ရှေးခေတ် ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်သော ဗဂိုး၊ မုတ္တမ၊ သံလျင်၊ တနင်္သာရီ၊ ပုသိမ်တို့သည် ရောင်းဝယ်ဖေါက်ကားရာ ကုန်စုံဆိုင် မြို့ကြီးများဖြစ်ပြီး၊ ထိုခေတ် အခြား တိုင်းပြည်များ၏ ကူးသန်းရောင်းဝယ်ရေး နေဝေးရာ အလယ်ဗဟိုဌာနများနှင့် ညီတူတန်းတူဖြစ်သည်”ဟု ဖေါ်ပြထားပါသည်။

၁၉၆၉-၃ ဇန်နဝါရီလထုတ် ဂါဒီယန်မဂ္ဂဇင်း ဦးကျော်ထွန်းရေးသော “ပဲခူး”အကြောင်း စာမျက်နှာ ၁၀ တွင် “နေပြည်တော်မြို့ဖြစ်သော ဗဂိုးမြို့သည် မုတ္တမပင်လယ်အော်၏ ထိပ်တွင်ရှိပြီး၊ အိန္ဒိယပြည်နှင့် (East Indies)ခေါ် အိန္ဒိယပြည်နှင့် တရုပ်ပြည်ကြားရှိ ကျွန်းများတို့၏ ပင်လယ်လမ်းခရီးတွင် တည်ရှိသောကြောင့် အထူးပင်စည်ကား တိုးတက်ဖွံ့ဖြိုးသည့် အလျောက် ဗဂိုးမြို့ကို အုပ်စိုးသော ဗညာရမ်ဘုရင်သည် လွန်စွာ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသည်။ အုပ်စိုးသော မွန်မင်းတို့၏ ကာကွယ်စောင့်ရှောက်မှုကြောင့် နိုင်ငံခြား ကုန်သည်တို့အေးချမ်းစွာနေထိုင်နိုင်ကြပြီး စုမာတြာရာမှ(Spices) ခေါ် ဟင်းခတ်အမွှေးအကြိုင်များ၊ တရုပ်ပြည်မှကြွေထည်ပစ္စည်းများ၊ အိန္ဒိယပြည်မှ အဝတ်ဖြူများကို ရောင်းဝယ် ဖေါက်ကားကြသည်။ ဗဂိုးမြို့မှ နိုင်ငံခြားသို့ရောင်းချသော ထုတ်ကုန်များမှာ မြန်မာလူမျိုးတို့အုပ်စိုးသော အင်းဝမြို့မှ ပတ္တမြား၊ ခဲမဖြူ၊ ချိပ်၊ ဖယောင်းနှင့် ကျော်ကြားသော ဗဂိုး အိုးကြီးများဖြစ်လေသည်”ဟု ပါရှိလေသည်။

တမူခွဲခြားသော မွန်တို့ ထုထွင်းသည့် ဆင်းထုတော်များ၊ အုပ်ချုပ်ပုံနှင့် ဥပဒေများ၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သော အကြောင်းအရာမှား စသည်တို့ကို မှတ်စု မှတ်တမ်း သမိုင်းများတို့တွင် ရှာဖွေပြီး ရေးသားနိုင်ပါသေးသည်။ သို့ပါသော်လည်း ဒီတပတ်တွင် ဤမျှလောက်နှင့်ပင် တော်လောက်ပါပြီ။ ။

စောရှင်

၁၄-၁၀-၇၁

* * * * *

# အိုးမလုံ၍

မင်းကျော် (မူဆယ်)

မလုံသည့်အိုးမို့ အုံပွင့်ရသည်ဟု ဆိုချင်က ဆိုပါလေ။

မောင်ပန်းမွှေးတယောက် မယ်အေးကို ချစ်ခဲ့ရသည်က သကြားလုံးဆိုလျှင် ငုံထားရမည့် အတိုင်းပင်။ အသေလဲချစ်ပါသည်။ မယ်အေး မျက်နှာကိုမှ တနေ့ မမြင်ရလျှင် ထိုညအဖို့ အိပ်၍ ရတော့မည် မဟုတ်။ သို့မို့ကြောင့် လယ်တောမှ နွားမောင်းပြန်ခဲ့လျှင် နွားကိုမှတိုင်မှာမချည်အား။ အိမ်နားရောက်လျှင် နဖါးကြိုးလွှတ်၍ မယ်အေးတို့ ရေခပ်ရာ ရွာထိပ်ရေကန်သို့ ကမန်းကတန်း ပြေးရသည်။

မယ်အေးကလည်း သိသည်။ မောင်ပန်းမွှေးကို နွားတကောင် အပိုင်စား ရထားသည့် အလား။ အိမ်အတွက်သောက်ရေကိုမှ ကိုယ်တိုင်မခပ်။ “ကိုပန်းမွှေးခပ်ပေးမှ” ဟူသော ခွဲပစ်သံကလေးနှင့် ဘဲမညုညုကာ ရေခပ်ခိုင်းသည်။ ပြီးတော့ စကားကောင်းကောင်းပင်မပြော။ ကိုပန်းမွှေးကို ဒရော သောပါး ပြေးရလေအောင် နောက်ကြချေသေးသည်။ ကောင်မတွေကလည်း အကဲသားကလား။



မယ်အေး၏ ခုနှစ်သံချီ၍ ဟောက်သံကိုပင် အဟုတ်ကြီးထင်မိသည်။ မာမာအေး၏ တေးသံအလား။

မောင်ပန်းမွှေးဟု ဆိုသော်လည်း ၁၆ နှစ်သား လူညို့ထွားကလေးမဟုတ်။ မောင်ပန်းမွှေး အသက်မွေးသည်မှစ၍ ၂၄ နှစ်ရှိပါပြီ။ အသက် ၂၀ကစရေလျှင်တော့ ၄ နှစ်သားကလေး မောင်ပန်းမွှေးဟု ဆိုချင် ကဆိုနိုင်သည်။

ထိုသို့မည်သူကမှမဆိုကြ၍သာ ကိုပန်းမွှေး (ဝါ) လူပျိုသိုးကြီးဟု နာမည်ကြီးနေသည်။

ညနေစောင်း,...။

နေမင်းပင်ဂေါယာကျွန်းသို့ ယွန်းချေပြီ။ ကိုပန်းမွှေးတယောက် ထရေ (ထန်းရေ) တမြမြနှင့် မယ်အေး မျက်နှာလေးကို တွေးမြင်ကာ တလှမ်းချင်း လျှောက်လာသည်။ နွားတွေနှင့် အတူတူ ကိုပန်းမွှေး ရွာထဲဝင်ခဲ့ပြီ။ ကိုပန်းမွှေးက လူပျိုကြီးဗိုဗိုအိမ်ခြေကြီး တခွဲသားနှင့်။

အိမ်ထဲသို့ ဝင်မည်ပင် ပြုရုံရှိသေး....

"ဟဲ့....နသိုးကြီး ဘယ်မှာလဲ နွား ၂ ကောင် ဘယ်မှာပစ်ခဲ့ပြန်ပလဲ အခုထိ နွားစာ မကျွေးရသေးဘူး"

အဒေါ်ရီးဒွေးကဆီး၍ မင်္ဂလာတေးနှင့် ဆီးကြိုလိုက်သည်။

ကိုပန်းမွှေးတယောက် မျက်ခုံးမွှေးများ နဖူးပေါ် ခေါင်းသို့ ရောက်အောင် မျက်ဆံပြူးသွားသည်။

"အဒေါ်ရီးဒွေးအသံက မယ်အေးအသံနှင့် ကွာလှပါဘိခြင်း"

သည်အတိုင်းပင် တွေးမိသည်။

အဘမောင်မရှိ၍ တော်ပေသေးသည်။ အဘမောင်ကပို၍ ဆိုးသေးသည်။ နွားနှစ်ကောင် ရှာပုံတော် ဖွင့်ရပေဦးမည်။

ရွာထိပ်နားမှ သူ နွားလွှတ်ခဲ့သည်အထိ ခြေတွေလျှောက်ရှာသည်။ တွေ့မဲ့တွေ့တော့ ၁၂ သံခန့်ချိန်တွေ့ဘတ်သော ဒေါ်သောင်း၏ ခြင်ပေါင်ခင်းက။ သစ်ပင်တွေ ဝင်စား၍ ဒေါ်သောင်းဖမ်းချီသည်။ မောင်ပန်းမွှေးနွားတွေမှန်း သိ၍ပင်။

ကိုပန်းမွှေးတယောက် ကြောက်စိတ်များကို လက်နှင့် ဖိ၍ တလှမ်းခြင်းဝင်သွားသည်။ ထန်းရေကလေးကယ်ပေလို့ ကြောက်စိတ်ကလေး နည်းနည်းလျော့နေသည်။ နို့မဟုတ်လျှင်....

ခြံတံစက်မြိတ်သို့ပင် မရောက်သေး အမင်္ဂလာအသံ၊ မိုးကြိုးပစ်သည့်သို့ ဒေါ်သောင်း အသံကြီးကတဲဝမှဟိန်း၍ထွက်လာသည်။

"ဟော့--သေနာကောင် နင့်နွားတွေကို နင်ပစ္စလက္ခတ်လွှတ်ပြီး နင်က နွားလည်လုပ်နေ။ ဒီမှာ ငါ့ခြင်ပေါင်ပင်တွေကုန်ပြီ။ နင်အကုန်ပြန်ရော် မရော်ရင် နင့်အဘနဲ့တိုင်လိုက်မယ် ငါ့ကို ဘာထင်နေလဲ"

ကိုပန်းမွှေးတယောက် ဘာမှပြန်မပြောမိ။ နဂိုကကြောက်ရသည့်အထဲ ခြောက်ပြနေသည်။ သူ ဘာပြန်ပြောရမှန်း မသိ။

သူ့နွား နှစ်ကောင်က အိမ်ဘေးတိုင်မှ သူ့ကို မျက်စိပေကလပ်နဲ့ ကြည့်နေသည်။ အားကိုးမှုအပြည့်နှင့်ပင်။ သူ့နွားနှစ်ကောင်ကိုပင် သူသနားမိသည်။

"ကျွန်တော့်ကို သနားပါဒေါ်လေးသောင်းရယ်၊ အဘမောင်ကို မတိုင်ပါနဲ့နော်၊ နောက်တခါ ကျွန်တော် သေသေချာချာထိန်းပါ့မယ်၊ ဒီနွားတွေကိုက အသုံးမကျဘူး၊ အိမ်ကိုတည့်တည့်မပြန်ဘူး၊ ဟိုနည့်က ဒေါ်လေးသောင်းကို ကြိုက်နေတယ် ထင်တယ်။ ဒီခြံထဲဝင်တာ နှစ်ခါရှိပြီ"

"အံမာ သေနာ နင်ကငါ့ကို နွားနဲ့ပေးစားတာပေါ့လေ၊ အင်း နင့်အဘကိုတော့ တိုင်ဖြစ်အောင်တိုင်မယ်။ နွားလေး နင်ဘဲ နွားမနဲ့ယူဟဲ့"

မုဆိုးမကြီးက အ လာ သား။ ကိုပန်း မွှေး မှာ မယောင်မလည်နှင့် နွား ၂ကောင်ကို ကမန်းကတန်းကြီးဖြေ၍ အပြေးလေးပြန်ခဲ့ရသည်။ ဒေါ်သောင်း၏ အသံက ခုနှစ်သံချီကာ အော်ကျန်ရစ်ခဲ့သည်။

အိမ်ရောက်လျှင် နွားစာ ကျွေးရအုံးမည်။ အဒေါ်ရီးဒွေးက နွားစာစဉ်းထား၍ တော်ပေသေးသည်။

နွားစာပြင်ရင်းပင် မောင်ပန်းမွှေး၏စိတ်က မယ်အေးထံတွင် တရစ်ဝဲဝဲနှင့်....

○ ○ ○

မယ်အေးက လယ်သူမဗိုဗို ညိုချောကလေးနှင့် နဖူးအနည်းငယ်မောက်၍ သွားကလေး အနည်းငယ်ခေါနေသည်မှ အပ အပြစ်ဆိုစရာမရှိ။ ပပဝတီတို့နှင့်ဆိုလျှင် နင်လား ငါလား ကိုပန်းမွှေးစိတ်ထဲတွင်မူ ပပဝတီနှင့် မနိုင်းရက်။ ပပဝတီက ပိုလှမှာ

ကြောက်၍တော့မဟုတ်။ ပပဝတီကိုလည်း သူမတွေ့ဘူး။ သို့သော် သည်မှာက မယ်အေးမှာ အလှဆုံး။ ပြိုင်စံဝေးသည့် အလှပဂေးလေး မယ်အေး.... ယ်ခအေ း....

အော်....မယ်အေး။ ကိုပန်းမွှေးသည် ခြေတိုကို ခါးမှာထိုး၍ ရွာထိပ် ခရေပင်အောက်သို့ အပြေးကလေးလာခဲ့ရသည်။ မှောင်လုပေပြီ။ မယ်အေးတို့ အိမ်ရှေ့ကွတ်ပြစ်သို့ လမထွက်ခင် အရောက်သွားရမည်။

မယ်အေးဘို့ ခရေပန်းကလေးမှ လက်ဆောင်မပါလျှင် မယ်အေး မျက်နှာညိုရော့မည်။ သူအသက်ပေး၍ ချစ်ရသောမယ်အေးလေး မျက်နှာညိုမှာလဲ အကြောက်ဆား။

ပန်းကောက်နောက်ကျ၍ ရွာသရဲကလေး တစရောက်နှင့်မှဖြင့် ဒုက္ခ။

ရွာသရဲအမည်ခံ မောင်ဖြူ၊ မောင်မဲတို့ လူစုကလည်း တကယ့် ချာတိတ်က‌ေလးတွေပင်။ ကိုပန်းမွှေးနှင့် ဦးအောင်ပန်းကောက်၍ ကိုပန်းမွှေးရောက်လာလျှင် မဟားဒယား ဒုက္ခပေးတတ်သည်။

ကိုပန်းမွှေး ပန်းတပွင့်မှမရတော့ သူတို့ထံမှ အကျွေးဝယ်ရမည်။ တယောက်တမတ်ဆိုလျှင် တကျပ်တော့ အနည်းကလေး၊ အကြံပိုင်လှသည့် ကောင်ကလေးတစုပင်။

ကိုပန်းမွှေး၏ ခြေသံက ရွာလယ် တောတန်းကိုဖြတ်ကာ ခရေတန်းဆီသို့ သဲ့သဲ့ ကလေး ရောက်လာသည်။ သူတို့ ဝမ်းသာလှသည့် ဖြစ်ခြင်း။ ဒီညတော့ဖူလုံပြန်ပါပြီ။ စောစောပိုင်းက လေတိုက်ကြမ်း၍ ပန်းကြွေများသလောက် အခုမူ လေတဖြေးဖြေးသာ တိုက်တော့သည်။ ပန်းကလည်း သိပ်မကြွေတော့။ ကိုပန်းမွှေးတယောက်တော့ ခက်ချေပြီ။

ဒီကနေ့မှ အဆင်မပြေမှုတွေက ဒုနဲ့ဒေး။ မနက်ကတည်းက နွားတွေတိုင်မှရုန်းပြေး၍ လိုက်ရသည်ကတမောတပန်း။ နေပူထဲမှာပင် ကျန်သမျှ စပါးတပုံတခေါင်းကို ပြီးအောင် နယ်ခဲ့ရသည်။ ပင်ပန်းလှသည့်ဖြစ်ခြင်း။ ညနေကကျတော့ မယ်အေးတို့အပျိုသိုက်ဝိုင်းနောက်၍ ကသော ကမျော ပြေးခဲ့ရသေး။ မှဆိုးမကြီးဒေါ်သောင်း၏ အဆဲခံရသည်ကတမှောင့်။ အခုတဖန်....။

မယ်အေး ကလေးအတွက် မျက်နှာလုပ်ဖို့ ပန်းကောက်လာမှ ပန်းကမကြွေ။ ထုံးစံအတိုင်းပင် သရဲကလေးတစု၏ ပညာသားပါသော ညှင်းဆဲမှု ခံခဲ့ရပြန်ချေသည်။

သေလုအောင်တောင်းပန်၍ ရှိခိုးရမတတ် ချော့မော့လေတော့မှ တယောက် ဆယ့်ငါးပြားနှင့် ကျေအေးခဲ့ရသည်။ ပြား ၆၀ တော့ အသားတင် ခံခဲ့ရပါသည်။

o o o

လပင် အတော်တက်နေခြေပြီ။ ဗိုင်းစက်စက်နှင့် ရွာဦး ညောင်ပင်ကြားမှ ကြည့်ကောင်း လှသည်။ ကြယ်တွေကလည်းစုံလှသည်။ သည်ညမှ အလွန့်အလွန်သာယာလှသည်။ ကိုပန်းမွှေး တယောက် ပန်းတထုပ်လုံး ခါးပုံစတွင်ပိုက်ကာ မယ်အေးထံအပြေးကလေးလာခဲ့သည်။

သူ့ခြေထောက်တွေက သည်တခါတော့ အနေ့းသား ရိုက်ချိုးဘိုပင် ကောင်းတော့သည်။

မယ်အေးတယောက် သည်အချိန်ဆိုလျှင် အိမ်ရှေ့ကွတ်ပြစ်တွင် ချည်ငင်နေရော့မည်။

သူ့ကိုများ မျှော်နေမလား တွေးရင်း တွေးရင်း တလှမ်းခြင်း သွက်သွက်ကလေး လျှောက်ခဲ့ရသည်။

သည်ကြားထဲ အနှောက် အယှက်က ပေါ်ရသေးသည်။

အလောင်းတော်သိဒ္ဓတ္ထ ဘုရားဖြစ်ရန် နန်းတွင်းမှကြွစဉ် နှောင့်ယှက်လာသည့် မာရ်နတ် ယုတ်အလား။ မောင်ပန်းမွှေးမှာ မဟားဒရား ဒေါပွသွားသည်။

"ဒီမှာ ကိုရင်ပန်းမွှေးရဲ့ ခဏလေး နေပါအုံး ဘယ်သွားမှာမို့ ဒီလောက်လောရတာလဲ"

အောင်ဘုတို့ လူသိုက်ဖြစ်သည်။

ကိုရင်ပန်းမွှေး ဟူသော အသံကြား ကတည်းက သူအလွန့်အလွန် ဒေါပွသွားသည်။ ငါကဲ့သို့သော လူပျိုကလေးကိုမှ ဒီလို ခေါ်ရက်ပါဘိခြင်း ဟူသော ဒေါမဏာသစိတ်ဖြင့် ပြန်၍မာန်မဲလိုက်သည်။

"ဟေ့ကောင်တွေ ငါ့ကိုများ ကိုရင်ပန်းမွှေးလေးဘာလေးနဲ့ ငါတောအခေါ်ကွ ငါတောသားမဟုတ်ဘူး၊ ငါ့နံမယ်ကလဲ တောနံမယ်မဟုတ်ဘူး၊ မောင်ပန်းမွှေးတဲ့ကွ"

သူ ပြန်နှုံလိုက်မှ အောင်ဘုတို့ သာအေးတို့က ဟားတိုက် ရယ်ကြတော့သည်။ ပြောရက်ပါဘိခြင်း။ ရှိုမှ ခြေထောက်တွင် မစင်သေး၊ ညနေက နွား ပျောက်ရှာရင်း ဒေါ်သောင်းခြံထဲမှာ အဆဲခံရသည် ကိုလဲ သူတို့အသိ။ တောသားမှ တောသားအစစ် သွေးထွက်အောင် မှန်ပါလျက် မြို့သားဆန်ချင်သေး။ ဝမရှိဘဲ ဝိလုပ်ချင်သည့် တောသားကြီး ကိုရင်ပန်း မွေးပင်။

"လာပါအုံး ကိုပန်းမွေးရဲ့၊ ဒီည အဲဒီသောင်း ခြံမှာ အုံးသီးခိုးပြီး အုံးရေလေး သောက်ချင်လို့ အဖေါ်စပ်မလို့ပါ"

မုဆိုးမကြီးဒေါ်သောင်းကို သူ အလွန်မုန်းသည်။ "တခါတော့ ငါ့အကြောင်းသိစေ့မဟော့ ပန်းမွေး တဲ့ကွ" ဟုပင် စိတ်ထဲမှ အတန်တန် ကြိမ်းခဲ့သေး သည်။ နှုတ်ကမူမထွက်ရဲ။ ဒေါ်သောင်း၏နှုတ်သွား က သူ့ထက်စွာသည်ပင်။ သူမပြိုင်ဝံ့၊ မပြိုင်ရဲပါ ချေ။

ဟော …. အခုတော့ နေရာကျချေပြီ။ ဒီတခါ တော့ ဂလဲ့စား ချေရပေတော့မည်။

သို့သော်….မယ်အေး။ မယ်အေးထံ အရောက် သွားရပေအုံးမည်။ မယ်အေးကိုတော့ ကျောမခိုင်း ရဲ။ မဆန့်ကျင်ရဲပေ။

မယ်အေးတခါမူလျှင် သူ့ဘဝမှာ ဆယ်သက် ဆယ်ကမ္ဘာဆူရပေမည်။ သို့မို့ကြောင့် ကျားအမြီး ဆွဲခံရသည့်အလား ကိုပန်းမွေး တယောက် နောက် ဆံတင်းနေရပေသည်။

"နေပါအုံးအောင်ဘုရဲ့ ငါလာမှ လုပ်ငန်းစပါ ကွာ၊ ငါဟောဟိုနား ခဏသွားလိုက်မယ်၊ ညဦး ကြက်တွန်တော့ လာခဲ့မယ်ကွာနော်၊ မင်းတို့ရွာလယ် သစ်တိုပင်ရိပ်မှာစောင့်နေ ဟုတ်လား"

သည်အပြောကလေးနှင့်ပင် ကိုပန်းမွေးတယောက် မယ်အေးထံ သုတ်ခြေတင်ခဲ့ရသည်။ အချိန်အနည်း ငယ်နှောင်းနေပြီမို့ မာရသွန်ပြေးပွဲမှ ရှင်မွေးဂန်း တို့ စံချိန်နှင့် အညီ မယ်အေးရှေ့မှောက် အပြေး ကလေး ရောက်ခဲ့ရပါ၏။

ဝ ဝ ဝ

"ဝုတ်-ဝုတ်-ဝုတ်"

အောင်နက်၏ ဆီးကြို ထောပနာပြုသံက အချိန် မှန်လှသည်။ သည်အသံကြားလျှင် မယ်အေးစိတ် ရေရွှတ်မိမြဲပင်။

"အင်း….သေနာကြီး လာပြန်ပြီ" သည်ရေရွတ် သံက ညစဉ်ညတိုင်းပင်။ ကျိန်စာဝလျှင် လူလှသည် ဟု ဆိုကြ၍သာဆိုရလျှင် မယ်အေး၏ ကျိန်စာဝနေ ၍ ကိုပန်းမွေးတယောက် တိုး၍ တိုး၍ ကဲကဲ လာ ချေသည်။

"ဟဲ့အောင်နက်….ငါပါဟ၊ မင်းကလဲ ငါ့ကို တောင် မမှတ်မိတော့ဘူးလား၊ ဟိုမှာ မယ်အေးဆို မှတ်မိလွန်းလို့ ပျော်တပြုံးပြုံးနဲ့"

အောင်နက်က ဘာမှန်း မသိလိုက်သော်လည်း မယ်အေးထံက စကားပြန်လာသည်။

"အောင်မာ သေနာရုပ် နင် ပြန်ထွက်သွားရင် ကောင်းမယ်၊ နင့်လိုအကောင်ကိုများ အမျှော်တော် စိုက်နေရအုံးမှာလား"

မယ်အေး၏ ချည့်ငင်သံ တိတ်သွားသကဲ့သို့ မယ် အေးမျက်နှာမှာလည်း သေခါနီးလူနာလိုလား ကဝေ မကြီး မျက်နှာမျိုးလား မသိရသော ပြောင်းလဲမှုဖြင့် အသွင်ထုးလာသည်။

ပါးနှစ်ဘက်မှ သနပ်ခါးတို့ပင် ကွာကျလာလေ မလား။ သည်အထိပင် မယ်အေး၏မျက်နှာမှာ တင်း မာခက်ထန်လျက်။ ဘာခေါက်မှန်း မသိသော ထူ ပြိန်းပြိန်းသနပ်ခါးတို့မှာ မျက်နှာပေါ်ဝယ်၊ ဓါတ်ပုံ ထဲမှ လ၏မျက်နှာအလား အက်ကြွလာကြသည်။

ကိုပန်းမွေး၏ မျက်စိဥမှ ဤသည်ပင်အလှတပါး။

"မယ်အေးကလည်းကွယ်၊ ကိုမွေးစ,တာကိုများ စိတ်ဆိုးရသေး သလားလို့"

သူက ချော့လာသည်။ မယ်အေးက ပျော့လာ သလား ဘာဖြစ်လာသလဲ မသိ။

"ဘာကိုမွေးလည်း သင်းချိုင်း တဖက်လှမ်းနေပြီ။ လူကိုယ်များ ကိုမွေးလေး ဘာလေးနဲ့၊ သွားမြန်မြန် မြန်၊ ကြာယင် ငါအိပ်ငိုက်လာရော့မယ်"

"မယ်အေးကလည်း ညနေကတမျိုးခုတမျိုး၊ ဒီ နေ့ ငါကံမကောင်းဘူးထင်တယ်ကွာ၊ အဲဒီအထဲမှာ မယ်အေးနဲ့အဆင်မပြေတာ ဝမ်းအနည်းဆုံးဘဲ၊ ငါ နင့်အတွက် ပန်းတွေယူခဲ့တယ်လေ၊ မွေးကမွေးနဲ့ ကို ပန်းမွေးက ပန်းမွေးမွေးမှ ကြိုက်တာ ပေးငါသိပေး မယ်လေ၊ နင်နှမ်းသွားယူချည် ဟုတ်လား"

သည့်လိုတော့လည်း မယ်အေးကအလိမ်မာသား ပင်။ ချည်ငင်ရာမှထကာ ပန်းသီဘို့ နှီးသွားယူပေးသည်။ ကိုပန်းမွှေးမှာ ပန်းသီရင်းပင် သူပြောချင်ရာ ပြောနေသည်။ မယ်အေး၏ ရစ်လှည့်သံနှင့် နင်လားငါလား အပြိုင် စမ်းနေကြသည်။ ညနေက ထန်းရေဆိပ်ကလေးက အငွေ့အသက် မကုန်သေး၍ ပေလားမသိ။

ပန်းတွေကအများကြီးမို့ သီ၍ပင်မကုန်နိုင်။ ညဥ့်ဦး ကြက်တွန်ခဲ့သည်မှာ ကြာလေပြီ။ မယ်အေးပင် သန်းနေလေပြီ။ သူက လက်မှပန်းထုပ်ကို မယ်အေး အားကမ်းလိုက်သည်။

မယ်အေးက ပြုံးလည်းမပြုံး။ ဘာမှလဲမဆို။ သူထပြန်လာသောအခါ ခုနစ်စင်ကြယ်ပင်အမြီးထောင်ခဲ့လေပြီ။ သူ့စိတ်ထဲ၌မူ မယ်အေးကို မကျေမနပ်ဖြစ်ခဲ့သည်။ သို့သော် အိမ်ရောက်လုနီးတွင် အဘတို့နိုးစေရန် သီချင်းတပုဒ်ကို ခုနစ်သံ၊ ရှစ်သံ ချီ၍ အော်လိုက်သည်။ အထက်ဝေဟင်မှပင် နားမထောင်ဘဲ လန့်ဖြန့်ရမည့်အသံမျိုး အမင်္ဂလာသံဟုပင် ကင်ပွန်းတပ်ရပေမည်။

"မမလေးကို .... ဒီမောင်ခိုးတော့မယ်လို့ .... လူဆိုးတွေနဲ့မောင်တိုင်ပင် .... မြင်းကိုယ်စီပြင် ...."

သူ့သီချင်းပင်မဆုံးလိုက်။ အိမ်ဦးမှ ခွေးကြားမကဆီး၍ဟောင်လိုက်သည်။ နောက်တော့ အဘမောင်၏ဆူသံ။

ဤအမင်္ဂလာသံများကို မယ်အေး၏အော်ငေါက်သံနှင့်ဖုံးဖိရင်း ကိုပန်းမွှေးတယောက် တည ကူးခဲ့ရပါ၏။

၀ ၀ ၀

ရွာဦးသို့ရေခပ်သွားရင်း သတင်းထူးတခု ကြားခဲ့ရသည်။ တကယ့် စိတ်လှုပ်ရှားဘွယ်သတင်း။ မယ်အေးအတွက် တကယ် စိတ်လှုပ်ရှားစေဘွယ်ပင်။

"ကိုပန်းမွှေး တယောက် မြို့သွားတော့မလို့တဲ့"

အမှန်ပင် ထိုည ကိုပန်းမွှေး မယ်အေးဆီမလာ။ သည်တော့ မယ်အေးရင်ဘွေခုန်လာသည်။ သူလည်း လောကီသားပေဘဲ။ နှလုံးသားနဲ့ လူပေဘဲ။ မယ်အေးခုမှကိုပန်းမွှေးကို သတိရလာသည်။

သို့သော် ကိုပန်းမွှေးကိုမတွေ့ခဲ့။ မြို့တက်၍ အလုပ်လုပ်မည်ဟုသာ ဆိုသွားသည်။ သည်အဆိုက မောင်ဖြူတို့ ရွာသရဲတစု၏အဆို။ ယုံရခက်ခက်။ မယုံတဝက်နှင့်ပင်။

ညနေရေခပ်သွားလျှင် မယ်အေးတယောက် ကိုပန်းမွှေးကိုသတိရသည်။ သူလဲ လွမ်းတတ်လာချေပြီ။

ကိုပန်းမွှေး မြို့တက်၍ တလခန့်အကြာတွင် မယ်အေးထံ စာတစောင် ရေးခဲ့သည်။ ကိုပန်းမွှေး၏လက်ရေးနဲ့ကား မဟုတ်။

မယ်အေးရေ....

အကိုမွှေးတယောက် မယ်အေး အချစ်ကိုမပိုင်လို့ မြို့တက်ခဲ့ပါတယ်။ အကိုမွှေးနေတဲ့ အိမ်မှာလဲ ခရေပင်ကြီးနဲ့မို့ မယ်အေးကို သတိရတယ်။ ဒါပေမဲ့ မယ်အေးက ကိုမွှေးကို မုန်းတယ်မဟုတ်လား။ ကိုမွှေး ကောက်ထားတဲ့ ပန်းတွေတောင် မယ်အေးမပန်မှန်းသိလို့ ဘုရားတင်လိုက်ပီ မယ်အေးရေ။

အကိုမွှေး-

၀ ၀ ၀

ထိုစာဖတ်ပြီးနောက် မှိုင်တွေရသည်ကမယ်အေး။ မယ်အေးတယောက် အိုးမလုံ၍ အုံ့ပွင့်ခဲ့လေပြီ။ သူစိတ်ထဲမှ ကိုပန်းမွှေးကိုသာ သတိရလာသည်။ သူချစ်သည်က ကိုပန်းမွှေး။

မယ်အေးတယောက် တွေး၍ငေးခဲ့ရပေပြီ။

သို့ရာတွင် အေးမယ်တို့ ငြိမ်းပုတို့ကို အသိမပေးရဲပေ။ သည်ကောင်မစုတ်တွေက ကဲလှသည့်ဖြစ်ခြင်း။ မယ်အေး ကြာကြာ မနေနိုင်ခဲ့ပါချေ။

ကိုပန်းမွှေးထံ စာတစောင်နှင့် ရင်ဖွင့်ခဲ့မိသည်။ အိုးမလုံသူချင်းပင်။ ကိုပန်းမွှေးမှာ နဂိုကပွင့်ပြီးသား။ သူက ယခုမှအုံ့ပွင့်ခဲ့ရပေသည်။

ပြောရမှာတော့ အရှက်သားနှင့်။

ကိုပန်းမွှေးကို သတိရလှသည်မို့-

"ကိုမွှေးရေလာပါတော့-၊မယ်အေးတမော့မော့" လို့ပင် ခုနစ်သံချီ အော်လိုက်ချင်သည်။

မယ်အေးထံမှ စာကို ကိုပန်းမွှေးရခဲ့ပါ၏။ သို့

သော် မည်သို့ စဉ်းစားရမည် မသိသော စာတိုကလေး။ ကိုပန်းမွေး အကြံအိုက်ရချေပြီ။

ရွာပြန်ရင်ဘဲ ကောင်းလေမလား။

သူဘာလုပ်ရမှန်း မသိသည်မို့ မယ်အေး စာကိုသာ အကြိမ်ကြိမ်ဖတ်နေမိသည်။ ဘာမှန်းမသိသော်လည်း ဖတ်၍မဝနိုင်ခဲ့သည်က အမှန်ပင်။

ကိုရင်ပန်းမွေး....

ခရေပန်းက သိပ်မွေးတာဘဲတော်ရေ့။

မယ်အေး-

အသုံးလုံးကျေခါစ လက်ရေး ကလေးနှင့် မယ်အေး၏အတွေးကား မည့်သို့ပါနည်း။

သည်တခါ မှိုင်ငေးရသည်က လူပျိုသိုးကြီး ကိုရင်ပန်းမွေးသာလျှင် ဖြစ်နေလေပြီတကား။ ။

မင်းဇော် (မုဒ္ဒ)

၀ ၀ ၀

---

## စာမူများ တောင်းခံခြင်း

မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မီတီ တက္ကသိုလ်များ၊ ရန်ကုန်မှ ၁၉၇၂-၇၃ ခုနှစ်အတွက် "တက္ကသိုလ် မွန်မဂ္ဂဇင်း"ကို မွန်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေမည် ဖြစ်ရာ....(၁) မွန်စာပေဖော်ထုတ်ထိန်းသိမ်းရေး၊ တိုးတက်ပြန့်ပွားအောင် ပြုရေး၊ (၂) မွန်ယဉ်ကျေးမှုနှင့် မွန်ဓလေ့ထုံးတမ်း ဖော်ထုတ် ထိန်းသိမ်းရေး၊ တိုးတက်ထွန်းကားအောင် ပြုရေး၊ လိုက်နာကျင့်ကြံရေး၊ (၃) မွန်အနုသုခုမဂီတ ကျယ်ပြန့်စွာ ပြန်လည်ထွန်းကားလာရေး၊ (၄) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကိုရှေ့ရှုသော ဆောင်းပါး၊ ကဗျာ၊ လင်္ကာ၊ ကာတွန်း၊ ပြဇာတ်၊ စာညွှန်း၊ စာတန်း၊ ဝတ္ထုတို တို့ကို မည်သူမဆို မွန်-သို့မဟုတ်-မြန်မာ နှစ်သက်ရာဘာသာဖြင့် ရေးသားပြီး အောက်ပါလိပ်စာသို့ အမြန်ဆုံးပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**မှတ်ချက်။** ။စာမူပိတ်ရက်....ဇန်နဝါရီလ (၁၅) ရက်၊ ၁၉၇၃ ခုနှစ်။

(လျှောက်လွှာစာရွက် စာမျက်နှာ ၁၁-မျက်နှာထက် မပိုစေဘဲ စာမျက်နှာ တဘက်တည်းတွင် ရေးသား ပေးပို့ပါရန်)

**စာမူ ပေးပို့ရန်**

၁။ နိုင်ထွန်းရွှေ
အခန်း ၃၊ တိုက်အမှတ် ၄၊ သထုံလမ်း၊
တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့။

၂။ ဒေါ်စီစီသန်း
အဆောင်မှူး၊ မာလာဆောင်၊
တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့။

၃။ ဒေါက်တာသန်းနိုင်
အဆောင်မှူး၊ ခပေါင်းဆောင်၊ သမိုင်းကောလိပ်၊
တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့။

၄။ မင်းသန်းသောင်း (လထ / ကထိက)
ရူပဗေဒဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်။

အမှုဆောင်အဖွဲ့
မွန်တိုင်းရင်းသားစာပေနှင့်
ယဉ်ကျေးမှုဆပ်ကော်မီတီ
တက္ကသိုလ်များ၊ ရန်ကုန်။

( ၁ )

**ကုလားကုတ်ကျွန်း၏ နွေဦးည။**

ကျွန်တော်စီးလာသော 'အောင်ဝင်းရွှေ စက်' လှေ ကုလားကုတ်ကျွန်းသို့ ရောက်လာသောအခါ ညနေ ၆နာရီထိုးပြီ။ နေမင်းကြီးလည်း ပြာလဲ့သော ရေပြင်အောက်သို့ ငုပ်လျှိုးခဲ့ပြီ ဖြစ်သည်။

စက်လှေသည် ကုလားကုတ်ကျွန်း၏ "အလယ်ဆိပ်"တွင် ရပ်ပေးသည်။ လှေသားတယောက် လှမ်းရှ်ခေါ်ထားသဖြင့် ဆိပ်ကမ်းမှ ကူးတို့ လှေကလေး ခရီးသည်တယောက်ထဲအတွက် ဒီလိုလမ်းခုလတ်မှာ ရပ်ပေးရိုးမရှိဘူး၊ ခင်ဗျားအတွက်တော့ အထူးအခွင့်အရေးပေးတဲ့သဘောနဲ့ ရပ်ပေးတာဘဲ။ ကဲ-ကူးတို့ လှေလဲရောက်ပြီ၊ ခင်ဗျားရဲ့ခရီးစဉ် ချောမောပါစေလို့ ဆုတောင်းပါတယ်"

"ဆရာလဲ မော်လမြိုင်ကို ချောမောစွာရောက်ပြီး၊ မိသားစုနဲ့ ပျော်ရွှင်ချမ်းမြေ့ ရှိကြပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်၊ သွားပြီဗျို့"

ကျွန်တော်က ပဲ့နင်းကြီးအား အပြီးသတ် နှုတ်



# ဆီးတား၍မရသော ခြေလှမ်းများ

ဇာမညမုန်မြ

တစီးသည် ရေလယ်တွင် ဆိုက်ထားသော စက်လှေသို့ လှော်လာလျက်ရှိ၏။ ကျွန်တော်က ပဲ့နင်းကြီးအား လက်ဆွဲနှုတ်ဆက်လိုက်၏။

"ခုလို- ကုလားကုတ်ကျွန်းမှာ ကျွန်တော့် အတွက် ရပ်ပေးတာကို ကျေးဇူး တင်မဆုံးပါဘူးဆရာ၊ နောက်တော့ တွေ့ကြသေးတာပေါ့"

"အေးဗျ....အမှန်က အဝေးပြေးစက်လှေဆိုတာ ဆက်လိုက်ပြီး၊ ကူးတို့ လှေပေါ်သို့ ဆင်းလိုက်သည်။ ကုလားကုတ်ကျွန်းတွင်ဆင်းမည့် ခရီးသည်မှာ ကျွန်တော်တယောက်တည်းသာ ရှိပါသည်။ ကျွန်တော့်ကို့လှေကလေး ဆိပ်ကမ်းဘက်သို့ ထွက်လာသော အခါတွင်ကား 'အောင်ဝင်းရွှေ'စက်လှေလည်း ဆူညံသောစက်သံဖြင့် မော်လမြိုင်ဘက်သို့ ဆက်လက်ထွက်ခွာသွားတော့သည်။ ရေပြင်တွင် လှိုင်းဂယက်

များ ထသွားသည်မို့ လှေကလေးသည် လူးလွန့်သွား၏။ ခဏကြာသောအခါ ဆိပ်ကမ်းသို့ ကပ်မိသည်။

ကျွန်တော်သည် ကူးတို့ခကို ရှင်းပေးပြီးနောက် ကုလားကုတ်ကျွန်းပေါ်သို့ ခြေချလိုက်သည်။ ကျွန်တော့်တွင် ပစ္စည်းများများမပါ။ အိတ်ဖြင့်ထည့်ထားသော မယ်ဒလင်တလုံးနှင့် သားရေအိတ်တလုံးတို့သာပါ၏။

ကိုမင်းခိုင်၏ အရေးတကြီး မှာထားချက်အရသာ



ဤနေရာတွင် ကျွန်တော်ဆင်းခဲ့ခြင်းဖြစ်သည်။ အမှန်က ပုလောမှ မော်လမြိုင်သို့ ဆက်သွားဘို့ဖြစ်၏။ ယခုမူ ကုလားကုတ် ကျွန်း၏ မှောင်ရီပျိုးချိန်တွင် ကျွန်တော် ယောင်လည်လည် ဖြစ်နေ၏။ လာကြိုနှင့်မည်ဆိုသော ကိုမင်းခိုင်ကို အရိပ်အယောင်မျှပင်မမြင်ရသေး။

ကုလားကုတ်ကျွန်း အလယ်ဆိပ် ရွာကလေးသည်ကား မှောင်စပြုပြီမို့ မီးခွက်ကိုယ်စီထွန်းကြပြီဖြစ်၏။ သို့သော် ကောင်းကင်ပြင် တွင်ကား တပေါင်း လပြည့်ဝန်းသည် တင့်ရွှန်း တောက်ပလျက် ရှိသည်။

"နောင်ကြီးက ပုလောက စိုက်ပျိုးရေးဆရာလား"

မှောင်ရိပ်ထဲမှ လူရွယ်တယောက် ထွက်လာပြီး အသံဝဲဝဲဖြင့် မေးလိုက်၏။ ကျွန်တော်က စူးစိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ချက်ချင်းဆိုသလို၊ ကျွန်တော့်နားကပ်လာပြီး....

"ကျွန်တော် ကိုမင်းခိုင် လွှတ်လိုက်တာပါ သူစောင့်နေပါတယ်၊ ကဲ....သူ့ဆီသွားကြစို့"

သူက ဒါဘဲပြောသည်။ ကျွန်တော့် လက်ထဲမှ သားရေအိတ်ကိုဆွဲပြီး ရှေ့မှစိုက်စိုက်ဖြင့် ထွက်သွားရာ ကျွန်တော်လည်း တိတ်ဆိတ်စွာဖြင့် သူ့နောက်လိုက်သွား မိသည်။ ကမ်းခြေတလျှောက် ဟိုကွေ့သည့်ကောက်ဖြင့် အတန်ကြာသွားရသည်။ တောင်ဆွယ်ကလေးတခုကို ကျော်လွန်သည့် အခါတွင်ကား ငွေလရောင်ဖြင့် တဖိတ်ဖိတ် တောက်နေသော သဲသောင်ပြင် အစပ်တွင် ဆိုက်ထားသည့် ရွက်လှေကလေးတစီးကို တွေ့ရသည်။ လှေပေါ်မှ လူတယောက် ခပ်သွက်သွက်ဆင်းလာပြီး ကျွန်တော့် လက်ထဲမှ မယ်ဒလင်ကို ယူလိုက်၏။ ကျွန်တော်၏ ညာလက်ကို သူ့ညာလက်ဖြင့် ဖျစ်ညှစ်ထားသည်။

ကျွန်တော်သည် သူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။ လရောင်နှင့် အမှောင်ရိပ်ကြောင့် မှောင်တဝက် လင်းတဝက်ဖြစ်နေသော်လည်း ကောင်းစွာမှတ်မိပါ၏။ ပင်လယ်လေကြောင့် လူးလွန့်လျက် ရှိသော ဆံပင်စုတ်ဖွား ထို့နောက် မဲနက်နေသော မုတ်ဆိတ်မွေးများ။

"ကို-မင်း-ခိုင်"

ကျွန်တော်က စိတ်လှုပ်ရှားစွာ အသံထွက်လိုက်မိသည်။

"အေးဗျာ....ကျုပ်မှာတဲ့အတိုင်း ခင်ဗျားရောက်လာတဲ့အတွက် သိပ် ဝမ်းသာတာဘဲခင်ဗျာ၊ ခင်ဗျားပို့လိုက်တဲ့ကြေးနန်း မနေ့ကရပါတယ်၊ ဒါပေမဲ့ ကလှဆိပ်အရောက် လာမကြိုတာကိုတော့ စိတ်မရှိနဲ့ဗျာ"

သူက ထုံးစံအတိုင်း အေးဆေးစွာ ပြောလိုက်၏။ ပီသကြည်လင်သော သူ၏ မွန်စကားကြောင့် စိတ်ထဲ၌ အတော်ကြေနပ်မိသည်။

"ကဲ....ကျွန်တော်တို့ ကော့ဒွတ်ရွာကို ခုချက်ချင်းခရီးဆက်ကြမယ်။ ဒီကျွန်းမှာ အချိန်ကြာနေလို့ မဖြစ်ဘူး၊ ဒါ့ကြောင့် ဆိပ်ကမ်းအရောက် ခင်ဗျားကို လာမကြိုနိုင်တာပါ"

သူက ကျွန်တော့်နားကပ်ကာ ပြောလိုက်သည်။

"အော်....ခင်ဗျားနဲ့ မိတ်ဆက်ပေးရမယ်၊ ဒါ ကော့ဒွတ်ရွာက မင်းပန်းစိန်ဘဲ။ ဟော့ကောင် ပန်းစိန်၊ ဒါ ငါခဏခဏပြောနေတဲ့ ကိုရွှေကိုတ် ဆိုတာဘဲ"

ကျွန်တော့်ဘေးတွင် တချိန်လုံးရပ်နေသော လူရွယ်နှင့်မိတ်ဆက်ပေး၏။ သည်နေရာတွင် ကျွန်တော်တို့သုံးဦးသာ ရှိပါသည်။

"ကဲ-ရှေ့ပေါ်တက်ဗျာ၊ ခင်ဗျားဆာမှာဘဲ လှေပေါ်မှာ စားကြတာပေါ့" မင်းပန်းစိန်က ပြောလိုက်၏။ ကျွန်တော်က လှေပေါ်သို့တက်လိုက်၏။ သူတို့နှစ်ယောက်က လှေကလေးကို ရေစပ်သို့ တွန်းထုတ်ကြသည်။ မင်းပန်းစိန်က လှေကလေးကို အရှေ့ဘက်တည့်တည့်သို့ ဦးတည်လိုက်ပြီး ရွက်ကို ဖွင့်လိုက်သည်။ ချက်ချင်းပင် အနောက်တောင်လေဖြင့် ရွက်ပြည့် ဖေါင်းလာပြီး ရေးရေး မြင်နေရသော "ကော့ဒွတ်ရွာ"ဘက်သို့ ဦးတည် ထွက်လာတော့၏။ (ကော့ဒွတ်ရွာသည် ကုလားကုတ် ကျွန်း၏ အရှေ့တည့်တည့် ခုနှစ်မိုင်ခန့်ဝေးသည်။)

ကိုမင်းခိုင်က ကျွန်တော့်ဘေးလာထိုင်၏။ သူ့လက်တွင် ကော်ဖီဓါတ်ဘူးတလုံးနှင့် ငှက်ပျောသီးများပါသည်။ သူကခွက်ထဲသို့ ကော်ဖီငံ့လိုက်ပြီး ခွက်ကို ကျွန်တော့်ရှေ့လာချ၏။

"ထမင်းတော့ ကော့ဒွတ်ရွာ ကျမှ စားကြတာပေါ့ဗျာ၊ ခုတော့ အဆာပြေ စားထားပါ၊ ခင်ဗျားကို ကျုပ်အေးအေးဆေးဆေး ပြောပြမယ်"

ကျွန်တော်က ကော်ဖီကို မော့လိုက်၏။ လှေကလေးကား ပန်းစိန်၏ ပဲ့ကိုင်မှုဖြင့် အရှေ့ဘက်သို့ တရိပ်ရိပ်သွားလျက်ရှိသည်။ အရှေ့ဘက် ကမ်းရိုးတန်းနှင့် တဖြည်းဖြည်း နီးလာသည်နှင့် အမျှ နောက် ဘက် တွင် ကား ကု လား ကုတ် ကျွန်းသည် တဖြည်းဖြည်း ဝေးကျန်ခဲ့၏။ ကောင်းကင်တွင်ကား တိမ်မြူ ကင်းစင်သဖြင့် ရှန်းမြသော လရောင်သည် ဘော်ငွေရောင်အဆင်းဖြင့် ပင်လယ်ပြင်အနှံ့ ဖြာကျနေ၏။ ထို့ကြောင့်လည်း ပင်လယ်ပြင်သည် ငွေလရောင်ကြောင့် အတိုင်းမသိ လှပလွန်းနေ၏။

"ဟဲ....ဘာ့ကြောင့် ကျွန်တော့်ကို အရေးတကြီး ခေါ်တယ်ဆိုတာ ရှင်းပြပါအုံး"

ကျွန်တော်က ငှက်ပျောသီး စားနေရင်းက မေးလိုက်သည်။

"အေး.... ကျုပ်ရှင်းပြမယ်၊ ကျွန်တော်ဟာ မွန်ယဉ်ကျေးမှုအတွက် ဘယ်လောက် ကြိုးစားလုပ်နေတယ်ဆိုတာ ခင်မျိုးအသိဘဲ၊ ခုလဲ တကယ့်ကို စိတ်ဝင်စားစရာ အဘိုးတန် အမွေအနှစ် တခု အကြောင်း သတင်းရထားတယ်၊ ဒီနေရာဆီ ခရီးထွက်ဘို့ဟာ ကျွန်တော်တယောက်ထဲ မဖြစ်နိုင်လို့ ခင်မျိုးဆီ စာရေး လိုက်တာဘဲဗျာ။ ကျွန်တော်လဲ ကျောင်းပိတ် ပိတ်ချင်း ကော့ဒွတ်ရွာကို ရောက်နေတာဘဲ"

သူက ခဏနားလိုက်သည်။ ကျွန်တော်က ဝင်မပြောသေးဘဲ၊ သူ့စကားကို ဆက်နားထောင်နေမိသည်။

"အဲ....ကျွန်တော်ရထားတဲ့ သတင်းတ ဘာလဲဆိုရင် အတော့်ကို နယ်စွန်ကျတဲ့ မွန်ရွာတရွာမှာ ရှေးဟောင်း မွန်ကျောက်စာတိုင်တတိုင် တွေ့ရတယ်ဆိုတာကတခု...."

"ဘာဗျ....မွန်ကျောက်စာ ဟုတ်လား"

ကျွန်တော်က အလောတကြီးမေးလိုက်သည်။ သူကသဘောကျစွာ ပြုံးလိုက်၏။

"မွန်ကျောက်စာဆိုတော့ တခါထဲ စိက်ဝင်စားသွားတာကိုး ဟုတ်ပါတယ်ဗျာ။ မွန်ကျောက်စာတခု တွေ့ရတယ်တဲ့ နောက်တခုက အဲဒီရွာမှာဘဲ၊ မွန်ဂီတဆရာကြီးတယောက် ရှိသတဲ့၊ ဒီအဖိုးကြီးဟာ ရှေးမွန် သီချင်းကြီးတွေကော ဝါးပတ္တလားနဲ့ တီးတတ်သတဲ့ ခုထိ ဝါးပတ္တလားနဲ့ "မိကျောင်း"ကို တီးတုန်းတဲ့ဗျ"

"ကိုမင်းခိုင် ခင်မျိုးကြားရတဲ့သတင်းဟာ ဟုတ်မှဟုတ်ရဲ့လားဗျာ သေချာသတဲ့လား"

"သေချာပါတယ်ဗျ၊ ဒါ့ကြောင့်လဲ ခင်မျိုးကို ခေါ်လိုက်တာပေါ့။ ကျောက်စာနဲ့ ပတ်သက်ရင် ခင်မျိုးက ပိုပြီး နားလည်တယ်၊ နောက်ပြီး ကျွန်တော်က တရောထိုးတတ်တယ်၊ ဂီတသင်္ကေတ ရေးတတ်တယ်ဆိုပေမဲ့၊ တေးသွားကိုသာ တကြောင်း သင်္ကေတနဲ့ရေးတတ်တာ ပတ္တလားနဲ့ တီးတဲ့ အတွဲ (Chords)ကျတော့ ခင်မျိုးက ပိုပိုင်တယ်မဟုတ်လား"

"ဒီမယ် ကိုမင်းခိုင် ကျုပ်ကို ပင့်မနေစမ်းနဲ့ဗျာ လိုရင်းကိုသာ ပြောစမ်းပါ"

သူက ဆတ်ကနဲ ခေါင်းထောင်လာပြီး ကျွန်တော့် မျက်နှာကို လေးနက်တည်ကြည်စွာ စိုက်ကြည့်လာ၏ ကိုမင်းခိုင်၏ အကြည့်ကား ကျွန်တော့်တကိုယ်လုံးကို ဖေါက်ထွင်းသွားတော့မတတ် စူးရှလွန်းသည်ထင်၏။

"ကျွန်တော် ဒီရွာကိုသွားဘို့ ဆုံးဖြတ်ထားတယ် အဲဒါ ခင်မျိုး လိုက်နိုင်,မနိုင် သိချင်တယ် ဒါဘဲ"

"ခင်မျိုးလဲ ကျုပ်အကြောင်း သိသားဘဲ၊ ကိုမင်းခိုင်ရာ၊ မွန်ယဉ်ကျေးမှုအတွက် ခင်မျိုးလုပ်နေသလို ကျုပ်လဲ လုပ်နေတာဘဲ။ ဒီနွေ ကျောင်းပိတ်ရက်အားလုံး ယဉ်ကျေးမှုလုပ်ငန်းအတွက် အချိန်ပေးဘို့ ကျုပ် ဆုံးဖြတ်ထားပြီးသားဗျ၊ ခင်မျိုးပြောတဲ့ နေရာကို ဆယ်ခါလိုက်မယ်"

ကျွန်တော်က စိတ်အားတက်ကြွစွာ ပြောလိုက်မိသည်။ သူက ကျွန်တော့်လက်ကို အားပါးတရ ဆုပ်ကိုင်ထား၏။

ဟုတ်ပါသည်။ ကျွန်တော်တို့ ကဲ့သို့သော အပျော်ထမ်း သုတေသီများအတွက် မွန်ကျောက်စာနှင့် မွန်ဂီတဆရာကြီးဟူသည် အလွန်မှ စိတ်ဝင်စားဘွယ်ကောင်းနေသည် မဟုတ်ပါလား။

.... .... ....

(၂)

**ကိုမင်းခိုင်၏ အတိတ်ဇာတ်ကြောင်း။**

စင်စစ် ကိုမင်းခိုင်၏ အတိတ်ဇာတ်ကြောင်းဆိုသော်လည်း ကျွန်တော်၏အကြောင်းလည်း အနည်းငယ ပါလိမ့်မည်။

၁၉၆၄- ခုတွင် ကျွန်တော်သည် မြောင်းမြစိုက်ပျိုးရေးတန်းမြင့်ကျောင်းမှ အောင်မြင်ခဲ့ပြီး မန္တလေးဆရာအတတ်သင် ကောလိပ်သို့ သင်တန်း တက်ခဲ့သည်။ ဤကျောင်းတွင်ပင် ကိုမင်းခိုင်နှင့် တွေ့ဆုံသိကျွမ်းခဲ့ခြင်း ဖြစ်သည်။ ကိုမင်းခိုင်သည် မော်လမြိုင်

နယ်မှ အလယ်တန်းဆရာဖြစ်သင်တန်း လာရောက်တက်နေသူဖြစ်သည်။

ဂီတကို ခုံမင်သူများပီပီ ညနေအားလပ်ချိန်တွင် အနုပညာ ပန်းချီကျောင်းသို့ အတူ တက်ရောက်ကြသည်။သူက တရောဘာသာကိုယူ၍ ကျွန်တော်က ဂီတသင်သည်။ ကျွန်တော်တို့ ဆရာမှာ ဦးချစ်ထွေး (ယခု-အငြိမ်းစား) ဖြစ်၍ အဆိုဆရာမှာ ပန်းချီဆရာထူး (ကွယ်လွန်) ဖြစ်သည်။ကျွန်တော်က ဂီတာအပြင် မယ်ဒလင်ချီ မီယံ ကိုမင်းမောင် (ပန်းချီကျောင်းသား) ထံမှလည်း မယ်ဒလင်ပညာ သင်ယူသည်။

၁၉၆၆-ခု လွတ်လပ်ရေးဂီတပြိုင်ပွဲတွင် ကျွန်တော်က ဂီတာ ပဋ္ဌမရ၍ ကိုမင်းခိုင်က တရော ဒုတိယ ရသည်။ထိုနှစ်အကုန်တွင် သူသင်တန်းပြီး၍ ဆင်းသွားသည်။ မော်လမြိုင်နယ် ရွာကြီးတရွာတွင် အလယ်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။ အားလပ်ချိန်များတွင် မွန်ယဉ်ကျေးမှု စည်ပင်ရေးအတွက် အထူး ဆောင်ရွက်နေကြောင်းလည်း သိရ၏။မော်လမြိုင်၊မုဒုံ၊သံဖြူဇရပ်၊ရေးနယ်များရှိ မွန်ရွာများသို့ အနှံ့အပြားထွက်ကာ ကဗျာ၊ သီချင်း၊ ပုံပြင် စုဆောင်းနေကြောင်း မကြာခဏ စာရေး၏။

ကျွန်တော်မှာ တနှစ်ဆက်၍တက်ရပြီး သင်တန်းပြီးဆုံးသောအခါ ကျွန်သူ့ပီပီ စိုက်ပျိုးရေးကျောင်းတွင် မြန်မာပြည်၏ တောင်ဘက်အစွန်ဆုံးဖြစ်သည့် ပုလော အထက်တန်းကျောင်းတွင် တာဝန်ကျ၏။

ကိုမင်းခိုင်မှာ အမြဲတမ်း မှုံကုတ်ကုတ် နေတတ်၏။ အရပ် ၅ ပေ-၄လက်မျှ ရှိပြီး အနည်းငယ်ဝိန်၏ ဖည်ငြိမ် စူးရှသော မျက်လုံးတစုံသည် သူ၏ အထူးခြားဆုံးလက္ခဏာဖြစ်သည်။

ကိုမင်းခိုင်၏ အတိတ်ပိုင်းဆိုင်ရာက ဤမျှသာ ကျွန်တော် သိရှိထားသည်။

.... .... ....

(၃)

ငိုတတ်သူတို့ ရယ်မောရာ။

ကော့ဗွတ်ရွာ ထန်းတောသည်ကား မျက်စေ့တဆုံး။

နွေလေပူများ တိုက်ခတ်လာသောအခါ လှည်းလမ်းတလျှောက် ဖုံများထောင်းကနဲ ထသွားသည်။ လယ်မြေများတွင် ပက်ကြားအက်လျက် ခြောက်သွေ့သည့် သရုပ်ကို ဆောင်နေ၏။

နေညိုပြီဆိုသော်လည်း လေချိုသွေးစ၊အပူရှိန်က မလျော့သေး။

ကျွန်တော် မင်းပန်းစိန်နှင့် ကိုမင်းခိုင်တို့ သုံးဦးသား ထန်းတောဘက်သို့ ခြေဦးလှည့်နေကြ၏။ မနက်ဖြန်ဆိုလျှင် ကျွန်တော်နှင့်ကိုမင်းခိုင်တို့ ခရီးထွက်ကြတော့မည်။ ထို့ကြောင့် အမှတ်တရ ထန်းရည်သောက်ကြရန် မင်းပန်းစိန်က ခေါ်ဆောင်လာခြင်းဖြစ်သည်။

ကျွန်တော်တို့သည် ထန်းတောရှိ ကုတ်ကိုပင်ရိပ်တွင် ထိုင်ကြသည်။အညာတွင်ဆိုလျှင် "နွေထနောင်းဆောင်းမကျီး" ဆိုသည့်အတိုင်း ထနောင်းပင်ရိပ်တို့ဝေဆာနေရော့မည်။ကျွန်တော်တို့ အောက်ပြည်တွင်ကား ထနောင်းပင်မရှိ။

မင်းပန်းစိန်က ထန်းရေခါးနှစ်ကျည် ဆွဲလာ၏။ ကြက်သားကျော်ထုပ်ကိုလည်း မြေပြင်တွင် ချလိုက်သည်။ကျွန်တော်တို့ သုံးယောက်သား မြေပြင်တွင် စိတ်ိုင်နှင့် ထိုင်ကြသည်။

"မိုးပန်းစိန် မင်း-ငါ့ကို မူးအောင်တိုက်နိုင်မလား" ကိုမင်းခိုင်က ပြုံးပြီး မေးလိုက်သည်။

"စိတ်ချ ကိုမင်းခိုင် လိုသလောက်ရမယ်၊ ကျွန်တော် တာဝန်ယူတယ်" သူက ပြောပြောဆိုဆို ခွက်များထဲသို့ ထန်းရည်လောင်းထည့်လိုက်သည်။ ကျွန်တော်တို့သုံးဦးသား စကားတပြောပြောဖြင့် စည်ကားလိုက်ကြသည်။

"ဒီမှာ ကိုရွှေကိုတ် ခင်ဗျား-ကျွန်တော့်မျက်နှာကို ကြည့်စမ်း ဘာများ ထူးခြားတယ်မြင်လဲ"

ကိုမင်းခိုင်က စကားမစပ်ပြောလိုက်သည်။ ကျွန်တော်က သူ့ကို အထူးအဆန်း ကြည့်လိုက်သည်။ မုတ်ဆိတ်မွေးမလပျစ် ဆံပင်ဖရိုဖရဲ ဒါဘဲမြင်၏။ သို့သော်လည်း သူ၏မျက်လုံးတွင် ကြေကွဲမှု အရိပ်ကို တွေ့လိုက်မိသလို ရှိသည်။

"အေးဗျ- ခင်ဗျား တခုခုအတွက် ဝမ်းနည်းနေသလား ထင်ရတယ်"

"ဟား....ဟား....တော်တယ်ဗျို့၊ ခင်များ သိပ်တော်တယ်"

သူက ဟက်ဟက်ပက်ပက် ရယ်ရင်း ကျွန်တော့် ပေါင်ကို အားပါးတရ ပုတ်လိုက်၏။

"ဟော့ လူ ခင်များ မိမိခိုင်ကို မှတ်မိသေးလား ဟိုတနှစ်နွေ မုဒုံမှာ ခင်များနဲ့ မိတ်ဆက်ပေးခဲ့တဲ့ မိမိခိုင့်လေ...."

"မှတ်မိပါတယ်ဗျာ....၊ ဟို ခင်များ အသဲကျော် မလေးဆိုတာ မဟုတ်လား၊ အဲဒါ ဘာဖြစ်လဲ"

သူက ထန်းရည်ခါးကို မော့လိုက်၏။နှုတ်ခမ်းကို သပ်လိုက်၏။ပြီး ကြက်သားကျော်တဖတ်ကို ကောက်ဝါးလိုက်သည်။

"ကျွန်တော် ခင်များသိတဲ့အတိုင်း သိပ်မသောက်တတ်ဘူးဗျာ၊ ဒါပေမဲ့ ဒီကနေ့ ကျွန်တော် မူးအောင်သောက်ချင်တယ်၊ မူးမှ အိပ်ပျော်မယ်၊ အိပ်ပျော်မှ ခရီးကြမ်းရှည်ကြီးကို သွားနိုင်မယ်ဗျ။ ဒီကနေ့ မိမိခိုင် မင်္ဂလာဆောင်လေ။ ဟဲ....ဟဲ....မိမိခိုင် လက်ထပ်ပွဲ ကျင်းပတဲ့နေ့ဗျ"

"ဟောဗျ....၊ဘယ်နှယ့် အပြောင်းအလဲက မြန်လှချေလား" ကျွန်တော်က အံ့သြသံ၊ စိတ်မကောင်းသံနှင့် ပြောလိုက်မိ၏။

"အေးလေ....နောက်ဆုံးမှာတော့ ဒီအခြေဆိုက်တော့တာဘဲ။သူက အထက်လွှာကလူချမ်းသာ၊ကျွန်တော်က ကျောင်းဆရာ၊ ဖတာဆိုး ညီမလေး တွေကို စောင့်ရှောက်နေရတဲ့လူ။နောက်ပြီး အဆိုးဆုံးကတော့ ခင်များလဲ သိသားဘဲ။ မွန်ယဉ်ကျေးမှုအတွက် ကျွန်တော်တို့ လုပ်စရာတွေ အများကြီး ရှိသေးတယ်။ ဒီတော့ အိမ်ထောင်ပြုဘို့ လုံးဝ စိတ်ကူးမရဘူး။ သူ့မိဘတွေကလဲ သမီးကညာအခါမလင့်ဘို့ အိမ်ထောင်ချပေးရတယ်။ကျွန်တော်ကလဲ သူ့ကို မယူနိုင်သေး၊ သူကလဲ ကျွန်တော့ကို မစောင့်နိုင် စောင့်နိုင်တယ် ထားအုံး၊ ကျွန်တော်က စောင့်ခိုင်းမှာ မဟုတ်ဘူး။ ဒီတော့ ညောင်ညိုပင်စခန်းမှ လမ်းခွဲကြလေ၏ပေါ့။ ဟဲ....ဟဲ"

စကားအဆုံးတွင် သူက ရယ်လိုက်၏။ သို့သော်လည်း ရယ်သံမမည်ပါ၊ သူ့စကားသံတွင် ကျေကွဲမှုတွေက အထင်အရှား ပါနေ၏။

"သူ့ကိုတော့ သနားပါရဲ့ဗျာ....၊ သူက ကျွန်တော့ကိုချစ်တယ်....၊ ဒါပေမဲ့ ကိုယ့်ဘဝမှ ကိုယ်မပိုင်တော့ စွန့်ထားခဲ့ရတာပေါ့ဗျာ။ ဘယ့်နှယ်လုပ်မလဲ...."

ကျွန်တော်တို့ သုံးဦးသား တိတ်ဆိတ် နေမိကြသည်။ သူ့ခံစားချက်သည် ကျွန်တော်တို့ နှစ်ဦးထံ ကူးစက်လာခြင်းဖြစ်၏။ ရင်းနှီးသူ၏ဝေဒနာဟူသည် ဤသို့ ကူးစက်လာတတ်မြဲ။

"ကဲ....ဒီအကြောင်း ထားကြစို့။ သွားရမဲ့ခရီး အကြောင်း ပြောကြရအောင်၊ ကျွန်တော်တို့ သွားရမဲ့ ခရီးစဉ်ကို ကျွန်တော် မြေပုံဆွဲပြမယ်၊ ဒီမှာ ကြည့်"

သူက တုတ်တချောင်းဖြင့် မြေပုံတခုကို ဆွဲပြရင်း ရှင်းပြနေ၏။

နေလဲညိုပြီ။ လေချိုလဲသွေးပြီ။

ထန်းရည်ကျည်များလဲ မြေတွင်လဲလျောင်းကြပြီ။ ကျွန်တော်တို့တတွေလဲ အတော် မူးကြသည်။ ကျွန်တော်တို့သုံးဦးသားသည်ပုခုံချင်းဖက်ကာ ဒယီးဒယိုင်ဖြင့် ရွာထဲ ဝင်လာကြသည်။

အော်....ယခုအချိန်တွင် မုဒုံမြို့တနေရာ၌ လက်ထပ်ပွဲ တခုကို စည်ကားစွာ ကျင်းပ နေရော့မည်။

သည်နေရာတွင်ကား...., ကျွန်တော်တို့တွေ တေးဆိုလျက် ထန်တောမှ ပြန်လာ နေကြသည်တကား။

○ ○ ○

## (၄) ကန္တာရခရီး စချေပြီ။

ဤခရီးစဉ်အကြောင်းဖေါ်ရာတွင် အတတ်နိုင်ဆုံး ချုံး၍ တင်ပြပါမည်။

မနက်စောစောတွင် ကော့ဒွတ်မှမော်တော်ကားဖြင့် "လမိုင်း" သို့ ထွက်လာကြသည်။ကော့ဒွတ်နှင့် လမိုင်း ခြောက်မိုင်ခန့်ကျော် ဝေးပါသည်။ကော့ဒွတ်မှာ အိမ်ခြေတထောင်ကျော်ရှိ မွန်ရွာကြီးတရွာ ဖြစ်ပါသည်။ လမိုင်းမှ ရေးမြို့နယ်တွင်ရှိ တိုက်နယ်တခုဖြစ်သည်။ ဆေးရုံနှင့် အလယ်တန်းကျောင်း ရှိသည်။ ရေး-မော်လမြိုင် ရထားလမ်းပေါ်တွင် ရှိသည်။ ၎င်းသည်လည်း မွန်ရွာကြီးတရွာ ဖြစ်ပါသည်။ လမိုင်းမှ မြင်းလှည်းဖြင့်တမိုင်ကျော်ဝေးသော "မော့ကနင်" သို့ ခရီးဆက်ခဲ့သည်။ မော့ကနင်သည်လည်း အိမ်ခြေတ

ထောင်ကျော်ရှိ မွန်ရွာကြီးတရွာဖြစ်သည်။ (ထိုစဉ်က မီးမလောင်သေး။ ပြီးခဲ့သောနှစ်က မီးလောင်ရာ အိမ်ခြေ ရှစ်ရာကျော် ပြာကျခဲ့သည်။ ယခု တည်ဆောက်ဆဲ။)

မော်ကနင်ရွာမှ ဆက်သောခရီးကား စီးစရာယာဉ်မရှိပါ။ တောလမ်းအတိုင်း ခြေလျင်ခရီးသာ ရှိတော့၏။ ကြည့်လေရာ တောင်စွယ် တောတန်းများ လွှမ်းနေ၏။ ရှေ့အဝေးတွင် တနင်္သာရီ ရိုးမတောင်တန်းသည် ပြာမှိုင်းမှုံရီလျက် တထပ်ပြီး တထပ် မြင့်တက်သွား၏။

"ကျွန်တော်တို့ခရီးစဉ်က "တောင်စွန်း"ကို ကျော်ပြီး "ဇမိ"ကို ဖြတ်ရမယ်၊ ပြီးတော့ "ဒုံပရောင်" အရောက်သွားရမယ်၊ ဒုံပရောင်ရောက်ရင် "ခွာဟဲ" မဝေးတော့ဘူး။ ကျောက်စာရှိတဲ့ (ကွမ်ဒုံ) ဟာ "ခွာဟဲ"အရှေ့ဘက် သိပ်မဝေးလှဘူး။ "လမ်းဖါး" ချောင်းနားမှာရှိတယ်။ ဒီရွာမှာဘဲ ကျောက်စာကော မွန်ဂီတဆရာကြီးပါ ရှိတယ်။ ကျွန်တော် လူကြုံနဲ့ ကြိုတင်ပြီး စာရေးထားတယ်။ ရောက်မယ် ထင်ပါရဲ့"

လို့မင်းခိုင်က နဖူးမှချွေးသုတ်ရင်းပြောလိုက်သည်။

"ခန့်မှန်းခြေ ဘယ်နှစ်ရက်လောက် ကြာမယ်ထင်သလဲ"

"ခန့်မှန်းခြေ ခုနစ်ရက်လောက် ကြာမယ်"

"ဗျာ....နနှစ်ရက်တောင် ဟုတ်လား...." ကျွန်တော်က အလန့်တကြား မေးလိုက်သည်။ ဘုရား ဘုရား....ခုနစ်ရက်တိတိကို ခြေလျင်လျှောက်ရတော့မည်ပါလား...."

"ဘာလဲ ကြောက်သွားပလား၊ အဲဒီ "ကွမ်ဒုံ" ကနေ ရှစ်မိုင်လောက် သွားရင် ယိုးဒယားနယ်စပ်ရောက်လေရော၊ မှောင်ခိုပစ္စည်းလေး ဘာလေး ခင်ဗျား ဝယ်ချင်ရင် ဟိုကျတော့ သွားတာပေါ့ဗျာ၊ ဟား....ဟား....ဟား"

သူက သဘောကျစွာ ရယ်လိုက်သေးသည်။ ကျွန်တော့မှာတော့ မရယ်နိုင်။ ပခုံးတွင် ထမ်းထားသော မယ်ဒလင်က တဖြေးဖြေးပို၍လေးလာသည်ထင်ရ၏။ သီချင်းများစွာ တက်ရမည်ဆိုတော့ သူမပါလို့ မဖြစ်ပါ။ ကိုမင်းခိုင်တွင်လည်း လက်က ချလေ့မရှိသော တရောကို တရောအိပ်နှင့်တကွ ယူလာသည်။

တပေါင်းနေမင်းကလည်း ခြစ်ခြစ်တောက် ပူလွန်းသည်။ ဤပူပြင်းသော နေရောင်အောက်တွင် တရွေ့ရွေ့ဖြင့် ခရီးနှင်နေသည်။ "အောင်မြေသာစံ" ပတ်ပျိုးကို [illegible]သင်ခဲ့စဉ်က "တဆင့်တက်သော် တတောင်ကျော် တမော်ရုံလျှိုး တခြိုတိုး၊ တမိုးသောက်လျှင် တနေဝင် တပင်မြိုင်ကြီး ဂနိုင်ဆီး"ကို စာတွေ့ထာတွေ့ခဲ့ရသည်။ ယခုမူ ကိုယ်တိုင်ကြုံရချေပြီ။

ကိုမင်းခိုင်မှာ စိတ်ဆောင်၍လား မပြောတတ်။ ရှေ့မှ စိုက်စိုက်ဖြင့် အတွင်နှင်နေ၏။ ကျွန်တော်မှာ စိတ်မဆောင်နိုင်၍ဘဲလား၊သူ့လောက် အပမ်းမခံနိုင်၍လား မပြောတတ်။အလွန်ကို မောသည်။ကျွန်တော့ဘဝတွင် ဤမျှရှည်လျားကြမ်းတမ်းလွန်းသော ခရီးကို မကြုံဘူးသေးပါ။

ဤသို့ ခရီးကြမ်းကိုနှင်ခဲ့ရာ သုံးရက်မြောက်သော နေ့တွင် "ဇမိ"မြစ်ဘေးရှိ "ကွမ်တာ" ခေါ် မွန်ရွာကလေး တရွာသို့ ရောက်ရှိသည်။ (မှတ်ချက်။ ။ဇမ်မြစ်သည် အတ္တရံမြစ်ဖျားနှင့် ဆက်နေသော မြစ်ငယ်ကလေး တခု ဖြစ်ပါသည်။)

ယင်းရွာတွင် ကိုမင်းခိုင် "လူ"ရှိသဖြင့် ကျွန်တော်တို့ ကောင်းစွာ အနားယူနိုင်ကြပါသည်။ တဲခိုသည့် အိမ်တွင် ကျွန်တော့ကိုထားခဲ့၍ ကိုမင်းခိုင်တယောက်ထဲ ထွက်သွားသည်။ ညနေ မှောင်ရီပျိုးချိန်တွင် ကိုမင်းခိုင် ပြန်ရောက်လာရာ တစုံတခု ထူးခြားချက် ရှိသည်ကို တွေ့ရ၏။

သူက ကျွန်တော့ကို လက်ရပ် ခေါ်လိုက်သည်။ ထို့ကြောင့် ကျွန်တော် လှဲနေရာမှ သူ့ဆီ ထသွားမိ၏။

"ကိုရွှေကိတ်၊ ခင်ဗျားကို ကျွန်တော် အရေးကြီးတဲ့ စကားတခွန်း ပြောစရာရှိတယ်။ သေသေချာချာ နားထောင်ပြီး ဆုံးဖြတ်ပါ"

"ပြောပါ ကိုမင်းခိုင်၊ ကျွန်တော် နားထောင်နေပါတယ်" သူက နဖူးပေါ်မှ ချွေးများကို သပ်ချလိုက်သည်။

"ဒီလိုဗျ၊ ဒီရွာမှာ ကျုပ်တို့အတွက် မကောင်းသတင်းတခု ကြားရတယ်။ဘာလဲဆိုတော့ ကျွန်တော် ရှင်းပြမယ်။ ခု ကျွန်တော်တို့ ရောက်နေတဲ့ နေရာဟာ ဘယ်လိုနေရာလဲဆိုတာခင်ဗျားသိတဲ့အတိုင်းဘဲ။ပြည်မနဲ့ဝေးခဲ့ပြီ။ နယ်စွန်နယ်ဖျားကို ရောက်နေပြီ။ ပြည်မ

နဲ့ဝေးတဲ့အတွက် ဥပဒေ အာဏာစက်လဲ တယ်ပြီး မသက်ရောက်လှဘူးဗျ။ ရှင်းရှင်း ပြောရရင် ဒါ သောင်းကျန်သူ နယ်မြေဘဲ။ မွန်သောင်းကျန်းသူ၊ ကရင် သောင်းကျန်းသူ အစုံရှိတယ်။ မွန်သောင်းကျန်းသူ မိုလ်ကျော်လွင်အဖွဲ့လဲပါတယ်။ မိုလ်ကျော်လွင်ဟာ ကျွန်တော့်အပေါ် ဘယ်လို ရန်ညှိုးထား တယ်ဆိုတာ ခင်မျိုးသိပြီးပြီဘဲ။ အဲ ခု-ကျွန်တော်တို့လာမှန်း သူသိသတဲ့ဗျ။ ရှေ့ဆက်ပြီး ကျွန်တော်တို့ခရီးဆက်လို့ သူ့ပိုင်နက်ထဲရောက်ရင် အန္တရာယ်တခုခုတွေ့ခဲ့သော် သူတာဝန်မယူဘူးတဲ့ဗျ။ ရှင်းရှင်း ပြောရရင် ကျွန်တော်တို့ကို ယဉ်ကျေးစွာချိမ်းချောက်နေတာဘဲ”

သူကအရှည်ကြီး ပြောလိုက်ရသဖြင့် ခေတ္တအနား ယူလိုက်သည်။ ဤနေရာတွင် ကိုမင်းခိုင်အပေါ် မွန်သူပုန် မိုလ်ကျော်လွင် တို့၏ ရန်ညှိုးထားရခြင်း အကြောင်းကို ကျွန်တော် အနည်းငယ်ရေးရန် လိုအပ်လာသည်။

ကိုမင်းခိုင်သည် ရှေ့ပိုင်းတွင်ပါသည့်အတိုင်း မွန်ယဉ်ကျေးမှု သုတေသီတဦးဖြစ်၍ နွေရာသီ ကျောင်းပိတ်ရက်များတွင် မွန်တို့ ဒေသ အနှံ့အပြားသို့ ခရီးထွက်ကာ ယဉ်ကျေးမှု စည်ပင်ရေးကို ဆောင်ရွက်သည်။ ၁၉၆၇ နွေက သူသည်ရေးမြို့နယ် “ဟမ်ဂံ” ရွာသို့ရောက်ခဲ့၏။ ထိုရွာမှတဆင့် မွန်အငြိမ့် သီချင်းများကို ဂီတသင်္ကေတ ပြုစုရန်အတွက် “ပိုင်ကျုံ” (အောက်ရွာ) ရွာသို့ ခရီးဆက်ခဲ့သည်။ ထိုရွာအနီးတွင် မိုလ်ကျော်လွင်တို့ တပ်စခန်း ချနေသည်။

ကိုမင်းခိုင် ပိုင်ကျုံရွာမှထွက်သွားပြီး နောက်တနေ့တွင် မိုလ်ကျော်လွင်တို့ စခန်းကို တပ်မတော် စစ်ကြောင်းတခုက ဝင်တိုက်ရာ မိုလ်ကျော်လွင်၏ ညာလက်ရုံး မိုလ်တွတ်နှင့် လေးဦးကျဆုံးခဲ့ကြသည်။ ဤသည်ကို မိုလ်ကျော်လွင်က လုံးဝအပြစ်ဆို၏။ ယဉ်ကျေးမှု သုတေသီဟန် ဆောင်ပြီး စုံစမ်းလာသော ထောက်လှမ်းရေးသမားအဖြစ်ယူဆကာ အမျက်ထား၏။ တွေ့ရာသင်းချိုင်း ဓါးမဆိုင်းဟုလည်း ကြေငြာထားခဲ့သည်။

စင်စစ်ယင်းအဖြစ်အပျက်သည် ထန်းသီးကြွေခိုက်၊ ကျီးပျံခိုက်မျှသာ ဖြစ်သော်လည်း ကျီးကန်းမှာ၍သာ ထန်းသီး ကြွေရသည်ဟု တဖက်သတ် ယူဆထားကြခြင်းသာဖြစ်၏။

“ကဲ....အခြေ အနေကို ခင်မျိုးလဲ ရိပ်စားမိလောက်ပြီ။ ရှေ့ဆက်မဲ့ ကျုပ်တို့ ခရီးမှာ အသက်အန္တရာယ် တွေ့ချင်တွေ့မယ်။ တွေ့ချင်တွေ့မယ် မဟုတ်ဘူးလေ၊ တွေ့ဘို့များးကိုများတယ်။ ဒီတော့ကာ ကျွန်တော်ခပ်ရှင်းရှင်းပြောချင်တာက ခင်မျိုးကို အတင်းမခေါ်ချင်ဘူး။ သွေးဆောင်တဲ့ သဘော တောင် မလုပ်ချင်ဘူး။ လုပ်လဲ မလုပ်သင့်ဘူးလေ ဒါ ကျွန်တော့်စေတနာဘဲ။ ဒီတော့ ခင်မျိုးသဘောဘဲ၊ ဒီကနေ လှည့်ပြန်ချင်ပြန်နိုင်တယ်။ ဒါမှမဟုတ် ဒီရွာမှာဘဲ ကျွန်တော်ပြန်လာတဲ့အထိ စောင့်ချင် စောင့်နေနိုင်တယ် ကြိုက်တဲ့လမ်းကိုရွေးပါ”

နောက်ဆုံးစကားကို သူက ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ ကျွန်တော်က သူ့ကို စိမ်းစိမ်းပြန်ကြည့်လိုက်၏။

“နေပါအုံး၊ ခင်မျိုးကကော ဘယ်လိုဆုံးဖြတ်ထားသလဲ”

“ကျွန်တော်ကတော့ ဘာကြီးဘဲဖြစ်နေနေ ရှေ့ကို ခရီးဆက်မှာဘဲ”

“ရှင်းနေတာဘဲ ကိုမင်းခိုင်ရာ၊ ကျုပ်အကြောင်းလဲ ခင်မျိုးသိတဲ့အတိုင်းဘဲ။ ပြန်လဲမပြန်ဘူး။ ဒီမှာလဲစောင့်မနေနိုင်ဘူး။ ဒီမှာဗျ ကိုမင်းခိုင်၊ ခင်မျိုးပြောလိုက်တဲ့စကားဟာ ကျုပ်ကို စော်ကားလိုက်တဲ့သဘောပါနေတယ်။ ခင်မျိုးကို ခင်မျိုးလဲ သူရဲကောင်းကြီးလို့ တယ်ပြီး ထင်မနေနဲ့အုံး။ ကျွန်တော်လဲဒီမွန်ကျောက်စာနဲ့ မွန်ဂီတဆရာကြီးဆိုတာကို စိတ်ဝင်စားလွန်းလို့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ထွက်လာတာဘဲ။ ဒီစကားမျိုး နောက်ထပ် မပြောစမ်းနဲ့ဗျာ”

“ဒီလိုရှိတယ်ဗျာ .... ဒီအသက်အန္တရာယ် ရှိနိုင်တယ်ဆိုတဲ့ကိစ္စဟာ ကျွန်တော့်ကြောင့်ဖြစ်ပေါ်လာမဲ့အန္တရာယ်ကို ခင်မျိုးကကြားထဲက မဆီမဆိုင် ကြုံတွေ့မှာကို ကျွန်တော့်အနေနဲ့ မလိုလားမိတာ အမှန်ဘဲ။ ဒါလဲ ခင်မျိုးကို စေတနာနဲ့ ပြောတာဘဲ၊ ခင်မျိုးသဘောပါဘဲ”

သူက လေအေးဖြင့် ရှင်းပြလိုက်သည်။

“ဒီမှာ-ကိုမင်းခိုင်၊ ခင်မျိုးလဲယောက်ျား။ ကျုပ်

လဲယောက်ျားဘဲ။ မွန်ယဉ်ကျေးမှုကို ခင်ဗျားမြတ်နိုးသလို ကျွန်တော်လဲ မြတ်နိုးတာဘဲ။ ဒီကိစ္စအတွက် ခင်ဗျားစွန့်စားရဲရင်၊ ကျုပ်လဲ မစွန့်ရဲစရာ ဘာရှိလဲ။ ခင်ဗျားနဲ့ ဆိုရင် "ဒုံပရောင်" မကဘူး။ ငရဲပြည်လဲ သွားမှာဘဲ"

ကျွန်တော်က စိတ်အားတက်ကြွစွာပြောလိုက်၏။ သူက ကြည်လင်ရွှင်ပျစွာရယ်လိုက်ပြီး ကျွန်တော့်ပုခုံးကို လှမ်းပုတ်လိုက်၏။

"အေးဗျာ....ကျွန်တော့်စကားများ အမှားပါရင် ခွင့်လွှတ်ပါဗျာ၊ စင်စစ်ပြောရရင်၊ ခင်ဗျားနဲ့သာဆို ဘာဖြစ်ဖြစ် ကျွန်တော်မကြောက်ပါဘူးဗျာ"

ထိုညနေတွင် "ကွမ်တာ" ရွာကလေး၌ ဂီတပွဲတခုကို ကျွန်တော်တို့ ကျင်းပ ပေးပါသည်။ ကျွန်တော်က မယ်ဒလင်တီး၍ ကိုမင်းခိုင်က တရောထိုးသည်။ အထူး ကျွမ်းကျင်သူများ မဟုတ်သော်လည်း တောရွာကလေးတွင် စိုပြေအောင် တီးမှုတ် နိုင်ကြသည်။ တယောက်တလှည့်စီ သီချင်းဆိုရသည်။ သူကြီးအိမ်တွင် အောက်လင်း မီးအိမ်တလုံး အလင်းရောင်ဖြင့် ပရိသတ် အတော်စည်ကားသည်ကို တွေ့ရသည်။ သူတို့ရွာကား တောနက်ကျ၏။ မြို့နှင့် အလှမ်းကွာသဖြင့် ပွဲဆိုသည်မရှိ။ ရုပ်ရှင်ကို မမြင်ဘူးကြ။

ထိုညတွင် ကျွန်တော်တို့ ဆိုခဲ့တီးခဲ့ကြသော သီချင်းကားစုံလှ၏။ ရှေးဟောင်း မွန်သီချင်း ကျေးလက်သီချင်း မြန်မာ သီချင်းကြီးအချို့နှင့် ကာလပေါ်တေးများဖြစ်သည်။ "တကြောမှောင်ပြာ" နှင့် "မြိုင်တန်းမှောင်ဝေ" ကရင်သြများကိုလည်း သူတို့သဘောကျကြပါသည်။

ညနက်မှပင် ဂီတပွဲကို ရပ်နားရပါသည်။

o o o o

## (၅) သွေးလွှမ်းသော ခရီး။

ကွမ်တာရွာက ကျွန်တော်တို့ကို အကြိမ်ကြိမ်တားမြစ်ကြပါသည်။ ရှေ့ဆက်မည့် ခရီးတွင် မိုလ်ကျော်လွင်တို့တပ် စိုးမိုးနေသည့် အကြောင်းနှင့် ခရီးဆက်ခဲ့လျှင် သူတို့ပိုင်နက်ထဲ အလိုလို ရောက်သွားမည်ဖြစ်ကြောင်းဖြင့် အထပ်ထပ် သတိပေးကြပါသည်။

သူတို့၏စေတနာကို ကျွန်တော်တို့ လေးစားပါသည်။ သို့သော် ထိုရွာတွင်နှစ်ရက်မျှနားပြီး ကျွန်တော်တို့ ခရီးဆက်ကြ၏။

တောတောင်တို့သည် ပို၍ နက်ရှိုင်းမြင့်မားလာ၏။ လူနေအိမ်ခြေများလည်း အလှမ်းကွာလှသည်။ တွေ့ခဲ့ရသော တောတောင်ယာတဲကလေးများလည်း တခုနှင့်တခု အလှမ်းကွာလွန်းသည်။ တလမ်းလုံး ခရီးသည်ဟူ၍ ကျွန်တော်တို့နှစ်ယောက်ထဲ။

နေကလဲပူလွန်းသည် ထင်မိ၏။ လမ်းတွင် အရိပ်ကောင်းသော သစ်ပင်ကြီးများ တွေ့ရတတ်သော်လည်း ခရီးတွင်ရန်အတွက် နားချိန်ကောင်းစွာမပေး။ ဆက်ပြီး ဆက်ရင်းဖြင့် ခရီးနှင်ကြ၏။ ထို့ကြောင့်လည်း ကျွန်တော်တို့တကိုယ်လုံး ချွေးများ ဖုံများဖြင့် ရွှဲရွှဲစိုလျက် ညစ်ပတ်ပေရေလှ၏။ တခုကောင်းသည်မှာ မိုးချုပ်သောအခါ နားနေရန် ရွာကလေးတရွာ တွေ့ရသောကြောင့် ဖြစ်၏။

နောက်တနေ့ နံနက် စောစောထ၍ ခရီးဆက်ကြပြန်ရာ နေညိုချိန်တွင် "ကျိုက်ဒေး" ခေါ် မွန်တောရွာကလေးတရွာသို့ ရောက်ခဲ့ပြန်သည်။ ဘုန်းကြီးကျောင်းတွင် ဆွမ်းကျန်ထမင်းကျန်များ တောင်းစားပြီး ကျောင်းပေါ်တွင်ပင် အနားယူကြသည်။

ကျွန်တော်သည် ရက်ပေါင်း များစွာ ဖြတ်သန်းလာသော ခရီးကြမ်း၏ဒဏ်ကြောင့် ကြမ်းပြင်နှင့် ဦးခေါင်းထိသည်ဆိုလျှင်ပင် ချက်ချင်း အိပ်မောကျသွားတော့သည်။ အိပ်မက်ထဲတွင်ပင် တတောဝင် တတောင် ကျော်ဖြင့် ခရီးသွားနေသည်ဟု ဖြစ်နေလိုက်သေးသည်။

မည်မျှ ကြာသွားသည်မသိ။ ဆူညံသော အသံကြောင့် ကျွန်တော် လန့်နိုးလာသည်။ အမှောင်ပင်စိုးမိုးနေချေပြီ။ ဘုန်းကြီးကျောင်းဝင်းထဲသို့ ရွာသားတစုဝင်လာကြသည်။ သူတို့သည် သွေးအလိမ်းလိမ်း ဒဏ်ရာ ရလာသော ကိုမင်းခိုင်ကို သယ်ယူလာခြင်းဖြစ်သည်။ ကျွန်တော်က စိုးရိမ်ကြီးစွာ သွားကြည့်မိသည်။

မျက်နှာတခုလုံး ညိုမဲ ဖုယောင် ပေါက်ကွဲလျက် မြင်မကောင်းအောင် ဖြစ်နေ၏။ တကိုယ်လုံးလည်း သွေးတို့ဖြင့် ချင်းချင်းနီနေ၏။ ညာဘက်မျက်လုံးမှာ လုံးဝ ပိတ်သွားလုနီးမျှ မဲယောင်နေ၏။ နဖူးတွင်

လည်း ဟက်တက်ကွဲနေ၏။ ပါးစပ်မှလည်း သွေးများတစက်စက်ကျနေ၏။ သို့သော် အာဂကိုမင်းခိုင်ပင်။ သတိမလစ်သေး။ ၎င်းဘက်မျက်စိတလုံးဖြင့် ကျွန်တော့ကို ရှာဖွေနေသည်။ သူ့ကိုကျွန်တော်တို့ကြမ်းပြင်ပေါ်တွင် လှဲထားသည်။

“ရှာပြင် စေတီနားမှာ သူတယောက်ထဲရှိနေတုံး သောင်းကျန်းသူတွေလာပြီး ထိုးကြိတ် ကန်ကျောက်ရိုက်နှက်သွားတာဘဲဗျ။ ကျွန်တော်တို့လဲ မြင်တော့မြင်တယ်၊ ဘာမှမလုပ်နိုင်ဘူး။ သူတို့ပြန်သွားမှဘဲ သူ့ကို ကျောင်းလာပို့ဒါဘဲ”

ရွာသားကြီးတယောက်က ရှင်းသည်။ ကျွန်တော်နှင့် ကိုမင်းခိုင်တို့သည် တဦးကို တဦး အဓိပ္ပါယ်ပါပါ ကြည့်မိကြသည်။

“ကိုရွှေကိတ်....ကျွန်တော့အိတ်ထဲမှာ တင်ချာတို့ ဂွမ်းတို့ ရှိတယ်ဗျာ”

သူက အားစိုက်ပြောလိုက်သော်လည်း တိုးတိတ်လွန်းသည်။ ပြင်းထန်သော ဒဏ်ရာ ဒဏ်ချက်တို့ကြားမှ ဤမျှ ပြောနိုင်သည့်အတွက် ချီးကျူးဘွယ်ပင်ကောင်းသည်။ ထိုအခါမှပင် ကိုမင်းနိုင်၏ အိမ်သုံးဆေးများ ဆောင်ထားခြင်းကို သတိရမိသည်။သူ၏အိတ်တွင် သွားလေရာ အိမ်သုံးဆေးများ ယူဆောင်တတ်ပြီး တောရွာမှ လူများကို မကြာမကြာ ပေးကမ်းတတ်သည်။ ယခု သူဆောင်လာသော ဆေးဝါးများကို သူ့အတွက် အသုံးချရတော့မည်။

ကျွန်တော်သည် ရွာသူရွာသားများ အကူအညီဖြင့် သူ၏ဒဏ်ရာများကို ရေနွေးဖြင့် ဆေးကြောပြီး ဆေးဝါးများ ထည့်ပေးရသည်။ ခေါင်းတွင် နေရာအနှံ့ ပတ်တီးစီးပေးရသည်။ မျက်နှာတွင်လည်း ပလာစတာအပြည့်။

အဆိုးဆုံးကား ညာဘက် ခြေသလုံး ဖြစ်သည်။ သူ မြေပြင်ပေါ်သို့လဲအကျ စစ်ဖိနပ်ဖြင့် အကြိမ်ကြိမ် ဆောင့်နင်းခဲ့သောကြောင့် ယောင်ကိုင်းနေ၏။ ရွာသားတယောက်က ကြပ်စီးပေးရ၏။

သူ့အား ပြုစုပြီးသောအခါ ကျွန်တော်တို့တတွေ အတော် မောသွားကြသည်။ ကိုမင်း ခိုင်မှာမူ အိပ်ပျော်သည်လား၊ မေ့မြော သွားသည်လား မပြောတတ်။ အသက်မှန်မှန် ရှူနေသဖြင့် ကျွန်တော် စိတ်အေးသွားမိသည်။ သူရခဲ့သော ဒဏ်ရာမှာ မြို့တွင်ဆိုလျှင် အနည်းဆုံး နှစ်ပတ်ကျော်မျှ ကုသ အနားယူရမည့် ဖြစ်သည်။

နောက်တနေ့တွင် သူ့ အဖျားကြီး ဖျားတော့၏။ ခရီးပမ်းလာသည့်ဒဏ်၊ သောင်းကျန်းသူတို့၏ နှိပ်စက်မှု ဒဏ်တို့ကြောင့် တကိုယ်လုံး ကိုက်ခဲနေသည် ဆို၏။ အပူချိန်ကလည်း တရှိန်ရှိန် တက်နေ၏။ ဘုန်းတော်ကြီးနှင့် ရွာသားများက ဂရုတစိုက် ပြုစုပေးကြပါသည်။ တောဖြစ်ဆေးမျိုးစုံလည်း ယူလာကြသည်။ အစားအစာ များလည်း ကောင်းနိုးရာရာ ပို့ကြ၏။

ကိုမင်းခိုင် ဆောင်လာသော ဆေးများ အစွမ်းကြောင့်လား။ရွာသားများ၏ ဆေးစွမ်းကြောင့်လား မပြောတတ်။ သုံးရက်ကြာသောအခါ အဖျားကြ၏။ လူလည်း အတော်အသင့် ထနိုင်,ထိုင်နိုင်လာ၏။လွန်ခဲ့သော သုံးရက်အတွင်းကမူ လုံးဝ ထမရ။ အစာများ စားသောက်လာနိုင်သဖြင့် လူလည်းတဖြေးဖြေး အားပြည့်လာ၏။ သူ ကျန်းမာလာသည် တွေ့ရလျှင် ကျွန်တော် အထူးအားတက်မိသည်။

စတုတ္ထမြောက်ရက်တွင် သူကခရီးဆက်ရန်စကားစလိုက်၏။ သူ့အခြေအနေမှာ ခရီးဆက်ရန် လုံးဝ မသင့်ပါ။ အထူး အဖြင့် ခြေသ လုံး ဒဏ်ရာမှာ ကောင်းစွာ မပျောက်သေး။ ယောင်ကိုင်းလျက်သာ ရှိသေး၏။ ထို့ကြောင့် ဤအခါတွင် ကျွန်တော်က တဖန်တလှည့် တားရမည် မဟုတ်ပါလား။

“ဒီတခါတော့ ကျုပ် ခင်ဗျားကို တားရမှာဘဲ ကိုမင်းခိုင်။ ခင်ဗျားအခြေအနေဟာ ခရီးဆက်ဘို့ လုံးဝ မကောင်းဘူးဗျာ။ ခင်ဗျား ဒီမှာ နားဘို့ သင့်တယ်။ နောက်ပြီး အန္တရာယ်ဟာ ဒါ ပဏာမ သဘောကို ပြနေတာဘဲ။ ရှေ့ဆက်ပြီး ဘယ်လိုလာအုံးမလဲ မသိသေးဘူး။ ဒီတော့ ကျုပ်တို့ရဲ့အကြံကို လက်လျှော့ရင် ကောင်းမယ် ထင်တယ်”

သူက ခေါင်းကိုတွင်တွင်ကြီး ခါပြလိုက်၏။

“ဒီစကား ထပ်မပြောစမ်းနဲ့ဗျာ။ ကျွန်တော့မှာ ဒဏ်ရာဒဏ်ချက်တွေ ရှိတယ်ဆိုပေမဲ့ ဒါအပေါ်ယံဘဲ။ ကျွန်တော့စိတ်ထဲမှာ နည်းနည်းမှ မယိမ်းမယိုင်ပါဘူးဗျာ။ ဒီလိုဖြစ်လေ.... ပိုပြီး သွားချင် လေဘဲ။ ကျောက်စာတိုင်နဲ့ ဂီတဆရာကြီးဟာ ကျွန်တော်တို့ကို စိမ်ခေါ်လိုက်ပြီလို့ ကျွန်တော် ယူဆထားတယ်။ ဒါလောက် ရှည်ဝေးတဲ့ ခရီးကြမ်းကြီးကို ဖြတ်လာပြီးမှ

ယက်တကမ်းအလိုမှာ ခြေလှမ်းကို ရပ်လိုက်ရမှာ အသဲနာလွန်းတယ်။ အန္တရာယ်တွေ ဘယ်လိုဘဲဆီးဆီး တားတား ကျွန်တော်တို့ ခြေလှမ်းတွေကိုတော့ ရှေ့ဆက်ပြီး လှမ်းရမှာဘဲ။ ဒီတော့....ကျွန်တော့အတွက် လမ်းလျှောက်တုတ်ကောက်ကလေးတခုသာ အမြန်ခုတ်ပေးစမ်းပါဗျာ"

ကျွန်တော် ဘာပြောရမည်နည်း။ ကျွန်တော် ဘာလုပ်နိုင်မည်နည်း။ ရှေ့သို့ ခရီးဆက်ရန် သူ မည်မျှစိတ်ထက်သန်သည်ကို ကျွန်တော် အသိဆုံး။ သူ့ကို တားလို့ရမည် မဟုတ်ကြောင်းကိုလည်း ကျွန်တော် အသိဆုံး။

ထို့ကြောင့် သူ့အတွက် လမ်းလျှောက်တုတ်ကောက်တခုကိုသာ စီမံပေးရတော့သည်။

ဝ ဝ ဝ

## (၆) တစ်တောဝင်၍ တတောင်ကျော်။

ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပြန်ပြီ။

ထိုနေ့မနက်ကို ကျွန်တော် အမြဲ သတိရနေမည် ဖြစ်ပါသည်။ ရွာသားများက ကျွန်တော်တို့ကို ခရီးမဆက်ရန် တားကြပါ၏။ တဦးနှင့်တဦး ခင်မင်ခဲ့ကြပြီမို့လည်း ကျွန်တော်တို့အပေါ် စေတနာ ထား၍ ပြောခြင်းဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့ကား ခေါင်းမာလှ၏။ တားမရသည့်နောက်ဆုံး ဝမ်းပမ်းတနည်း လိုက်လံ ပို့ဆောင် နှုတ်ဆက်ကြပါသည်။ ကိုမင်းခိုင်က အထူး ကျေးဇူးတင်ကြောင်း ရယ်ရွှင်ကာ ပြော၏။

ကိုမင်းခိုင်၏ အိတ်ထဲမှ ကျောက်စာကူးသော ဖယောင်းစက္ကူအချို့နှင့် ပစ္စည်းအချို့ကို ထုတ်ကာ ကျွန်တော့အိတ်တွင်ထည့်ရသည်။ သူ့အိတ်ကိုမူ ဘုန်းကြီးကျောင်းတွင် ထားရစ်ခဲ့ရသည်။ သူ၏ တရောကိုပါ ထားခဲ့ရန် ပြောသော်လည်း မရပါ။ ထို့ကြောင့် တရောအိတ်ကို ကြိုးများနှင့် ချည်ပေးရသည်။ သူက တရောကို ပုခုံးတွင်စလွယ်သိုင်းလျက် တုတ်ကောက်ကို အားပြုကာ တဖြည်းဖြည်းချင်း သွားနေ၏။

ကျိုက်ဒေး- ရွာသည်ကားတဖြည်းဖြည်း ဝေးကျန်ခဲ့ပြီ။ ကျွန်တော်တို့ရှေ့တွင်ကား အဆုံးအစမရှိ ကျယ်ပြော၏။ နွေလေပူများက တသုံသုံ တိုက်ခတ်လျက်ရှိသည်။ ရွက်ကြွေတို့က တောအလုံး တောင်အနှံ့ ကြွေကျ နေကြသည်။ တချို့မှာ မြေပြင်တွင် တီးတိုးစကားများ ဆိုလျက် ရှပ်တိုက် ပြေးလွှားနေကြသည်။ တချို့လဲ အာကာဘုံတွင် မြူမှုံရောလျက် လွင့်ပဲ့နေကြသည်။

ကျွန်တော်တို့က တတောဝင်ပြီး တတောင်ကျော်ဖြင့် ခရီးဆက်နေကြ၏။ သို့သော်"စကားဝါမြိုင်နန်း" သို့ သွားနေသည်ကားမဟုတ်။ ကျေးငှက်တို့၏ တေးဆိုသံများဖြင့် လှပသာယာသော နွေ၏ ပန်းခင်းဥယျာဉ်သို့လည်း သွားနေကြသည်မဟုတ်။ ချစ်သောသူ လှရာရာကိုယ်တိုင် ရွေးရန်အတွက် ပန်းမျိုးတရာကို ခူးဆွေးရန်လည်း မဟုတ်ပါ။

ကျွန်တော်တို့မှာ ဂီတ သမားများ ဖြစ်ကြသော်လည်း လှပသော အတွေးကို မတွေးတောနိုင်ကြ။ တေးကဗျာ ထံတျာ ချိန္ဒကိုလည်း မရေးစပ်နိုင်ပါ။ ပူပြင်းသော နေရောင်အောက်ဝယ် နက်ရှိုင်း ထူထပ်သောတောများနှင့် မြင့်မားသော တောင်တန်းများကိုဖြတ်သန်းလျက် ခရီးပြင်းနှင်နေကြခြင်း ဖြစ်သည်။

ကိုမင်းခိုင်မှာ ခြေထောက်ဒဏ်ရာကြောင့် ထော့နင်းထော့နင်းဖြင့်သာ လမ်းလျှောက်နိုင်၏။ မကြာခဏလည်း နားပေးရသည်။ ထို့ကြောင့် ထင်သလောက် ခရီးမတွင်လှ။

"ကျွန်တော်တို့ လုပ်နေတာ မှန်တယ်ဗျ၊ ကိုရွှေကိတ်ရ"

တခုသောအရိပ်တွင်ခိုနားစဉ် ကိုမင်းခိုင်ကစကားစလာ၏။

"ဘာကိုပြောတာလဲဗျ"

"ဪ....ဒီလိုပါ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုကို ဖေါ်ထုတ်ထိန်းသိမ်းဘို့ ကိစ္စဟာ တိုင်းရင်းသားတွေရဲ့ တာဝန်ဘဲ။ တော်လှန်ရေး အစိုးရကလဲ အတိအလင်းဆိုထားတယ်။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲရမယ်တဲ့။ ဒါ့ကြောင့် ခု ကျွန်တော်တို့ လုပ်နေတာဟာ သဘာဝ သိပ်ကျတယ်။ ဟိုရွာရောက်ရင် ကျောက်စာကို လေ့လာကြမယ်၊ ကူးယူတန် ကူးယူမယ်။ လိုအပ်ရင် ကျောက်စာဌာနကို အကြောင်းကြားမယ်။ နောက်ပြီး သီချင်းထက် ဂီတသင်္ကေတရေး၊ ပြီးတော့ စာအုပ်ထုတ်တန်ထုတ်မယ် ဒီထက်အဘိုးတန်တာ ဘာရှိလဲဗျာ"

"အဘိုးတန်တာတော့ဟုတ်ပါပြီ။ ဒီလို သောင်းကျန်းသူတွေ ရှိတဲ့နေရာကို ဘာ လက်နက်ကလေးမှ မပါဘဲလာတာ မိုက်ရူးရဲမျှား ကျနေမလား"

"ခင်ဗျား လက်နက် ဘာသုံးရမလဲ။ ဒီလို နေရာမှာ လက်နက်ကြီးကြီး လူများများလာမှ အဓိပ္ပါယ်ရှိတာဗျ"

ကျွန်တော်တို့သည် နေမဝင်ခင် ရွာရှာ အရောက်သွားရမည်ဖြစ်သောကြောင့် သစ်ပင်ရိပ်ကို ခွါခဲ့ရသည်။ လမ်းတွင် ကိုမင်းခိုင်က ဆက်ပြော၏။

"နောက်ပြီး ကျွန်တော်တို့ဆီမှာလဲ လက်နက်ကိုယ်စီ ပါသားဘဲ"

"ဘာဗျ - လက်နက်ကိုယ်စီ ဟုတ်လား၊ ဘယ်မှာလဲ" ကျွန်တော်က တအံ့တသြမေးလိုက်၏။

"ဒီမှာလေ မတွေ့ဘူးလား၊ အိတ်မဲ့ကြီးနဲ့ ကျွန်တော် လွယ်ထားတာ ခင်ဗျားလက်ထဲမှာလဲကိုင်ထားသားဘဲ။ ကျွန်တော် လွယ်ထားတာက ကာဘိုင်၊ ခင်ဗျားကိုင်ထားတာက ဂျီသရီးပေါ့၊ ဟား-ဟား-ဟား"

သူက စကားအဆုံး ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။ ကျွန်တော်ပါ ရယ်မိ၏။ သူပြောမှ ကျွန်တော် သတိထားကြည့်မိ၏။ တရောအိတ်ကို ကြိုးဖြင့် ချည်၍ စလွယ်သိုင်း လွယ်ထားသည်မှာ သေနတ်နှင့် မခြား။ ကျွန်တော့ လက်ထဲတွင်လည်း ထိုအတိုင်းပင်။

သို့သော် ခက်သည်က ကျွန်တော်တို့လက်နက်များမှ ကျည်ဆံမထွက်ဘဲ "ဂီတ"သာ ထွက်သောကြောင့် ဖြစ်၏။ မည်သို့ဆိုစေ၊ တနည်းအားဖြင့် အနုပညာသည်လည်း လက်နက်တခု မဟုတ်ပါလား။

ကိုမင်းခိုင်ကမူ တရွေ့ရွေ့ တလှုပ်လှုပ်ဖြင့် ခရီးဆက်နေ၏။ မောသောအခါ နားလိုက်၊ နားပြီးလျှင် ဆက်လိုက်။ သူ့ကိုကြည့်ပြီး ယခု အဖြစ် အပျက်မှာ တကယ်မှဟုတ်ပါလေစ၊ အိပ်မက်များလားဟု ထင်ရသည်။ သို့သော် ကျွန်တော်တို့အဖြစ်မှာ အိပ်မက်မဟုတ်။ တကယ်ဖြစ်နေ၍ ခက်၏။

ဤသို့ဖြင့် ကျွန်တော်တို့သည် ပင်ပမ်းကြီးစွာဖြင့် ခရီးနှင်ခဲ့ကြရာ တတိယမြောက်ရက်တွင် "ဒုံပရောင်" သို့ ရောက်ခဲ့သတည်း။

ဝ ဝ ဝ ဝ

## (၇) စေတီဟောင်းနှင့် ကျောက်စာတိုင်။

ဒုံပရောင်မှ လမ်းညွှန်ချက်အရ မနက်အစောကြီးတွင် ခရီးဆက်ခဲ့ကြရာ "ခွာဟဲ"တွင် မနက်စာ စားသည်။ ကျွန်တော်တို့ ပန်းတိုင်ကား မဝေးတော့ပြီ။ ယခုအတိုင်းဆိုလျှင် ကျွန်တော်တို့၏ ခရီးလမ်းဆုံး "ကွမ်ဒုံ"သို့ နေမဝင်မီ ရောက်တော့မည်။

ကိုမင်းခိုင်ကား အထူး နှုတ်ဆိတ်လျက် ခြေလှမ်းသွက်လာသည်ကို တွေ့ရ၏။ ခါတိုင်းကဲ့သို့ ကြာရှည်စွာ မနားဘဲ ဆက်တိုက် ဆက်တိုက် လှမ်းလျက်ရှိသည်။ ဤသို့ဖြင့် နေညိုခါစ ညနေခင်းတွင် ရှေ့မှ ရွာတရွာကို မြင်၏။

"ဒါ-ကွမ်ဒုံဘဲဗျ" ကိုမင်းခိုင်က လှုပ်ရှားမြူးတူးသော အသံဖြင့် ပြောလိုက်၏။ ရွာနား ရောက်ခါနီးတွင် အဘိုးကြီးတဦး ထွက်လာသည်။

"ဘကြီး-ဒါဘာရွာလဲ"ကိုမင်းခိုင်က မေးလိုက်၏။

"ဒါ ကွမ်ဒုံလေ- နေပါအုံး....မောင်ရင်တို့က ဘယ်အရပ်က လာကြသတုံး" မွန်စကား ဆိုသော်လည်း လေသံမှာ တမျိုးထူးနေ၏။ သို့သော်လည်း နားလည်နိုင်ပါသည်။

"ကျွန်တော်တို့ ဒီရွာမှာရှိတဲ့ မွန်ကျောက်စာဆီကို လာကြတဲ့လူတွေပါ။ ဒီရွာကို ကျွန်တော်လူကြုံနဲ့ စာပေးထားပါတယ်"

"ဟာ....ဒီလူတွေလား။ကျုပ်တို့လဲ ကြားထားပါတယ်။ တရွာလုံးကလဲ မောင်ရင်တို့ကို မျှော်နေကြတယ်။ ဟား-အထီဗျူ ဆိုရင် မောင်ရင်တို့ကို ပိုတွေ့ချင်သေးတယ်" အဘိုးကြီးက အားပါးတရ ပြောပြ၏။

"အထီဗျူဆိုတာ ဘယ်သူလဲ ဘကြီး"

"အထီဗျူလား....မိကျောင်းဆရာကြီးလေ။မောင်ရင်တို့ သူ့ဆီလာပြီး မွန်သီချင်းတက်မယ်ကြားကတဲ့က သိပ်မျှော်နေတာ။ ဒို့ရွာဟာ သိပ်ဓတာကျတယ်ကွဲ့။ ဧည့်သည်ရောက်ခဲတယ်။ ခုမှတခါတာလေ မှောင်ခိုကူးသမားတွေ ရွာနားဖြတ်သွားကြတာ-လာ-လာ-မောင်ရင်တို့ကို လိုက်ပို့ပေးမယ်"

"ကျောက်စာက တော်တော်ဝေးလား။ဖြစ်နိုင်ရင် ကျွန်တော်တို့ ခဏလောက် ဝင်ကြည့်ချင်တယ်" ကိုမင်းခိုင်က၊ လောနေလိုက်သေးသည်။

"ဟာ....မဝေးဘူး။ ရွာဘေးနား ကပ်နေတယ်။ လမ်းလဲ အတော်ဘဲ။ စေတီဟောင်းကို ပြန်ပြင်ဘို့ လုပ်တာနဲ့ ခြုံတွေတောတွေရှင်းရင်း ကျောက်စာတွေ့တာဘဲ။ ကျုပ်တို့တော့ ဘာမှနားမလည်ဘူး။ ကဲ.... ဒီလိုဆို လိုက်ပြမယ်။ ပြီးတော့ တဆက်ထဲ ရွာထဲ ဝင်ကြတာပေါ့"

အဘိုးကြီးက အားပါးတရ ပြောကာ ရှေ့မှ ထွက်သွား၏။ ကျွန်တော်တို့က ရွာဝင်လမ်းနှင့် အဆင်ပြေသည်ဆိုသဖြင့် ခဏဝင်ကြည့်သွားချင်သည်။ ခဏကြာသောအခါ စေတီဟောင်းတဆူကို လှမ်းမြင်ရသည်။ စေတီဟောင်းကား တောင်ကုန်းကလေး တခုပေါ်တွင် တည်ရှိသည်။

ကျွန်တော်နှင့်ကိုမင်းခိုင်ကား တယောက် မျက်နှာ တယောက် ခေတ္တစူးစိုက်ကြည့်မိကြသည်။ ထိုနောက် စေတီနှင့်ကျောက်တိုင်ရှိရာသို့ ဆက်လာကြသည်။

စေတီဟောင်းနှင့် မနီးမဝေးရှိ ကျောက်စာတိုင်ဟောင်းကား ကျွန်တော်တို့အား ရင့်ကျက်သော အိမ်မြေဖြင့် စောင့်ကြိုနေသည်။ ကျောက်စာတိုင် ဝန်းကျင်၌ကား ရွက်ကြွေများဖြင့် ပြည့်နေ၏။ ပင်ယံထက်မှလည်း တဖြုတ်ဖြုတ်ကြွေကျနေသည်။

ပတ်ဝန်းကျင်တွင်ကား အုံ့ပျံ့ဝေမှိုင်း မြူခြေဆိုင်းလျက် ရှိသော နွေ၏ လွမ်းစဖွယ် ဆည်းဆာအောက်ဝယ် တောတောင်သည် သာမောဘွယ်အတိ ရှိ၏။ အနောက်ဖက်၌ ဝင်လုဆဲဆဲ နေမင်းကြီးသည် ကျွန်တော်တို့ကို နှုတ်ဆက်နေသည်။ ရွာတွင်းမှပျံ့လွင့်လာသော ငြိမ့်ငြောင်းငြင်သာ မိကျောင်းတူရိယာသံက ကျွန်တော်တို့ ချွေးသွေးများဖြင့် ရင်းကာလာခဲ့ရသော ကန္တာရခရီးကြမ်းဆုံးခန်းတိုင်ပြီဟုဟစ်ကြွေးနေပေသည်။ ။

ရာမည-မိုးဇွဲ

---

# မွန်မျိုးသားတို့ နိုးကြားကြပါခို့

## (တေးထပ်)

* မွန်ဆိုတာ မွန်မြတ်လို့၊ မြန်ပြည်ရပ်တခွင်။
မျိုးသာကီ့ နွယ်အစဉ်၊ ဆယ်ကပ်ပင် ထင်ရှား။
သားမြေးဆက် ယဉ်ကျေးတယ်၊ ဘဝင်အေးဘွယ် ချမ်းမြေ့စိတ်ထား။

* တို့မျိုးသား တိုးပွားရန်၊ ကြိုးစားပြန် တအား။
နိုးကြားလွန် ဉာဏ်ရှေ့သွားပါလို့၊ သိတရား ပိုင်ပိုင်။

ကြားမြင်တွင် မဟော်လား၊ ထင်ကျော်ကြား ဘဝဂ်တိုင်တိုင်။
* ကြင့်နှမ်းမြတ် ကန်က်ခိုင်ကို၊ ဆွတ်လှမ်းကိုင် မနိုင်ရှိစေနဲ့။
ပါရမီ့ အထွေထွေ၊ ဖြည့်ပေါ့ဘွေဘွေ။
စို့နှက်လို့ အသဲထက်မွေ့ဝယ်၊ ကမ္ဘာကြေ တိုင်အုံးပလေး။ ။

မိကွန်းသိုက်ထော (ရေးမြို့)



# နေဝင်းကွယ်ချိန်

ဥက္ကာ-ခင်ခင်ဝေး

အချိန်ကား မုတ္တမ၊ ဟံသာဝတီ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ စသည့် နိုင်ငံတို့သည် ပဒေသရာဇ်၏ နိုင်ငံငယ်ကလေးများအဖြစ်နှင့် စည်းလုံးညီညွတ်မှုမရှိဘဲ အနောက်ဥရောပ လက်နက်နိုင်ငံမှ ယုဉ်ကျေးမှုများ၊ သွေးခွဲမှုများ စတင်ဝင်ရောက် နေချိန်ပင် ဖြစ်ပေသည်။

မွန်ဘုရင်တို့အုပ်စိုးလျက်ရှိသောဟံသာဝတီနိုင်ငံနှင့် မြန်မာဘုရင်တို့ အုပ်စိုးလျက်ရှိကြသည့် အင်းဝနိုင်ငံတို့သည် နယ်ချဲ့များ၏သွေးခွဲမှုတို့ကြောင့် မကြာခဏစစ်ဖြစ်လျက်ရှိနေကြ၏။

အင်းဝမြို့တံခါးဝယ် ရဲမက် ဗိုလ်ခြေ စစ်သည်တို့သည် စုရုံးရောက်ရှိနေကြ၏။

စစ်ထွက် ယောက်ျားတို့အား နှုတ်ဆက်သံ၊ မှာကြားသံများကလည်း မစဲနိုင်အောင်ရှိနေတော့သည်။ မိန်ညို၊ ချစ်ညို၊ မောက်တို၊ မောက်ရှည်၊ ဒိုင်း, လှံ, လေး, လွှား စသည့်တို့ကလည်း နေရောင်တွင် တပြောင်ပြောင် တလက်လက် တောက်ပလျက် ရှိကာ မြင်းတပ်ကြီးမှာလည်း တက်တက်ကြွကြွရှိနေကြသည်။

တနေရာဝယ် အမယ်အိုတဦးသည် စစ်ထွက်မည့် လုလင်ပျိုကလေး တဦးအား တတွတ်တွတ် မှာကြားလျက်နေရင်းမှ သူမ၏ခေါင်းပေါ်ရှိ စောင်ပုဝါလေးအားယူလိုက်ပြီး၊ လုလင်ပျို၏ နဖူးမှ ချွေးဥကလေများကို ညင်သာစွာသုတ်ပေးလိုက်သည်။

"အို....မယ်မယ်ကလဲ"

လုလင်ပျိုလေးသည် ရှက်သွားဟန်ဖြင့် ဘေးပတ်ဝန်းကျင်သို့ကြည့်လိုက်ပြီး အမယ်အို၏ လက်ကလေးအား ဆွဲယူကာ ပြောလိုက်ပေသည်။ အမယ်အိုက ပြုံးလိုက်ရင်း-

"သားရယ် မယ်မယ် ပြောတာတွေကို မမေ့နဲ့နော်၊ သားကိုစိတ်မချဘူးကွယ်၊ အရာရာမှာ သတိရှိနေရမယ် တဖက် ရန်သူကိုလည်း အထင်မသေးနဲ့၊ နောက် ဘုရား-တရား-သံဃာစတဲ့ အနန္တောအနန္တငါးပါးကိုလည်း မမေ့နဲ့နော် ကြားလား၊ နောက် မင်းရဲ့ညီငယ်ကိုလဲ ရှာပါကွယ်၊ မင်းညီငယ်ဟာ စစ်မြေပြင် တနေရာမှာ ရှိနေမှာတော့ အမှန်ပါဘဲသားရယ်"

အမယ်အိုသည် ပြောရင်းမှ မောလာဟန် နှင့် စကားကိုရပ်ပစ်လိုက်သည်။ ဗိုလ်မှူးကလေးသူရက သူ့မယ်မယ် ပြောသမျှကို နားထောင်လျက် ရှိနေပေသည်။

အထက်ပါ စကားစုသည် မယ်မယ်၏ စစ်ထွက်တိုင်းပြောကြားလေ့ရှိသည့် စကားစုပင်ဖြစ်၏။ မယ်မယ်၏ ပြောကြားထားမှုကြောင့် ဗိုလ်မှူးကလေးသူရသည် သူ၏မမြင်ဘူးသေးသော ညီငယ်ကို တွေ့ချင်မြင်ချင်လွန်းလှ၍ စစ်ပွဲတိုင်းတွင် ရှာခဲ့ရသည်မှာလည်း အမောပင်။

သူတို့ညီအကို ငယ်ငယ်မှပင် မယ်မယ်နှင့်အဖတို့ စိတ်သဘောချင်း မတိုက်ဆိုင်၍ ကွဲကွာလာခဲ့ရာဝယ် မယ်မယ်နှင့် ဗိုလ်မှူးကလေး သူရပါလာပြီး၊ အဖနှင့်

ညီငယ်က ပါသွားခဲ့ကြသည်။ သို့ရာတွင် ညီအကို နှစ်ဦး ကြီးပြင်းလျှင်မှတ်မိစေရန်၊ လေးထောင့်ငွေပြား ကလေးများပါသည့် ငွေဆွဲကြိုးကလေးနှစ်ကုံးကို ဆွဲပေးခဲ့ကြသည်၊ ထိုငွေပြားလေးဝယ် အဖနှင့်မယ်မယ် တို့အမည်များ ရေးထားခဲ့ကြ၏။

အဖကား စစ်သူရဲကောင်းကြီးတဦးဖြစ်သလို မယ်မယ်ကလည်း မျိုးချစ်စိတ် ရှိသူပြီပြီ သားများအရွယ်ရောက်က စစ်မြေပြင်သို့ လွှတ်ရမည်ဟု ဂတိပြုခဲ့ကြပေသည်။

ဗိုက်မှူးကလေးသူရသည် ထွေးရင်း အမှတ်မထင် လည်မှငွေဆွဲကြိုးလေးအား စမ်းလိုက်မိ၏။

အမယ်အိုလည်း သား၏ကျောပြင်ကို သူ၏တုန်ရီနေသော လက်ကလေးဖြင့် ပွတ်သပ်ရင်း ပြောစရာတို့ကို မနားတမ်း ပြောဆိုလျက် ရှိနေ၏။ ဗိုလ်မှူးကလေး သူရသည်လည်း သူ့မယ်မယ် ပြောသမျှကို ခလေးငယ်တဦးကဲ့သို့ နားထောင်လျက်ရှိနေပေသည်၊ ထိုစဉ် သာယာငြိမ့်ညောင်းသော ဗဟိုသံနှင့် အတူ၊ စစ်စည် စစ်မောင်းသံတို့ကလည်း တည်ငြိမ်စွာ တတိယအကြိမ် ထွက်ပေါ်လာပေပြီ။

ထို့ကြောင့် စစ်သည်တို့သည် မှာကြားသူ နှုတ်ဆက်သူများနှင့်ခွဲခွာလျက် စုရပ်များသို့ သွားရောက်၍အသင့်ပြင်ကြရပေသည်။ ဗိုလ်မှူးကလေးသူရလည်း-

"မယ်မယ်--သားအတွက် ဘာမျှ မစိုးရိမ်ပါနဲ့၊ မယ်မယ်မှာသမျှ သားဦးထိပ် ပန်ဆင်လျက် ပါဘဲ၊ နောက် ညီငယ်ကို မယ်မယ် တွေ့ချင်နေသလို၊ သားလည်း မြင်ချင်လှပါတယ်၊ တွေ့ခဲ့ရင် မယ်မယ့်ရှေ့ အရောက် ခေါ်ခဲ့ပါ့မယ်နော်၊ ကဲ-မယ်မယ်လဲကျမ္မာ အောင်နေပါ၊ သားဦးတင်ခဲ့ပါတယ်"

ပြောပြောဆိုဆို အနီးမှ မြင်းညိုကြီးပေါ်သို့ လွှားကနဲခုန်တက်လိုက်ကာ မိခင်အိုအား ပြုံးကာ ကြည့်လိုက်ပြီး စုရပ်ရှိရာသို့ ဖြေးညှင်းစွာ ထွက်ခွာသွားလေတော့သည်။

ရှေ့ဆုံးမှ မြန်မာ့ အလံကြီးကို ကိုင်ဆောင်လျက် မြင်းတပ်ကြီးသည် သူ့တပ်ဖွဲ့နှင့်သူအုပ်ချုပ်ကာ စနစ်တကျ မြို့တံခါးမှ ထွက်ခွာ သွားကြလေပြီ၊ ကျန်ခဲ့သူများသည်လည်း လက်ပြဝှေ့ရမ်း နှုတ်ဆက်လျက် ရှိနေကြ၏။ အမယ်အိုသည်လည်း သား၏ခန့်ညားလှပရဲရင့်တည်ကြည်စွာ ထွက်ခွာသွားနေသည့် အသွင်ကို မှုံရီနေပြီ ဖြစ်သော မျက်စေ့များအား ကြိုးစားအားယူကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ မြင်းတပ်ကြီးကား တဖြည်းဖြည်း ဝေး၍ဝေး၍သွားပေပြီ။

○ ○ ○ ○

နေသည် အတန်မြင့်ပြီ ဖြစ်သော်လည်း အုံ့ဆိုင်းကာဆီးနေသော မင်းလွှင်မြူခိုးများကြောင့် ကောင်းစွာ အလင်းရောင်မရသေးချေ။ အင်းဝ မြို့တော်ကို ကျော်လွန်နေပြီ ဖြစ်သောကြောင့် အင်းဝမှ မြန်မာ့စစ်သည်တော်တို့သည် သတိကြီးစွာနှင့် တပ်စခန်းချလျက် ရှိနေကြ၏။

ဗိုလ်မှူးကလေးသူရသည် မြူးကြွနေသည့် မြင်းညိုကြီးပေါ်တွင် လက်တဖက်ဖြင့် မြင်းဇက်ကို ခပ်လျော့လျော့ဆွဲကာ၊ ၄က်ကြီးတောင် ဓါးကြီးအား လက်တဖက်က ကိုင်ထားပြီး၊ တောင်ကုန်းကလေးပေါ်မှ ခပ်မှန်မှန် သွားလျက် ရှိနေပေသည်။ တောင်ခိုးတွေကား တလိပ်လိပ်နှင့် တပ်စခန်းလုံခြုံမှုအတွက် ကင်းလှည့် ထောက်လှမ်းနေသည့် ဗိုလ်မှူးကလေး သူရနောက်သို့ အပြေးကလေး လိုက်လံလွှမ်းခြုံလျက် ရှိနေသယောင်ယောင်။

စိမ်းစိုပြန့်ဖြူးသော မြက်ခင်းပြင်၏ အနောက်ဖက်တခိုဝယ် ညို့ညို့ ဆိုင်းဆိုင်း မှိုင်းမှိုင်းမှုံနေသည့် တောင်တန်းတောင်စွယ်များနှင့် တည်ငြိမ်စွာ စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ပြင်ကျယ်တို့သည် ပဏာရလှကာ ကြည်နူး လွမ်း ဆွတ် ဖွယ် အသွင်ဆောင်လျက်ပင်။

နှင်းမြူတို့ကားတဖြည်းဖြည်း ပျောက်ကွယ်ကုန်လေပြီ၊ တောင်ကမူစွန်းကလေးတခုပေါ်ရှိ စိမ်းစိုနေသည့် သစ်ပင်ကြီးအောက်သို့ အရောက်တွင် ဗိုလ်မှူးကလေး သူရလည်း မြင်းပေါ်မှဆင်းပြီး၊ သစ်ပင်ရင်းသို့ ဝင်ထိုင်လိုက်လေသည်။

တောတောင် ရေမြေ သဘာဝတို့ကို ကြည့်ရင်း အင်းဝရွှေမြို့တော်၌ ကျန်ရစ်သည့် မယ်မယ်နှင့် ပန်းခင်ခင်တို့ကို သတိရ လွမ်းဆွေးမှုကား မဖေါ်ပြ နိုင်တော့ချေ၊ ရှေ့မှ မြူခိုးတွေ ဝေနေသည့် တော စွယ်

ကြီးကိုကြည့်ရင်း စိတ်အတွေးနယ်ပယ်သို့ ဝင်ရောက်နေမိသည်။

○ ○ ○ ○

"မောင်မောင်"

"ခင်ခင်"

လရောင်ကား ခြံအတွင်းသို့ ဖြာလျက် ရှိနေ၏။ လေပြေနှေ့လိုက်တိုင်း စပယ်၊ ညမွှေးစသည့် ပန်းရနံ့တို့က သင်းပျံ့ပျံ့မွှေးလျက်ပင်၊ ခြံတွင်း အိမ်ရှေ့ကပြင်ပေါ်ဝယ် ပန်းခင်ခင်နှင့် ဗိုလ်မှူးကလေးသူရတို့ထိုင်ရင်း စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြပေသည်။

"မောင်မောင် မနက် စစ်ထွက်သွားရင် ခင်ခင်တော့ လွမ်းကျန်ခဲ့ရအုံးမှာဘဲ နော်"

"အို-ခင်ခင်ကလည်း မောင်မောင်လည်း ဘယ်ခွဲချင်ပါ့မလဲ ကိုယ့်တိုင်းပြည် အတွက်မို့သာ သွားရမှာပါကွယ်၊ ဒီတခါ သိပ်မကြာပါဘူး"

ဗိုလ်မှူးကလေးသူရက ပြောရင်း ပန်းခင်ခင်၏မျက်နှာကလေးအား စိုက်ကြည့်နေရာမှ အားမလိုအားမရဖြစ်ကာ ကိုယ်ကလေးကို ဆွဲယူပွေ့ဖက်လိုက်မိသည်။ နောက်တဦးနှင့်တဦး ဘာမျှ မပြောဘဲတိတ်ဆိတ်နေမိသည်။

"ခင်ခင်တော့ ခုလိုစစ်ဖြစ်နေကြတာတွေကို မလိုလားပါဘူး မောင်မောင်ရယ်"

အတန်ကြာမှ ပန်းခင်ခင်က တလုံးချင်း ပြောလိုက်သည်တွင် ဗိုလ်မှူးကလေးသူရသည် ပန်းခင်ခင်အား စိုက်ကြည့်လိုက်ကာ....

"အို-ခင်ခင်ကလဲ ယောကျ်ားတွေဘဲ စစ်ထွက်ရတာ ဆန်းသလားကွယ်"

"ခင်ခင်က ဒါကိုပြောတာမဟုတ်ပါဘူး၊ လူသားအချင်းချင်း ဒီစစ်တွေကြောင့် သေကြေ ပျက်စီးကြ၊ ပစ္စည်းတွေဆုံးကြရနဲ့ ကောင်းကျိုးခပ်းတာမှ မဟုတ်တာ၊ ဒီစစ်ပွဲတွေသာ မရှိရင် လူတွေ မသေသင့်ဘဲ မသေကြရဘူး၊ စီးပွားရေးမှအစ မထိခိုက်ဘဲ၊ မောင်မောင်တို့လို စစ်သည်ယောကျ်ားတွေရဲ့ အားတွေကို တခြား လုပ်ငန်းခွင်တွေမှာ ပို့လိုက်ရရင်၊ တိုင်းပြည်ကြီးဟာ အေးချမ်းသာယာဝပြောပြီး၊ ခင်ခင်တို့လို စစ်ထွက်သူတွေရဲ့ သားမယားတွေအတွက်လဲ လွမ်းရဆွေးရ စိုးရိမ်ပူပန်ကြရတဲ့ ဒုက္ခတွေ ကင်းနိုင်ကြတာပေါ့မဟုတ်ဘူးလားဟင်"

ပန်းခင်ခင်က ပြောရင်း မျက်နှာကလေး ညှိုးသွားသည်။ ဗိုလ်မှူးကလေးသူရကလည်း သူ၏သန်မာသောလက်ချောင်းများနှင့် ပန်းခင်ခင်၏ မျက်နှာကလေးအား အသာအယာဆွဲယူလိုက်ရင်း....

"ကဲကွယ်-မောင်မောင်စစ်ထွက်ခါနီးမှာ ဒါတွေပြောမနေ ပါနဲ့ကွယ်၊ ကိုယ့်တိုင်းပြည် အတွက် မောင်မောင်တို့ အသက်ပေး ခုခံတိုက်ခိုက်ချေမှုန်းကြရတာ ဂုဏ်ယူစမ်းပါဟုတ်လား၊ ခင်ခင်တကယ်ချစ်ရင် မောင်မောင့်ကို ချစ်ပါတယ်လို့ ပြုံးပြီးပြောလိုက်စမ်းပါအုံး အချစ်ရယ်"

ပန်းခင်ခင်က ရွှန်းရွှန်း ဝေအောင် သာနေသည့် လမင်းကြီးကို လှမ်းကြည့်လိုက်ပြီး "ခင်ခင် ရှက်ပါတယ်"ဟု ပြောလိုက်သည်ကို အားမရဘဲ ဗိုလ်မှူးကလေးသူရက ထပ်ခါထပ်ခါမေးနေပြန်သဖြင့်၊ မပွင့်တပွင့်ကလေးပြုံးလိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။

"မောင်မောင်ကို ခင်ခင် ချစ်ပါတယ်ရှင်ရယ်"

ပန်းခင်ခင်၏ ရှက်သွေး ဖျာသွားသည့် မျက်နှာကလေးအားကြည့်နေရာမှ သဘောကျစွာ ရယ်လိုက်ရင်း ပန်းခင်ခင်၏ ကိုယ်ကလေးအား တင်းကြပ်စွာပွေ့ဖက်ထားလိုက်မိတော့သည်။ သင်းပျံ့သည့် လေနုအေးကလည်း သူတို့နှစ်ဦးအား ကလူကျီစယ်လျက်ရှိနေကြသည်။

လ၏ အလင်းရောင် ကလည်း သစ်ရွက်ကြီးများပေါ်သို့ရွှေ့ရှားကျရောက်နေကာ၊ ပတ်ဝန်းကျင်တခုလုံး အိပ်မောကျကာ နေကြပေပြီ။

○ ○ ○ ○

လေသည် ဖြေးညှင်းစွာတိုက်ခတ်လိုက်သည် ဖြစ်သော်လည်း မြက်ပင်ရှည်လေးများက အရှိန်ရနေကြ၍ ယိမ်းယိုင်လှုပ်ရှားလျက် ရှိနေကြပေသည်။

ဗိုလ်မှူးကလေး သူရလည်း အတွေးနယ်မှ ထွက်လိုက်သည်နှင့် ချက်ချင်း ထလိုက်ပြီး တောင်မြောက်လေးပါးသို့ လှည့်ကြည့်နေလိုက်မိသည်။

ဤနေရာကား နယ်ခြားဖြစ်နေပြီ၊ နောက်တဖက်မှရန်သူတို့လည်း ဘယ်အနားသို့ ရောက်ရှိနေမှန်း မသိနိုင်။ မိမိတို့ နယ်ခြားသို့ရောက်နေမှန်း တဖက်ရန်သူသိသွားက၊ မိမိတို့ဘက်ကို မမျှော်လင့်သည့်နေရာမှ ကြိုတင်တိုက်ခိုက်လာကြလျှင် ခက်ပေတော့မည်။

ဗိုလ်မှူးကလေးသူရက တွေးလိုက်ရင်း စောစောက အတွေးနယ်ချဲ့မိသည်ကိုပင် ပြန်အပြစ်တင်မိတော့သည်။ နောက်မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး မြင်းပေါ်သို့တက်မည်အပြုတွင် ခပ်လှမ်းလှမ်းမှ စစ်သည်တော်တဦးလာနေသည်ကိုတွေ့သဖြင့် သစ်ပင်ကြီး၏နောက်ကွယ်သို့ ဝင်ပုန်းနေလိုက်တော့သည်။

တဖြေးဖြေးနှင့် နီးသထက်နီးလာရာ ထိုစစ်သည်မှာ မိမိတို့ဖက်မှ မဟုတ်ဘဲ၊ ဟံသာဝတီမှ မွန်စစ်သည် လုလင်ကလေးတဦး ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဗိုလ်မှူး ကလေးသည် အမျိုးမျိုး တွေးနေမိသည်။ သူလည်း မိမိကဲ့သို့ပင် ကင်းလှည့်ထောက်လှမ်းလာသူဖြစ်ရပေမည်။ ထို့ကြောင့် ဟံသာဝတီဖက်မှစစ်သည်တို့လည်း ဤနယ်ခြားသို့ ရောက်နေပြီဖြစ်ကြောင်း တွေးလိုက်မိရာမှ မြန်မာတို့ နယ်ခြားရောက်နေကြောင်း သူတို့သိသွားလျှင် မဖြစ်တော့ချေ၊ ထို့ကြောင့် ထောက်လှမ်းရေးမှူး မွန်စစ်သည်ကလေးအား နှုတ်ပိတ်ခဲ့ရပေမည်။တဖြည်းဖြည်း သစ်ပင်နားသို့ ရောက်လာပေပြီ။

ဗိုလ်မှူးကလေးသူရလည်း တဖက်သတ် အနိုင်မယူလိုသဖြင့် သစ်ပင်ကွယ်မှ မြင်သာသည့်နေရာသို့ထွက်လာပြီး ၄က်ကြိုးတောင် ဓါးကြီးအား ဆွဲထုတ်လိုက်သည်။ တဖက်မှအေးဆေးစွာ လာနေသည့် မွန်လုလင်ပျို စစ်သည်ကလေးလည်း အံ့အားသင့်စွာ ဓါးအိမ်မှဓါးကို လျင်မြန်စွာ ထုတ်ယူလိုက်ပြီး ဗိုလ်မှူးကလေးအား စိုက်ကြည့် လိုက်သည်။ ဗိုလ်မှူးကလေးသူရ၏စိတ်တွင် ဘယ်လိုဖြစ်သွားသည်မသိ။

ယခုမှ မြင်ရသည့် စစ်သည်ကလေးကို ချစ်သလိုသနားသလိုဖြစ်သွား၏။ တက်ကြွနေသည့် စိတ်များပင် ငြိမ်သွားသဖြင့် ကြောင်ကြည့် နေမိ သည်တွင် တဖက်မှမွန်စစ်သည်ကလေးက စတင် လှုပ်ရှားလိုက်မှ ဗိုလ်မှူးကလေးသူရ၏ ဓါးချက်တို့ကလည်း လှုပ်ရှားလာပေသည်။

ခဏချင်းပင် ဓါးနှစ်စင်းထိတွေ့သံတို့သည် တိတ်ဆိတ်နေသည့် တောတန်း ကလေးအား ဖြိုခွင်းပစ်လိုက်ပေသည်။ သွေးပူလာသည်နှင့်အမျှ အရှောင်၊ အတိမ်း၊ အထိုးအခုတ်တို့မှာ လျင်မြန်သွက်လက်လာကြသည်။ ဓါးနှစ်စင်း၏ ဓါးလှန်,ဓါးလူး,ဓါးကူး,ဓါးပြောင်းပွတ်ကာသီကာ ဓါးသွားတို့အား ရှောင်တိမ်းနေရသည်မှာ အသဲယားစဖွယ်ပင်၊ တဖြည်းဖြည်းနှင့် လက်နှေးသွားရာမှ၊ မွန်စစ်သည်ကလေးသည် ဓါးချင်း ၃၇မျိုးအနက်မှ ပိုးချည်လွှားနည်းဖြင့် ပြန်စလိုက်သဖြင့် ဗိုလ်မှူးကလေးသူရလည်း ဝင်လာသည့် ဓါးကို ရွှေနှုတ်မြွက်ခဲလှဖြင့် အသာကလေး ထိမ်းထားလိုက်သည်။

နှစ်ဦးစလုံးသည် ဓါးရေးတွင် ကျွမ်းကျင် လှပေသည်။ ဗိုလ်မှူးကလေးသူရအဖို့ တဖက်မှ မွန်စစ်သည် ကလေးကလည်း အထင်မသေးဘဲ သတိကြီးစွာထားနေကြသည်။ ဓါးရေးကား အချိန် ကြာလာလေပြီ၊ နှစ်ဦးစလုံးဝယ် ချွေးများပြန်လျက် ရှိနေကြသည်။

ရင်ခွဲ၊ အသားလှန်၊ ဇင်ယော်သုတ်၊ တဖက်ထိုးစသည်တို့ဖြင့် တဖက်မှ ဆက်တိုက် ဝင်ခုတ်နေသဖြင့် ဗိုလ်မှူးကလေးသည် အခံဖက်ကချည်း ဖြစ်နေသည်။ အချိန်သည် တဖြေးဖြေး နှောင်းလာပြီဖြစ်သဖြင့် အခွင့်သာသည်နှင့် ခံစစ်မှ ထိုးစစ် ဖက်သို့ ပြောင်း၍ တိုက်ခိုက်လျက် ရှိသည်။

ထိုစဉ် ဗိုလ်မှူးကလေး သူရသည် ကမူစွန်း တခုနှင့် တိုက်မိမလို ဖြစ်သွားတွင် တဖက်မှ စစ်သည်ကလေး၏ဓါးသည် ဗိုလ်မှူးကလေးသူရ၏ ဇက်ပေါ်သို့ ခုတ်ပိုင်းလိုက်လေသည်။ သို့သော် လျှပ်တပျက်အတွင်း ဗိုလ်မှူး ကလေး၏ ဓါးရေး ကျွမ်းကျင်မှုကြောင့်၊ ချွင်ကနဲမည်သွားပြီး စစ်သည်လေး၏ ရင်ဝသို့ ဗိုလ်မှူးကလေးဓါးကား စိုက်ရက် ဖြစ်သွားသည်တွင် တဖက်မှ မွန်စစ်သည်ကလေးလည်း မဟန်နိုင်တော့ဘဲ ဟပ်ထိုးလဲ အသွားတွင် လည်မှ ငွေရောင်ကြိုးလေး ထွက်လာလေသည်။

ဗိုလ်မှူး ကလေးသူရလည်း မိမိ လက်မောင်းမှ သွေးများကို သုတ်နေရာမှ ကြက်သေ သေသွားကာ ချက်ချင်းလဲနေသည့် မွန်စစ်သည်ကလေးအား မြေး

ပွေ့လိုက်ကာ၊ လယ်ပင်းမှ တပိုင်းထွက်နေသည့် ဆွဲကြိုးကလေးအား အတင်း ယူကြည့် လိုက်သည်နှင့် မျက်လုံးများပြာသွားကာ၊ ဘာမျှသတိမရတော့ချေ။

နောက်မှ မွန်စစ်သည်ကလေးအား တင်းကြပ်စွာပွေ့ဖက်ကာ ပါးနှင့်ကပ်ထားလိုက်ပြီး....

"ညီလေး- ညီလေး" ဟု တစာစာ ခေါ်လိုက်မိတော့သည်။ သူ၏ တစာစာ ခေါ်သံကြောင့် စစ်သည် ကလေးသည် အားယူကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"အို....ညီလေး-ညီလေး၊ မင်းဟာ အကိုလိုက်ရှာနေတဲ့ညီလေး၊ မယ်မယ် တွေ့ချင်နေတဲ့သား၊ ဒို့တွေမှားကုန်ပြီကွယ် အကို့ကိုခွင့်လွှတ်ပါ"

ဗိုလ်မှူးကလေး သူရက အငမ်းမရ ပြောနေသည်ကိုကြည့်ရင်း မွန်စစ်သည်ကလေးကအားယူကာ သူ့အကို၏ လည်မှသူ့ဆွဲပြားနှင့် တပုံစံထဲဖြစ်သည့် ဆွဲကြိုးကလေးကို ကိုင်ကြည့်လိုက်ပြီး....

"ကိုကို ညီလေး မယ်မယ်ကို မတွေ့ရတော့ဘူး၊ ဒါပေမယ့် ကိုကို တွေ့ချင်တဲ့ ကျနော့ကို တွေ့ရလို့ ကိုကိုဝမ်းသာတယ်ဆိုရင်၊ ညီလေးသေပျော်ပါတယ် ကိုကို-ကိုကို ညီလေးကိုပွေ့ထားပေးပါ"

ဗိုလ်မှူးကလေးသူရလည်း ညီငယ်အား ပွေ့ဖက်ထားလိုက်သည်မှာ မည်မျှ ကြာသွားသည် မသိချေ။ သတိရ၍ ကြည့်လိုက်သည်တွင် သူ၏ညီငယ် မွန်စစ်သည်ကလေးကား ဘာမျှမသိနိုင်တော့ချေ။ သူသည် အံကြိတ်လိုက်ရင်း....

"မယ်မယ်ရှေ့အရောက် ညီငယ်ကိုတွေ့ရင် ခေါ်ခဲ့မယ်လို့ ဂတိပေးခဲ့ပေမဲ့ ခု မခေါ်နိုင်တော့ဘူး၊ တွေ့မယ့် တွေ့တော့ တမိသားထဲဖြစ်တဲ့ ညီအကိုအရင်းချင်း သူများ သွေးခွဲမှုတွေကြောင့် မှားကုန်ကြရပါပြီ၊ အိုမယ်မယ်ကမွေးတဲ့ညီလေးကို မယ်မယ့်သားကိုယ်တိုင် သတ်လိုက်မိပါပြီ မယ်မယ်၊ မှားကုန်ပြီ မှားကုန်ပြီ"

ဗိုလ်မှူးကလေး သူရသည် အရူးတယောက်ကဲ့သို့ အော်ပြောဆိုလိုက်ရင်း ညီငယ်၏အလောင်းကို ပွေ့ယူလိုက်သည်။ အံကို တင်းတင်းကြိတ်လျက် မျက်ရည်ဝေ့သော မျက်လုံးအစုံဖြင့် ညီငယ်၏မျက်နှာကို စူးစူး စိုက်စိုက် ကြည့်ရင်း အားယူ၍ ရပ်လိုက်သည်။ တောင်ကုန်းလေးပေါ်သို့ ဖြေးညှင်းစွာ တက်သွားတော့သည်။ နေမင်းသည်လည်း အနောက်ဂေါ်ယာကျွန်းသို့ ဝင်လုနီးပြီဖြစ်၍ အလင်းရောင်ပင် အားနည်းလာချေပြီ၊ ဗိုလ်မှူးကလေးသူရကား ညီငယ်မွန်စစ်သည်ကလေးအား ပွေ့လျက် တောင်ကုန်းပေါ်မှ တဖြေးဖြေး ဆင်းသက်သွားပေပြီတည်း။ ။

ဥက္ကလာ-ခင်ခင်ဌေး

# အရေးမှသည် လက်တွေ့ဆီ

လာပြီတဲ့လာပြီ
တက္ကသိုလ်ဌာန,က
ပေါ်ထွက်လို့လာပြီ
မွန်ဘာသာမဂ္ဂဇင်းတဲ့
သားချင်းတို့ဆီ။

ကြာပြီတဲ့ကြာပြီ
မျှော်ရသူ
ကိုလူချော
မောလှပါပြီ။

ပါပြီတဲ့ ပါပြီ
လူမျိုးရယ် မလေ့ထုံးနှင့်
ရှေးသုံးတွေ မပျက်ပြုန်းအောင်
စောင့်ထိမ်းဘို့ အတည်။

ရေးရုံနှင့် မပြီးပြီ
ကိုယ့်တိုင်းပြည် လူမျိုးတို့
အကျိုးနော် တကယ်ရှိအောင်
ရွက်ဆောင်စို့လေး။ ။

သဲလှင်းကျော်-မန္တလေး

(F.13)

# အသဲကြွေမလေး၏ လျှောက်လဲချက်

အထွေး



အကို....

ငြိမ်း အကို့ကိုသိပ်ချစ်တယ်။ဒါပေမဲ့ ငြိမ်းဆုံးဖြတ်ချက် ချလိုက်ပါပြီ။ သည်တော့ ငြိမ်းက အကို့ရင်ကို ခွဲသွားတဲ့ မိန်းကလေး။ အကိုက သည်လို စွတ်စွဲလိမ့်မယ်။ ငြိမ်းမျက်လုံးတွေ စုံမှိတ်ခံပါမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ငြိမ်းသိပ်ခံစားခဲ့ရလို့ဘဲ။ ငြိမ်းရင်ကွဲခဲ့ရတယ်ဆိုယင် ပိုပြီး မှန်လိမ့်မယ်။

ဒါပေမဲ့....

ငြိမ်းရင်ထဲမှာ ဘာဘဲ ရှိနေနေ၊ ဘာဘဲ လုပ်ချင်လုပ်ချင်၊ ငြိမ်းဘာလုပ်သင့်တယ်၊ ဘာလုပ်ရမယ်လို့ ငြိမ်းအသက်အရွယ်က ပြောပြနေပြီလေ။ သည်တော့ ငြိမ်းကို အကိုခွင့်လွှတ်ပါလို့။

o o o o o

သင်းကြိန်ကျတယ်ဆိုယင် ငြိမ်းတို့ရာမညနယ် တခု

လုံး အများ နည်းတူ ရေကစားကြတယ်။ ငြိမ်းတို့ အမျိုးသမီးတွေကျတော့ ရွာက သက်ကြီးရွယ်အိုတွေကို လိုက်လံ ကန်တော့ ကြတယ်၊ ရိုးရာ သင်းကြန်ထမင်းနဲ့လဲ ဝတ်ပြုကြတယ်၊ အုပ်ဖွဲ့ပြီး သွားလာနေတဲ့ အမျိုးသမီးတွေကို အမျိုးသားတွေကရေပက်ကြတယ်။ ပျော်ဘို့လဲကောင်းတယ်၊ကြည်နူးဘို့လဲကောင်းတယ်။ ဒါကို ပြန်ရေးနေရတာကလဲ အကို့ကို စတွေ့ခဲ့တဲ့ သင်းကြန်ကို လုံးဝ မေ့လို့ မရသေးလို့ဘဲပေါ့။

ဝ ဝ ဝ ဝ ဝ

"ငြိမ်း....ဒို့လဲ ကစားမှာပေါ့"

"ဟာ-အကိုလှိုင်ကြီး ဘယ်တုံးက ပြန်ရောက်တာလဲ"

"နေခင်းကပါ၊သူငယ်ချင်းတယောက်လဲပါတယ်၊ ဟော့-တင်မောင် ဒါငါ့နှမဝမ်းကွဲ မိယုယုငြိမ်း၊ ဒီနှစ်ဆယ်တန်းဖြေထားတယ်၊ ငြိမ်း-ဒါက ငါနဲ့ တတန်းထဲဖိုးတင်မောင်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ကျွန်တော်လဲ ဝမ်းသာပါတယ်"

သည်လိုနဲ့ အကိုက ငြိမ်းဘဝထဲ စရောက်လာတာဘဲ။ သင်းကြန်ညတွေမှာ ဂုံညင်း ကစားကြတာ ငြိမ်းတို့ရဲ့ ရိုးရာ ယဉ်ကျေးမှု တခုဘဲ။ တချို့ နယ်တွေကျတော့ ဝါတွင်းတွေမှာ ကစားကြပါတယ်။ သိပ်ပျော်ဘို့ ကောင်းတယ်။ အပျို လူပျိုတွေ အတွက်က ပိုပြီး အဓိပ္ပါယ်ရှိတာပေါ့။ ငြိမ်းတို့လူမျိုးတွေရဲ့ ဓလေ့မှာ မလိုလားအပ်တာတွေ ဖြစ်လာမှာစိုးလို့ အပျိုနဲ့လူပျို လွတ်လွတ်လပ်လပ် တွေ့ခွင့်ပေးမထားတော့ သည်လိုညဥ့်မျိုးမှာမှ တဦးနဲ့တဦး အနီးကပ် လေ့လာနိုင်ကြတယ်။

အိမ်ရှင် ရပ်ကွက်ထဲက အမျိုးသမီးတွေက အုပ်စုနှစ်စု၊ ရောက်လာတဲ့ကာလသားတွေက နှစ်စု။ တစုစီ ပေါင်းပြီး တဖက်နဲ့တဖက် ကစားကြရတယ်။ ဒါပေမဲ့ ကာလသားအုပ်စုတခုက ညဥ့်နက်တဲ့အထိ ကစားခွင့် မရှိပြန်ဘူး။ နောက်ထပ် ရောက်လာတဲ့ ကာလသားအုပ်စုကို အလှည့်ပေးရတယ်လေ။ သည်လို ပေးရလို့လဲ တယောက်နှင့် တယောက် ငြိုငြင်မှု မရှိကြဘူး။ ချစ်စရာကောင်းပြီး အေးချမ်းတဲ့ ငြိမ်းတို့ရဲ့ဓလေ့တခုပါ။ အကိုနဲ့ အကိုလှိုင်တို့ ဝင်ကစားတော့ ကစားနှင့်နေတဲ့ ကာလသားတွေက အလှည့်ပေးတာ အကိုမှတ်မိအုံးမှာပေါ့နော်။

"ငြိမ်း-သည်ကောင်က ကစားတတ်တာလဲမဟုတ်ဘူး၊ မှန်စကားလဲ မတတ်ဘူးဟ၊ ကူအုံး"

"ဟုတ်ကဲ့ အကိုလှိုင်"

အကိုက မှန်တယောက်မှန်း ငြိမ်းသိခဲ့ရတယ်။ ဒါပေမဲ့ ပျော်တတ် ရွှင်တတ်တဲ့ အကိုက နောက်ပိုင်း ငြင်းကြခုန်ကြတော့ ပါလာတာဘဲ မဟုတ်လား။

နောက်တနေ့က အကြတ်နေ့။ အကိုတို့က အိမ်ကို ရောက်လာကြတယ်။ ငြိမ်းတို့က သင်းကြန်မှာ ရိုးရာ ထမင်းနဲ့ဘဲ ဧည့်ခံတယ်။ မစားတက်တဲ့ အကိုက ငြုတ်သီးမှန်တော့တာပေါ့။

ဝ ဝ ဝ ဝ ဝ

"ငြိမ်းကို ကျွန်တော် တက္ကသိုလ်က စောင့်နေမယ်"

အဲသည်နေ့ နေ့ခင်း ဘုရားမှာ အကို ပြောခဲ့တဲ့ စကား၊ အဲသည်တုံးက နားမလည်ခဲ့ရိုး အမှန်ပါ။

ဝ ဝ ဝ ဝ ဝ

ငြိမ်းမျှော်မှန်းထားတဲ့ ပညာရေး တက္ကသိုလ်ကိုဘဲ ငြိမ်းရောက်ခဲ့တယ်။ ငြိမ်းတို့ကပုဂံကျောင်းဆောင်မှာ နေရတယ်။ အကိုက ခဏခဏ လာလည်တယ်။

ငြိမ်း အဲသည်တုံးက မကချင်ဘူး။ငြိမ်းကသစ်လွင်တယောက်။ စာမေးပွဲကျမှာလဲ ကြောက်တယ်၊ ပြီးတော့ တက္ကသိုလ်ပရိသတ်ကို အလန့်ဆုံးဘဲ။ဒါပေမဲ့ အကိုလှိုင်တို့ ပြောဖန်များလာတာက တကြောင်း၊ တာဝန်ရှိတယ်လို့ ထင်တာက တကြောင်း၊ သစ်လွင် ငြိမ်းက သစ်လွင်ကြိုဆိုပွဲမှာ ပရိသတ် အားလုံးကို တပင်တိုင်အကနဲ့ တုံ့ပြန်ခဲ့ရတယ်။

"ငြိမ်းအကသိပ်ကောင်းတာဘဲဗျာ၊သည်လောက်ကတတ်မှန်း ကျွန်တော်မထင်ခဲ့ဘူး၊ ငြိမ်းကို ကျွန်တော် ချီးကျူးပါတယ်"

အကိုက သည်လိုချီးမွမ်းတော့ ငြိမ်း ရှက်ပြုံးပြုံးခဲ့ရတာ အကိုအသိ။

"ဒါနဲ့ ငြိမ်း-ဟိုတုံးကကျွန်တော်ပြောခဲ့တဲ့စကားကို မှတ်မိသေးလား"

"ဘာများပါလိမ့်၊ ကိုတင်မောင်က အများကြီး ပြောခဲ့တာဘဲ၊ ငြိမ်းဘယ်မှတ်မိတော့မလဲ"

"ဟုတ်သားဘဲ၊ ကျွန်တော်ကလဲ မရှင်းမရှင်းနဲ့၊

တက္ကသိုလ်က ငြိမ်းကို ကျွန်တော်စောင့်နေမယ်ဆိုတာလေ၊ အဲသည်တုန်းကထဲက ပြောချင်နေတာ၊ စောသေးတယ် ထင်လို့၊ နောက်ပြီး ကိုစောလှိုင်ကိုလဲ အားနာတယ်လေ၊ အမှန်တော့ ငြိမ်းကို ကျွန်တော် ချစ်တယ်"

ငြိမ်းရင်တွေကလဲ တဒိုင်းဒိုင်းနဲ့ ခုန်လာတယ်။နှုတ်ခမ်းတွေကလဲ တဆတ်ဆတ်နဲ့။ ငိုလဲ ငိုချင်လာတယ်။

"ငြိမ်းရဲ့သဘောကို ပြောပါအုံးလား ငြိမ်းရယ်"

ငြိမ်း ကောင်းကောင်းတော့ မမှတ်မိတော့ဘူး။ အကိုက တောင်းပန်တယ်ထင်တယ်။ အကို မျှော်မှန်းတဲ့ အကိုနဲ့ ငြိမ်းတို့ရဲ့ အနာဂတ်လဲ ပါတယ်ထင်ရဲ့။

နောက်တော့ မကြာမကြာ အကို ရောက်လာပြန်တယ်။ ငြိမ်း ဒုတိယနှစ်မှာတော့ ငြိမ်းနဲ့ အကိုတို့ တစိတ်ထဲ တဘဝထဲ ဖြစ်လာတယ်နော်။

ငြိမ်းလေ အကို့ကို သိပ်ချစ်တာဘဲ အကိုရယ်။

ဝ ဝ ဝ ဝ ဝ

အဲသည် ဒုတိယနှစ်တုန်းကဆိုယင် ငြိမ်းက ယိမ်းမှာ ဝင်ကတယ်။ စနေနဲ့ တနင်္ဂနွေနေ့တိုင်းမှာ စာပေသင်တန်းကို ငြိမ်းဘဲ တာဝန်ယူ သင်ပေးရတယ်။ စတုတ္ထနှစ်မှာတော့ ငြိမ်းက ငြိမ်းတို့ရဲ့ မွန်တိုင်းရင်းသား စာပေနဲ့ယဉ်ကျေးမှုဆပ်ကော်မီတီမှာအနုပညာ တာဝန်ခံ ဖြစ်လာတယ်။ ခါတိုင်းနှစ်လိုဘဲ သင်္ကြန်ဆိုပွဲ၊ စာပေသင်တန်း၊ အနုပညာသင်တန်း၊ ဟောပြောပွဲတွေ လုပ်ကြမယ်။ ပိုထူးခြားတာက တက္ကသိုလ် မွန်မဂ္ဂဇင်း ထုတ်ဝေရေးဘဲ။ ပြီးခဲ့တဲ့ အမှုဆောင်တွေက ငွေနည်းနည်း စုထားခဲ့တယ်။ ငြိမ်းတို့က မဖြစ် ဖြစ်တဲ့ နည်းနဲ့ မဂ္ဂဇင်းကိုထုတ်ကြမယ်။သည်တော့ စာမူ စုဘို့ရယ်၊ လုံလောက်တဲ့ ရံပုံငွေရဘို့ရယ်က ငြိမ်းတို့ ခေါင်းပေါ်ကျလာတယ်။ ကိုလှိုင်က မဂ္ဂဇင်းကော်မီတီက အတွင်းရေးမှူး၊ ငြိမ်းက တာဝန်ခံစာတည်း။

သည်တော့ ငြိမ်းနဲ့ အကိုတို့အတွက် သီးသန့်ရက်တွေက နည်းလာတော့တာပေါ့။

နောက်တခုက သည်နှစ်က တက္ကသိုလ် နှစ်ငါးဆယ် ပြည့်နှစ်။ သည်ပွဲမှာလည်း ငြိမ်းတို့ကော်မီတီက အများနည်းတူ ပါဝင်ဆင်နွှဲနိုင်ဘို့ကြိုးစားရအုံးမယ်။ ပဒေသာကပွဲအတွက်က ကျောင်းသူ (၃၂) ဦး ပါတဲ့ ယိမ်း၊ တပင်တိုင်နဲ့ နှစ်ပါးသွား၊ ဂီတဆည်းချာအတွက် ရိုးရာတေးသုံးပုဒ် တင်ဆက်ဘို့ ငြိမ်းတို့ ဆုံးဖြတ်ကြတယ်။ ငြိမ်းတို့အဖွဲ့အတွက် ဆိုင်ခန်း တည်ခင်းနိုင်ဘို့ကို အမျိုးသားတွေကဘဲ လုံးပမ်းကြတယ်။

ကဘူးတဲ့လူတွေမို့ တပင်တိုင်နဲ့ နှစ်ပါးသွားက သိပ်တိုက်စရာ မလိုပေမဲ့ လူများတဲ့ ယိမ်းက နေ့တိုင်းဘဲ အချိန်ယူရတယ်။ စာပေ သင်တန်းကိုတော့ ငြိမ်း လုံးဝလှည့်မကြည့်နိုင်တော့ဘူး။

"အကို့ကိုမှ သတိရသေးရဲ့လား ငြိမ်းရယ်"

"ပြောရက်လိုက်တာ အကိုရယ်"

ဟုတ်တော့လည်း ဟုတ်ပါတယ်။ စနေ နေ့ဝက်၊ တနင်္ဂနွေတနေ့လုံး အချိန်ယူလေ့ကျင့်ပေးတာတောင် ယိမ်းက ပုံပမ်းမကျချင်သေး။ အကိုကညည်းလာတော့ ငြိမ်း စိတ်မကောင်းဖြစ်ရတယ်။ ဒါပေမဲ့ အကိုငြိုငြင်လဲ ခဏပေါ့။ သည်ပွဲပြီးမှဘဲ အကို့ကို အတိုးချ ယုယပြမယ်လို့။

ဝ ဝ ဝ ဝ ဝ

မအားတဲ့ကြားက ဖတ်ပြီးသား စာမူတွေကို ငြိမ်းတို့ စာတည်းအဖွဲ့ဝင်တွေစုပြီး ရွေးကြတဲ့နေ့။အဲသည်နေ့က တနင်္ဂနွေနေ့။ ငြိမ်းဘယ်တော့မှ မေ့မဲ့နေ့ မဟုတ်ဘူး အကို။ ဘာဖြစ်လို့လဲ ဆိုတော့ အကိုနဲ့ ပတ်သက်ပြီး ငြိမ်း ပထမဆုံး မျက်ရည်ကျခဲ့ရလို့ဘဲ ပေါ့။

အကိုက အစောကြီးလာခေါ်တယ်။ ငြိမ်းဘယ်လို လုပ် လိုက်နိုင်မလဲ။ အကို့ကို ငြိမ်းရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့....

"ကို့ထက် အရေးကြီးတာကိုး၊ ကို ပြန်မယ်"

အကိုက ရုတ်ချည်းထပြန်သွားတော့ ငြိမ်း အကို့ကို နားမလည်အောင်ဘဲပေါ့။ ငြိမ်း သိပ်ဝမ်းနည်းတယ်။ သည်တော့ ငြိမ်းငိုတယ်။ ငြိမ်းက မိန်းမသားပါ အကိုရယ်။

ကံဆိုးမလေး ငြိမ်းပါလားလို့ ငြိမ်းအခုမှဘဲ ပြန်တွေးမိတယ်။ ငြိမ်းသွားရာကို မိုးလိုက်ရွာနေလို့ပေါ့။ နှစ်ပါးသွားကျောင်းသူက အဆုတ်ယောင်လို့ ဆေးရုံတင်ထားလိုက်ရတယ်။ ငြိမ်းတို့ အဖွဲ့သား အားလုံး ခေါင်းခဲကြရတယ်။နောက်ဆုံးတော့ ငြိမ်းနှစ်ပါးသွား မင်းသမီး တဖြစ်လဲခဲ့တော့တာပေါ့။ နှစ်ပါးသွားကို ငြိမ်း မကဘူးဘူး။ အားလုံးရဲ့ ဖေးမမှုကြောင့် ငြိမ်း ကောင်းကောင်း ကနိုင်ခဲ့ပေမဲ့ သည်နှစ်ပါးသွားအက

က ငြိမ်းနဲ့ အကိုတို့ရဲ့ ဘဝကို တဆစ်ချိုးခဲ့ပါလား အကိုရယ်။

"ငြိမ်း ကို့ကိုချစ်ယင် နှစ်ပါးသွားကို လုံးဝ မက ရဘူး"

ပြတ်သားလှတဲ့ အကို့ရဲ့ တားမြစ်ချက်ပါလား။ ငြိမ်းတို့ရဲ့ သမာဓကခေါ်တဲ့ နှစ်ပါးသွားကို အကိုလဲ ကြည့်ဘူးသားဘဲ။ မင်းသားနဲ့ မင်းသမီး စကား စစ်ထိုး ကရတဲ့ အကမျိုး။ တဦးလက်တဦး တွဲကရတာမျိုးလဲ မဟုတ်။ ငြိမ်း ရှင်းပြပေမဲ့ အကိုက လက်မခံဘူး။ သည်တော့ ငြိမ်းလူစားရှာခဲ့ရသေးတယ်။ လူစားရှာတယ်ဆိုပေမဲ့ ဒုတိယတန်း ဆိုတာ ငြိမ်းတို့ မိန်းကလေး အုတ်ိုမျိုးတွေက လက်ခံတာမှ မဟုတ်ဘဲ။ ရတယ်ဘဲ ထားအုံး။ တိုက်ဘို့အချိန်က ရှိပါ့မလား။

ကဘို့ ငြိမ်းမှာ တာဝန်ရှိတယ်ဆိုတာ ငြိမ်း အသိဆုံး။ တခါတခါတော့လဲ အကိုဟာ အမိ တက္ကသိုလ်ရဲ့ ပွဲတော်မှာ တာဝန်ရှိမှန်း သိမှသိပါလေစလို့ ငြိမ်း စိတ်ထဲ သံသယဝင်လာတယ်။ ဒါပေမဲ့ ခဏပါဘဲ။ အကို့ကိုချစ်တဲ့စိတ်က အနိုင်ယူလိုက်တာချည်း။

ငြိမ်း ဘယ်လိုလုပ်ပြီး ပျော်တော့မလဲ။ တက်ကြွတော့မလဲ။ သူငယ်ချင်းတွေက အားပေးပါတယ်။

○ ○ ○ ○ ○

ငြိမ်းတို့အဖွဲ့က ဆိုင်ခန်းတည်ဘို့ ရာမညနယ်ထွက် ပစ္စည်းတွေ စုကြတယ်။ ဆိုင်ခန်းမှာ အရောင်းပစ္စည်းလဲ စုံစေချင်တယ်။ ဆိုင်ခန်းလဲ လှစေချင်တယ်။ တခြားတိုင်းရင်းသားတွေကြားမှာ မျက်နှာငယ်မခံချင်။ ဒါက ငြိမ်းရဲ့ မာနဘဲ။ သည်မာနကြောင့်လဲ မျက်ရည်ကြားက ငြိမ်း ဆက်ကနိုင်ခဲ့တာပေါ့။ နောက်ပိုင်း အကတိုက်တဲ့ဆီကို အကိုအလာကြဲလာတယ်။ လာပြန်ယင်လည်း ငြိမ်းကို စကားမပြောတော့ ငြိမ်းစိတ် အဆင်းရဲရဆုံးဘဲ။

ငြိမ်းတို့ အင်းယားလေးစခန်းမှာ ဝတ်စုံပြည့် လေ့ကျင့်ရမယ့် ညနေမှာ အကိုရောက်လာတယ်။ အဲသည်တုံးက အချိန်က သိပ်မရှိဘူး မဟုတ်လား။ ငြိမ်း ဇိုးလိမ်းပြင်ဆင်ရအုံးမယ်။

"နေအုံး-မင်းအက,က ချစ်သူထက်တောင် အရေးကြီးတယ် ဟုတ်လား"

အကိုက သည်လို ပြောလာတော့ ငြိမ်း ဝမ်းနည်းတယ်။ ခံလည်း ခံပြင်းတယ်။ သည်တော့ ငြိမ်းငိုရပြန်တာပေါ့။ အကိုပြန်သွားတာတောင် မိငြိမ်း ဧည့်ခန်းမှာ အားရပါးရငိုတယ်။

အဲသည်ညမှာ နှစ်ပါးသွားအစီအစဉ်ကို ဖျက်လိုက်ရတော့ အားလုံး စိတ်မကောင်းဖြစ်ကြရတယ်။ အကိုလှိုင်က ငြိမ်းကို ပြောတယ်လေ။

"နင့်ကိုယ်ရေးကိုယ်တာက တခြားဘဲ၊ တာဝန်အရှိဆုံး နင်က မကဘူး၊ ကျန်တဲ့ လူတွေကလဲ မကဘူး ဆိုယင် ဘယ့်နှယ်လုပ်မလဲ၊ ဘယ်လောက်ရှက်ဘို့ကောင်းသလဲ"

ဟုတ်ပါတယ်။ ငြိမ်းမှာ တာဝန် အရှိဆုံး။ ငြိမ်းတို့အဖွဲ့ မျက်နှာမငယ်စေရဘူး။ သည်တော့ ငြိမ်းပြန်ကရမယ်။ သည်လိုဆို ငြိမ်း အကို့ကို ဘယ်လိုနည်းနဲ့ ရင်ဆိုင်ရမလဲ။

ငြိမ်းလေ ရင်လေးလိုက်တာ။

○ ○ ○ ○ ○

ပွဲတော်ရက်နီးလာလေလေ တက္ကသိုလ်ပရဝုဏ်က ဂီတသံတွေ မစဲတော့။ ဆိုင်ခန်းတွေ ပြင်ကြ ဆင်ကြတာကလဲ ဆူလို့ညံလို့ဘဲ။

ငြိမ်းတို့ဆိုင်ခန်းက ငြိမ်းတို့မွန်နယ်ထွက် အနုပညာပစ္စည်းတွေဘဲ ရောင်းမယ်။ ပစ္စည်း တင်ဘို့ စင်ကိုဆောက်တယ်။ စင်နောက်မှာတော့ ကမ်းခြေ အလှပန်းချီကားနဲ့ 'မွန်တို့လက်ရာ'ဆိုတဲ့ စာတန်းကနေရာယူလိုက်တယ်။ နဖူးစည်းမှာတော့ 'မွန်'ဆိုတဲ့ အနီရောင် စာလုံးနဲ့ ဆိုင်ဘေးတိုင်မှာ ဟင်္သာရုပ်က ငြိမ်းတို့ရဲ့ အားမာန်ကို ပြနေတယ်။

ပထမနဲ့ ဒုတိယညမှာတော့ မိုးရွာလို့ ကပွဲ အစီအစဉ် ဖျက်လိုက်တယ်။ ဒါပေမဲ့ အမိပတိလမ်းမကြီးပေါ်မှာတော့ ကြက်ဖျံ့မကျ စည်ကားလှပါတယ်။ ငြိမ်းတို့က ဆိုင်မှာကူရောင်းတယ်။ တန်ဘိုးနည်းနည်းနဲ့ ရောင်းတဲ့ ပစ္စည်းမို့လား။ ငြိမ်းတို့ လူစုကဘဲ အကြော်ငြာကောင်းလို့ဘဲလား မပြောတတ်ဘူး။ ငြိမ်းတို့ ဆိုင်က လူသိပ်စည်တာဘဲ။ အားလုံးကသိပ်ပျော်နေကြပေမဲ့ ငြိမ်းထင်သလောက် မပျော်ပါဘူး အကို။

တတိယညတော့ ကျောင်းသားတွေရဲ့ စိတ်ဓါတ်ကို အမှတနိုင်လို့ထင်တယ်။ မိုးက မရွာဘူး။ ငြိမ်းတို့အဖွဲ့က ယိမ်းနဲ့ နှစ်ပါးသွားတင်ကြတယ်။ နှစ်ပါးသွားနဲ့ ငြိမ်းတို့လူမျိုးရဲ့ ပျော်တတ်တဲ့ ဓလေ့ကို အပူရှပ်ဖုံးပြီး ငြိမ်းကောင်းကောင်းကြီး ဖေါ်ကြူးနိုင်အောင်

ကြိုးစားခဲ့တယ်။ ငြိမ်းတာဝန် ငြိမ်းကျေအောင် ကြိုးစားခဲ့တယ်။ ည ဆယ့်နှစ်နာရီကျော်မှဘဲ ဆိုင်က တဆင့်လာကြိုတဲ့ကားနဲ့ ပြန်ခဲ့ကြတယ်။ အဓိပတိ လေးထိပ်ရောက်တော့ ငြိမ်းဘယ်လိုမှ မမျှော်လင့်တဲ့ အဖြစ်ပါလား အကိုရယ်။

အကိုရယ် အမျိုးသမီးတယောက်ရယ် လက်ချင်းယှက်လို့။ အစတော့ ငြိမ်းဘဲ မျက်စိမှားလေသလား။ ဒါပေမဲ့ ငြိမ်းချစ်တဲ့အကိုဟာ မိုးကုပ် စက်ဝန်းမှာဘဲ သွားရပ်နေအုံးတော့ ငြိမ်းမမှတ်မိဘဲ နေပါ့မလား။ ငြိမ်းတို့ကားက အကိုတို့ကို ကျော်လိုက်တော့ ငြိမ်း သံသယ ပိုရှင်းသွားတာပေါ့။ ငြိမ်းရှက်တယ်၊ ဝမ်းနည်းတယ်၊ ဒေါသထွက်တယ်၊ ရင်တွေလဲ ခုန်တယ်၊ ငိုလဲ ငိုချင်တယ်။ ဒါပေမဲ့ ငြိမ်းမငိုရဲဘူး။ သည်ကားပေါ်မှာက ငြိမ်းက တာဝန်ခံလူကြီး။

ငြိမ်းကို သိပ်ချစ်လို့ အကို သဝန်တိုတာနေမှာပါဆိုတဲ့ အတွေးက အလိုလိုပျောက်ခဲ့ရတယ်။အခန်းထဲမှာ တညလုံး ငိုရတယ်။ တော်သေး တာပေါ့။ နောက်ညမှာ နှစ်ပါးသွား အစား တပင်တိုင် တင်မှာကိုး။

သူငယ်ချင်းတွေက ချော့ကြတယ်။ ငြိမ်းကို ကြည့်ပြီး သူတို့ အားလုံး စိတ်ဆင်းရဲရတာက တဖက်၊ နောက်ဆုံး ညမှာ ငြိမ်း မကဖြစ်မှာ စိုးရိမ်ရတာက တဖက်နဲ့ပေါ့။ သူတို့က ငြိမ်း မသိအောင် ဖုံးကြပါတယ်။ ဒါပေမဲ့ ငြိမ်းသိတာပေါ့။

"နင်တို့ ဘာမှတွေးပူမနေနဲ့၊ ငါကမယ်"

သူတို့အားလုံး အံ့ဩကြတယ်။ နေ့ခင်း ငြိမ်းဆိုင်မှာ ကူရောင်းတော့ ပိုအံ့ဩကြတယ်။ မမျှော်လင့်ဘဲ ရွှေရတု သဘင်ကို ပိတ်လိုက်တော့ ငြိမ်းတို့ အဖွဲ့က ဆိုင်ကို အပြီးသိမ်းကြတယ်။ ဆိုင်သိမ်း မိတ်ဆုံစားပွဲမှာတော့ ငြိမ်းပျော်ပျော်ရွှင်ရွှင် ဖြစ်နေပြီ။ ဒါကလဲ ငြိမ်းရဲ့ ဆုံးဖြတ်ချက်ကြောင့်ပါ။

နောက်တနေ့ ကျောင်းပိတ်လိုက်တော့ ငြိမ်းတို့ အားလုံး ပြန်ဘို့ပြင်ဆင်ကြတယ်။ ငြိမ်းတို့မွန်ကျောင်းသားတွေက အစစအရာရာ ကူရှာပါတယ်။

အကိုက မိငြိမ်းကို လာတွေ့သေးတယ်နော်။ ငြိမ်း အကို့ကို ဆင်းမတွေ့တော့ဘူး။ ဒါပေမဲ့ ငြိမ်းအကို့ကိုနှုတ်ဆက်ခဲ့ပါတယ်။

ဝ ဝ ဝ ဝ ဝ

တကယ်တော့ အကိုက ငြိမ်းကို မချစ်ပါဘူး။ ငြိမ်းက လှတယ်မဟုတ်လား။ ငြိမ်းရဲ့အလှနဲ့ ဝေးတဲ့ အချိန်မှာ အကိုက အလှသစ်ကို အစားထိုးခဲ့တယ်။ အစားထိုးနိုင်အောင်လဲ အကိုက ဆေးကျောင်းသားကြီးကိုး။ ငြိမ်းကိုမချစ်တဲ့အကိုက ငြိမ်းဘဝကို မချစ်ပါဘူး။ ငြိမ်းရဲ့လူမျိုးကိုလဲ မချစ်နိုင်ပါဘူး။ ငြိမ်းတို့မွန်တွေရဲ့ ဓလေ့စရိုက် စာပေယဉ်ကျေးမှုတွေကိုလဲ မြတ်နိုးမှာမဟုတ်ပါဘူး။

အကိုက ငြိမ်းကို မချစ်ပေမဲ့ ငြိမ်းက အကို့ကို ချစ်ပါတယ်။ ဒါကြောင့်လဲ ငြိမ်းသည်ဆုံးဖြတ်ချက်နဲ့ အတူ ငြိမ်းရဲ့အသဲကို အကို့ကိုပေးခဲ့မယ်။ အကိုနစ်နာမယ်ဆိုယင် ငြိမ်းကို ခွင့်လွှတ်ပါလို့။ ငြိမ်းရဲ့ ဆုံးဖြတ်ချက်က ဘာလဲလို့ အကိုမေးလာခဲ့ယင်တော့....

ငြိမ်းကို မပိုင်သေးခင်မှာတောင် ငြိမ်းတို့ရဲ့စာပေယဉ်ကျေးမှု၊ ငြိမ်းတို့ရဲ့လူမျိုးအတွက် ငြိမ်းလုပ်တာကို အကိုက ခွင့်မပြုနိုင်ဘူးဆိုတော့ ငြိမ်းကို ပိုင်လာတဲ့တနေ့ ငြိမ်းမွန်လူမျိုးတယောက် ဖြစ်နိုင်ခွင့် ရှိပါ့အုံးမလား။ ငြိမ်းတို့မွန်တွေလေ၊ အမျိုးသားဘဲဖြစ်ဖြစ်၊ အမျိုးသမီးဘဲ ဖြစ်ဖြစ် အိမ်ထောင်ပြုသွားယင် မွန်လူမျိုးအဖြစ်က အပြီးအပိုင် နှုတ်ထွက်သွားသလိုဘဲ။ ဒါကြောင့်လဲ ငြိမ်းတို့လူမျိုး တဖြည်းဖြည်း နည်းလာတာပေါ့။

နောက်တခုက ငြိမ်းတို့ရဲ့ မွန်စာပေ ယဉ်ကျေးမှုဟာ မတိုးတက်ဘူး။ ဒါက ငြိမ်းတို့ လူမျိုးတွေဟာ အစွန်းနှစ်ဖက်ကို ရောက်နေလို့လို့ ငြိမ်း ယုံကြည်တယ်။ တဘက်က ပညာသိပ်တတ်ပြီး လူမျိုးဆိုတာ မရှိဘူးလို့ ကြွေးကြော်နေတဲ့ မဟာလူသားတွေပေါ့။ သူတို့က အမျိုးရဲ့ စာပေ ယဉ်ကျေးမှုအတွက် ဘာမှ လုပ်မပေးကြဘူး။ နောက်တမျိုးက ကျဉ်းမြောင်းတဲ့ အမြင်ရှိတဲ့ မွန်တွေဘဲ။ ငါ့လူမျိုးမှ ငါ့လူမျိုး၊ ငါ့ယဉ်ကျေးမှုမှ ငါ့ယဉ်ကျေးမှုဆိုပြီး ရှိနှင့်တဲ့ ယဉ်ကျေးမှု စာပေတွေနဲ့ဘဲ ကျေနပ်နေကြတယ်။ တခြား လူမျိုးတွေဆီက ယူသင့်ယူထိုက်တာလေးတွေကို မယူဘူး။ သည်တော့ ငြိမ်းတို့ရဲ့ စာပေယဉ်ကျေးမှုဟာ ခေတ်နဲ့ အမှီလိုက်မလာနိုင်တော့ဘဲ လူတွေနဲ့ တဖြည်းဖြည်း ကင်းကွာလာတော့တာပေါ့။

ငြိမ်းက ဒါတွေကြောင့်လို့ အကို့ကို ဖြေမယ်။ ပညာတတ်တဲ့ ငြိမ်းတို့ လူငယ်တွေဟာ သည်အစွန်း

နှစ်ဘက် ရောက်နေတဲ့ ကွယ်ချက်ကို နီးနိုင်သမျှ နီးအောင် လုပ်ပေးရမယ်။ ငြိမ်းတို့လို ပညာတတ် လူငယ်တွေမှ မလုပ်ယင် ဘယ်သူသုံပ်မလဲ။ ဘယ်လူမျိုးက စေတနာရှိလှချည်ရဲ့ဆိုပြီး ဝင်လုပ်ပေးမလဲ။ ငြိမ်းတို့ဘဲ ဝင်လုပ်ပေးရမှာပေါ့။ တာဝန် ယူရမှာပေါ့။ ငြိမ်းဘာဲလုပ်ရမယ်ဆိုတာ ငြိမ်းသိပါပြီ အကို။

ဒါကြောင့်လဲ တခါက နိုင်ငံခြားသား ဆရာ တယောက်က ပြောခဲ့ဘူးတဲ့ "I love yon Burmans but I have more love for my people and country" စကားလိုဘဲ။ ငြိမ်းအကို့ကို သိပ်ချစ်တယ်။ ဒါပေမဲ့ ငြိမ်းတို့ရဲ့ စာပေ၊ ငြိမ်းတို့ရဲ့ ယဉ်ကျေးမှု၊ ငြိမ်းတို့ရဲ့ လူမျိုးကို ငြိမ်း ပိုချစ်ပရစေလား အကိုရယ်။ ။

ငြိမ်း

## မွန်စာပေယဉ်ကျေးမှုကော်မီတီ၊ ရန်ကုန်မြို့

### စာမူများတောင်းခံခြင်း

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မီတီ၊ ရန်ကုန်မြို့သည် မွန်စာပေယဉ်ကျေးမှု လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိသည်။ မွန်စာပေနှင့် ဘာသာစကား၊ မွန်သုခုမအနုပညာ၊ မွန်ထုံးတမ်းဓလေ့ စဉ်လာနှင့် ဝတ်စားဆင်ယင်မှုတို့ကို အပိုင်းလိုက် ခွဲခြားလုပ်ဆောင်လျက်ရှိသည်။

မွန်စာပေယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဖေါ်ထုတ်လျက် ရှိသည့်အလျောက် မွန်စာပေနှင့်ပတ်သက်၍ အစဉ်မှန်မှန် ထုတ်ဝေနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ဤကော်မီတီ တခုတည်းနှင့် မလုံလောက်ပါ။ မွန်လူထုတရပ်လုံးနှင့် မွန်စာပေယဉ်ကျေးမှုပေါ်တွင် စိတ်ဝင်စားကြသောသူတေသီများ၏ အကူအညီများ အထူးလိုအပ်ပါသည်။

ထို့ကြောင့် မွန်စာပေနှင့်ယဉ်ကျေးမှု ပြန့်ပွားတိုးတက်ရေးကို ရှေးရှုပြီး စိတ်ပါဝင်စားကြသောသုတေသီများ၊ ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များ၊ ဆရာ-ဆရာမများ၊ ကျောင်းသူ-ကျောင်းသားများတို့သည် အောက်ပါရည်ရွယ်ချက်ဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ လင်္ကာ၊ ရာဇဝင်၊ ပုံပြင်၊ ပြဇာတ်၊ ကာတွန်း၊ စာညွှန့်၊ စာတန်းတို့ကို မွန်(ဝါ)မြန်မာ ကြိုက်နှစ်သက်ရာဘာသာဖြင့် စာမူများကို ပေးပို့ရန်နှင့်လက်လှမ်းမှီရာများကို ဆော်ဩတိုက်တွန်းပေးပါရန် မေတ္တာရပ်ခံပါသည်။

၁။ မွန်စာပေ တိုးတက်ပြန့်ပွားရေး
၂။ မွန်အနုသုခုမ ထွန်ကားကျယ်ပြန့်ရေး
၃။ မွန်လူမျိုးတို့၏ ထုံးတမ်းဓလေ့ ဖေါ်ထုတ်လိုက်နာကျင့်ကြံရေး
၄။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကိုရှေ့ရှုပြီး စာမျက်နှာတဘက်တည်းဖြင့် ရေးသားပြီး အောက်ပါလိပ်စာသို့ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

စာမူများပေးပို့ရန်လိပ်စာ....

သို့.... အတွင်းရေးမှူး
မွန်စာပေယဉ်ကျေးမှုဆပ်ကော်မီတီ
၁၈၅-မွန်ဗိဋကတ်တိုက်၊ ရွှေတိဂုံတောင်ဘက်မုခ်
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့
မွန်စာပေနှင့် ယဉ်ကျေးမှုကော်မီတီ၊ ရန်ကုန်။

# အစီရင်ခံအပ်ပါသည်

မော်လမြိုင်ကောလိပ် မွန်မဂ္ဂဇင်းကို ဦးစားပေး ကြိုဆို၍၎င်း၊ ဒီစစ်ရာဠ် ကြန့်ကြာ၍၎င်း၊ ခွင့်ပြုချက်ရရှိချိန်နှင့် စာမေးပွဲ ဖြေဆိုချိန် တိုက်ဆိုင်နေ၍၎င်း ဤမဂ္ဂဇင်း ဤမျှ နောက်ကျ၍မှ ထွက်လာရခြင်း ဖြစ်သည်။

စာမူပိတ်ရက်အထိ စာမူပေါင်း (၃၅၅) ခုကို ရရှိခဲ့သည်။ စာတည်း အဖွဲ့အနေဖြင့် မွန်စာပေယဉ်ကျေးမှုနှင့် မွန်ရေးရာ စာမူများကို သာလျှင် ဦးစားပေး ရွေးချယ်ခဲ့သည်။ ဒီစစ်မှု အခက်အခဲကြောင့် စာမူအချို့ကို ဖြတ်တောက်ခဲ့ရသည်ကို၎င်း၊ အဆင့်အတန်းမြင့်သော စာမူအချို့ကို ချန်လှပ်ထားခဲ့ရသည်ကို၎င်း စာမူရှင်များ နားလည် ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤမဂ္ဂဇင်းအောင်မြင်စွာထုတ်ဝေနိုင်ရေးအတွက် စာမူပေးပို့သူများ၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ မျိုးညွန့်ပုံနှိပ်တိုက်၊ ရွှေသိန်းပုံနှိပ်တိုက်၊ လွင် ဘလောက်လုပ်ငန်း၊ ကြော်ငြာရှင်များ၊ လူအား အကြံဥာဏ်အားဖြင့် ကူညီခဲ့ကြသူများ၊ မျက်နှာဖုံးနှင့် အတွင်းပုံများကို စေတနာ အပြည့်ဖြင့် ရေးဆွဲကူညီခဲ့ကြသော ကိုမောင်မောင်လှမြင့်၊ ကိုဝသုန်၊ ကိုညိုလှ၊ ကိုဇော်ဝင်း၊ ကိုတင်ဝင်း၊ ကိုစံချိန်၊ ကိုသောင်းမြင့် တို့အား အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

စာမူ အခြေအနေကြောင့် မွန်ကဏ္ဍ စာမျက်နှာသည် ခန့်မှန်းသည်ထက် လျော့နည်းနေခဲ့ပါသည်။ မဂ္ဂဇင်းကော်မီတီ၏ အားမာန်စွမ်းအား ဉာဏ်အားဖြင့် ကြိုးစားထားပါသည်။ ချွတ်ယွင်း အားနည်းချက်များကို ဝေဖန်အကြံဉာဏ်ပေးကြပါရန်၎င်း၊ နောင်ထုတ်ဝေမည့် မဂ္ဂဇင်းအတွက် စာမူများပေးပို့ကြပါရန်၎င်း တိုက်တွန်းအပ်ပါသည်။

တက္ကသိုလ် ပရဝုဏ်ကိုကျော်၍ ကျေးလက်များရှိ မွန်လူထု လက်ဝယ်သို့ ရောက်သည်ဟု ဆိုလျှင် မဂ္ဂဇင်းကော်မီတီ အနေဖြင့် အပင်ပန်းခံရကြိုးနပ်ချေပြီ။ ။

**တက္ကသိုလ်မွန်မဂ္ဂဇင်း ကော်မီတီ**




အမေရိကန်ပြည်အကြောင်းသိလိုသမျှကို၊ အမေရိကန်အသံ
မြန်မာပိုင်းအစီအစဉ်သို့၊ ရန်ကုန်မြို့ အမေရိကန်ပြန်ကြားရေး
ဌာနမှတဆင့်၊ စာရေးမေးမြန်းနိုင်ပါသည်။

မဂ္ဂဇြေန်မန်တက္ကသိုလ်

လှ္ငင်ဒွန် ၂။ ၁၉၇၁-၇၂။ ကမ်မတီလိဉ်ပဟိယေန်သ္ဂာင်မန်။ တက္ကသိုလ်ဂမ္ဘိုင် ဍုင်လ္ဂုင်။


ပါ်ဝဲဂိုင်တရ်ဂတညိ ညးသ္ကုတ်စီဇန်လိဉ် ၁

● တှ်ေဆန်ဗဒ္ဓ

ကမှာန်ပိုချိုတ်မွဲတ္တိုင်-- နဲ့ပါလိတ ၁၀

ပရောကြာတ်ကြဘဝ ညာဏဓမ္မ ၁၅

ကောန်ဆာန်ဂကူ ကောထောန်လှာင် ၂၀

လ္ပတိက်ကွပ်တ္တိတ်ဍွပ်ညိမန် မံအံငမန် ၂၇

ထိဉ်မန်ကိုမစ္စတာယှုပ်တိုဝ နဲ့ယောသိက ၂၈

အခေါင်တ္ဂောန်လိဉ်မန်နွံမံင်ဏီ ဗညာဆိမန် ၃၁

စမိမင်ဒှ်ုင်ညိ မံသာ်ထဝ် ၃၄

စိုတ်ဓါတ်ကောန်ဂကူမန်ဂှ် မံထဝ်ဍု ၃၅

တွံတာပိုတ်ကွောတ်တဲ့ နဲ့ဣန္ဒာလကာ်ရ ၄၀

ဗြဟတ်လိဉ်မန်အောန်ပဲ့မဂ္ဂဇြေန် နဲ့ဂိုဟ်မန် ၄၄

တဲ့ကောန်ဂကူမန် နဲ့ဗိုလ်စိုင ၄၉

သွောံပ္ဍတရ်ဂတ သွလ္ပီညိ မံဆာန်မန် ၅၃

ကှောန်ကမှောန်ကိုညိသဒညိ မံကေကေ ၅၇

ဆာန်ဒးကိုဍွပ် ဂိုဟ်ဒးပတပ်ဂှ်ုင် မံစံတိဘ် ၈၁

ဇှာပ်ကောန်မန်ဒးနွံသ္ပိုင်ဝေါန် ဗညာဥု ၈၈

ဂှ်ုင်တရ်ဂကူပိုမန် ယောန်လှာင် ၉၀

မိက်ဂွံဇှး ဒးဂှ်ဲနဲ့ကဲ ကလျာဏသဒရ ၉၂

တှ်ေသတ္တိဗျတ္တိ နဲ့စွံမန် ၁၀၁

● ဝတ္ထု

မေတ္တာဍဝံမ္ဂး မံဝေန်ထိင ၅၈

ဩဘာဝကောဗှဲ နဲ့ဖြဲင်ထဝ် ၆၈

ပဒိုင်ကိုုက်မေတ္တာ မံအံင်ဍုင် ၉၄

● ကဗျ

ဆာန်ဂကူဍဝံ

စိုပ်ထဝ်ဗှဲဗ္ဒဲရဆိုယှောပ်လေတ် ဗညာ ၃

ဒွတ်တွံဗိုင် မံပါန်အိုဝ် ၄

ကောန်ဍုင်ပိုအရင် နာရဒ ၅

ချိန်တ္တိုန်ဗြဟတ် မံသာ်ထဝ် ၆

ဏိညိဗှဲခေတ် ဗညာရာဇ ၇

ဒွက်ဖတိုက်ဖ္ဍောပ် ဗှဲကေကေ ၈

ဒွက်သံဝေဂမန် နဲ့ဆာန်လောန် ၉

ကဗျဇ္ဂောန်ကိုတန်ကေါန်ဍှ် နဲ့သိုက္ခမာ ၁၉

တာလျုင်ပို ဗညာဆိမန် ၂၈

မံမညဲ မံအံင်မန်ဗညာဥ မံဟံသာမံထိင်လေန် ကလျာဏသဒရ ၄၀

ဥယျောဇဉ်

လောကဓံနှင့်အားမာန် .... ၁

ဥက္ကဋ္ဌသဝဏ်လွှာ .... ၃

ဆောင်းပါး

မွန်မှု ဦးလှုဖေဝင်း.... ၁၃

မွန်တွေကို မွန်အသျှင်ကောသလ္လ.... ၁၇

ဘာသာစကား မင်းကိုကိုဦး.... ၂၁

သဒ္ဒိင်းပေးတာဝန် ချစ်နွယ်လွင်.... ၂၄

မွန်အမျိုးသားဝတ်စုံ ဗညားအောင်မိုး.... ၂၇

ရာမညသားစစ် မင်းမောင်တိုး.... ၃၅

မျိုးသွေးပမြေး မင်းဘုန်းမောင်.... ၃၉

မွန်စာပေယဉ်ကျေးမှု နိုင်စိဏ်ထွန်း.... ၄၂

ရှေးမြန်မာနိုင်ငံ နိုင်ပန်းလှ.... ၄၆

မွန်ဂီတမိဘ်ဆက် ရာမညမိုးဇွေ.... ၅၅

တန္ဆေးဓါတ်ပူဇော်ပွဲ ဗကမြဘွာ.... ၆၁

ခေတ်မွန်စကားလုံးများ မင်းဟသ်ာ.... ၆၄

မွန်ယဉ်ကျေးမှု ဒေါ်စောရှင်.... ၆၉

ဝတ္ထု

အိုးမလုံ၍ မင်းဇော် (မုဒုံ) .... ၇၄

ဆိုးတား၍မရသော ရာမညမိုးဇွေ.... ၈၀

နေမင်းကွယ်ချိန် ဥက္ကလာခင်ခင်ဌေး.... ၉၃

အသဲကြွေမလေးလျှောက်လဲချက် အထွေး.... ၉၈

ကဗျာ

ရာမညသာစွခမြေ မင်းသက်ဆွေ.... ၆

ကျားရိုးနှင့်စည်းစက်ချိန် ဖျာပုံခင်လေး.... ၇

ပုဂံတနေရာ၌ မောင်သန်းခိုင် (ကျိုက်မရော) ၈

သံလွင်မြစ်ဝှမ်းမှ ရာမညမိုးဇွေ.... ၉

ပန်းပုံတောမှ တက္ကသိုလ်ရဲကျော်စွာ.... ၁၀

တပ်လှန့်သံ သက်ငယ်ရွှေမြိုင်.... ၁၁

အမွေ မင်းအေးမွန် (သကြော) .... ၁၂



ထုတ်ဝေသူ .... မင်းနွယ်ရိုး၊ (ကင်းလွတ်ခွင့်အမှတ်-၀၁၇၃၇)၊ အခန်း ၉၊ လမ်းမတော်။

ပုံနှိပ်သူ .... ဒေါ်တိ (၀၁၂၆၁မြ)၊ မျိုးညွန့်ပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇လမ်း၊ ရန်ကုန်။

အုပ်ရေ .... ၄၀၀၀။ မျက်နှာဖုံးပန်းချီ .... မောင်မောင်လှမြင့်။